ယေဘုယျမင်းတူးဖော်စနစ်အရအပေါ်ယံမြေလွှာ (Over Berden) များကိုသက်ဆိုင်ရာလုပ်ငန်း၊ဌာနများမှသတ်မှတ်ထားသောမြေစာပုံဒီဇိုင်းအတိုင်းစုပုံပါသည်။မြေစာပုံစောက်သည်၄၅ဒီဂရီထက်မပိုစေဘဲမြေစာပုံဧရိယာအကျယ်အဝန်းနှင့်အမြင့်ကိုအချိုးကျထား၍စုပုံပါသည်။ဟင်းလင်းဖွင့်သတ္တုတွင်း (Open Pit)အစောင်းထောင့်၆၀ဒီဂရီထက်မများအောင်ထားရှိပါမည်။စွန့်ပစ်မြေပုံဘေးပတ်လည်၌ရေမြောင်းများတည်ဆောက်ထားပါမည်။ လုံလောက်သောစွန့်ပစ်ရေစုကန်၊နုံးအနယ်စုကန်များကိုရေလျှံကျမှုမရှိစေရန်စနစ်တကျတည်ဆောက်ထားပါမည်။

သယ်ယူပို့ဆောင်ခြင်း။

တူးဖော်ရရှိသည့်သတ္တုရိုင်း (Ore) သံကြွယ်(ဘောက်ဆိုက်)အားကျောက်ဆည်တွင်ရှိသည့်ဘိလပ်မြေစက်ရုံသို့ပို့ဆောင်ပါသည်။

(ကြိတ်ခွဲခြင်း၊သန့်စဉ်ခြင်း၊ထုတ်လုပ်ခြင်းတို့ကိုကျောက်ဆည်စက်ရုံတွင်လုပ်ကိုင်ပြီးစက်ရုံအတွက်သီးခြားရေးသားဖော်ပြသည့်ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင်ဖော်ပြထားပါသည်။)

ကုမ္ပဏီအနေဖြင့်ဘောက်ဆိုဒ်သတ္တုတူးဖော်ထုတ်လုပ်ခွင့်လျှောက်ထားသည့်(လုပ်ငန်းစီမံချက်)အသေးစိပ်ကိုကျွမ်းကျင်ပညာရှင်များဖြင့်ရေးဆွဲတင်ပြထားပါသည်။

လုပ်ဆောင်မည့်လုပ်ငန်းအစီအစဉ်ကိုအောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁. လုပ်ကွက်နယ်နိမိတ်သတ်မှတ်၍မှတ်တိုင်များစိုက်ထူခြင်း၊



CamScanner

၂. မိုင်းတူးမည့်အနက်သတ်မှတ်ခြင်း
၃. မျက်နှာပြင်ဖွင့်တူးဖော်ခြင်းအတွက်မျက်နှာပြင်ရှင်းလင်းခြင်း
၄. မြေလွှာထုတ်ခြင်း
၅. လုပ်ကွက်အတွင်းသို့ဝင်ထွက်ရာနှင့်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊
၆. လုပ်ကွက်အတွင်းရေနစ်မြုပ်မှုကာကွယ်ခြင်း
၇. လုပ်ကွက်ကွပ်ကဲရေးစခန်းနှင့်ဝန်ထမ်းအိမ်ယာများတည်ဆောက်ခြင်း
၈. စက်ကိရိယာများပြင်ဆင်ခြင်း
၉. ထိခိုက်မှုများအတွက်ကြိုတင်ပြင်ဆင်ကာကွယ်ခြင်း၊
၁၀. သံကြွယ်ဘောက်ဆိုက်(အလတ်စား)တူးဖော်ခြင်း၊(ဟင်းလင်းဖွင့်စနစ်)
၁၁. ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းဖောက်လုပ်ခြင်း
၁၂. ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့်စွန့်ပစ်အမက်စွန့်ပစ်မှု
၁၃. မိုင်းပိတ်သိမ်းခြင်းအစီအစဉ်

<u>စီမံကိန်းအနီးပတ်ဝန်းကျင်ရှိရေမြေတောတောင်အခြေအနေ၊</u>
ပြင်ဦးလွင်မြို့နယ်၊အင်းယားဒေသသည်အမြင့်ပေ(၃၅၀၀)ပေနှင့်(၄၀၀၀)ပေအကြားရှိရှမ်းကုန်းပြင်မြင့်ပေါ်တွင်တည်ရှိပါသည်။ အမြင့်ဆုံးတောင်သည်(၃၇၅၀)ပေဖြစ်ပြီးဧရိယာ၏အရှေ့မြောက်ပိုင်းတွင်တည်ရှိပါသည်။စီမံကိန်းတည်ရှိရာနေရာနှင့်အနီးပတ်ဝန်းကျင်သည်တောတောင်များဖြစ်သည့်တောင်ပေါ်ဒေသတစ်ခုဖြစ်ပါသည်။

ယခုစီမံကိန်းဖြစ်သောလုပ်ကွက်၏မူလအနေအထားသည်၊အရှေ့မြောက်-အနောက်တောင်သွယ်တန်းလျက်ရှိပြီးအနောက်ဘက်သတဖြေးဖြေးနိမ့်ဆင်းသွားပါသည်။လုပ်ကွက်ဧရိယာ၏အရှေ့တောင်ဘက်တွင်ဒေသအခေါ်တောင်ကျချောင်းငယ်သည်အနောက်တောင်ကုန်းမှအရှေ့မြောက်ဘက်သို့စီးဆင်းလျက်ရှိပါသည်။လုပ်ကွက်ဧရိယာအတွင်းတွင်မြေပြင်ညီညာသောတောင်ကုန်းတောင်ကြောများသာဖြစ်သည်။

ရာသီဥတုနှင့်သဘာဝပေါက်ပင်၊
ပြင်ဦးလွင်မြို့နယ်အင်းယားဒေသသည်မေလမှစ၍၅ အောက်တိုဘာလအတွင်းမိုးများသောဒေသဖြစ်ပြီး၊နှစ်စဉ်ပျမ်းမျှမိုးရေချိန်လက္မ(၈၀)ခန့်ရွာသွန်းပါသည်။တောင်ကြောများဖြစ်၍ကြီးမားသောသစ်ပင်များ၊အဖိုးတန်သစ်ပင်များပေါက်ရောက်ခြင်းမရှိဘဲဆူးနွယ်၊ခြုံနွယ်ပင်များသာပေါက်ရောက်ပါသည်။

ဇီဝမျိုးကွဲအခြေအနေ၊

စီမံကိန်းဒေသသည်မူလကသဘာဝတောရိုင်းမြေဖြစ်ခဲ့သောကြောင့်၊ယုန်၊တောကြောင်စသည်တို့ရှိခဲ့သည်ဟုသိရှိရသော်လည်းယခုအခါလူတို့ နှင့်နီးစပ်သည့်စာကလေး၊ကျီးကန်း၊ခို၊ဇရက်၊ပိုင်ရှင်မဲ့ခွေး၊ကြောင်၊ကြွက်၊ပိုးဟပ်၊ခြင်၊ယင်၊အိမ်မြှောင်စသည်တို့ ကိုသာအလွယ်တကူတွေ့ နိုင်ပြီးအခြားသောမှီခိုနေထိုင်သည့်တောရိုင်းတိရစ္ဆာန်များမျိုးနယ်စုအထောက်အထားများကိုမှုစစ်တမ်းကောက်ယူသည့်အချိန်ဒေသခံများနှင့်တွေ့ဆုံမေးမြန်းမှတ်တမ်းတင်အပ်ပါသည်။

| No. | Local Name | Common Name | Scientific Name | Family Name |
|---|---|---|---|---|
| 1 | Kin Late chaw | Common sum skink | Mabuya | Scincidae |
| 2 | Lin mwe | Banded rat snake | Ptyas mucosus | Colubridae |
| 3 | Mway Bar | Mongoose | Herpestes edwardsii | Herperstidae |



CamScanner

| | | | | |
|---|---|---|---|---|
| 4 | Mway Sein | Common Green Serpent | Ahaetulla nasuta | Colubridae |
| 5 | Poat thin nyo | Blue crested lizard | Calotes mystaceus | Agamidae |
| 6 | Sa ba Gyi | Python | Python molurrus bivittatatus | Pythonidae |
| 7 | Shint | Squirrel | Sundasciurus | Sciuridae |

ကျေးရွာလူမှုစီးပွါးရေးအခြေအနေ၊

ပြင်ဦးလွင်မြို့နယ်၊အင်းယားကျေးရွာအုပ်စုသည်မြန်မာနိုင်ငံ၏သံကြွယ်ဘောက်ဆိုဒ်သတ္တုထွက်ရာဒေသဖြစ်ပါသည်။မန္တလေးတိုင်းတွင်တည်ရှိပါသည်။ပင်လယ်ရေမျက်နှာပြင်အထက်ပေ၃၅၀၀နှင့်၄၀၀၀အကြားအမြင့်တွင်တည်ရှိပြီးနှစ်ပတ်လည်အေးမြသောဒေသတစ်ခုဖြစ်ပါသည်။နေပြည်တော်မှ၁၆၀မိုင်အကွာနှင့်ရန်ကုန်မှ၄၂၃မိုင်နှင့်ပြင်ဦးလွင် မြို့မှ၄မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ (21° 59' 35" N, 96° 31' 50" E)စီမံကိန်းသည်ပြင်ဦးလွင်မြို့နယ်တွင် တည်ရှိပြီး၊ အဆိုပါဒေသတွင်နေထိုင်သူအများစုသည်တောင်ယာလုပ်ငန်းနှင့်အသက်မွေးဝမ်းကြောင်းပြုသူများ ဖြစ်ပါသည်။ဌာနဆိုင်ရာနှင့်ကုမ္ပဏီဝန်ထမ်းများ၊တောင်ယာ၊ခြံစိုက်ပျိုးခြင်း၊မွေးမြူရေးလုပ်ငန်း၊သယ်ယူပို့ဆောင်ရေးနှင့်အထွေထွေလုပ်ငန်းလုပ်ကိုင်ခြင်းများနှင့်စျေးရောင်းဝယ်ခြင်းလုပ်ငန်းများလုပ်ကိုင်သူများလည်းရှိပါသည်။

အစီရင်ခံစာနှင့်ပတ်သက်သောအချက်များနှင့်တာဝန်ယူထားရှိမှု။

Table 8. စီမံကိန်းပိုင်ရှင်နှင့် စီမံကိန်းဖေါ်ဆောင်သူနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအပေါ်တာဝန်ယူသည့်တတိယအဖွဲ့အစည်း၊

| အကြောင်းအရာ။ | အဖွဲ့အစည်း။ |
|---|---|
| စီမံကိန်းပိုင်ရှင်နှင့် စီမံကိန်းဖေါ်ဆောင်သူ | မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်<br>MEHL အမှတ်၁၈၉/၁၉၁ မဟာဗန္ဓုလလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ၁၁၁၆၁ ဖုံး၊ 01-397471, 397472 Fax; 01-397454<br>Email; sci.kyaukse@gmail.com |
| တာဝန်ခံအဖွဲ့အစည်းနှင့် စီမံကိန်းဖော်ဆောင်သူ | မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်<br>MEHL အမှတ်၁၈၉/၁၉၁ မဟာဗန္ဓုလလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ၁၁၁၆၁ ဖုံး၊ 01-397471, 397472 Fax; 01-397454<br>Email; sci.kyaukse@gmail.com |
| ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအပေါ်တာဝန်ယူသည့်တတိယအဖွဲ့အစည်း။ | ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်၊<br>အမှတ်(၃၁)ပင်လုံရိပ်မွန်၊သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊<br>ဖုန်း၊ ၀၉-၂၅၀၀၇၃၃၁၂ ၊ ၀၉၅၁၈၃၅၁၇ |

ကတိကဝတ်များ၊

စီမံကိန်းဖော်ဆောင်သူနှင့်တတိယအဖွဲ့အစည်းတို့ကအောက်ပါကတိကဝတ်များကိုတင်ပြထားပါသည်၊

(က)ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းသည်တိကျခိုင်မာကြောင်းနှင့်ပြည့်စုံကြောင်း။

(ခ)လုပ်ထုံးလုပ်နည်းအပါအဝင်သက်ဆိုင်ရာဥပဒေများကိုတိကျစွာလိုက်နာ၍ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းကိုဆောက်ရွက်ထားကြောင်း။

(ဂ)စီမံကိန်းဖေါ်ဆောင်သူသည်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါကတိကဝတ်၊ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကိုအပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း။

<u>လုပ်ငန်းနှင့်သက်ဆိုင်သည့်ဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများအကျဉ်းချုပ်၊</u>
ယခုလုပ်ငန်းအတွက်အောက်ဖော်ပြပါဥပဒေများ၊နည်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကိုလိုက်နာသွားမည်ဖြစ်ပါသည်။

| စဉ် | ဥပဒေများ | Law,Rule, regulation and Act. |
|---|---|---|
| ၁ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ | Myanmar Investment Law 2016 |
| ၂ | မြေလွတ်၊မြေလပ်၊မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ၂၀၁၂ | Free Land, Vacant Land, Margin Land Management Law2012 |
| ၃ | အလုပ်သမားအဖွဲ့အစည်းဥပဒေ ၂၀၁၁ | Labor Organization Law 2011 |
| ၄ | အလုပ်သမားအငြင်းပွါးမှုဖြေရှင်းရေးဥပဒေ ၂၀၁၂ | Settlement of Labour Disputes Law 2012 |
| ၅ | လူမှုဖူလုံရေးဥပဒေ ၂၀၁၂ | Social Security Law 2012 |
| ၆ | အနိမ့်ဆုံးအခကြေးငွေဥပဒေ ၂၀၁၃ | Minimum Wages Law 2013 |
| ၇ | အခကြေးငွေပေးချေရေးဥပဒေ ၂၀၁၆ | Payment of Wages Law 2016 |
| ၈ | ခွင့်နှင့်အလုပ်ပိတ်ရက်များဥပဒေ ၁၉၅၁ | The Leaves and Holidays Act 1951 |
| ၉ | စက်ရုံဥပဒေ ၁၉၅၁ | Factory Act 1951 |
| ၁၀ | အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ ၁၉၅၀ | Workmen Compensation Act 1951 |
| ၁၁ | ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ ၂၀၁၇ | Petroleum and Product of Petroleum Law 2017 |
| ၁၂ | ရေနံနည်းဥပဒေများ၁၉၃၇ | Petroleum Rules 1937 |
| ၁၃ | မော်တော်ယာဉ်ဥပဒေ ၂၀၁၅ | The Motor Vehicle Law 2015 |
| ၁၄ | မော်တော်ယာဉ်နည်းဥပဒေ ၁၉၈၇ | The Motor Vehicle Rule 1987 |
| ၁၅ | ပြည်သူ့ကျန်းမာရေးဥပဒေ၁၉၇၂ | Public Health Law 1972 |
| ၁၆ | ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ ၁၉၉၅ | Prevention and Control of Communicable Diese Law 1995 |
| ၁၇ | မြန်မာ့အာမခံလုပ်ငန်းဥပဒေ ၁၉၉၃ | The Myanma Insurance Law 1993 |
| ၁၈ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ ၂၀၁၅ | Myanmar Fire Force Law 2015 |
| ၂၀ | အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၂၀၁၃ | Employment and Skill Development Law 2013 |
| ၂၁ | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆) | The Water Resources and Creek Restoration Law 2016 |
| ၂၂ | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃) | The Water Resources and Creek Restoration Rule 2013 |
| ၂၃ | မြေအောက်ရေအက်ဥပဒေ (၁၉၃၀) | Under Ground Water Act 1950 |
| ၂၄ | The Emergency Provision Act 1950 | The Emergency Provision Act 1950 |
| ၂၅ | The Explosive Substances Act 1908 | The Explosive Substances Act 1908 |
| ၂၆ | တောရိုင်းတိရိစ္ဆာန်နှင့်သဘာဝနယ်မြေများကာကွယ်ရေးနှင့်သဘာဝတောများထိန်းသိမ်းရေး ဥပဒေ(၁၉၉၄) | Flaura and Fauna, Natural Land Restoration Law 1994 |
| ၂၇ | သစ်တော ဥပဒေ (၂၀၁၈) | The Forest Law 2018 |
| ၂၈ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ၂၀၁၂ | The Environmental Conservation Law 2012 |



CamScanner

| | | |
|---|---|---|
| ၂၉ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်း ဥပဒေ ၂၀၁၄ | The Environmantal Conservation Rules 2014 |
| ၃၀ | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း ၂၀၁၅ | Environmantal Impact Assessment Procedure 2015 |
| ၃၁ | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် ၂၀၁၅ | Emission Quality (Effluent) Standards Guideline 2015 |
| ၃၂ | တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ၂၀၁၅ | The Rights of National Races Law 2015 |
| ၃၃ | ရှမ်းပြည်နယ်လွှတ်တော်မှပြဌာန်းသည့်ဥပဒေများအနက်ဆက်စပ်သည့် ဥပဒေများ၊ နည်း ဥပဒေများ။ | All related Laws and Rules enacted by Shan State Hluttaw |
| ၃၄ | သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၈) | Mine Revised Law (2018) |
| ၃၅ | သတ္တုတွင်းနည်းဥပဒေများ (၂၀၁၉) | Mine Rules (2019) |
| ၃၆ | အမျိုးသားမြေအသုံးချမှုဆိုင်ရာမူဝါဒ (၂၀၁၆) | National Land Use Policy (2016) |
| ၃၇ | အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁) | Workers Organization Law (2011) |
| ၃၈ | သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ (၂၀၁၈) | Natural Protected Land Law (2018) |

၁. ၂ (ဆက်စပ်သက်ရောက်မှုများ၊လျော့ပါးစေရေးနည်းလမ်းများ၊ကြွင်းကျန်သက်ရောက်မှုများအပါအဝင်) ဖြစ်ပေါ်နိုင်သောအဓိကထိခိုက်နိုင်မှုများကိုအကျဉ်းချုပ်တင်ပြခြင်း။

နယ်ပယ်သတ်မှတ်ခြင်း။

ယခုတင်ပြသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာသည်စီမံကိန်းမစတင်မီ၊ စီမံကိန်းတည်ဆောက်သည့်ကာလနှင့်စီမံကိန်းပြီးစီးသည့်နောက်ပိုင်းမှနလည်ပတ်သည့်ကာလတို့ အတွက်ပါစီစစ်တင်ပြသွားမည်ဖြစ်ပါသည။ ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရာတွင်အောက်ပါနယ်ပယ်များကိုအဓိကထား၍စစ်ဆေးတိုင်းတာသွားမည်ဖြစ်ပါသည်။

၁. လေထုညစ်ညမ်းမှု။
၂. အသံနှင့်တုန်ခါမှုဆိုင်ရာထိခိုက်နိုင်မှုများ။
၃. စွန့်ပစ်ပစ္စည်းများနှင့်ရေဆိုးရေညစ်များဆိုင်ရာဆန်းစစ်မှု။
၄. အနီးအနားတွင်နေထိုင်သွားလာသည့်သဘာဝတိရိစ္ဆာန်များအပေါ်ထိခိုက်နိုင်မှု။
၅. ဒေသခံများအတွက်သက်ရောက်မှုများ။

<u>စီမံကိန်းဆောင်ရွက်မည့်နေရာနှင့်ဆက်စပ်သောမြေပုံ၊ Layout Plan များ၊</u> စီမံကိန်းတည်နေရာပြဂြိုလ်တုမြေပုံ။



CamScanner



## လုပ်ငန်းဆောင်ရွက်ခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများနှင့်လျော့ချမည့်အစီအစဉ်များအကျဉ်းချုပ်၊

ယခုစီမံကိန်းကြောင့်ဖြစ်ပေါ်နိုင်သည့်ထိခိုက်မှုများကိုယေဘုယျအားဖြင့် ၂ပိုင်းခွဲခြားနိုင်ပါသည်။

၁. သံကြွယ်ဘောက်ဆိုဒ်သတ္တုစမ်းသပ်တိုင်းတာတူးဖော်ထုပ်လုပ်ခြင်းကာလဆောက်လုပ်ရေးနှင့်တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းစဉ်များကြောင့်ယာယီသို့မဟုတ်အချိန်တိုအတွင်းထိခိုက်မှုများ။
၂. ရှာဖွေတူးဖော်မှုပြီးစီးပိတ်သိမ်းချိန်ကျန်ရှိသ ............ ခန့်ခွဲမှုလုပ်ငန်းစဉ်များကြောင့်ထိခိုက်နိုင်မှု များ။

တူးဖော်ခြင်းလုပ်ငန်းများလုပ်ကိုင်သည့်အခါတွင်လုပ်ငန်းစဉ်၏သဘောတရားအရလိုအပ်သည့်လုပ်ငန်းသုံးမော်တော်ယာဉ်များ၏မီးခိုးထုတ်လွှတ်မှုများဒေသအတွက်တိုးပွါးလာနိုင်သော်လည်းစီမံကိန်းကြောင့်ဒေသနှင့်နိုင်ငံတော်အတွက်ဖွံ့ဖြိုးတိုးတက်လာမည်ကိုတွေ့ရပါသည်။
စီမံကိန်းကြောင့်ထိခိုကခံရနိုင်သည့်သက်ရောက်မှုအတိုချုပ်ရှင်းလင်းဖော်ပြချက်။

စီမံကိန်းကြောင့်ထိခိုက်ခံရနိုင်သည့်သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွါးအကျိုးသက်ရောက်နိုင်မှုများကိုအောက်ပါအတိုင်းအတိုချုပ်ရှင်းလင်းဖော်ပြအပ်ပါသည်။
ဇယား ( ၃ ) စီမံကိန်းကြောင့်သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွါးအကျိုးသက်ရောက်နိုင်မှုများ။
သက်ရောက်မှုများကိုအဆင့် (၄)ဆင့်ခွဲကာဖော်ပြထားပါသည်၊

| | |
|---|---|
| A- | သိသာသောဆိုးကျိုးသက်ရောက်မှု |
| A+ | သိသာသောကောင်းကျိုးသက်ရောက်မှု |
| B- | ဆိုးကျိုးသက်ရောက်မှုအနဲငယ်ရှိ |
| B+ | ကောင်းကျိုးသက်ရောက်မှုအနဲငယ်ရှိ |
| C | အကျိုးသက်ရောက်မှုမရှင်းလင်းသဖြင့်ထပ်မံလေ့လာသင့်သည်။ |
| D | အကျိုးသက်ရောက်မှုမရှိ(သို့)မရှိသလောက်ဖြစ်၊ထပ်မံလေ့လာရန်မလိုအပ်၊ |

စီမံကိန်းကြောင့်အဓိကထိခိုက်နိုင်မှုများကိုအောက်ပါအတိုင်းဆန်းစစ်ထားပါသည်။

Table (1) The Summary of Impacts (Myanmar)

| အမျိုးအစား | အချက်အလက် | Scoping Results | | Assessment Result | | ထိခိုက်မှုများ Impacts<br>BM; Before Mining,<br>OS: Operating Stage,<br>MC:Mine Closure Stage |
|---|---|---|---|---|---|---|
| | | Before Mining (BM) | Operation Stage(OS) | Before Minng (BM) | Operation Stage(OS) | |
| ညစ်ညမ်းမှု | လေအရည်အသွေး | B- | B- | B- | B- | BM: ဆောက်လုပ်ရေးလုပ်ငန်းများမှထွက်ရှိသောဖုန်မှုန့်၊သဲမှုန့် များသည်ပတ်ဝန်းကျင်နေရာများသို့ပြန့် လွင့်ပြီးညစ်ညမ်းမှုဖြစ်နိုင်ပါသည်။<br>OS: လေထုညစ်ညမ်းမှုသည်ကုန်များတင်ဆောင်လာမည့်ယာဉ်အမျိုးအစားနှင့်အစီးရေပေါ်တွင်မူတည်နေမည်ဖြစ်ပါသည်၊<br>MC: မြေညှိသည့်လုပ်ငန်းကြောင့်လေထုညစ်ညမ်းနိုင်ပါသည်။ |
| | ရေအရည်အသွေး | - | D | - | D | BM: ထိခိုက်မှုမရှိနိုင်ပါ။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | OS: ထိခိုက်မှုမရှိနိုင်ပါ။<br>MC: ရေအရည်အသွေးပေါ်ထိခိုက်မှုမရနိုင်ပါ။ |
| | မြေပေါ်ရေအရည်အသွေးပေါ်ထိခိုက်နိုင်မှု | - | B- | - | B- | OS: ဟင်းလင်းဖွင့်တူးဖေါ်ခြင်း Open Cut Method ကြောင့်မြေပေါ်ရေအရေအသွေးကိုမထိခိုက်နိုင်ပါ<br>AMC: မထိခိုက်နိုင်ပါ။ |
| | မြေအောက်ရေအရည်အသွေးပေါ်ထိခိုက်နိုင်မှု | B- | B- | B- | B- | OS: ဟင်းလင်းဖွင့်တူးဖေါ်ခြင်း Open Cut Method ကြောင့်မြေအောက်ရေကိုမထိခိုက်နိုင်ပါ<br>MC: မထိခိုက်နိုင်ပါ။ |
| | စွန့်ပစ်အမှိုက် | B- | B- | B- | D | BM: တည်ဆောက်မှုကာလအညစ်အကြေးများအနည်းငယ်ထွက်နိုင်ပါသည်။<br>OS:ပတ်ဝန်းကျင်ကိုထိခိုက်နိုင်သည့်အညစ်အကြေးများထွက်ရန်မရှိကြောင်း၊လုပ်ငန်းစဉ်အရသိရှိရသည့်အပြင်စနစ်တကျစီမံခန့်ခွဲမှုကြောင့်ထိခိုက်မှုသက်သာစေနိုင်ပါသည်။<br>MC: စွန့်ပစ်အမှိုက်မရှိနိုင်ပါ။ |
| | မြေဆီလွှာ<br>Soil Contamination | D | D | D | D | BM:စီမံကိန်းဖေါ်ဆောင်သည့်နေရာသည်အခြားမြေဖြစ်သော်လည်းစီမံကိန်းကြောင့်မြေဆီလွှာများကိုလည်းထိခိုက်နိုင်ခြင်းမရှိပါ။<br>OS: ထိခိုက်နိုင်မှုမရှိပါ။<br>MC: မထိခိုက်နိုင်ပါ။ |
| | ဆူညံသံနှင့်တုန်ခါမှု | B- | B- | B- | B- | BM:ဆောက်လုပ်ရေးလုပ်ငန်းများပြးစီးပြီးဖြစ်၍ထုတ်လုပ်မှုဆိုင်ရာစက်ယန္တယားများကြောင့်အသံဆူညမှုများအနည်းငယ်ဖြစ်ပေါ်စေနိုင်ပါသည်။<br>OS: ဖြတ်သန်းသွားလာသည့်မော်တော်ယာဉ်များကြောင့်အသံဆူညံမှုသည်မူလထက်ပိုနိုင်ပါသည်။<br>MC: တုန်ခါမှုမရှိနိုင်ပါ၊မြေညှိစက်ကြောင့်အသံဆူနိုင်ပါသည်။ |
| | မြေနိမ့်ကျဆင်းမှု | B- | B- | B- | D | BM:မြေတူးခြင်းကြောင့်ထိခိုက်နိုင်ပါသည်။<br>OS: ထိခိုက်နိုင်မှုမရှိပါ။<br>MC: မထိခိုက်နိုင်ပါ။ |
| | Offensive Odor | D | D | D | C | BM: အနံ့ ဆိုးများမရှိနိုင်ပါ။<br>OS: ပုံမှန်မော်တော်ယာဉ်များဖြတ်သန်းသွားသည့်အခါမီးခိုးအနံ့ ဆိုး များဖြစ်ပေါ်နိုင်ပါသည်။<br>MC: မထိခိုက်နိုင်ပါ။ |
| | အောက်ခြေအနယ်ထိုင်မှု | B- | D | D | D | OS: စွန့်ပစ်အရည်မရှိသောကြောင့်အောက်ခြေအနယ်ထိုင်မှုမရှိနိုင်ပါ။<br>MC: ထိခိုက်နိုင်မှုမရှိနိုင်ပါ။ |
| သဘာဝပတ်ဝန်း | ကန့်သတ်ဧရိယာ | D | D | D | D | BM:စီမံကိန်းသည်ကာကွယ်ထိန်းသိမ်းထားသော |

| | | | | | | |
|---|---|---|---|---|---|---|
| ကျင် | | | | | | ထင်းကြိုးဝိုင်းသစ် တောရှိပါသည်၊<br>OS:သီးခြားလုပ်ကိုင်ပါသည်၊<br>MC: ထိခိုက်နိုင်မှုမရှိနိုင်ပါ။ |
| | သဘာဝအပင်၊တိရိစ္ဆာန်များနှင့်ဂေဟစနစ်၊ | D | D | D | D | စီမံကိန်းနေရာသည်မူလကထင်းစိုက်ခင်းမြေဖြစ်သော်လည်းအဆိုပါဒေသရမှိခိုနေထိုင်သည့်တိရိစ္ဆာန်နှင့်အပင်များဆိုင်ရာမှတ်တမ်းများမရှိပါ။<br>စီမံကိန်းကြောင့်အနီးပတ်ဝန်းကျင်ဂေဟစနစ်ကိုထိခိုက်နိုင်ရန်မရှိပါ။ |
| | ဇလဗေဒ | D | D | D | D | OS:MC: မြေအောက်ရေထုတ်ယူသုံးစွဲခြင်းမရှိသောကြောင့်ထိခိုက်ရန်မရှိပါ။ |
| | မြေမျက်နှာပြင်နှင့်ဘူမိဗေဒ | B- | B- | B- | B- | OS:လမ်းဖောက်လုပ်ခြင်းနှင့်ရှာဖွေတူးဖေါ်မှုများကြောင့်မူလမြေမျက်နှာပြင်နှင့်ဘူမိဗေဒဆိုင်ရာကိုအနည်းငယ်ထိခိုက်နိုင်ပါသည်။ |
| လူမှုပတ်ဝန်းကျင် | In voluntary Resettlement | D | D | D | D | OS: စီမံကိန်းကြောင့်မူလနေထိုင်သူများအတွက်ပြောင်းရွှေ့နေရာချထားမှုများမရှိပါ။မူလကပင်စက်မှုဇုန်မြေဖြစ်သည့်အပြင်နေထိုင်သူများမရှိပါ။<br>စီမံကိန်း၏အနီးတွင်နေထိုင်သူများကန့်ကွက်မှုများမရှိပါ။ |
| | Misdistribution of benefit and damage | D | D | D | D | |
| | Local conflit of interests | D | D | D | D | |
| | Gender | D | D | D | D | |
| | Children's Right | D | D | D | D | |
| | Ethnic minorities and indigenous peoples | D | D | D | D | |
| | ဆင်းရဲမှု | A+ | A+ | A+ | A+ | စီမံကိန်းအနီးနေထိုင်သူများအတွက်စီးပွါးရေးနှင့်အလုပ်အကိုင်များပိုမိုဖြစ်ထွန်းလာမှုကြောင့်ဆင်းရဲမှုလျော့နဲပပျောက်သွားနိုင်ပါသည်၊<br>တနည်းအားဖြင့် OS နှင့် MC ကာလအလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်လာခြင်းကြောင့်ကောင်းကျိုးများရရှိနိုင်ပါသည် |
| | သက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများ၊ | A+ | A+ | A+ | A+ | OS,MC: ဒေသစီးပွါးရေးနှင့်အလုပ်အကိုင်များပိုမိုတိုးတက်ဖွံ့ဖြိုးလာ နိုင်သဖြင့်ဒေသခံများအတွက်သိသာသောကောင်းကျိုးများသက်ရောက်နိုင်မည်ဖြစ်ပါသည်၊ |
| | မူလရပြီးလူမှုအဆောက်အဦများနှင့်ဝန်ဆောင်မှု | A+ | A+ | A+ | A+ | OS: စီမံကိန်း CSR လုပ်ငန်းများကြောင့်မူလမြို့ပြအခြေခံများအပေါ်သို ထိခိုက်မှုမရှိသည့်အပြင်ပိုမိုကောင်းမွန်စေလာနိုင်ပါသည်၊<br>MC: ဒေသအလိုက်လိုအပ်သည့်ကစားကွင်းအပမ်းဖြေဥယျာဥ်စသည်တို့တိုးတက်ဖွံ့ဖြိုးလာနိုင်သည်၊ |
| | ရေအသုံးချမှု | D | D | D | D | OS: စီမံကိန်းမစတင်မီမှစီမံကိန်းပြီးဆုံး၍ပုံမှန် |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | လည်ပတ်သည်အထိရေ သုံးစွဲမှုမရှိသဖြင့်မှုလက ရေပေးရေးစနစ်အပေါ်လုံးဝထိခိုက်နိုင်မှုမရှိပါ။ |
| | ယဉ်ကျေးမှုဆိုင်ရာအဆောက်အဦး | D | D | D | D | OS: စီမံကိန်းတည်ဆောက်သည့်နေရာတွင် ယဉ်ကျေးမှုဆိုင်ရာအ ဆောက်အဦးများမရှိပါ။ |
| | Landscape | A+ | A+ | A+ | A+ | OS:MC: စီမံကိန်းတည်ဆောက်သည့်မူလနေရာသည်မြေရိုင်းပင်ဖြစ်သော်လည်းစနစ်တကျမြေယာဖေါ်ထုတ်မှုကြောင့်မြေပြင်အနေအထားပိုမိုကောင်းမွန်လာနိုင်ပါသည်။ Management on Greening အစီအစဉ်အရအပင်များစိုက်ပျိုးလာသည့်အခါပိုမိုလှပသောမြေအနေအထားဖြစ်လာမည်ဖြစ်ပါသည်။ |
| | AIDS/HIV ကဲ့သို့ကူးစက်ရောဂါများရနိုင်ချေ | B- | B- | B- | B- | OS: ပတ်ဝန်းကျင်နှင့်မြေအနေအထားများပိုမိုကောင်းမွန်လာနိုင်သော် လည်းတိုးတက်လာမည့်လူဦးရေကြောင့်ကူးစက်ရောဂါများပိုမိုလာနိုင်သည့်အလားအလာရသဖြင့်အထူးဂရုစိုက်ရမည်ဖြစ်ပါသည်။ |
| | လုပ်ခွင်အခြေအနေ (လုပ်ငန်းခွင်လုံခြုံစိတ်ချရမှုအပါအဝင်) | B- | B- | B- | B- | BM: OS:MC: စီမံကိန်းအဆင့်ဆင့်တိုင်းအတွက်လုပ်ငန်းခွင်ထိ ခိုက်မှုဘေးကင်းရှင်းစေရန်အစဉ်ဂရုစိုက်ရမည်ဖြစ်ပါသည်။ |
| အခြား | မတော်တဆထိခိုက်မှု | B- | B- | B- | B- | OS: စီမံကိန်းကာလတစ်လျှောက်လုံးထိခိုက်မှုအန္တရာယ်ကိုအထူးအလေးထားရမည်ဖြစ်ပါသည်။<br>MC: စီမံကိန်းပြီးဆုံးသည့်ကာလမြေညှိခြင်းလုပ်ငန်းများတွင်အထူး ဂရုပြုရမည်ဖြစ်ပါသည်း |
| | ကမ္ဘာပူနွေးမှု | B- | B- | B- | B- | BM:ဆောက်လုပ်ရေးဆိုင်ရာစက်များ၊မော်တော်ယာဉ်များကြောင့်လေထုညစ်ညမ်းမှုပိုမိုဖြစ်ပေါ်လာနိုင်ပါသည်။<br>OS: ပုံမှန်အချိန်တွင်အသုံးပြုမည့်မော်တော်ယာဉ်များသွားလာမှု၊စက် များလည်ပတ်မှုများကြောင့်ဖန်လုံအိမဓာတ်ငွေ့ များထုတ်လွှတ်မှုတိုးပွါးလာနိုင်ပါသည်။<br>MC: ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုအစဉ်ဂရုပြုရမည်။ |



CamScanner

Risk Matrix

| Impact Intensity | Significant at Resource/Receptor | | | |
|---|---|---|---|---|
| | Insignificant | Medium | Significant | Uncertain |
| Catastrophic | High | High | High | Lack of Information |
| Major | Medium | Medium | High | |
| Moderate | Low | Medium | High | |
| Minor | Low | Low | Medium | |
| Insignificant | Low | Low | Low | |

ဖြစ်ပွါးနိုင်သည့်အကြိမ်တွက်ချက်မှု။

| | |
|---|---|
| P | အမြဲလိုဖြစ်-တစ်လ၁ကြိမ်နှင့်အထက်၊ |
| Q | မကြာခဏဖြစ်၊-တစ်နှစ်တစ်ကြိမ်မကဖြစ်၊ |
| R | နေရာကွက်မကြာခဏဖြစ်-၁နှစ်မှ၁၀နှစ်ကြားတစ်ကြိမ်ခန့်ဖြစ် |
| S | တစ်ခါတရံဖြစ်-၁၀နှစ်မှနှစ်၁၀၀ကြားတစ်ကြိမ်ခန့်ဖြစ် |
| T | ဖြစ်ရန်ခက်ခဲ-၁၀၀နှစ်အထက်မှတစ်ကြိမ်ခန့်ဖြစ် |

ဆန်းစစ်ရရှိမှု။

| ထိခိုက်မှု | အရွယ်အစား | ဖြစ်ပွါးနိုင်သည့်အကြိမ် |
|---|---|---|
| ဆူညံသံ | Low | P |
| ရေဆိုးစွန့်ထုတ်မှု | Low | R |
| မြေထုညစ်ညမ်းမှု | Low | T |
| ရေထုညစ်ညမ်းစေမှု | Nil | T |

ထိခိုက်မှုများလျော့ချမည့်နည်းလမ်းများအတိုချုပ်ရှင်းလင်းဖေါ်ပြချက်။

စီမံကိန်းကြောင့်ထိခိုက်ခံရနိုင်သည့်သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွါးအကျိုးသက်ရောက်မှုများလျော့ချမည့်နည်းလမ်းများကိုအောက်ပါအတိုင်းအတိုချုပ်ရှင်းလင်းဖေါ်ပြအပ်ပါသည်။

Air Quality (Dust Mitigation Plan)

ယခုစီမံကိန်းမစတင်မီကအဆိုပါဒေသတွင်မော်တော်ကားလမ်းများမရှိခဲ့သဖြင့်ယာဉ်များမောင်းနှင်မှုမရှိခဲ့သောကြောင့်ဖုံထမှုများ၊လေထုညစ်ညမ်းမှုများမရှိဟုမှတ်သားရမည်ဖြစ်သော်လည်း Environmental Base Line အဖြစ်ကိန်းဂဏာန်းများမရရှိနိုင်ပါ။ သို့ရာတွင်အောက်ဖေါ်ပြပါအကြောင်းအချက်များဖြစ်သည့်

- စီမံကိန်းတည်ဆောက်ရေးကာလတွင်မြေတူးယာဉ်ပို ဆောင်ရေးမော်တော်ယာဉ်များဝင်ထွက်သွားလာခြင်း။
- တူးဖေါ်ရေးအတွက်အသုံးပြုသည့် စက်ယန္တရားများ(မြေတူးယာဉ်၊မြေသယ်ယာဉ်)ဖြင့် လုပ်ငန်းများလုပ်ဆောင်ခြင်း။
- သတ္တုတူးဖေါ်သည့်အခါမြေမှုန့်များကိုလေတိုက်ခတ်ခြင်း၊
- တူးဖေါ်သည့်မြေကြီးများနှင့်ကုန်တင်ယာဉ်များပေါ်သို တင်ချမှုများပြုလုပ်ခြင်း၊သယ်ယူပို့ဆောင်ခြင်း။



CamScanner

စသည်တို့ကြောင့်ပတ်ဝန်းကျင်ဒေသများအပေါ်ဖုန်မှုံများဖြစ်ပေါ်စေနိုင်ပါသည်။

ယင်းအတွက်သက်သာလျှော့နည်းစေရန်မော်တော်ယာဉ်များအရှိန်ထိန်းမောင်းနှင်ခြင်း။ကုန်ကြမ်းများ တင်/ချ ပြုလုပ်သည့်နေရာတွင်အကာအရံပြုလုပ်ပေးထားခြင်းတို့ဖြင့်ကာကွယ်လျှော့နည်းစေနိုင်ပါသည်။

Noise Mitigation Plan

အသံပိုင်းဆိုင်ရာနှင့် တုန်ခါမှုများအပေါ်စီမံထားရှိမှု။

စီမံကိန်းတည်ဆောက်ရေးကာလတွင်သတ္တုကြောရှာဖွေခြင်း(ယခုလုပ်ကွက်သည်မြေပေါ်ဟင်းလင်းဖွင့်စနစ်ဖြစ်ပါသည်)နှင့်တူးဖော်ရေးအတွက်ရောက်ရှိလာသည့်အလုပ်သမားများနှင့်စက်ယန္တရားများကြောင့်မူလထက်ဒေသနှင့်ပတ်ဝန်းကျင်အပေါ်အသံဆူညံမှုများတိုးပွါးလာနိုင်ပါသည်။ ယင်းအတွက်သက်ဆိုင်ရာအဖွဲ့များမှလည်းတတနိုင်သမျှအသံဆူညံမှုမရှိစေရန်ထိန်းသိမ်းလုပ်ကိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းများကိုနေ့ အချိန်တွင်သာပြုလုပ်ပြီးည၆နာရီထက်နောက်ကျစွာလုပ်ကိုင်ခြင်းမှရှောင်မည်ဖြစ်ပါသည်။အနီးအနားတွင်နေထိုင်သူများမရှိသောကြောင့်ဒေသခံများအတွက်အနှောင့်အယှက်ပေးမည်မဟုတ်ပါ။
(အဆိုပါအသံနှင့်ပတ်သက်၍မည်သည့်အသံကြိတ်နှုံး (db)ကိုလက်ခံကြောင်းစံချိန်စံညွှန်းများထွက်ပေါ်လာသည့်အခါအဆိုပါစံချိန်စံညွှန်းအတိုင်းပြည့်မီအောင်လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။)

| Noise Level Guidelines | | |
|---|---|---|
| | One Hour LAeq (dBA) | |
| Receptor | Daytime<br>07:00 – 22:00 | Nighttime<br>22:00 – 07:00 |
| Residential; Institutional; Educational | 55 | 45 |
| Industrial: Commercial | 70 | 70 |

Water and Waste Mitigation Plan

စွန့် ပစ်ပစ္စည်းနှင့်ရေဆိုးရေညစ်များဆိုင်ရာလေ့လာဆန်းစစ်မှုနှင့်စီမံထားရှိမှု။

စီမံကိန်းအကောင်အထည်ဖော်သည့်ကာလတွင်ရေချိုးခန်း၊ရေအိမ်၊မီးဖိုချောင်တို့မှသာအမှိုက်နှင့်စွန့်ပစ်ရေများအဓိကထွက်နိုင်ပါသည်။
စီမံကိန်း၏ဘောက်ဆိုဒ်ထုတ်လုပ်မှုကို Open Cut Mining Method စနစ်အသုံးပြုသောကြောင့်လုပ်ငမးစဉ်အရစွန့်ပစ်ပစ္စည်းနှင့် ရေဆိုးရေညစ်များမထွက်ကြောင်းသိရှိနိုင်ပါသည်။

(က)ရေချိုးခန်း၊ရေအိမ်များမှထွက်ရှိသောအညစ်အကြေးများ၊
(ခ) မီးဖိုဆောင်များမှထွက်ရှိသောအညစ်အကြေးများ၊

စီမံကိန်းတစ်ခုလုံးအနေဖြင့်အမှိုက်များကိုအလွယ်တကူသိမ်းဆည်းနိုင်သကဲ့သို့ ရေချိုးခန်း၊အိမ်သာများမှထွက်ရှိသောရေဆိုးရေညစ်များကိုစနစ်တကျစုဆောင်းပြီး Septic Tank စနစ်အသုံးပြုထားပါသည်။

သို့ဖြစ်၍အခြားသောဘေးထွက်ဆိုးကျိုးများမပေးနိုင်ပါ။



CamScanner

ယခုကုမ္ပဏီသည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအားအကောင်အထည်ဖေါ် ဆောင်ရွက်ရာတွင်ဒေသခံများနှင့် အတူတကွပူးပေါင်းဆောင်ရက်သွားမည်ဖြစ်ပါသည်။

အနီးအနားတွင်ရှင်သန်သွားလာနေထိုင်သည့် သဘာဝတိရိစ္ဆာန်များအားထိခိုက်ခြင်း။

Flora & Fauna Management Plan

စီမံကိန်းစမ်းသပ်ရှာဖွေမည့်မြေနေရာမြေလွတ်မြေရိုင်းများဖြစ်ပြီး၊ဝင်ထွက်လမ်း၏ဘေးတစ်ဘက်တစ်ချက်တွင်မူလကအတိုင်းမြက်ပင်များသဘာဝပေါက်ပင်များဆက်လက်ပေါက်ရောက်လျက်ရှိပါသည်။

စီမံကိန်းတည်ဆောက်ပြီးသည့်အခါတွင်မြေပြုပြင်ခြင်းနှင့်စိမ်းလမ်းစိုပြေစေရန် ရည်ရွယ်ချက်ဖြင့်မြေပိုများတွင်အရိပ်ရအပင်များကို စိုက်ပျိုးသွားရန်ရှိပါသည်။ မူလကရှိခဲ့သည့်အရိပ်ရအပင်များကိုလည်းတတ်နိုင်သမျှမူလအတိုင်းထားရှိထားပါသည်။

လုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝန်ထမ်းများ၏လုပ်ငန်းခွင်လုံခြုံရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ။

အဆိုပါစီမံကိန်းတွင်အထွေထွေမန်နေဂျာအပါအဝင်စီမံခန့်ခွဲရေးဝန်ထမ်း၊ ကျွမ်းကျင်ဝန်ထမ်းများပါဝင်သောလုပ်သားဦးရေစုစုပေါင်း (၃၂) ဦးခန့်လိုအပ်မည်ဖြစ်၍ဒေသခံနှင့်တကွပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပွင့်လင်းလာမည်ဖြစ်ပါသည်။ အဆိုပါဝန်ထမ်းအင်အားခန့်ထားမှုတွင်လည်းဒေသခံများကိုဦးစားပေးခန့်ထားမည်ဟုသိရှိရပါသည်။

သာမန်အားဖြင့်လုပ်ငန်းသဘောသဘာဝအရကြီးမားသောစက်ရုံအလုပ်ရုံများကဲ့သို့လုပ်ခွင်အန္တရာယ်ကြီးမားမှုမရှိ နိုင်ပါ။

သို့ရာတွင်အသေးအမွှားမှအစကြီးမားသောထိခိုက်မှုအန္တရာယ်များမဖြစ်စေရန်ပညာပေးမှုများအခါအားလျော်စွာပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါစီမံကိန်း၏လုပ်ငန်းမှထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများအား 3R စနစ်ဖြင့် အမှိုက်များအားလျှော့နည်းသည်ထက်လျှော့နည်းအောင်လျှော့ချသည့်နည်းလမ်းများဖြစ်သည့် (Reduce) ၊ စွန့်ပစ်လိုက်သည့်အမှိုက်များမှစွန့်ပစ်ပစ္စည်းအချို့ကိုပြန်လည်အသုံးပြုသည့်နည်းလမ်း Reuse ၊စွန့်ပစ်လိုက်သည့်ပစ္စည်း ကိုမူလပုံစံအတိုင်းသို့မဟုတ်နောက်ထပ်ပစ္စည်းတမျိုးပြန်လည်ပြုပြင်ထုတ်လုပ်အသုံးပြုသောနည်းလမ်း Recycle များအသုံးပြု၍နေ ထွက်ရှိသောအမှိုက်ပမာဏလျှော့နည်းစေရေးအတွက်စီမံချက်များကိုရေးဆွဲနိုင်ရန်အတွက်သက်ဆိုင်ရာအထူးပြုကုမ္ပဏီများသို့ ဆက်သွယ်လေ့လာခြင်း၊ နည်းပညာများကိုအမြဲလေ့လာခြင်းများပြုလုပ်သွားမည်ဖြစ်သကသို့ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှပေးပို့ လာမည့်နည်းပညာများ၊လမ်းညွှန်ချက်များကိုလည်းတိကျစွာလိုက်နာနိုင်ရန်စီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်ပါသည်။

လက်ရှိအချိန်မှစ၍ Recycling ပြုလုပ်နိုင်သောအမှိုက်များကိုစံနစ်တကျစွန့်ပစ်စေခြင်း၊ ဝန်ထမ်းများကိုလည်းမိမိတို့၏အမှိုက်များအားစုပေါင်းအမှိုက်စခန်းတွင်သီးခြားစွာစွန့်ပစ်စေပြီးအနံ့ များမထွက်စေရန်စနစ်တကျသိမ်းဆည်းစေမည်ဖြစ်ပါသည်။

ယခုစီမံကိန်းကြောင့်လမ်းပမ်းဆက်သွယ်မှုဆိုင်ရာထိခိုက်မှုမရှိဘဲပိုမိုကောင်းမွန်လာသည့်စီမံကိန်းဖြစ်ပါသည်။



CS CamScanner

**ထိခိုက်မှုလျှော့ချသည့်အစအစဉ် (ပုံမှန်တူးဖော်ထုတ်လုပ်စဉ်ကာလ)**

Table (2) Summary of Mitigation(During Operation Stage)

**ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်လျှော့ချရန်အစီအစဉ်များဖေါ်ပြချက်။**

| အုပ်စု | အမျိုးအမည် | ထွက်ရှိမည့်အရင်းအမြစ် | လျှော့ချမည့်နည်းလမ်း | တာဝန်ယူမှု |
|---|---|---|---|---|
| ညစ်ညမ်းမှု | လေအရည်အသွေး | မီးစက်၊အင်ဂျင်၊မော်တော်ယာဉ်၊တူးဖော်မှုကြောင့်ဖုန်ထခြင်း၊ | - မီးစက်၊အင်ဂျင်၊မော်တော်ယာဉ်များအသုံးပြုခြင်းလျှော့ချခြင်း၊၊ တူးဖော်မှုအချိန်တွင်ရေဖြန်းပေးခြင်းဖြင့်လေထုညစ်ညမ်းမှုကိုမဖြစ်စေရန်၊ | Workers |
| | မြေပေါ်ရေအရည်အသွေး | မြေပေါ်ရေအားထိခိုက်ရန်အရင်းအမြစ်မရှိပါ၊ | မြေပေါ်ရေအရင်းအမြစ်မရှိသောကြောင့်ထိခိုက်မှုလျှော့ချရန်မလိုပါ၊ | - |
| | အစိုင်အခဲအမှိုက် | လုပ်သားများ၏တစ်ကိုယ်ရေသုံး စွန့်ပစ်ပစ္စည်း | ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်စနစ်တကျစွန့်ပစ်သည့်စနစ်ကိုအသုံးပြုရန်၊ | လုပ်သားအားလုံး |
| | စွန့်ပစ်ရေဆိုး | မော်တော်ယာဉ်ဆေးကြောမှု၊လုပ်သားများရေချိုးခြင်း၊ရေအိမ်စွန့်ပစ်ရေ | -ယာယီထိခိုက်မှုကိုလျှော့ချနိုင်ပါသည်၊ | Developer |
| | မြေသားအပေါ်ထိခိုက်မှု | စက်သုံးဆီချောဆီများဖိတ်စဉ်ခြင်း | ဖိတ်စဉ်မှုမရှိစေရန်တားမြစ်ထားခြင်းနှင့်လုံခြုံစွာသိမ်းဆည်းရန် | လုပ်သားအားလုံး |
| | ဆူညံသံနှင့်တုန်ခါမှု | မြေတူးစက်၊မော်တော်ယာဉ်များနှင့်မြေသယ်ယာဉ်များ | အရန်လျှော့မောင်းနှင်ခြင်း၊ညအချိန်အလုပ်နားရန်၊ | Developer |
| | မြေအောက်ရေအရည်အသွေးပေါ်ထိခိုက်နိုင်မှု | ထိခိုက်မှုမရှိပါ၊ | - | - |
| | အမှုန်အမွှား | မော်တော်ယာဉ်နှင့်စက်များမှထွက်ရှိသည့်အမှုန် | မော်တော်ကားလမ်းတွင်ရေဖြန်းခြင်းဖြင့်ထိခိုက်မှုလျှော့ချနိုင်ပါသည်၊ | Developer |
| | မြေနိမ့်ကျဆင်းမှု | မရှိပါ၊ | - | Developer |
| | အနံ့ | မီးစက် | မီးစက်မှထွက်ရှိသည့်မီးခိုးများကိုခေါင်းတိုင်တပ်ဆင်ထားခြင်းဖြင့်ထိခိုက်မှုလျှော့ချနိုင်ပါသည်၊ | Developer |
| | အောက်ခြေအနည်ထိုင်မှု | မရပါ၊ | - | - |
| သဘာဝဝန်းကျင် | သဘာဝအပင်နှင့်တိရိစာန်များ၊ | သဘာဝအပင်နှင့်တိရိ စ္ဆာန်များ၊ | - နေရာလွတ်များတွင်(သို)ပန်းအိုးများဖြင့်အပင်များစိုက်ပျိုးရန်၊မျက် ခင်းများပြုလုပ်ရန်၊ | Developer |
| | Hydrological Situation | မိုးရွာသွန်းမှု၊ | - သင့်တော်သည့်ရေကန်ပြုလုပ်ပြီးမိုးရေစုဆောင်းပြီးအပင်ရေလောင်းခြင်းဖြင့်ရေသုံးမှုလျှော့ချနိုင်သည်၊ | Developer |
| လူမှုဝန်းကျင် | သက်မွေးဝမ်းကြောင်းမှု လုပ်ငန်းများ၊ | လူသားအရင်းအမြစ် | လုပ်သားများကျွမ်းကျင်မှုပိုမိုရရှိရန် သင်တန်းများပေးခြင်း၊ | Developer |
| | မူလရှိပြီးလူမှုအဆောက်အဦများနှင့်ဝန်ဆောင်မှု | မရှိပါ၊ | မူလရှိပြီးလမ်းများမထိခိုက်စေရန်နှင့်ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ရန်လိုပါသည်၊ | Developer |
| | ရေအသုံးချမှု | မြေအောက်ရေ | -ရေအသုံးချမှုအစဉ်ထိန်းသိမ်းရန်လိုအပ်သည် | Developer |
| | AIDS/HIV ကဲ့သို ကူးစက်ရောဂါများရနိုင်ချေ | လုပ်သားများ | - ရောဂါများကူးစက်မှုမရှိစေရန်ကာကွယ်ခြင်း၊ပညာပေးခြင်းအားဖြင့် ထိန်းချုပ်နိုင်ပါသည် | Developer |
| | လုပ်ခွင်အခြေအနေ (လုပ်ငန်းခွင်လုံခြုံစိတ်ချရမှုအပါအဝင်) | လုပ်သားများ၊စက်များနှင့်လုပ်ခွင်အခြေအနေ၊ | - လုပ်သားများလုပ်ခွင်ကျန်းမာရေး Occupational Health and Safety (OHS) ကိုအစဉ်လုပ်ဆောင်ပေးခြင်း | Developer |
| အခြား | မတော်တဆထိခိုက်မှု | မိုင်းတွင်းရှိစရိယာများ | - စီမံကိန်းအတွင်းအပြင်တို့၌မတော်တဆထိခိုက်မှုများမဖြစ်စေရန်စီ စဉ်ထားရမည်၊ | Developer |
| | ကမ္ဘာပူနွေးမှု | မီးစက်မှထွက်ရှိသည့် အငွေ | - စီမံကိန်းကြောင့် GHGs emission လျှော့ချရန်မီးစက်အသုံးပြုမှုလျှော့ချရန် | Developer |

- ရွေးချယ်ထားသောအစားထိုးစီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်သိသာထင်ရှားသောပတ်ဝန်းကျင်ထိခိုက်မှု တစ်ခုချင်းစီအားအတိုချုပ်ရှင်းလင်းဖော်ပြချက်။

ယခုစီမံကိန်းကိုအောက်ပါအတိုင်းစီမံကိန်းမတည်ဆောက်မီအစားထိုးစီမံကိန်းများအဖြစ်လေ့လာရွေးချယ်ခဲ့ပြီး၊အဆိုပါ ရွေးချယ်ထားသောအစားထိုးစီမံကိန်းများကိုယင်းတို့အားရွေးချယ်ရသည့်အကြောင်းရင်းများကိုအောက်ပါအတိုင်းဖော် ပြအပ်ပါသည်။

- စီမံကိန်းကိုမိုးရာသီတွင်ရပ်နားပြီးပွင့်လင်းရာသီတွင်ဆောင်ရွက်ခြင်း။
- ဆက်သွယ်ရေးလမ်းကြောင်းကိုလည်းဒေသခံများအတွက်ပါအဆင်ပြေနိုင်သည့်လမ်းကြောင်းကိုရွေးချယ်ဖေါက် လုပ်ခြင်း။
- မိုင်းခွဲခြင်းများကိုကြိုတင်အသိပေးသည့်စနစ်ကိုအသုံးပြုခြင်း။

- ဆောင်ရွက်ခဲ့သောအများပြည်သူသဘောထားရယူခြင်းနှင့်ပြည်သူများပူးပေါင်းပါဝင်ခြင်း။

ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီသည် မြန်မာနိုင်ငံသားပိုင် မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင် သောကုမ္ပဏီလီမိတက MEHL၏မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊အင်ယားကျေးရွာအုပ်စုတွင်ရှိမြေဧရိယာ (၃၄. ၁၂)ဧကကျယ်ဝန်းသောမြေပေါ်တွင်သံကြွယ်ဘောက်ဆိုဒ်(အလတ်စား)ထုတ်လုပ်ခြင်းလုပ်ငန်းစီမံကိန်းအပေါ်သ ယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှရည်ညွှန်းချက်များအတိုင်းသဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုရှိ/မရှိ Initial Environmental Examinationကနဦးပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်းကိုလုပ်ဆောင်ခဲ့ပါသည်။

စီမံကိန်းသည်ပြင်ဦးလွင်မြို့နယ်တွင်တည်ရှိသောကြောင့်မြို့နယ်နှင့်တိုက်ရိုက်သက်ဆိုင်နေသည့်အတွက်အဆိုပါဒေသ တွင်နေထိုင်ကြသူများနှင့်အဓိကသက်ဆိုင်သည့်အပြင်၊သက်ဆိုင်ရာနှင့်အများပြည်သူများပါဝင်သောသဘောထားစစ် တမ်းကောက်ယူမှုကိုသီးခြားစီကျင်းပကောက်ခံခဲ့ပါသည်။အဆိုပါသဘောထားကောက်ခံမှုအစည်းအဝေးနှင့်လက်တွေ့ ကွင်းဆင်းစစ်ဆေးမှုများအရဒေသခံများဘက်မှမိမိတို့ဒေသဖွံ့ဖြိုးလာမည်ကိုသိရှိကြသဖြင့်လမ်းဖေါက်လုပ်သည်မှအစ လုပ်အားအလှူများကိုပါဝင်ကြသည်ကိုတွေ့ရပြီးစီမံကိန်းအပေါ်တက်ကြွစွာပူးပေါင်းပါဝင်ထောက်ခံကြသည်ကိုတွေ့ရ ပါသည်။

စီမံကိန်းအတွက်လေ့လာမှုများပြုလုပ်နိုင်ရန်စီမံကိန်းတည်ရှိရာသို့အဖွဲ့ဝင်များလိုက်ပါလျက် ၂၀၁၆ခုနှစ်ဩဂုတ်လ ၂၂ ရက်မှ ၂၅ရက်ထိ၊ ၂၀၁၆ခုနှစ်စက်တင်ဘာလ၉ရက်မှ၁၀ရက်နေ့ထိသွားရောက်တိုင်းတာစစ်ဆေးမှုများပြုလုပ် ခဲ့ပါသည်။ အဆိုပါရက်များအတွင်း Environmental Baseline Data မူလသဘာဝပတ်ဝန်းကျင်အချက်အလက်များ တိုင်းတာခြင်း၊စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကောင်းကျိုး၊ဆိုးကျိုးများနှင့်သက်ဆိုင်သူများဒေသခံများ၏သဘော ထားများကိုလေ့လာစစ်တမ်းကောက်ယူနိုင်ခဲ့ပါသည်။

ယခုစီမံကိန်းအတွက်ထူးခြားမှုမှာမြို့နယ် Public Consultation Meeting ကို ၂၀၁၆ခုနှစ်အောက်တိုဘာလ၃၁ရက်နေ့ တွင်တစ်ကြိမ်၊နိုဝင်ဘာလ၁ရက်နေ့တွင်တစ်ကြိမ်၊နှင့် ၂၀၁၉ခုစက်တင်ဘာခုနှစ်ဩဂုတ်လ၁၆ရက်နေ့တွင်တစ်ကြိမ် အောက်ပါအစီအစဉ်အတိုင်းကျင်းပခဲ့ခြင်းဖြစ်ပါသည်။ Public Consultation Meeting များကိုတစ်နေရာတည်းတွင် တစ်ကြိမ်တည်းလုပ်ခဲ့ခြင်းမဟုတ်ဘဲ၊နေရာနှင့်ရက်အလိုက်အဆင့်အလိုက်ခွဲခြားကျင်းပခဲ့ခြင်းဖြစ်ပါသည်။



CamScanner

Table 14 ကျင်းပခဲ့သည့်လူထုဘောထားကောက်ခံမှုအစည်းအဝေးများ။

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁ | ၂၀၁၆အောက်တိုဘာလ၃၁ ရက် | မြင်ဦးလွင်မြို့နယ်၊ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများနှင့်စီမံကိန်းအပေါ်သဘောထားကောက် ယူခြင်း။ | မြင်ဦးလွင်မြို့နယ်၊အထွေထွေအုပ်ချုပ်ရေးမှူးရုံး။ |
| ၂ | ၂၀၁၆ နိုဝင်ဘာလ၁ ရက် | မြင်ဦးလွင်မြို့နယ်၊အင်းယားဒေသတွင်နေထိုင်သူများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများနှင့်စီမံကိန်းအပေါ်သဘောထားကောက်ယူခြင်း။ | မြင်ဦးလွင်မြို့နယ်၊အင်းယားရွာဦးကျောင်း။ |
| ၃ | ၂၀၁၉ ဩဂုတ်လ၁၆ ရက် | မြင်ဦးလွင်မြို့နယ်၊အင်းယားဒေသတွင်နေထိုင်သူများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများနှင့်စီမံကိန်းအပေါ်သဘောထားကောက်ယူခြင်း။ | မြင်ဦးလွင်မြို့နယ်၊အင်းယားရွာဦးကျောင်း။ |

၁. ၃ ဒေသခံပြည်သူများနှင့်ချိတ်ဆက်ဆောင်ရွက်ရေးစီမံချက်အကျဉ်းချုပ်

အဆိုပါတွေ့ဆုံမှုများတွင်ဒေသခံများ၊သက်ဆိုင်သူများ၏မေးခွန်းများကိုစီမံကိန်းဖော်ဆောင်သူမှအောက်ပါအတိုင်းပြန်လည်ဖြေကြား၊တောင်းဆိုမှုများကိုလုပ်ဆောင်ပေးပါသည်။

- စီမံကိန်းပိုင်ရှင်လွှဲပြောင်းခြင်း၊ပိုင်ဆိုင်ခြင်းနှင့်တကွလုပ်ပိုင်ခွင့်ပြုမိန့်နှင့်သက်တမ်းများကိုရှင်းလင်းတင်ပြပါသည်
- စီမံကိန်းနယ်နိမိတ်များကိုလည်းသက်ဆိုင်ရာမြေတိုင်းဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊
- အကျိုးတူဆောင်ရွက်မှုနှင့်အမြတ်ငွေခွဲဝေမှုရာခိုင်နှုန်း၊ဓါတ်သတ္တုအခွန်ပေးသွင်းမှုများ၊
- ဒေသဖွံ့ဖြိုးရေးအတွက် CSR ရံပုံငွေအဖြစ်နှစ်စဉ်အမြတ်ငွေ၏၂%လျာထားရှိမှုနှင့်ယခုအခါစီမံကိန်းအပေါ်ရင်းနှီးမြှုပ်နှံမှုကာလသာဖြစ်ပြီးလုပ်ငန်းများမှအမြတ်ငွေမရမီကပင်ဒေသအတွက်လိုအပ်သည်များကိုလုပ်ဆောင်ပေးထားမှုများကိုရှင်းလင်းတင်ပြခြင်း၊
- ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာဥက္ကဋ္ဌနှင့်အမှုဆောင်များ၏မေးမြန်းချက်များနှင့်ကန့်ကွက်ရန်မရှိကြောင်းနှင့်တကွလမ်းညွှန်မှုများဖြစ်သောအများပြည်သူသိရှိနားလည်သဘောပေါက်ပြီးထောက်ခံမှုရရှိရန်ညွှန်ကြားချက်များအတိုင်းလည်းလိုက်နာပြီးစစ်တမ်းများကောက်ယူနိုင်ခဲ့ပါသည်။

ဝေဖန်အကြံပြုချက်၊တောင်းဆိုချက်များအားတုန့်ပြန်ဆောင်ရွက်ထားရှိမှု။

| စဉ် | ဝေဖန်အကြံပြုမှု၊တောင်းဆိုချက်များ | တုန့်ပြန်ဆောင်ရွက်ထားမှု |
|---|---|---|
| ၁ | လမ်းတည်ဆောက်မှု | အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း။ |
| ၂ | နယ်နိမိတ်သတ်မှတ်ထားရှိမှု | မြေတိုင်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း |
| ၃ | မော်တော်ယာဉ်သုံးစွဲမှု | ဒေသခံများ၏မော်တော်ယာဉ်များကိုအသုံးပြုငှားရမ်းစေလိုသည့်အပေါ်လုပ်ငန်းအရလိုအပ်သလိုငှားရမ်းအသုံးပြုမည်ဖြစ်ပါကြောင်းတင်ပြထားပါသည် |
| ၄ | အလုပ်အကိုင်အခွင့်အလမ်းကြေငြာပေးရန် | လိုအပ်သည့်အခါတိုင်းကြိုတင်အသိပေးပြီး၊ဒေသခံများကိုသာဦးစားပေးခန့်ထားမည်ဖြစ်ကြောင်း |
| ၅ | ဒေသဖွံ့ဖြိုးမှုကူညီမည့်အစီအစဉ် | နှစ်စဉ်အမြတ်ငွေ၏၂%ကို CSR ရံပုံငွေအဖြစ်သတ်မှတ်ပြီးဘဏ်စာရင်းသီးခြားထားရှိပါကြောင်း၊ |

- လေ့လာခဲ့သောအဓိကအစားထိုးစီမံကိန်း၊နှိုင်းယှဉ်လေ့လာခြင်း၏ရလဒ်များ။

စီမံကိန်းတည်ဆောက်ရန်မြေနေရာရရှိမှုသည်အဓိကအခန်းမှပါဝင်နေပြီးမိမိတို့ ရရှိထားသည့်နေရာမှတစ်လက်မမျှပင်ရွှေ့ပြောင်းမရနိုင်သောကြောင့်အစားထိုးစီမံကိန်းအတွက်စဉ်းစားရာတွင်မြေနေရာရွှေပြောင်းနည်းကိုအသုံးမပြု

နိုင်ဘဲဆောက်လုပ်ရေးလုပ်ငန်းများကြောင့်ထိခိုက်နိုင်မှုများကိုသက်သာစေရန်အောက်ပါနည်းစဥ်များကိုစီစဥ်ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါသည်။

- သတ္တုတူးဖေါ်ထုတ်လုပ်ရာတွင်ပိုမိုကောင်းမွန်သောနည်းလမ်းများအသုံးပြုနိုင်ခြင်း။
- ဆောက်လုပ်ရေးလုပ်ငန်းများကိုနေ့အချိန်တွင်သာလုပ်ကိုင်ပြီးညပိုင်းတွင်ရပ်နားထားရန်။
- မီးစက်များကိုအသံလုံစနစ်ပါသည့်စက်များကိုအသုံးပြုခြင်း။
- မြေသယ်ကားကြီးများဝင်ထွက်စနစ်၊ကုန်တင်ချစနစ်များစနစ်တကျထားရှိရန်။

၁.၄ ဒေသဖွံ့ဖြိုးရေးစီမံချက်အကျဉ်းချုပ်

CSR ဆောင်ရွက်မှုများ။

CSR ဆောင်ရွက်မှုလုပ်ငန်းစဥ်များစဥ်ဆက်မပြတ်ဆောင်ရွက်သွားနိုင်ရေးအတွက်အဖွဲ့နှင့်အသုံးစရိတ်လျာထားမှုကိုနှစ်စဥ်အမြတ်ငွေ၏နှစ်ရာခိုင်နှုန်းခန့် သုံးစွဲရန်ရံပုံငွေအဖြစ်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ထည့်ဝင်လျာထားသည့်ရံပုံငွေမှသဘာဝပတ်ဝန်းကျင်ပြုပြင်ရေးလုပ်ငန်းများအတွက်(၅၀%)၊စီမံကိန်းပတ်ဝန်းကျင်ရှိကျေးရွာများ၏သာရေးနာရေးအတွက်(၁၀%)၊ ကျောင်းများ၏ဘက်စုံဖွံ့ဖြိုးရေးအတွက်(၁၅%)၊ဘိုးဘွားရိပ်သာများနှင့်အခါအားလျော်စွာပရဟိတလုပ်ငန်းများအတွက်(၁၀%)၊မိဘမဲ့ဂေဟာများနှင့်ဘာသာရေးနှင့်သာသနာရေးထွန်းကားရေးအတွက်(၁၅%)တိုသတ်မှတ်အသုံးပြုသွားမည်ဖြစ်ပါသည်။

၁.၅ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်အကျဉ်းချုပ်။

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (လုပ်ငန်းလည်ပတ်စဉ်ကာလ)**

- Table (2) Summary of Environmental Management Plan

| အမျိုးအစား | အချက်အလက် | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်<br>(တူးဖော်ထုတ်လုပ်ရေးကာလ) | အကြမ်းအစီအစဉ်<br>ရံပုံငွေ<br>(အမေရိကန်ဒေါ်လာ) | တာဝန်ခံ |
|---|---|---|---|---|
| ညစ်ညမ်းမှု | လေအရည်အသွေး | - လေအရည်အသွေးတိုင်းတာစစ်ဆေးရန်၊<br>-လမ်းပေါ်သို့ရေဖြန်းရန်၊<br>-ယာဉ်သွားလာသည့်နှုန်းလျှော့ချရန်၊ | နေ့စဉ်<br>(၁၅၀၀/၃လစာ) | Workers |
| | ရေ အရည်အသွေး | -ရေခြေတာသည့်စနစ်တပ်ဆင်အသုံးပြုရန်၊<br>-စွန့်ပစ်ရေစောင့်ကြည့်ရန်၊ | နေ့စဉ်<br>(၅၀၀/၃လစာ) | Developer |
| | စွန့်ပစ်ပစ္စည်း | -3Rs.စနစ်ကိုအမှိုက်အားလုံးအတွက်စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအသုံးပြုစုရန်၊ | နေ့စဉ်<br>(၁၀၀၀/၃လစာ) | Developer |
| | Soil Contamination | - စက်ဆီ၊ချောဆီများမြေပေါ်သို့ဖိတ်စဉ်မှုများမဖြစ်ပေါ်စေရန် | နေ့စဉ်<br>(၁၅၀၀/၃လစာ) | All |
| | အသံနှင့်တုန်ခါမှု | အသံနှင့်တုန်ခါမှုကိုစောင့်ကြည့်ရန်<br>မီးစက်တွင်အသံထိန်းကိရိယာတပ်ဆင်ထားပါသည်<br>ညအချိန်လုပ်ကိုင်မှုမပြုရန်၊<br>မော်တော်ယာဉ်အရှိန်လျှော့ချမောင်းနှင်းစေရန် | နေ့စဉ်<br>(၅၀၀/၃လစာ) | Developer |
| | Ground Subsidence | - မှုလမြေအောက်ရေ၏အနေအထားကိုမထိခိုက်စေရန်အတွက်သုံးရေချွေတာသုံးစွဲခြင်း၊ | နေ့စဉ်<br>(၁၅၀၀/၃လစာ) | Developer |
| | Offensive Odor | - စီမံကိန်းအတွင်းနေထိုင်သူများ၏အနောင့်အယှက်ပြုအနံ့များမဖြစ်ပေါ်စေရန်စည်းကမ်းတင်းကြပ်ထားရမည်၊ | နေ့စဉ်<br>(၁၅၀၀/၃လစာ) | Developer |
| | Bottom Sediment | - ထွက်ရှိသောအညစ်အကြေးများသည်အမျိုးသားစံချိန်မီစွန့်ပစ်ရန်လိုအပ်ပါသည်၊ | နေ့စဉ်<br>(၁၅၀၀/၃လစာ) | Developer |



CS CamScanner

| | | | | |
|---|---|---|---|---|
| သဘာဝပတ်ဝန်းကျင် | အပင်၊သတ္တဝါနှင့်မျိုးမွှိုးကွဲပြားမှု | - နေရာလွတ်များတွင်(သို့)ပန်းအိုးများဖြင့်အပင်များစိုက်ပျိုးရန်၊မျက်ခင်းများပြုလုပ်ရန်၊ | နေ့စဉ် (၉၀၀/၃လစာ) | Developer |
| | ဇလဗေဒအခြေအနေ | - သင့်တော်သည့်ရေကန်ပြုလုပ်ပြီးမိုးရေစုဆောင်းပြီးအပင်ရေလောင်းခြင်းဖြင့်ရေ သုံးမှုလျော့ချနိုင်သည်၊ | နေ့စဉ် (၁၀၀၀/၃လစာ) | Developer |
| လူမှုပတ်ဝန်းကျင် | နေထိုင်မှုနှင့်အသက်မွေးမှု | Septic tank system ကိုအသုံးပြုခြင်းဖြင့်ရေဆိုး၏အရည်အသွေးထိန်းသိမ်းနိုင်ပါသည်၊<br>Livelihood ကိုထိခိုက်နိုင်ခြင်းမရှိပါ၊ | နေ့စဉ် | Developer |
| | ရေသုံးစွဲမှု | ရေအသုံးချမှုအစဉ်ထိန်းသိမ်းရန်လိုအပ်သည် | နေ့စဉ် | Developer |
| | လက်ရှိလူမှုအဆောက်အအုံနှင့်သွားလာမှု | မူလရပြီးလမ်းများမထိခိုက်စေရန်နှင့်ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ရန်လိုပါသည်၊ | နေ့စဉ် | Developer |
| | AIDS/HIV ကဲ့သို့သောအန္တရာယ်(သို့)ကူးစက်ရောဂါများ | - ရောဂါများကူးစက်မှုမရှိစေရန်ကာကွယ်ခြင်း၊ပညာပေးခြင်းအားဖြင့်ထိန်းချုပ်နိုင်ပါသည် | နေ့စဉ် | Developer |
| | လုပ်ခွင်အခြေအနေ (လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု) | - လုပ်သားများလုပ်ခွင်ကျန်းမာရေး Occupational Health and Safety (OHS)ကိုအစဉ်လုပ်ဆောင်ပေးခြင်း | နေ့စဉ် (၅၀၀/၃လစာ) | Developer |
| အခြား | မတော်တဆထိခိုက်မှု | - စီမံကိန်းအတွင်းအပြင်တို့၌မတော်တဆထိခိုက်မှုများမဖြစ်စေရန်စီစဉ်ထားရမည်၊ | နေ့စဉ် (၅၀၀/၃လစာ) | Developer |
| | ကမ္ဘာ့ပူနွေးမှု | - စီမံကိန်းကြောင့် GHGs emission လျော့ချရန် | နေ့စဉ် (၅၀၀/၃လစာ) | Developer |

စီမံကိန်းအပေါ်စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ကိုအောက်ပါအတိုင်းစီစဉ်ထားရှိပါသည်၊ တိုင်းတာစောင့်ကြည့်ရမည့်အချက်များ၊နေရာများ၊အကြိမ်များနှင့်တာဝန်ခံအဖွဲ့ အစည်းများအားမဆောက်လုပ်မီကာလ၊ဆောက်လုပ်ရေးကာလ၊လည်ပတ်မှုကာလအလိုက်ဖော်ပြထားသည့်ပတ်ဝန်းကျင်စောင့်ကြည့်မှုအစီအစဉ်ကိုအောက်ပါအတိုင်းဖေါ်ပြထားပါသည်။ တာဝန်ခံအဖွဲ့ အစည်းသည်စောင့်ကြည့်တိုင်းတာမှုနှင့်ရလဒ်များအားပြင်ဆင်မှုအတွက်တာဝန်ရှိသည။

Table 16 Monitoring Plan (Pre-Construction Phase)

| အမျိုးအစား | အချက်အလက် | တည်နေရာ | အကြိမ်နှုန်း | တာဝန်ခံအဖွဲ့ |
|---|---|---|---|---|
| သာမန်အချိန် | ရေအရည်အသွေး၊အသက်မွေးလုပ်ငန်းများအပေါ်ထိခိုက်မှုလျော့ကျစေမည့်အစီအစဉ်ရေးဆွဲမှုအပေါ်စောင့်ကြပ်ကြည့်ရှုခြင်း၊တည်ဆောက်ခြင်းလုပ်ငန်းမှထွက်ရမည့်အမှိုက်၊လုပ်ခွင်မတော်တဆ၊လုပ်ခွင်အခြေအနေ၊လုပ်ငန်းခွင်ရောဂါကူးစက်မှု၊ကမ္ဘာ့ပူနွေးစေမှုစသည်များအပေါ်ထိခိုက်မှုလျော့ကျစေမည့်အစီအစဉ်ရေးဆွဲမှုအပေါ်စောင့်ကြပ်ကြည့်ရှုခြင်း | စီမံကိန်းအတွင်း | တစ်ကြိမ် | Contractor |
| လက်ရှိလူမှုအဆောက်အဦးနှင့်ဝန်ဆောင်မှုများ | အများပြည်သူသွားလာမှုလွယ်ကူစေရန် | စီမံကိန်းအရှေ့နှင့်မြောက်ဘက် | တစ်ကြိမ် | ကန်ထရိုက် |

Table 17 Monitoring Plan (Construction Phase)

| အမျိုးအစား | အချက်အလက် | တည်နေရာ | အကြိမ်နှုန်း | တာဝန်ခံအဖွဲ့ |
|---|---|---|---|---|
| လေအရည်အသွေး | $SO_2$,$NO_2$,CO,TSP,$PM_{10}$ | ဆောက်လုပ်ရေးလုပ်ငန်းခွင် | အဆိုးဆုံးအချိန်တစ်ကြိမ် | ကန်ထရိုက် |
| ရေအရည်အသွေး | pH, SS, DO, BOD, COD, oil & grease, chromium | ဆောက်လုပ်ရေးလုပ်ငန်းခွင် | နှစ်လတစ်ကြိမ် | |
| စွန့်ပစ်အမှိုက် | စွန့်ပစ်အမှိုက်ပမာဏနှင့်စီစဉ်ထားမှု | ဆောက်လုပ်ရေးလုပ်ငန်းခွင် | သုံးလတစ်ကြိမ် | |



CamScanner

| | | | |
|---|---|---|---|
| အသံနှင့်တုန်ခါမှု | အသံနှင့်တုန်ခါမှုအတိုင်းအတာ | စောင့်ကြည့်သည့်ဧရိယာ | အဆိုးဆုံးအချိန် တစ်ကြိမ် |
| မြေနိမ့်ဆင်းမှု | မြေအနေအထားနိမ့်ဆင်းမှု | စောင့်ကြည့်သည့်ဧရိယာ | တစ်လတစ်ကြိမ် |
| Hydrology | မြေအောက်ရေသုံးစွဲမှု | ဆောက်လုပ်ရေးလုပ်ငန်းခွင် | နှစ်လတစ်ကြိမ် |
| ရေအသုံးချမှု | ရေသုံးစွဲမှု | ဆောက်လုပ်ရေးလုပ်ငန်းခွင် | နှစ်လတစ်ကြိမ် |
| AIDS/HIV စသည့်ရောဂါကူးစက်နိုင်ခြေ | ရောဂါကူးစက်နိုင်ခြေတွေ့ရှိမှု | ဆောက်လုပ်ရေးလုပ်ငန်းခွင် | တစ်လတစ်ကြိမ် |
| လုပ်ငန်းခွင်အခြေအနေ(လုပ်ခွင်လုံခြုံစိတ်ချရမှု) | လုပ်ငန်းခွင်အခြေအနေနှင့်လုပ်ခွင်လုံခြုံစိတ်ချရမှု | ဆောက်လုပ်ရေးလုပ်ငန်းခွင် | တစ်လတစ်ကြိမ် |
| မတော်တဆထိခိုက်မှု | မတော်တဆထိခိုက်ရမှု | ဆောက်လုပ်ရေးလုပ်ငန်းခွင် | ဖြစ်ပေါ်သည့် အခါတိုင်း |

**Table 18 Monitoring Plan (Operation Phase)**

| အမျိုးအစား | အချက်အလက် | တည်နေရာ | အကြိမ်နှုန်း | တာဝန်ခံအဖွဲ့ |
|---|---|---|---|---|
| Common | Monitoring of mitigation measures | ဆောက်လုပ်ရေးလုပ်ငန်းခွင် | တစ်နှစ်လေးကြိမ် (၃နှစ်လည်ပတ်ပြီး) | SPC |
| လေအရည်အသွေး | $SO_2$,$NO_2$,CO,TSP,$PM_{10}$ | ဆောက်လုပ်ရေးလုပ်ငန်းခွင် | မိုးရာသီနှင့် နွေရာသီ တစ်ပတ်တစ်ကြိမ် | SPC |
| ရေအရည်အသွေး | pH, SS, DO, BOD, COD, oil & grease, chromium | ဆောက်လုပ်ရေးလုပ်ငန်းခွင် | တစ်နှစ်တစ်ကြိမ် | SPC |
| စွန့်ပစ်အစိုင်အခဲအမှိုက် | စွန့်ပစ်အစိုင်အခဲပမာဏနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင်၏စွန့်အပစ်အစိုင်အခဲအပေါ်စီမံခန့်ခွဲမှု | ဆောက်လုပ်ရေးလုပ်ငန်းခွင် | သုံးလတစ်ကြိမ် | Tenants |
| မြေဆီလွှာညစ်ညမ်းစေမှု | မြေဆီလွှာညစ်ညမ်းစေမှုကိုဖြစ်ပေါ်စေနိုင်သည့်စွန့်ပစ်အရည်နှင့် အမှိုက်ထိန်းသိမ်းမှုအခြေအနေ | ဆောက်လုပ်ရေးလုပ်ငန်းခွင် | တစ်နှစ်တစ်ကြိမ် | Tenants |
| အသံနှင့်တုန်ခါမှု | အသံနှင့်တုန်ခါမှုအဆင့် | ဆောက်လုပ်ရေးလုပ်ငန်းခွင် | Once (peak period) | SPC |
| မြေနိမ့်ဆင်းမှု | မြေအနိမ့်အမြင့်အနေအထားစောင့်ကြည့်မှု | စောင့်ကြည့်သည့်ဧရိယာ | Once a year | SPC |
| Offensive Odor | Status of offensive odor control by tenants | တစ်ဦးချင်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင် | Twice per year | Tenants |
| အောက်ခြေအနယ်ထိုင်မှု | ရေအရည်အသွေးနှင့်ဆက်စပ်ရန် | စောင့်ကြည့်သည့်ဧရိ | Once a year | SPC |
| Hydrology | မြေအောက်ရေထုတ်ယူသုံးစွဲမှု | စောင့်ကြည့်သည့်ဧရိ | Once a year | SPC |
| Water Usage Hydrological Situation | Combine with ground subsidence monitoring | စောင့်ကြည့်သည့်ဧရိ | Once a year | SPC |
| AIDS/HIV စသည့်ရောဂါကူးစက်နိုင်ခြေ | ရောဂါကူးစက်နိုင်ခြေတွေ့ရှိမှု | တစ်ဦးချင်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင် | Once/month | SPC/Tenants |
| လုပ်ငန်းခွင်အခြေအနေ(လုပ်ခွင်လုံခြုံစိတ်ချရမှု) | လုပ်ငန်းခွင်အခြေအနေနှင့်လုပ်ခွင်လုံခြုံစိတ်ချရမှု | ဆောက်လုပ်ရေးလုပ်ငန်းခွင် | Once /month | SPC |
| မတော်တဆထိခိုက်မှု | မတော်တဆထိခိုက်ရမှု | ဆောက်လုပ်ရေးလုပ်ငန်းခွင် | As occasion arises | Tenants |

ထို အပြင်အထက်ဖေါ်ပြပါပတ်ဝန်းကျင်ထိခိုက်မှုများနည်းနိုင်သမျှနည်းစေရန်ထိန်းသိမ်းမှုများနှင့်လုပ်ဆောင်မှုများကိုစောင့်ကြည့်ရန်အဖွဲ့ဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ စောင့်ကြည့်လေ့လာသည့်အစီအစဉ်များကိုလုပ်ဆောင်နိုင်ရန်အတွက်လည်းဖွဲ့စည်းသတ်မှတ်ထားပါသည်။

အချိန်အခါအားလျော်စွာနှင့်အရေးပေါ်အစီရင်ခံစာများပေးပို့နိုင်ရန်လည်းသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အထောက်အကူပြုအဖွဲ့များသို့ညွှန်ကြားထားချက်များယခုအစီရင်ခံစာတွင်ပါရှိပါသည်။
အသံ၊ရေ၊စွန့်ပစ်အရည်စသည်တို့ကိုမည်သည့်အချက်များ၊မည်သို့တိုင်းတာရမည်စသည်တို့ကိုလည်းအောက်ပါအတိုင်းဖော်ပြထားပါသည်။

အသံ

| စဉ် | ညစ်ညမ်းသည့်နေရာ | အကြောင်းရင်း | ထိခိုက်မှု | ပါရာမီတာ | အညွှန်း | နည်းစနစ် | လူ | ကာလ |
|---|---|---|---|---|---|---|---|---|
| ၁ | စီမံကိန်းအနီးဝန်းကျင် | ယာဉ်သွားလာမှု | အသံ | Sound Level | | Sound Level Meter | တာဝန်ရှိသူ | နေ့စဉ် |

ရေနှင့်ရေဆိုး

| စဉ် | ညစ်ညမ်းသည့်နေရာ | အကြောင်းရင်း | ထိခိုက်မှု | ပါရာမီတာ | အညွှန်း | နည်းစနစ် | လူ | ကာလ |
|---|---|---|---|---|---|---|---|---|
| ၁ | အနီးပတ်ဝန်းကျင် | ရေဆိုးထွက်ရှိနေရာများ | စွန့်ပစ်ရေဆိုး | Flow rate | BOD, COD | Lab Analysis | တာဝန်ရှိသူ | နေ့စဉ်၊ အပတ်စဉ်၊ လစဉ် |

လေ

| စဉ် | ညစ်ညမ်းသည့်နေရာ | အကြောင်းရင်း | ထိခိုက်မှု | ပါရာမီတာ | အညွှန်း | နည်းစနစ် | လူ | ကာလ |
|---|---|---|---|---|---|---|---|---|
| ၁ | စက်ရုံအတွင်းနှင့်အနီးတဝိုက် | Emission, Exhaust(Machines ,Vehicle,etc.) | လေ | Exhaust Air (Temp/Pressure) | (Temp;humidity $PM_{10}$,NO,$SO_2$,CO) Ordor level | Lab Analysis | တာဝန်ရှိသူ | နေ့စဉ်၊ အပတ်စဉ်၊ လစဉ် |

အစိုင်အခဲအမှိုက်

| စဉ် | ညစ်ညမ်းသည့်နေရာ | အကြောင်းရင်း | ထိခိုက်မှု | ပါရာမီတာ | အညွှန်း | နည်းစနစ် | လူ | ကာလ |
|---|---|---|---|---|---|---|---|---|
| ၁ | အနီးပတ်ဝန်းကျင် | သစ်ရွက်များ | အစိုင်အခဲအမှိုက် | ထုထည်/အလေးချိန် | ထုထည် | Visual, Weight Measurement | တာဝန်ရှိသူ | နေ့စဉ်၊ အပတ်စဉ်၊ လစဉ် |

အချက်အလက်များကိုနေရာအလိုက်အချိန်အလိုက်ကောက်ယူရမည်ဖြစ်ပြီး၊ကောက်ယူသူသည်ဆောက်လုပ်မှုမစတင်မီဆောက်လုပ်ဆဲနှင့်ပုံမှန်စက်လည်ပတ်မှုကာလတို့အတွက်အစဉ်လိုက်ကောက်ယူရမည်။

(မှတ်ချက်)၊

၊စီမံကိန်းဒေသသို့ကွင်းဆင်းတိုင်းတာစစ်ဆေးရာတွင်ယခုစမံကိန်းသည်ဆောက်လုပ်ရေးလုပ်ငန်းများစတင်နေပြီဖြစ်ပါသည်။(တည်ဆောက်ရေးလုပ်ငန်းကိုနေ့အချိန်သာလုပ်ကိုင်ပြီးညပိုင်းလုပ်ကိုင်မှုမရှိပါ။)

Table 9 စီမံကိန်းမစတင်မီအဆင့်၊လုပ်ငန်းဆောင်ရွက်သည့်အဆင့်နှင့်လုပ်ငန်းပြီးစီးသည့်အဆင့်အသီးသီးတွင်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်အချိန်ကာလများကိုပြသည့်အချိန်ဇယား။

| စဉ် | | စီမံကိန်းကာလ(၁၂နှစ်) | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | စီမံကိန်းမစတင်မီ | | | | | | | | | | | | |
| ၁ | လုပ်သားများကြိုတင်ငှားရမ်းပြင်ဆင်ခြင်း | | | | | | | | | | | | |
| ၂ | စက်ယန္တရားများပြင်ဆင်ခြင်း | | | | | | | | | | | | |
| ၃ | ကျွမ်းကျင်ပညာရှင်များဖိတ်ခေါ်ခြင်း | | | | | | | | | | | | |
| ၄ | လမ်းများဖေါက်လုပ်ခြင်း | | | | | | | | | | | | |
| ၅ | ယာယီအဆောက်အဦးများတည်ဆောက်ခြင်း | | | | | | | | | | | | |
| | လုပ်ငန်းဆောင်ရက်သည့်အဆင့် | | | | | | | | | | | | |
| ၆ | တောများရှင်းလင်းခြင်း | | | | | | | | | | | | |
| ၇ | အပေါ်ယံမြေသားရှင်းလင်း၍စုပုံခြင်း | | | | | | | | | | | | |
| ၈ | စမ်းသပ်ရှာဖွေခြင်းနှင့်ဓါတ်သတ္တုဖြစ်ထွန်းသည့်တည်နေရာအားအတည်ပြုခြင်း | | | | | | | | | | | | |
| ၉ | စီမံကိန်းဧရိယာအတွင်းလုပ်ငန်းဧရိယာသတ်မှတ်ခြင်း | | | | | | | | | | | | |
| ၁၀ | စွန့်ပစ်မြေစာများစုပုံရန်နေရာသတ်မှတ်ခြင်း | | | | | | | | | | | | |
| ၁၁ | ဟင်းလင်းဖွင့်တူးဖော်ခြင်း | | | | | | | | | | | | |
| | လုပ်ငန်းပြီးစီးသည့်အဆင့် | | | | | | | | | | | | |
| ၁၂ | တူးဖော်ရရှိသည့်သတ္တုရိုင်းများအားရွေးထုတ်ခြင်း | | | | | | | | | | | | |
| ၁၃ | စက်ရုံ၏စုပုံကွင်းတွင်စုပုံခြင်း၊တန်ချိန်ပမာဏအားသတ်မှတ်ခြင်း | | | | | | | | | | | | |
| ၁၄ | ကျောက်ဆည်ဘိလပ်မြေစက်ရုံတည်နေရာသို့သယ်ပို့ခြင်း | | | | | | | | | | | | |
| | မိုင်းပိတ်သိမ်းခြင်း | | | | | | | | | | | | |
| ၁၅ | စက်ပစ္စည်းရှင်းလင်းဖယ်ရှားခြင်း | | | | | | | | | | | | |
| ၁၆ | မိုင်းပိတ်သိမ်းခြင်းအဆင့်များဆက်လက်လုပ်ကိုင်ခြင်း | | | | | | | | | | | | |
| ၁၇ | စောင့်ကြပ်ကြည့်ရှုခြင်း | | | | | | | | | | | | |

မိုင်းပိတ်သိမ်းမည့်အစီအစဉ်အကျဉ်းချုပ်၊

Operation Stage Closure Plan လုပ်ကိုင်ဆဲလုပ်ကွက်အနေအထားအတွက်မိုင်းပိတ်သိမ်းမှုအစီအစဉ်၊ သတ္တုတွင်းပိတ်သိမ်းရေးအစီအစဉ်အတွက်အောက်ပါအချက်များပါဝင်ဆောင်ရွက်ထားပါသည်။

(က)ရည်ရွယ်ချက်
(ခ)ယေဘူယျနည်းလမ်း
(ဂ)ပြန်လည်ကုစားရေးမဟာဗျူဟာ
(ဃ)လက်ရှိအခြေအနေ
(င)ပြန်လည်ပြုပြင်/ထူထောင်ရေးနည်းလမ်းများ
(ဃ)အနာဂတ်ကာလမြေအသုံးချမှု
(င)ပိတ်သိမ်းခြင်းနှင့်ပြန်လည်ပြုပြင်/ထူထောင်ရေးအချိန်ဇယား
(စ)ကြားဖြတ်အစီအစဉ်နှင့်ခန့်မှန်းကုန်ကျစရိတ်



CamScanner

သတ္တုတူးဖော်ခြင်းပိတ်သိမ်းမည့်အစီအစဉ်အကျဉ်းချုပ်၊

စက်ပစ္စည်းများဖယ်ရှားမည့်အစီအစဉ်၊

သတ္တုတူးဖော်ခြင်းလုပ်ငန်းများစတင်ရပ်ဆိုင်းသည့်အချိန်မှစ၍အသုံးပြုသည့်ယာဉ်များနှင့်စက်ပစ္စည်းများကိုဆေးကြောခြင်း၊သန့်စဉ်ခြင်း၊ဖြုတ်သိမ်းခြင်းများကိုလုပ်ဆောင်မည်ဖြစ်ပါသည်။ယခုစီမံကိန်းတွင်အသုံးပြုသောစက်ယန္တရားများသည်ရွှေ့ပြောင်းရန်လွယ်ကူသောကြောင့်မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများဖြစ်သည့်မြေညှိခြင်း၊မြေဖို့ခြင်းများအတွက်အသုံးပြုနိုင်သဖြင့်မလိုအပ်တော့သည့်အချိန်မှသာအဆိုပါဧရိယာမှရွှေ့ပြောင်းနင်ပါသည်။

ကန်များမြေပြန်ဖို့မည့်အစီအစဉ်၊

စီမံကိန်းပြီးဆုံးသည့်အခါလိုအပ်သည့်မြေဖို့ခြင်းများကိုစီမံကိန်းကာလတွင်အသုံးပြုသည့်စက်ယန္တရားများကိုအသုံးပြုလျက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

သစ်ပင်ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်၊

စီမံကိန်းလုပ်ဆောင်ပြီးလွှဲပြောင်းပေးမည့်မြေအသုံးချမှုအစီအစဉ်အတိုင်းသစ်ပင်များကိုစိုက်ပျိုးသွားမည်ဖြစ်ပါသည်။

သုံးစွဲမည့်ရံပုံငွေ၊

မိုင်းပိတ်သိမ်းခြင်းအတွက်သီးခြားရံပုံငွေထားရှိအသုံးပြုသွားမည်ဖြစ်ပါသည်။အမှတ်(၁)သတ္တုတွင်းဦးစီးဌာန၏သတ်မှတ်ချက်များအတိုင်းရံပုံငွေပမာဏကိုပြည့်မီစွာသုံးစွဲသွားမည်ဖြစ်ပါသည်။

မိုင်းပိတ်သိမ်းလုပ်ငန်းစဉ်အလိုက်ရန်ပုံငွေလျာထားချက်။

| စဉ် | အကြောင်းအရာ | နှစ်စဉ်ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁ | စက်ပစ္စည်းနှင့်ယန္တရားများသိမ်းဆည်းရွှေ့ပြောင်းခြင်း၊ | ၁,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၂ | မြေစာပုံများကိုချိုင့်များအတွင်းပြန်လည်ဖို့ပေးခြင်း၊ | ၅,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၃ | အတားအဆီးများနံရံများကိုရှင်းလင်းပေးခြင်း | ၁,၅၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၄ | တူးဖော်ပြီးကျင်းဟောင်းများပြန်လည်မြေဖို့ခြင်း(သို့မဟုတ်) အခြားနည်းလမ်းဖြင့်အသုံးပြုနိုင်ရန်လုပ်ဆောင်ပေးခြင်း(ရေကန်၊ငါးမွေးကန်၊အမှိုက်စွန့်ပစ်ကန်စသည်ဖြင့်--) | ၁,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၅ | စီမံကိန်းဧရိယာနှင့်အနီးတဝိုက်ရှိ ရေနမူနာများတိုင်းတာခြင်း( ချောင်းများ၊ရေတွင်းရေကန်များ၊ရေထွက်ပေါက်များစသည်ဖြင့်--) | ၅,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၆ | မြေဆီလွှာညစ်ညမ်းမှုတိုင်းတာခြင်း၊ | ၅,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၇ | သစ်ပင်များ၊မြက်ခင်းများစိုက်ပျိုးခြင်း၊ | ၅,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| | စုစုပေါင်း | ၂၃,၀၀၀,၀၀၀ | |

တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်း၊

မိုင်းပိတ်သိမ်းမည့်အချိန်၏တစ်နှစ်အလိုတွင်ဝန်ကြီးဌာန၊ဒေသအာဏာပိုင်အဖွဲ့၊အရပ်ဘက်အဖွဲ့အစည်းများပါဝင်သောအဖွဲ့ကိုဖွဲ့စည်းတာဝန်ယူလုပ်ဆောင်စေမည်ဖြစ်ပါသည်။ ကတိကဝတ်ကိုလည်းအခန်း၂တွင်ဖော်ပြထားပါသည်။

အဖွဲ့အစည်းဖွဲ့စည်းမှု၊တာဝန်ယူအကောင်အထည်ဖော်မှု၊

| အဖွဲ့အစည်း | တာဝန်ယူမှု | အကောင်အထည်ဖော်မှု | မှတ်ချက် |
|---|---|---|---|
| Stakeholders* | မိုင်းပိတ်သိမ်းသည့်အခါအဆိုပါနေရာကိုမည်သို့ဖြစ်ပေါ်စေလိုသည်ကိုဆုံးဖြတ်ပေးရန်(ဥပမာ။ အပန်းဖြေပန်းခြံ၊ မြို့ပြလူနေအဆောက်အဦတည်ဆောက်ရန်စသည်ဖြင့်. . ) | လုပ်ငန်းစဉ်များအကောင်အထည်ဖော်နိုင်စေရန်တွေ့ဆုံစည်းဝေးမှတ်တမ်းပြုရန်။ | သင့်တော်သည့်အဖအစည်းများဖြင့်ဖွဲ့စည်းနိုင်သည်။ |
| Regulators** | အထက်ဖေါ်ပြပါရည်ရွယ်ချကနှင့်ကိုက်ညီမည့်စံချိန်စံညွှန်းများထုတ်ပြန် ပေးရန်။ | | ဒေသနှင့်ပြည်ထောင်စုအဆင့်။ |
| Developer/Operator | ကျောက်မျက်တူးဖေါ်စဉ်ကာလအထက်ပါရည်ရယ်ချက်များအတွက်အနှောင့်အယှက်မဖြစ်စေဘဲ၊ကူညီဖေါ်ဆောင်သည့်နည်းလမ်းများအတိုင်းလုပ်ဆောင်သွားရန်နှင့်ရံပုံငွေထည့်ဝင်သွားရန်။ | | လုပ်ကွက်အတွက်လုပ်ကိုင်ခွင့်ပြုထားသူ |

သတ္တုတူးဖော်ခြင်းပိတ်သိမ်းရန်အစီအစဉ်ကိုအောက်ပါအတိုင်းဖော်ပြထားပါသည်။
Operation Stage Closure Plan  လုပ်ကိုင်ဆဲလုပ်ကွက်အနေအထားအတွက်သတ္တုတူးဖော်ခြင်းပိတ်သိမ်းမှုအစီအစဉ်။

Figure 1. The mine closure process




<u>လုပ်ငန်းဆောင်ရွက်ရာတွင်အသုံးပြုမည့်ရံပုံငွေလျာထားချက်၊</u>
နှစ်စဉ်အမြတ်ငွေ၏၂%ကိုအသုံးပြုရံပုံငွေအဖြစ်လျာထားရှိပါသည်။အခြားသောပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများအတွက်လည်းရံပုံငွေများထားရှိပါသည်။သတ်မှတ်ထားသည့်ရံပုံငွေဖြင့်လုံလောက်မှုမရှိပါကနီးစပ်ရာဒါရိုက်တာအဖွဲ့အစည်းအဝေးတွင်တင်ပြပြီးဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။

အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကိုလည်းလုပ်ဆောင်ခဲ့ပြီးတောင်းဆိုမှုများကိုလည်းစီမံကိန်းဖေါ်ဆောင်သူမှဖြည့်ဆည်းလုပ်ဆောင်ပေးပြီးဖြစ်ပါသည်။ဆက်လက်လုပ်ဆောင်မည့်အစီအစဉ်ကိုလည်းအောက်ပါအတိုင်းဖေါ်ပြအပ်ပါသည်။ဒေသဆိုင်ရာလူမှုရေးနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက်ပါဝင်ဆောင်ရွက်ထားမှုများကိုလည်းလုပ်ဆောင်ထားပါသည်။

အများပြည်သူနှင့်တွေ့ဆုံခြင်း။

| စဉ် | ကာလ/နေ့စွဲ | တွေ့ဆုံဆွေးနွေးမည့်အစီအစဉ် | နေရာ/အခန်းအနား |
|---|---|---|---|
| ၁ | သိနိုက်မှုဆန်းစစ်သည့်ကာလ | သက်ဆိုင်ရာအာဏာပိုင်ဖြစ်နယ်ခရိုင်အဆင့်များနှင့်မျက်နှာချင်းဆိုင်တွေ့ဆုံခြင်း၊ စီမံကိန်းအနီးသက်ဆိုင်သူများအားလုံး | စီမံကိန်းရုံး ကျေးရွာဘုန်းတော်ကြီးကျောင်း၊ |
| ၂ | စီမံကိန်းအကောင်အထည်ဖော်ကာလ | အလွှာပေါင်းစုံနှင့်စီမံကိန်းနှင့်ပတ်သက်သူများအားလုံး | စီမံကိန်းအကျိုးသက်ရောက်သည့်ဒေသများ* |
| ၃ | ပိတ်သိမ်းသည့်ကာလ | သက်ဆိုင်သူများအားလုံး၏အကြံပြုချက်များရနိုင်ရန်တွေ့ဆုံမှု | စီမံကိန်းအကျိုးသက်ရောက်သည့်ဒေသများ* |

- **အစီရင်ခံစာ၏နိဂုံးချုပ်နှင့်အကြံပြုချက်များ။**

မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်MEHLသည်မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်၊အင်ယားကျေးရွာအုပ်စုတွင်ရှိမြေဧရိယာ(၃၄. ၁၂)ဧကကျယ်ဝန်းသောမြေပေါ်တွင်သံကြွယ်ဘောက်ဆိုဒ်ထုတ်လုပ်ခြင်းစီမံကိန်းကိုသတ္တုတွင်းလုပ်ငန်းနည်းဥပဒေအသစ်အရအလတ်စားထုတ်လုပ်ခွင့်ပြုမိန့်တောင်းခံပြီး၊နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာပတ်ဝန်းကျင်ထိမ်းသိမ်းရေးဥပဒေ၊နည်းဥပဒေ၊သတ္တုတွင်းဥပဒေများနှင့်အခြားသောဆက်စပ်သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတို့ နှင့်အညီအကောင်အထည်ဖေါ်ဆောင်ရွက်သွားရာတွင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ အပေါ်ထိခိုက်နိုင်မှုများအားမဖြစ်ပေါ်စေရန်စီမံကိန်းဖေါ်ဆောင်သူမှစီမံထားရှိမှုများဖြစ်သော၍အစီရင်ခံစာကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) ကိုရေးသားဖေါ်ပြအပ်ပါသည်။

ယခုအဆိုပြုတင်ပြလာသည့်စီမံကိန်းသည်တိုးတက်လာသောနိုင်ငံတော်၏စက်မှုကဏ္ဍအတွက်လိုအပ်သည့်စက်မှုကုန်ကြမ်းများကိုထုတ်လုပ်ပေးနိုင်မှုသာစဉ်ဆက်မပြတ်တိုးတက်မှုများကိုဖြစ်စေမည့်အပြင်စီမံကိန်းကိုစနစ်တကျအကောင်အထည်ဖေါ်ထုတ်ခြင်းဖြစ်သောကြောင့်မူလရှိသည့်သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိသည့်အပြင်ကောင်းကျိုးများပိုမိုပေးနိုင်သည့်စီမံကိန်းဖြစ်သည်ကိုတွေ့ရှိရပါသည်။
စီမံကိန်းကြောင့်အောက်ပါအကျိုးကျေးဇူးများကိုရရှိမည်ဖြစ်ပါသည်။

- နိုင်ငံတော်၏သတ္တုတွင်းဦးစီးဌာနနှင့်အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်းဖြစ်သောကြောင့် PPP (Public-Private-Partnership) အမျိုးအစားလုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။
- နိုင်ငံတော်အတွက်လိုအပ်သည့်စက်မှုကုန်ကြမ်းများကိုထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။
- စီမံကိန်းများတည်ဆောက်လည်ပတ်မှုအတွက်လိုအပ်သည့်ဆက်သွယ်ရေးလမ်းကြောင်းကိုလက်ရှိအသုံးပြုနေသည့်လမ်းကိုပိုမိုကောင်းမွန်အောင်အဆင့်မြှင့်ပြုပြင်သည့်အတွက်မူလလူသွားလမ်းမှမော်တော်ယာဉ်များကောင်းမွန်စွာသွားလာနိုင်မည်ဖြစ်သောကြောင့်ဒေသအတွက်လမ်းပမ်းဆက်သွယ်မှုကဏ္ဍပိုမိုကောင်းမွန်စေလာမည်ဖြစ်ပါသည်။
- ဒေသခံများသာမကဘဲအဆိုပါလမ်းသစ်အသုံးပြုသူများအားလုံးအတွက်အလုပ်အကိုင်နှင့်စီးပွါးရေးများတိုးတက်ဖြစ်ပေါ်လာစေမည်ဖြစ်ပါသည်။
- ဒေသထွက်ကုန်များအချိန်တိုအတွင်းသယ်/ပို့ ပေးနိုင်မည်ဖြစ်သည်။
- နိုင်ငံတော်အတွက်အခွန်ဝင်ငွေတိုးပွါးလာစေမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ယခုစီမံကိန်းသည်ဆင်းရဲမှုလျော့ချပေးနိုင်ခြင်း၊နိုင်ငံဝင်ငွေတိုးတက်စေနိုင်ခြင်း၊အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အထောက်အကူပြုခြင်း၊ဒေသဖွံ့ဖြိုးလာရေးတို့အပြင်တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေအလုပ်အကိုင်များပွင့်လင်းဖြစ်ပေါ်လာစေခြင်းတို့ဖြစ်ပေါ်စေနိုင်ပါသည်။ယခုစီမံကိန်းဖော်ဆောင်မှုကြောင့်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးတို့အပေါ်ထိခိုက်နိုင်မှုထက်ကောင်းကျိုးပိုမိုပေးမည့်စီမံကိန်းတစ်ခုဖြစ်ကြောင်းတင်ပြအပ်ပါသည်။

## ၂. နိဒါန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်ခေတ်မီဖွံ့ဖြိုးတိုးတက်သောစက်မှုနိုင်ငံဖြစ်လာနိုင်ရန်၊ တိုင်းရင်းသားပြည်သူလူထုများ၊ စီးပွါးရေးနှင့်လူမှုရေးမြင့်မားလာစေရန်အတွက်ထုတ်လုပ်မှုလုပ်ငန်းများ၊အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများနှင့်အကြီးစားစက်မှုလုပ်ငန်းများကိုထူထောင်ရမည်ဖြစ်သည်။ ထိုသို့ထူထောင်ရာတွင်နိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲရေရှည်တည်တံ့ရေး၊ ပြည်သူလူထုအတွက်ကျန်းမာပျော်ရွှင်စေနိုင်သောတောတောင်သဘာဝ၊ ရေနှင့်လေအရင်းအမြစ်များ၊ စိမ်းလန်းစိုပြေရေးတို့ကိုအလေးထားရန်လည်းလိုအပ်လျက်ရှိပါသည်။

အဆိုပါစီမံကိန်းများကိုအကောင်အထည်ဖေါ်ရာတွင်သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေဘဲနည်းစံနစ်တကျစီမံခန့်ခွဲစေပြီးမြို့ရွာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်အတွက်၄င်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင်ရွက်ရန်လိုပါသဖြင့်ရန်ကုန်မြို့ မကောင်းကျော်စေကုမ္ပဏီများအုပ်စု၏ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီမှဦးဆောင်ပြီး Initial Environmental Examination ကနဦးသဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများဆန်းစစ်ချက်နှင့်အတူတကွပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်Environmental Management Plan အပါအဝင်လိုအပ်သည့်လေ့လာဆန်းစစ်သည့်လုပ်ငန်းများကိုလုပ်ဆောင်ခဲ့ပြီးယခုအစီရင်ခံစာဖြင့်တင်ပြအပ်ပါသည်။

### 2.1 စီမံကိန်းနောက်ခံအကြောင်းအရာနှင့်ရာဇဝင်အတိုချုပ်၊ယခင်ဆောင်ရွက်ခဲ့ဖူးသောနည်းပညာ၊စီးပွါးရေး၊ ပတ်ဝန်းကျင်၊လူမှုဆိုင်ရာလေ့လာမှုများမှအဓိကတွေ့ရှိချက်များ။

**စီမံကိန်းနောက်ခံအကြောင်းအရာနှင့်ရာဇဝင်အတိုချုပ်။**

ဤစီမံကိန်းသည် မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတကMEHLကမန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့ နယ်၊အင်ယားကျေးရွာအုပ်စုတွင်ရှိမြေဧရိယာ(၃၄. ၁၂)ဧကကျယ်ဝန်းသောမြေပေါ်တွင်သံကြွယ်ဘောက်ဆိုဒ်ထုတ်လုပ်ခြင်းစီမံကိန်းကိုသတ္တုတွင်းလုပ်ငန်းနည်းဥပဒေအသစ်အရအလတ်စားထုတ်လုပ်ခွင့်ပြုမိန့်တောင်းခံပြီး၊နိုင်ငံသား များရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာပတ်ဝန်းကျင်ထိမ်းသိမ်းရေးဥပဒေ၊နည်းဥပဒေ၊သတ္တုတွင်းဥပဒေများနှင့်အခြားသော ဆက်စပ်သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတို့နှင့်အညီမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာပတ်ဝန်းကျင်ထိမ်းသိမ်းရေးဥပဒေ၊ နည်းဥပဒေတို့နှင့်အညီအကောင်အထည်ဖေါ်ဆောင်ရွက်သွားမည့်စီမံကိန်းဖြစ်ပါသည်။

မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်MEHLသည်ယခင်သတ္တုတွင်းဝန်ကြီးဌာန(ယခုသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)နှင့်ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် သံကြွယ်(ဘောက်ဆိုက်)သတ္တုအ သေးစားထုတ်လုပ်မှုလုပ်ငန်းကိုလုပ်ကိုင်ခဲ့ပြီးခွင့်ပြုမိန့်နှင့်သက်တမ်းတိုးစနစ်ဖြင့်အကောင်အထည်ဖေါ်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲသွားသောနည်းဥပဒေအရယခုလုပ်ကွက်အတွက်လုပ်ကိုင်ခွင့်ကို ဌာနမှသက်တမ်းတိုးဆက်လက်လုပ်ဆောင်နင်ရန်လျှောက်ထားခြင်းဖြစ်ပါသည်။



CS CamScanner

MYANMA ECONOMIC HOLDINGS PUBLIC COMPANY LIMITED
မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

Tel 397471, 397472, 397187
Fax 95-01-397454

No. 189 / 191, Mahabandoola Road
Botataung P.O. 11161
Yangon
Republic of the Union of Myanmar

ယခင်ဆောင်ရက်ခဲ့ဘူးသောနည်းပညာ၊စီးပွါးရေး၊ပတ်ဝန်းကျင်၊လူမှုဆိုင်ရာလေ့လာမှုများမှအဓိကတွေ့ရှိချက်များ။
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းနှင့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပြည့်စုံစွာထုတ်ပြန်နိုင်ခဲ့သည့်၂၀၁၅ခုနှစ်ဒီဇင်ဘာလ ၂၉ရက်နေ့မတိုင်မီကပင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလူမှုစီးပွါးရေးဆိုင်ရာများကိုလုပ်ဆောင်ခဲ့သော်လည်းယခုအခါ၂၀၁၈ခုနှစ်ဇူလိုင်လတွင်ပြီးစီးသည့်သတ္တုလုပ်ငန်းပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလမ်းညွှန်ချက်များကိုလိုက်နာ၍ပြန်လည်ရေးဆွဲတင်ပြလျက်ရှိပါသည်။
ယခင်ဆောင်ရွက်ခဲ့ဖူးသည့်လုပ်ငန်းများအရနည်းပညာကွာခြားမှုမရှိသော်လည်းစီးပွါးရေး၊ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလေ့လာမှုများသည်ပိုမိုကောင်းမွန်လာပါသည်။စက်ကိရိယာများအသုံးပြုမှု၊ဒေသခံများ၏စမ်ကိန်းအပေါ် နားလည်မှုနှင့်ပါဝင်လာမှုများသည်ပိုမိုတိုးတက်ကောင်းမွန်လာပါသည်။လုပ်ငန်းရှင်နှင့်စီမံကိန်းဖော်ဆောင်သူတို့မှလည်းစနစ်တကျလုပ်ကိုင်လာမှုကြောင့်ထိခိုက်မှုများလျော့ကျလာစေပါသည်။ တာဝန်ယူမှုရှိသည့်စီးပွါးရေးလုပ်ငန်းများကြောင့်ပတ်ဝန်းကျင်ထိန်းသိမ်းမှုအစီအစဉ်၊စောင့်ကြည့်မှုနှင့်ရံပုံငွေထားရှိမှုတို့သည်အလွန်ပင်ကောင်းမွန်သောနည်းစနစ်ဖြစ်ပြီးလုပ်ငန်းရှင်များကအတိအကျလိုက်နာရန်ကတိကဝတ်ပြုကြသည်ကိုတွေ့ရှိရပါသည်။




| Point | GIS |
|---|---|
| 1 | 21°,59' 35.86"N and 96°, 31' 49.93'E |
| 2 | 21°,59' 25.25"N and 96°, 31' 40.81'E |
| 3 | 21°,59' 36.69"N and 96°, 31' 39.36'E |
| 4 | 21°,59' 45.66"N and 96°, 31' 50.20'E |
| 5 | 21°,59' 43.50"N and 96°, 31' 57.52'E |



CamScanner

2.2 စီမံကိန်းဆောင်ရွက်သူနှင့် အကြံပေးအဖွဲ့ကိုအကြောင်းရှင်းလင်းတင်ပြခြင်း၊

Table 8. စီမံကိန်းပိုင်ရှင်၊စီမံကိန်းဆောင်ရွက်သူနှင့် IEE အကြံပေး(တတိယအဖွဲ့အစည်း)တို့အကြောင်း ။

Table 8. စီမံကိန်းပိုင်ရှင်နှင့် စီမံကိန်းဖေါ်ဆောင်သူနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအပေါ်တာဝန်ယူသည့် တတိယအဖွဲ့အစည်း။

| အကြောင်းအရာ။ | အဖွဲ့အစည်း။ |
|---|---|
| စီမံကိန်းပိုင်ရှင်နှင့် စီမံကန်းဖေါ်ဆောင်သူ | မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်MEHL အမှတ၁၈၉/၁၉၁ မဟာဗန္ဓုလလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ၁၁၁၆၁ ဖုံး။ 01-397471, 397472 Fax; 01-397454 Email; sci.kyaukse@gmail.com |
| တာဝန်ခံအဖွဲ့အစည်းနှင့် စီမံကိန်းဖော်ဆောင်သူ | မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတကMEHL အမှတ၁၈၉/၁၉၁ မဟာဗန္ဓုလလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ၁၁၁၆၁ ဖုံး။ 01-397471, 397472 Fax; 01-397454 Email; sci.kyaukse@gmail.com |
| ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအပေါ်တာဝန်ယူသည့်တတိယအဖွဲ့အစည်း။ | ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်၊ အမှတ်(၃၁)ပင်လုံရိပ်မွန်၊သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း။ ၀၉-၂၅၀၀၇၃၃၁၂ ၊ ၀၉၅၁၈၃၅၁၇ |

စီမံကိန်းအဆိုပြုသူ၏အမည်။ ။ ဦးလှစိန်

တာဝန်များ။ ။ဌာနမှူး (ထုတ်လုပ်မှု)

ဆက်သွယ်ရမည့်လိပ်စာနှင့်ဖုန်းနံပါတ်။ ။ အမှတ၁၈၉/၁၉၁ မဟာဗန္ဓုလလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ၁၁၁၆၁ ဖုံး။ 01-397471, 397472 Fax; 01-397454 Email; sci.kyaukse@gmail.com

လုပ်ကွက်အတွင်းအမှန်တကယ်ဆောင်ရွက်မည့်လုပ်ကွက်တာဝန်ခံ၏အမည်နှင့်ဖုန်းနံပါတ်။ ။ဦးကျော်မြင့်သိန်း (ဖုန်းနံပါတ်-၀၉၄၀၁၄၀၅၅၄၆)

စီမံကိန်းအဆိုပြုသူ၏အကြောင်းအရာဖေါ်ပြချက်များ။

ယခုစီမံကိန်းကို မြန်မာနိုင်ငံသားအများပိုင်ကုမ္ပဏီတစခုဖြစ်သော မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတကကသက်ဆိုင်ရာအဖွဲ့ အစည်းများ၊ဌာနဆိုင်ရာများ၏သဘောတူညီမှုများကိုရယူပြီးလုပ်ဆောင်လျက်ရှိပါသည်။

မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သညမြန်မာနိုင်ငံသားအများပိုင်ကုမ္ပဏီဖြစ်ပါသည်။ ဦးခင်မောင်သန်းကမန်းနေးဂျင်းဒါရိုက်တာအဖြစ်ဆောင်ရွက်ပြီးဒါရိုက်တာအဖွဲ့ဝင်ဆယဦးပါရှိပါသည်။ကုမ္ပဏီ မှတ်ပုံတင်နှင့်ဆက်စပ်မှတ်တမ်း များကိုအောက်ပါအတိုင်းပူးတွဲတင်ပြထားပါသည်။

၁. စီမံကိန်းဖေါ်ဆောင်သူ **Company Registration, Form VI/XXVI ( BOD )**စာရင်း။
၂. စီမံကိန်းဖေါ်ဆောင်သူ၏ဝန်ခံကတိတင်ပြခြင်း။
၃. စီမံကိန်းမြေပုံနှင့် Location Layout Plan

အစီရင်ခံစာကိုရေးသားပြုစုသည့်ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်သည်မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်ပြီး၊၂၀၀၆ခုနှစ်မှစတင်တည်ထောင်လုပ်ကိုင်လျက်ရှိပါသည်။ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများကိုပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)မပေါ်ပေါက်မီကပင်ဆောင်ရွက်နေပြီး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှကြားကာလ



CamScanner

အကြံပေးဆိုင်ရာအထောက်အထားလက်မှတ်ရရှိရန်၂၀၁၆ခုနှစ်ဇွန်လ၃၀ရက်နေ့ကကိုယ်တိုင်နေပြည်တော်ရုံးတွင်လျှောက်ထားခဲ့ပြီး၊လိုအပ်သည့်အချက်အလက်များမည်သည့်နေ့တွင်နောက်ဆုံးထပ်မံပေးပို့ရန်မသိရှိရသည့်အတွက်ပထမအသုတအထောက်အထားလက်မှတ်ပေးအပ်ခြင်းတွင်ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်သည်လိုင်စင်ရရှိခဲ့ခြင်းမရှိပါ။
ယခုဖြည့်စွက်အစီရင်ခံစာတင်ပြသည့်အချန်တွင်ယာယီလိုင်စင်ရရှိပြီးဖြစ်ပါသည်။ယာယီလိုင်စင်အမှတ်(၀၀၀၃၈)ဖြစ်ပြီး၃၁၊၁၂၊၂၀၁၉နေ့ထိသက်တမ်းရှိပါသည်။

အစီရင်ခံစာကိုရေးသားပြုစုသည့်ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်မှကျွမ်းကျင်ပညာရှင်များ၏ကျွမ်းကျင်မှုနယ်ပယ်များနှင့်ဆောင်ရွက်သည့်အပိုင်းများအသေးစိပကိုအခန်း(၄)တွင်အသေးစိပ်တင်ပြထားပါသည်။

စီမံကိန်းမှထွက်ရှိသည့်စွန့်ပစ်ရေကိုစွန့်ပစ်မည့်အစီအစဉ်။

**စီမံကိန်းမှစွန့်ပစ်ရေမထွက်ပါ။**

စီမံကိန်းအနီးပတ်ဝန်းကျင်ပြမြေပုံ။






CamScanner

Table 9 စီမံကိန်းမစတင်မီအဆင့်၊လုပ်ငန်းဆောင်ရက်သည့်အဆင့်နှင့်လုပ်ငန်းပြီးစီးသည့်အဆင့်အသီးသီးတွင်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်အချိန်ကာလများကိုပြသည့်အချိန်ဇယား။

| စဉ် | စီမံကိန်းကာလ(၁၂နှစ်) | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | **စီမံကိန်းမစတင်မီ** | | | | | | | | | | | | |
| ၁ | လုပ်သားများကြိုတင်ငှားရမ်းပြင်ဆင်ခြင် | | | | | | | | | | | | |
| ၂ | စက်ယန္တယားများပြင်ဆင်ခြင်း | | | | | | | | | | | | |
| ၃ | ကျွမ်းကျင်ပညာရှင်များဖိတ်ခေါ်ခြင်း | | | | | | | | | | | | |
| ၄ | လမ်းများဖေါက်လုပ်ခြင်း | | | | | | | | | | | | |
| ၅ | ယာယီအဆောက်အဦးများတည်ဆောက်ခြင်း | | | | | | | | | | | | |
| | **လုပ်ငန်းဆောင်ရွက်သည့်အဆင့်** | | | | | | | | | | | | |
| ၆ | တောများရှင်းလင်းခြင်း | | | | | | | | | | | | |
| ၇ | အပေါ်ယံမြေသားရှင်းလင်း၍စုပုံခြင်း | | | | | | | | | | | | |
| ၈ | စမ်းသပ်ရှာဖွေခြင်းနှင့်ဓါတ်သတ္တုဖြစ်ထွန်းသည့်တည်နေရာအား အတည်ပြုခြင်း | | | | | | | | | | | | |
| ၉ | စီမံကိန်းဧရိယာအတွင်းလုပ်ငန်းဧရိယာသတ်မှတ်ခြင်း | | | | | | | | | | | | |
| ၁၀ | စွန့်ပစ်မြေစာများစုပုံရန်နေရာသတ်မှတ်ခြင်း | | | | | | | | | | | | |
| ၁၁ | ဟင်းလင်းဖွင့်တူးဖော်ခြင်း | | | | | | | | | | | | |
| | **လုပ်ငန်းပြီးစီးသည့်အဆင့်** | | | | | | | | | | | | |
| ၁၂ | တူးဖော်ရရှိသည့်သတ္တုရိုင်းများအားရွေးထုတ်ခြင်း | | | | | | | | | | | | |
| ၁၃ | စက်ရုံ၏စုပုံကွင်းတွင်စုပုံခြင်း၊တန်ချိန်ပမာဏအားသတ်မှတ်ခြင်း | | | | | | | | | | | | |
| ၁၄ | ကျောက်ဆည်ဘိလပ်မြေစက်ရုံတည်နေရာသို့သယ်ပို့ခြင်း | | | | | | | | | | | | |
| | **မိုင်းပိတ်သိမ်းခြင်း** | | | | | | | | | | | | |
| ၁၅ | စက်ပစ္စည်းရှင်းလင်းဖယ်ရှားခြင်း | | | | | | | | | | | | |
| ၁၆ | မိုင်းပိတ်သိမ်းခြင်းအဆင့်များဆက်လက်လုပ်ကိုင်ခြင်း | | | | | | | | | | | | |
| ၁၇ | စောင့်ကြပ်ကြည့်ရှုခြင်း | | | | | | | | | | | | |

မှတ်ချက်၊ ၊အထက်ပါဇယားအရဖော်ပြထားရှူများသည်စာတွေ့ဖြစ်ပြီး၊လက်တွေ့အကောင်အထည်ဖော်သည့် အခါတွင်အမှန်တကယ်သတ္တုတူးဖော်နိုင်သည့်ကာလမှာဖော်ပြထားသည်ထက်အောက်ပါအချက်များအပေါ်တွင်မူတည်၍ပိုမိုတိုတောင်းနိုင်ပါသည်၊

၁. လုပ်သားစုဆောင်းမှုအတွင်းလုပ်သားအင်အားမရရှိခြင်း၊
၂. စက်ယန္တယားများပြင်ဆင်ခြင်းနှင့်စီမံကိန်းဧသသို့ရောက်ရှိရန်နှောင့်နှေးမှုများရှိနိုင်ခြင်း၊
၃. ရာသီဥတုအပေါ်တွင်မူတည်၍(ဥပမာ၊မိုးများခြင်း)လမ်းဖေါက်ရန်၊စမ်းသပ်ရှာဖွေရန်၊တူးဖေါ်ရန်၊သယ်ထုတ်ရန်စသည်တို့အတွက်နှောင့်နှေးစေနိုင်ခြင်း၊

Myanma Economic Holdings Public Co.,Ltd

မြန်မာစီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊
သံကြွယ်(ဘောကဆိုက်)သတ္တုအလတ်စားထုတ်လုပ်ခြင်းစီမံကိန်း။

၁. စီမံကိန်းအမည်။
သံကြွယ်(ဘောက်ဆိုက်)သတ္တုအလတ်စားထုတ်လုပ်ခြင်းစီမံကိန်း။
MEHL's the Ferriguneous Bauxite (medium size) Production Project

၂. စီမံကိန်းပိုင်ရှင်၊ဖော်ဆောင်သူအမည်။
မြန်မာစီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

၃. စီမံကိန်းအတွက်ကနဦးပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်းအစီရင်ခံစာအပေါ်တာဝန်ခံသူ။
ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက။

၄. ဆက်သွယ်ရန်လိပ်စာ။ ။အမှတ်(၃၁)ပင်လုံရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုံး၀၁-၇၅၇၁၂၈၄

၅. အတည်ပြုသူ။ ။ဦးထွန်းနိုင်အောင်

၆. စိစစ်သူ။ ။ဒေါ်မြမြအေး

၇. စုစည်းတင်ပြသူ။ ။ဒေါ်မြင့်မြင့်သိန်း၊ဒေါ်နီနီအောင်၊ဦးကျော်ကျော်။

၈. အစီရင်ခံစာအတွက်ပါဝင်သူများ။ ။ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့။(ကဏ္ဍအလိုက်တာဝန်ယူဆောင်ရွက်သူအသေးစိပ်စာရင်းပူးတွဲတင်ပြထားပါသည်။)



CamScanner

အစီရင်ခံစာ၏မည်သည့်အပိုင်းတွင်မည်သည့်ကျွမ်းကျင်သူကတာဝန်ယူဆောင်ရွက်ထားရှိမှု။

| No | Name/Educational Background | Position | Responsible |
|---|---|---|---|
| 1 | **U Htun Naing Aung**<br>(B.E)(Mechanical) A.G.T.I (Mechanical Power) | **Chairman, Senior Consultant** | **All parts of assessment & reports** |
| 2 | **Daw Mya Mya Aye**<br>(B.A)(History) | **Consultant (Social Economic & Environmental)** | **Social Economic & Environment** |
| 3 | **U Mya Cho**<br>(B,Sc,)(Forestry) | **Consultant (Environmental & Forestry)** | **Environmental & Forestry** |
| 4 | **Daw Khin Sint Yi**<br>(M.Sc) (Bottany) | **Consultant (Flaura & Fauna)** | **Flaura & Fauna** |
| 5 | **Dr. Daw Phu Phu Sein**<br>(Phd) (Geology) | **Consultant (Geologist)** | **Geology, Mine & Environment** |
| 6 | **U Zin Maung Lwin**<br>BSc (Geology), Dip in Geotechnical Engineering | **Consultant (Geology)** | **Geotechnical Engineering** |
| 7 | **Daw Ni Ni Aung**<br>B.A (Geography) | **Consultant (Geography)** | **Geography** |
| 8 | **Daw Myint Myint Thein** | **Assistant to Consutant (Flauna & Fauna)** | **Environmental Data Collect & Monitoring** |
| 9 | **Mr. Salil Dutt**<br>MBA, M.Tech (Energy & Environmental Management)<br>B.Tech (Mechanical Engineering ) | **International Consultant** | **Energy & Environental Management** |
| 10 | **Dr. Khin Mar Mar**<br>M.B,M.S, MPH<br>USMLE (Step.2) | **Consultant (Health)** | **Public Health** |

ယခုတင်ပြသည့်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည်သက်ဆိုင်ရာပညာရှင်များနှင့်တတ်ကျွမ်းသူပုဂ္ဂိုလ်များတို့ မှမြန်မာနိုင်ငံတွင်လက်ရှိတည်ဆဲဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်ကြေငြာစာများကိုလိုက်နာ၍သေချာစွာကိုယ်တိုင်ကျိုးစားကွင်းဆင်းစစ်ဆေးကောက်ယူပြီးပြန်လည်တင်ပြခြင်းဖြစ်သောကြောင့်မှန်ကန်ပြီး၊တိကျခိုင်မာကြောင်းတင်ပြအပ်ပါသည်။



CS CamScanner

အောက်ပါကတိကဝတ်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေလုပ်ထုံးလုပ်နည်းအပိုဒ်(၃၅)အရလိုက်နာဆောင်ရွက်တင်ပြအပ်ပါသည်။

## 2.3 ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းသည်တိကျခိုင်မာကြောင်းနှင့်ပြည့်စုံကြောင်းဖေါ်ပြချက်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်နည်းဥပဒေ၅၄နှင့်လုပ်ထုံးလုပ်နည်းအပိုဒ်(၃၅)(၃၇)တို့အရကနဦးပတ်ဝန်းကျင်ဆန်းစစ်မှုအစီရင်ခံစာရေးဆွဲတင်ပြရန်လိုအပ်သည့်အတွက်ရန်ကုန်မြို့ မှကောင်းကျော်စေကုမ္ပဏီများအုပ်စု၏ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီမှဦးဆောင်ပြီးသက်ဆိုင်ရာ Stake holders များနှင့်အတူတကွကနဦးပတ်ဝန်းကျင်ဆန်းစစ် ခြင်းနှင့်ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့် ခွဲမှုအစီအစဉ်များကိုစိစစ်လုပ်ဆောင်ခဲ့ပြီးယခုအစီရင်ခံစာဖြင့်တင်ပြအပ်ပါသည်။

Kaung Kyaw Say Engineering Co.,Ltd officed in Yangon, leaded the accessment, together with stakeholders, has submitted this environmental management program due the necessary environmtntal law, para 54 of environmental regulation and environmental impact assessment procedure para(35),(37). This report is compiled with all environmental law, rules, regulation and national effulant guidelines.

ယခုတင်ပြသည့်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည်သက်ဆိုင်ရာပညာရှင်များနှင့်တတ်ကျွမ်းသူပုဂ္ဂိုလ်များတို့ မှသေချာစွာကိုယ်တိုင်တွင်းဆင်းစစ်ဆေးကောက်ယူပြီးပြန်လည်တင်ပြခြင်းဖြစ်သောကြောင့်တိကျခိုင်မာကြောင်းတင်ပြအပ်ပါသည်။

This Initial Environmental Examination and Environmental Management Plan report is submited after getting self assessment done by each consultants and experts in their related fields and accreditated.

U Hla Sein
Department Head, (Production)
**Signed for**
**Maj; Gen Khin Maung Than**
Managing Director
Myanma Economic Holdings Public Co., Ltd
No.189/191 Mahabandoola Road,
Botataung Township, Yangon Division
Region,

ဦးထွန်းနိုင်အောင်
ဥက္ကဋ္ဌ
ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်။
အမှတ်၃၁၊ပင်လုံရပ်ကွက်၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။



CamScanner

## 2.4 ဤလုပ်ထုံးလုပ်နည်းအပါအဝင်သက်ဆိုင်ရာဥပဒေများကိုတိကျစွာလိုက်နာ၍ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ထားကြောင်းဖော်ပြချက်။

ယခုအစီရင်ခံစာသည်သက်ဆိုင်ရာဥပဒေများကိုတိကျစွာလိုက်နာလျက်ကနဦးပတ်ဝန်းကျင်ဆန်းစစ်မှုနှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုဆောင်ရွက်ထားပါကြောင်းတင်ပြအပ်ပါသည်။

This report of Initial Environmental Examination with the environmental management program has carfully conducted and submitted by following the necessary law, rules and regulations.

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်နည်းဥပဒေ၅၄နှင့်လုပ်ထုံးလုပ်နည်းအပိုဒ်(၃၇)တို့အရပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲတင်ပြရန်လိုအပ်သည့်အတွက်ရန်ကုန်မြို့မှ ကောင်းကျော်စေကုမ္ပဏီများအုပ်စု၏ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီမှဦးဆောင်ပြီးသက်ဆိုင်ရာ Stake holders များနှင့်အတူတကွကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့်ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်လုပ်ငန်းများတို့စိစစ်လုပ်ဆောင်ခဲ့ပြီးယခုအစီရင်ခံစာကိုပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေတို့နှင့်လုပ်ထုံးလုပ်နည်းအပါအဝင်၊အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် များတိုတိကျစွာလိုက်နာ၍ဤပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာတို့ကိုရေးဆွဲတင်ပြထားပါကြောင်းတင်ပြအပ်ပါသည်။

Kaung Kyaw Say Engineering Co.,Ltd officed in Yangon, leaded the accessment, together with stakeholders, has submitted this initial environmental examination with environmental management program due the necessary environmtntal law, para 54 of environmental regulation and environmental impact assessment procedure para (37). This report is compiled with all environmental law, rules, regulation and national effulant guidelines.



ဦးထွန်းနိုင်အောင်
နိုင်ငံသားသက်မှတ်အမှတ် ၁၂/ဗဟန(နိုင်) ဝ၉၇၄၄၅
ဥက္ကဋ္ဌ
ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်၊
ဥက္ကဋ္ဌ၊
စွမ်းအင်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊
မြန်မာနိုင်ငံစက်မှုတုန်ထုတ်လုပ်သူများအသင်း၊(MIA-EEnG)
အတွင်းရေးမှူး၊
(CDM Cooperation Board-Myanmar)စွမ်းအင်ဝန်ကြီးဌာန၊
အတဲဖြတ်ဒိုင်
Board of Judges
ASEAN စွမ်းအင်ဆုရွေးချယ်ရေးအဖွဲ့၊ASEAN Center for Energy (ACE)



CamScanner

## 2.5 စီမံကိန်းဖော်ဆောင်သူသည်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါကတိကဝတ်၊ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကိုအပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းဖော်ပြချက်။

ယခုတင်ပြထားသည့်ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါကတိကဝတ်များနှင့်ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကိုစီမံကိန်းဖော်ဆောင်သူမှအပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေလုပ်ထုံးလုပ်နည်းအပိုဒ်(၇၆)အရပတ်ဝန်းကျင်ထိခိုက်မှုအစီအစဉ်ရေးဆွဲတင်ပြရန်လိုအပ်သည့်အတွက်ရန်ကုန်မြို့မှ တောင်းကျော်စေကုမ္ပဏီများအုပ်စု၏ တောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီမှဦးဆောင်ပြီးသက်ဆိုင်ရာ Stake holders များနှင့်အတူတကွပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်လုပ်ငန်းများကိုစိစစ်လုပ်ဆောင်ခဲ့ပြီးယခုအစီရင်ခံစာဖြင့်တင်ပြထားသည့်အပေါ်သိရှိနားလည်သည့်အတိုင်းပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်၊ကတိကဝတ်၊ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကိုအပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းဝန်ခံအပ်ပါသည်။

မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အသေးစိတ်ကိုမိုင်းမပိတ်သိမ်းမီ(၁)နှစ်အလိုတွင်ဝန်ကြီးဌာနသို့တင်ပြအတည်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းသုံးစွဲမည့်ရန်ပုံငွေလျာထားချက်မလုံလောက်ပါကထပ်မံထည့်သွင်းဆောင်ရွက်သွားမည်တိုကိုကတိပြုပါသည်။

စီမံကိန်းလုပ်ငန်းများပြီးစီး၍စီမံကိန်းပိတ်သိမ်းချိန်တွင်လူမှုဝန်းကျင်အားထိခိုက်မှုအနည်းဆုံးဖြစ်စေရန်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့်ထိခိုက်မှုများရှိနိုင်ပါကထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်အစီအစဉ်များကိုလည်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းဝန်ခံအပ်ပါသည်။

U Hla Sein
Department Head, (Production)
Signed for
Maj; Gen Khin Maung Than
Managing Director
Myanma Economic Holdings Public Co., Ltd
No.189/191 Mahabandoola Road,
Botataung Township, Yangon Division
Region,



CamScanner

## ၃. မူဝါဒ၊ဥပဒေနှင့်အဖွဲ့ အစည်းဆိုင်ရာမူဘောင်။

ကုမ္ပဏီ၏စီမံကိန်းဆိုင်ရာမူဝါဒ။
စီမံကိန်းဖော်ဆောင်သူသည်စီမံကိန်းဖော်ဆောင်ရာတွင်အောက်ပါမူဝါဒများအတိုင်းချမှတ်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

(၁)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ။
- ပတ်ဝန်းကျင်ဆိုင်ရာဥပဒေ၊နည်းဥပဒေများအတိုင်းအစဉ်လိုက်နာဆောင်ရွက်ရန်၊
- စီမံကိန်းကြောင့်ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာထိခိုက်မှုများမရှိစေရန်(သို့)အနည်းဆုံးဖြစ်စေရန်၊
- စောင့်ကြပ်ကြည့်ရှုမှုကိုအစဉ်မပြတ်လုပ်ဆောင်ရန်၊

(၂)လူမှုရေးဆိုင်ရာမူဝါဒ။
- စီမံကိန်းဖော်ဆောင်ရာဒေသ၏ဒေသခံများနှင့်အစဉ်ထိတွေ့လျက်စီမံကိန်းကိုဆောင်ရွက်သွားရန်၊
- စီမံကိန်းအတွက်လိုအပ်သည့်အလုပ်များဒေသခံကိုဦးစားပေးခန့်ထားရန်နှင့်ဒေသခံများ၏လူမှုရေး၊စီးပွါးရေးကိုမြှင့်တင်ပေးရန်၊
- သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကိုပြုပြင်ထိန်းသိမ်းရန်၊
- ယဉ်ကျေးမှုနှင့်သမိုင်းဝင်အဆောက်အဦများကိုထိခိုက်မှုမရှိစေရန်၊

(၃)ကျန်းမာရေးဆိုင်ရာမူဝါဒ။
- စီမံကိန်းကြောင့်မူလပတ်ဝန်းကျင်အရည်အသွေး(လေ၊ရေ၊မြေဆီလွှာစသည်တို့)ကိုထိခိုက်မှုမရှိစေရန်၊
- လုပ်ခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစဉ်ဆောင်ရွက်ရန်၊

ယခုတင်ပြသည့်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကိုမြန်မာနိုင်ငံတွင်တည်ဆဲဥပဒေများ၊နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများနှင့်တကွဒေသအာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သည့်အမိန့်ကြေငြာချက်များကိုပါလိုက်နာဆောင်ရွက်တင်ပြထားပါသည်။

အောက်ပါဥပဒေနှင့်နည်းဥပဒေများကိုလိုက်နာသွားမည်ဖြစ်ပါသည်။

Table 10 The Policies, Laws, Rules, Regulations and Acts

| စဉ် | ပေါ်လစီ၊ဥပဒေ၊နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ | Policies, Laws, Rules, Regulations and Acts |
|---|---|---|
| ၁ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ | Myanmar Investment Law 2016 |
| ၂ | မြေလွတ်၊မြေလပ်၊မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ၂၀၁၂ | Free Land, Vacant Land, Margin Land Management Law2012 |
| ၃ | အလုပ်သမားအဖွဲ့ အစည်းဥပဒေ ၂၀၁၁ | Labor Organization Law 2011 |
| ၄ | အလုပ်သမားအငြင်းပွါးမှုဖြေရှင်းရေးဥပဒေ ၂၀၁၂ | Settlement of Labour Disputes Law 2012 |
| ၅ | လူမှုဖူလုံရေးဥပဒေ ၂၀၁၂ | Social Security Law 2012 |
| ၆ | အနည်းဆုံးအခကြေးငွေဥပဒေ ၂၀၁၃ | Minimum Wages Law 2013 |
| ၇ | အခကြေးငွေပေးချေရေးဥပဒေ ၂၀၁၆ | Payment of Wages Law 2016 |
| ၈ | ခွင့်နှင့်အလုပ်ပိတ်ရက်များဥပဒေ ၁၉၅၁ | The Leaves and Holidays Act 1951 |
| ၉ | စက်ရုံဥပဒေ ၁၉၅၁ | Factory Act 1951 |
| ၁၀ | အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ ၁၉၅၁ | Workmen Compensation Act 1951 |
| ၁၁ | ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ ၂၀၁၇ | Petroleum and Product of Petroleum Law 2017 |
| ၁၂ | ရေနံနည်းဥပဒေများ၁၉၃၇ | Petroleum Rules 1937 |
| ၁၃ | မော်တော်ယာဉ်ဥပဒေ ၂၀၁၅ | The Motor Vehicle Law 2015 |
| ၁၄ | မော်တော်ယာဉ်နည်းဥပဒေ ၁၉၈၇ | The Motor Vehicle Rule 1987 |
| ၁၅ | ပြည်သူ့ကျန်းမာရေးဥပဒေ၁၉၇၂ | Public Health Law 1972 |



CamScanner

| | | |
|---|---|---|
| ၁၆ | ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ ၁၉၉၅ | Prevention and Control of Communicable Diese Law 1995 |
| ၁၇ | မြန်မာ့အာမခံလုပ်ငန်းဥပဒေ ၁၉၉၃ | The Myanma Insurance Law 1993 |
| ၁၈ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ ၂၀၁၅ | Myanmar Fire Force Law 2015 |
| ၂၀ | အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ၂၀၁၃ | Employment and Skill Development Law 2013 |
| ၂၁ | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆) | The Water Resources and Creek Restoration Law 2016 |
| ၂၂ | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃) | The Water Resources and Creek Restoration Rule 2013 |
| ၂၃ | မြေအောက်ရေအက်ဥပဒေ (၁၉၃၀) | Under Ground Water Act 1950 |
| ၂၄ | The Emergency Provision Act 1950 | The Emergency Provision Act 1950 |
| ၂၅ | The Explosive Substances Act 1908 | The Explosive Substances Act 1908 |
| ၂၆ | ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ(၂၀၁၈) | Biodiversity, Natural Land Restoration Law 2018 |
| ၂၇ | သစ်တောဥပဒေ (၂၀၁၈) | The Forest Law 2018 |
| ၂၈ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ၂၀၁၂ | The Environmental Conservation Law 2012 |
| ၂၉ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်း ဥပဒေ ၂၀၁၄ | The Environmantal Conservation Rules 2014 |
| ၃၀ | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း ၂၀၁၅ | Environmantal Impact Assessment Procedure 2015 |
| ၃၁ | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် ၂၀၁၅ | Emission Quality (Effluent) Standards Guideline 2015 |
| ၃၂ | တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ၂၀၁၅ | The Rights of National Races Law 2015 |
| ၃၃ | မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှပြဋ္ဌာန်းသည့်ဥပဒေများအနက်ဆက်စပ်သည့် ဥပဒေများ၊ နည်း ဥပဒေများ၊ | All related Laws and Rules enacted by Mandalay Division Region Hluttaw |
| ၃၄ | သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅) | Mine Revised Law (2015) |
| ၃၅ | သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈) | Mine Rules (2018) |
| ၃၆ | အမျိုးသားမြေအသုံးချမှုဆိုင်ရာမူဝါဒ (၂၀၁၆) | National Land Use Policy (2016) |
| ၃၇ | အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁) | Workers Organization Law (2011) |

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)

စီမံကိန်းပိုင်ရှင်သည်-

(က) ငှားရမ်းခွင့် ရရှိထားသည့် အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေကို စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း အက်ဥပဒေနှင့်အညီ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပါမည်။ (ပုဒ်မ ၅၀အရ)

(ခ) အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူ နေရာတို့တွင် နိုင်ငံသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး အစားထိုးခန့်ထားပါမည်။ (ပုဒ်မ ၅၁ (ခ)အရ)

(ဂ) ကျွမ်းကျင်မှုမလိုအပ်သည့် လုပ်ငန်းများတွင် မြန်မာနိုင်ငံသားများကိုသာ ခန့်ထားပါမည်။ (ပုဒ်မ ၅၁ (ဂ)အရ)

(ဃ) မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားများကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့် တည်ဆဲဥပဒေနှင့်အညီ ခန့်ထားပါမည်။ (ပုဒ်မ ၅၁ (ဃ)အရ)

(င) တည်ဆဲဥပဒေများ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံး စံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု မဖြစ်စေရန်နှင့် ယဉ်ကျေးမှု

အမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ပါမည်။ (ပုဒ်မ ၆၅ (ဆ)အရ)

(စ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ဖောက်ဖျက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အပြီးပိတ်သိမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံမှု ရပ်ဆိုင်းခြင်း၊ လုပ်သားအင်အား လျှော့ချခြင်းတို့အတွက် အလုပ်သမားများကို တည်ဆဲဥပဒေ များနှင့်အညီ နစ်နာကြေးပေးပြီးမှသာ ရင်းနှီးမြှုပ်နှံမှုကို ရပ်ဆိုင်းပိတ်သိမ်း ပါမည်။ (ပုဒ်မ ၆၅ (ဈ)အရ)

(ဆ) နိုင်လုံသောအကြောင်းပြချက်ဖြင့် ရင်းနှီးမြှုပ်နှံမှု ယာယီပိတ်သိမ်းပါက ပိတ်သိမ်းထားရသည့် ကာလအတွင်း အလုပ်သမားများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ခ၊ လစာ ပေးပါမည်။ (ပုဒ်မ ၆၅ (ည)အရ)

(ဇ) အလုပ်ကြောင့် ထိခိုက်ဒဏ်ရာ ထိခိုက်မှု၊ ကိုယ်အင်္ဂါအစိတ်အပိုင်း ချို့ယွင်းဆုံးရှုံးမှု၊ ရောဂါရရှိမှု၊ သေဆုံးမှုတို့ ဖြစ်ပွားသော အလုပ်သမားများအတွက် သက်ဆိုင်ရာအလုပ်သမား သို့မဟုတ် အမွေဆက်ခံခွင့်ရှိသူကို တည်ဆဲဥပဒေနှင့် အညီ ရထိုက်သည့် နစ်နာကြေးနှင့် လျော်ကြေးပေးပါမည်။ (ပုဒ်မ ၆၅ (ဋ)အရ)

(ဈ) လာရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် ကြီးကြပ်သူများ၊ မိသားစုဝင်များသည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေးစားလိုက်နာ ရန် ကြပ်မတ်ပါမည်။ (ပုဒ်မ ၆၅ (ဌ)အရ)

(ည) စီမံကိန်းလိုအပ်ချက်အရ ခွင့်ပြုထားခြင်း မဟုတ်သော ဆောင်ရွက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ် ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါက အဆိုပါ ဆုံးရှုံးနစ်နာမှုအတွက် ထိရောက်သည့် လျော်ကြေးကို နစ်နာသူထံသို့ ပေးလျော်ပါမည်။ (ပုဒ်မ ၆၅ (ဏ)အရ)

(ဋ) ကော်မရှင်က စစ်ဆေးကြည့်ရှုရန် ကြိုတင်အကြောင်းကြားလာပါက မည်သည့် နေရာကိုမဆို ဝင်ရောက်စစ်ဆေးခွင့်ပြုပါမည်။ (ပုဒ်မ ၆၅ (တ)အရ)

(ဌ) ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ မဆောင်ရွက်မီ ဦးစွာရယူပါမည်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်မှု အခြေအနေကို ကော်မရှင်သို့ တင်ပြပါမည်။ (ပုဒ်မ ၆၅ (ထ)အရ)

(ဍ) နည်းဥပဒေ၌ ဖော်ပြသတ်မှတ်ထားသော အာမခံအမျိုးအစားများကို အာမခံ ထားရှိပါမည်။ (ပုဒ်မ ၇၃ အရ)

**မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)**
စီမံကိန်းပိုင်ရှင်သည်-

နိုင်ငံတော်အတွင်းရှိမြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကိုပုဒ်မ၄ပါခါတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက်လုပ်ပိုင်ခွင့်၊အသုံးပြုခွင့်ရရှိနိုင်ရန်အတွက်ပုဒ်မ၅အပိုဒ်ခွဲ(င)အရသက်ဆိုင်ရာသို့လျှောက်ထားခွင့်ပြုချက်ရယူမည်ဖြစ်ပါသည်။ (ပုဒ်မ၄ နှင့်ပုဒ်မ၅)

**အလုပ်သမားအဖွဲ့အစည်းဥပဒေ(၂၀၁၁)**
စီမံကိန်းပိုင်ရှင်သည်-

(က) အလုပ်သမား ဥပဒေနှင့် မညီဘဲ အလုပ်ထုတ်ခံရသည့် အလုပ်သမားကို ပြန်လည်အလုပ်ခန့်ထားရန် တောင်းဆိုသည်ကို ခွင့်ပြုပါမည်။ (ပုဒ်မ ၁၈အရ)

(ခ) အလုပ်ရှင်နှင့် အလုပ်သမားအကြား အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် ယင်းအဖွဲ့သို့ အလုပ်သမားကိုယ်စားလှယ် စေလွှတ်ခြင်းကို ခွင့်ပြုပါမည်။ (ပုဒ်မ ၁၉ အရ)

(ဂ) အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်ကို ပါဝင်ဆွေးနွေးခွင့်ပြုပါမည်။ (ပုဒ်မ ၂၀ အရ)

(ဃ) အလုပ်သမား ဥပဒေများနှင့်အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် အလုပ်သမားအဖွဲ့အစည်းကို ပါဝင်ဆောင်ရွက်ခွင့်ပြုပါမည်။ (ပုဒ်မ ၂၁ အရ)

(င) အလုပ်သမား အဖွဲ့အစည်းက သက်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ အစည်းအဝေးများပြုလုပ်ခြင်း၊ သပိတ်မှောက်ခြင်းတို့ကို ခွင့်ပြုပါမည်။ (ပုဒ်မ ၂၂ အရ)

**အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ(၂၀၁၂)**
စီမံကိန်းပိုင်ရှင်သည်-

(က) တောင်းဆို တိုင်ကြားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရာတွင် ပျက်ကွက်မည် မဟုတ်ပါ။ (ပုဒ်မ ၃၈ အရ)

(ခ) ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေးနေစဉ် ကာလအတွင်း ထိုအငြင်းပွားမှု မစမီက ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် စည်းကမ်းများကို အလုပ်သမားများ၏ အကျိုးစီးပွားထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်း မပြုပါ။ (ပုဒ်မ ၃၉ အရ)

(ဂ) အငြင်းပွားမှု တစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို မပြုဘဲ အလုပ်မထုတ်ပါ။ (ပုဒ်မ ၄၀ အရ)



CamScanner

(ဃ) ခုံသမာဓိ သို့မဟုတ် ခုံအဖွဲ့က ပုဒ်မ ၅၁ အရ ဆုံးဖြတ်သည့် လျော်ကြေးငွေကို ပေးဆောင်ပါမည်။ (ပုဒ်မ ၅၁ အရ)

**လူမှုဖူလုံရေးဥပဒေ(၂၀၁၂)**

စီမံကိန်းပိုင်ရှင်သည်-

(က) သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားရှိပါမည်။ (ပုဒ်မ၁၁ (က)အရ)

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)ပါကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှု ရန်ပုံငွေ၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ရန်ပုံငွေ၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့် ရန်ပုံငွေနှင့် သတ်မှတ်ထားသော မထည့်မနေရ ထည့်ဝင်ရမည့် ရန်ပုံငွေများကို မှတ်ပုံတင်ထည့်ဝင်ပါမည်။ (ပုဒ်မ၁၅ (ခ) အရ)

(ဂ) အလုပ်သမားက ပေးသွင်းရမည့် ထည့်ဝင်ကြေးကို ယင်း၏ လုပ်ခထဲမှ နုတ်ယူပြီး မိမိက ပေးသွင်းရမည့် ထည့်ဝင်ကြေး ငွေနှင့်အတူ သက်ဆိုင်ရာ လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းပါမည်။ ထိုသို့ပေးသွင်းရသည့် ကုန်ကျစားရိတ်ကို မိမိက ကျခံပါမည်။ (ပုဒ်မ၁၈ (ခ) အရ)

(ဃ) အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ သတ်မှတ်ထားသော ထည့်ဝင်ကြေးပေးပြီး အာမခံထားရှိပါမည်။ (ယင်းရန်ပုံငွေသည် အလုပ်သမား လျော်ကြေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သိရှိပါသည်။) (ပုဒ်မ၄၈ (ခ)နှင့် ၄၉ (က) တို့အရ)

(င) ပုဒ်မ ၁၇ တွင် ဖော်ပြထားသည့် မှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာပြုစုပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြပါမည်။ (ပုဒ်မ၇၅အရ)

**အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)**

စီမံကိန်းပိုင်ရှင်သည်-

(က) အခကြေးငွေ ပေးချေခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ ပါပြဋ္ဌာန်းချက် များနှင့်အညီ ပေးချေပါမည်။ (ပုဒ်မ၃ နှင့် ၄အရ)

(ခ) သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့်အခြေအနေ ပေါ်ပေါက်ပါက အခကြေးငွေ ပြောင်းလဲပေးချေလိုကြောင်းကို သက်ဆိုင်ရာ အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် တင်ပြပါမည်။ (ပုဒ်မ၅အရ)

(ဂ) အလုပ်သမားထံမှ နုတ်ယူရန် လိုအပ်သည့်ငွေကြေးနှင့် စပ်လျဉ်း၍ အခန်း (၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ပါမည်။ (အခန်း ၃ အရ)

(ဃ) အချိန်ပို လုပ်ကိုင်ရသည့် အလုပ်သမားကို ဥပဒေက သတ်မှတ်သည့် နှုန်းထားအတိုင်း အချိန်ပိုလုပ်ခပေးပါမည်။ (ပုဒ်မ၁၄ အရ)



CamScanner

**အနည်းဆုံးအခကြေးငွေဥပဒေ(၂၀၁၃)**

စီမံကိန်းပိုင်ရှင်သည်-

(က) ပုဒ်မ ၁၂ ပါ သတ်မှတ်ချက်များနှင့်အညီ အခကြေးငွေ ပေးချေပါမည်။ (ပုဒ်မ၁၂အရ)

(ခ) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ နှုန်းထားများကို အလုပ်သမား များကို အသိပေးမည့်အပြင် လုပ်ငန်းခွင်တွင် မြင်နိုင်စေရန် ကြော်ငြာထားပါမည်။ (ပုဒ်မ၁၃ (က)အရ)

(ဂ) ပုဒ်မ ၁၃ ပါ ပြုစုရမည့် စာရင်းဇယားနှင့် စာတမ်းအမှတ်အသားများကို ပြုစုခြင်း၊ သက်ဆိုင်ရာ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံခြင်း၊ ယင်းတို့ကို တောင်းခံသည့်အခါ တင်ပြခြင်းတို့ ပြုပါမည်။ (ပုဒ်မ ၁၃ (ခ)၊ (ဂ)၊ (ဃ) တို့အရ)

(ဃ) ပုဒ်မ ၁၃ (င)နှင့် ပုဒ်မ ၁၈ အရ စစ်ဆေးရေးအရာရှိများက လာရောက် စစ်ဆေးခြင်းကို ခွင့်ပြုပါမည်။ (ပုဒ်မ ၁၃ (င)နှင့် ၁၈ အရ)

(င) အလုပ်သမား ဖျားနာ၍ အလုပ်မလုပ်နိုင်သည့်အခါ ဆေးကုသရန် သတ်မှတ်ချက်များနှင့်အညီ နားခွင့်ပေးပါမည်။ (ပုဒ်မ ၁၃ (စ) အရ)

(စ) အလုပ်သမားများ၏ မိသားစုဝင် သို့မဟုတ် မိဘနာရေးဖြစ်သည့်အခါ အနည်းဆုံး အခကြေးငွေမှာ ဖြတ်တောက်ခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့် အလုပ်နားခွင့် ပြုပါမည်။ (ပုဒ်မ ၁၃ (ဆ) အရ)

**ခွင့်နှင့် အလုပ်ပိတ်ရက်များ အက်ဥပဒေ(၁၉၅၁)**

စီမံကိန်းပိုင်ရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်နှင့် အလုပ်ပိတ်ရက် များကို ခွင့်ပြုပါမည်။

**အလုပ်သမားလျော်ကြေး အက်ဥပဒေ(၁၉၅၁)**

စီမံကိန်းပိုင်ရှင်သည် ရရှိသည့် ထိခိုက်နစ်နာမှု အမျိုးအစားအလိုက် ကိစ္စရပ်တစ်ခုချင်း အပေါ်တွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျော်ကြေးငွေကို ပေးလျော်ပါမည်။

**ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇)**

စီမံကိန်းပိုင်ရှင်သည်-

(က) လောင်စာဆီများကို ပြည်တွင်းသို့တင်သွင်းလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာနက ထုတ်ပေးသည့် လိုင်စင်ကို ရယူပြီး သတ်မှတ်ထားသည့်နေရာမှ တင်သွင်းပါမည်။ ထိုသို့တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို လိုက်နာပါမည်။ (ပုဒ်မ ၇ အရ)

(ခ) လောင်စာဆီများကို သယ်ယူခြင်း၊ သိုလှောင်ခြင်းတို့အတွက် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီး ဌာနက ထုတ်ပေးသည့် လိုင်စင်ကို ရယူပါမည်။ (ပုဒ်မ ၈(က) အရ)

(ဂ) လောင်စာဆီများ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် သက်ဆိုင်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနက သတ်မှတ်သော လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို လိုက်နာပါမည်။ (ပုဒ်မ ၈(ဃ) အရ)



CamScanner

(ဃ) လောင်စာဆီများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပေးသည့် လိုင်စင်ရရှိထားသော မော်တော်ယာဉ်၊ ရေယာဉ် သို့မဟုတ် တွဲဖြင့် သယ်ဆောင်ပါမည်/ (ပုဒ်မ ၉(က) အရ)

(င) လောင်စာဆီများကို သိုလှောင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထုတ်ပေးသည့် လိုင်စင်ရယူပြီး သတ်မှတ်သည့် သိုလှောင်ကန် သို့မဟုတ် သိုလှောင်ရုံတွင် ထားရှိပါမည်။ (ပုဒ်မ ၁၀(က) အရ)

(စ) လောင်စာဆီသိုလှောင်မည့် သိုလှောင်ကန် သို့မဟုတ် သိုလှောင်ရုံနှင့် သက်ဆိုင်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက သတ်မှတ်ပေးသော လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါမည်။ (ပုဒ်မ ၁၀(င) အရ)

(ဆ) လောင်စာဆီထည့်သွင်းသည့် ပစ္စည်းပေါ်တွင် အန္တရာယ်သတိပေးချက်ကို မြင်သာသည့် နေရာတွင် ထင်ရှားသော စာလုံးများဖြင့် ဖြစ်စေ၊ သင်္ကေတကို ဖြစ်စေ ရေးသားဖော်ပြပါမည်။ (ပုဒ်မ ၁၁ အရ)

**ရေနံနည်းဥပဒေများ(၁၉၃၇)**

စီမံကိန်းပိုင်ရှင်သည် စီမံကိန်းအတွက် လိုအပ်သည့် လောင်စာဆီများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်သိုလှောင်ခြင်းတို့အတွက် နည်းဥပဒေများ အခန်း (၃) နှင့် (၄) ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်။ (အခန်း (၃)နှင့် (၄)အရ)

**မော်တော်ယာဉ် ဥပဒေ(၂၀၁၅) နှင့် မော်တော်ယာဉ်နည်းဥပဒေများ(၁၉၈၇)**

စီမံကိန်းပိုင်ရှင်သည်-

လေထုညစ်ညမ်းစေခြင်း၊ အသံဆူညံစေခြင်းနှင့် အသက်အန္တရာယ် လုံခြုံစိတ်ချမှုတို့နှင့် သက်ဆိုင်သည့် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက် ပါမည်။

**ပြည်သူ့ကျန်းမာရေးဥပဒေ(၁၉၇၂)**

စီမံကိန်းပိုင်ရှင်သည်-

(က) ပြည်သူ့ကျန်းမာရေးအတွက် ပုဒ်မ ၃ ပါ ကိစ္စများနှင့် စပ်လျဉ်း၍ မည်သည့် စည်းကမ်းသတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကိုမဆို လိုက်နာဆောင်ရွက်ပါမည်။ (ပုဒ်မ ၃ အရ)

(ခ) လိုအပ်ချက်အရ ဤဥပဒေအရ တာဝန်ရှိသူများက လာရောက်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သည့် စစ်ဆေးမှုကိုမဆို ခွင့်ပြုပါမည်။ (ပုဒ်မ ၅ အရ)

**ကူးစက်ရောဂါများကာကွယ်နှိမ်နှင်းရေးဥပဒေ(၁၉၉၅)**



CamScanner

စီမံကိန်းပိုင်ရှင်သည်-

(က) အလုပ်သမားများကို ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ပေးပါမည်။ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိအောင် ဆောင်ရွက်ပေးပါမည်။ အညစ်အကြေးများကို စနစ်တကျ စွန့်ပစ် စေရန် ဆောင်ရွက်ပေးပါမည်။ (ပုဒ်မ ၃ (က) (၉) အရ)

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ညွှန်ကြားသည်နှင့် အညီ လိုက်နာဆောင်ရွက်ပါမည်။ (ပုဒ်မ ၄ အရ)

(ဂ) အောက်ပါကိစ္စရပ်များ ဖြစ်ပွားကြောင်း သိရှိလျှင် သိရှိခြင်း အနီးဆုံး ကျန်းမာရေး ဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်း သတင်းပို့ပါမည် –

   (၁) ကြက်နှင့် အပါအဝင် တရိစ္ဆာန်များ အစုအလိုက်၊ အပြုလိုက် သေဆုံးခြင်း၊

   (၂) ကြွက်ကျခြင်း၊

   (၃) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါ ဖြစ်ပွားခြင်း

   (၄) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း၊

(ဃ) ကျန်းမာရေးအရာရှိက လိုအပ်၍ လာရောက်စစ်ဆေးလျှင် မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို ခွင့်ပြုပါမည်။ (ပုဒ်မ ၁၁ အရ)

## မြန်မာ့အာမခံလုပ်ငန်းဥပဒေ(၁၉၉၃)

စီမံကိန်းပိုင်ရှင်သည်-

(က) ကိုယ်ပိုင်ယာဉ်များ သုံးစွဲမည်ဆိုပါက လူထိခိုက်မှုဆိုင်ရာ အာမခံ ထားရှိပါမည်။ (ပုဒ်မ ၁၅ အရ)

(ခ) ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းနှင့် ပြည်သူလူထုကို နစ်နာစေခြင်းဖြစ်ပေါ်လျှင် ယင်းအတွေ့တွေ့ ဆုံးရှုံးနစ်နာမှုကို ပေးလျော်နိုင်ရန် ထားရှိရမည့် အာမခံကို ထားရှိပါမည်။ (ပုဒ်မ ၁၆ အရ)

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

(က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပါမည်။ (ပုဒ်မ ၂၅ (က) အရ)

(ခ) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းများကို ထားရှိပါမည်။ (ပုဒ်မ ၂၅ (ခ) အရ)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) ပတ်ဝန်းကျင်ကိုညစ်ညမ်းစေခဲ့လျှင်ဝန်ကြီးဌာနက သတ်မှတ်သည့်လျော်ကြေးငွေကို ပေးလျော်ပါမည်။ (ပုဒ်မ၇၊ ပုဒ်မခွဲ(ဏ) အရ)

(ခ) ပတ်ဝန်းကျင်ကိုညစ်ညမ်းမှုဖြစ်ပေါ်စေသည့်ထုတ်လွှတ်ခြင်းကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ထုတ်လွှတ်ပါမည်။(ပုဒ်မ၁၄အရ)



CS CamScanner

(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန်လုပ်ငန်းခွင် အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုပါမည်။ ထိုသို့မဆောင်ရွက်နိုင်ပါက စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ကိုမထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်ပါမည်။(ပုဒ်မ၁၅အရ)

(ဃ) ဝန်ကြီးဌာနကထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ လာရောက်စစ်ဆေးသည့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား စစ်ဆေးခွင့်ပြုပါမည်။ (ပုဒ်မ၂၄အရ)

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းပါ တားမြစ်ချက်များကို လိုက်နာပါမည်။(ပုဒ်မ၂၉အရ)

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)**

စီမံကိန်းပိုင်ရှင်သည်-

(က) နည်းဥပဒေ၆၉၊ နည်းဥပဒေခွဲ(က)အရ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသည့် ပစ္စည်းများကို အများပြည်သူအား တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့် နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုပါ။

(ခ) နည်းဥပဒေ၆၉၊ နည်းဥပဒေခွဲ(က)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ တစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိပစ္စည်းများကို အများပြည်သူအား တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့်နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့်ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုပါ။

(ဂ) နည်းဥပဒေ၆၉၊နည်းဥပဒေခွဲ(ခ)အရ ဂေဟာစနစ်နှင့်ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပြုလုပ်မှုကို ဆောင်ရွက်ခြင်းမပြုပါ။

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅)**

စီမံကိန်းပိုင်ရှင်သည်-

(က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ၊ မိမိကိုယ်စား ဆောင်ရွက်သည့်ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံ၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုကို တာဝန်ယူပါမည်။ (အပိုဒ်၁၀၂(က)အရ)

(ခ) စီမံကိန်းကြောင့်ထိခိုက်ခံစားရသူကို လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်နိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး

အစီစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးပေးပါမည်။ (အပိုဒ်၁၀၂(ခ)အရ)

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ပါမည်။ မိမိကိုယ်စားဆောင်ရွက်သည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများက စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်စေပါမည်။ (အပိုဒ်၁၀၄အရ)

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင်ပါရှိသော လိုအပ်ချက်အားလုံးကို တာဝန်ယူသည့်အပြင် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ (အပိုဒ်၁၀၅အရ)

(င) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွတ်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် လုပ်ငန်းပိတ်သိမ်းပြီးကာလတို့တွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဘက်စုံစောင့်ကြပ် စစ်ဆေးပါမည်။(အပိုဒ်၁၀၆အရ)

(စ) မိမိ၏တာဝန် သို့မဟုတ် ဆောင်ရွက်ချက်ပျက်ကွက်မှုကို အမြန်ဆုံး စာဖြင့်တင်ပြပါမည်။ ပျက်ကွက်မှုကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်နိုင်သည့်ကိစ္စ သို့မဟုတ် ဝန်ကြီး ဌာနက အမြန်သိရန်လိုအပ်သည့်ကိစ္စကို ၂၄နာရီအတွင်းလည်းကောင်း အခြားကိစ္စဖြစ်ပါက စတင်သိရှိချိန်မှ ၇ ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ တင်ပြပါမည်။ (အပိုဒ်၁၀၇အရ)

(ဆ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီစဉ်၏ဇယားပါအတိုင်းစောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာကို ၆လ တစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနကသတ်မှတ်သည့်အတိုင်း ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြပါမည်။ (အပိုဒ်၁၀၈အရ)

(ဇ) စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတွင် အပိုဒ်၁၀၉ပါ သတ်မှတ်ချက်များ အနည်းဆုံး ထည့်သွင်းဖော်ပြပါမည်။ (အပိုဒ်၁၀၉အရ)

(ဈ) အပိုဒ် ၁၀၈ အရ တင်ပြသည့်နေ့ရက်မှ ၁၀ရက်အတွင်း အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်၊ စာကြည့်တိုက်၊ ပြည်သူ့ခန်းမ၊ အများပြည်သူစုဝေးရာနေရာနှင့် စီမံကိန်းရုံးဌာနတို့တွင် အများပြည်သူသိရှိစေရန် ယင်းအစီရင်ခံစာကိုတင်ပြပါမည်။ ယင်းအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူ တောင်းခံချက်ကို လက်ခံရရှိသည့်နေ့မှစ ၁၀ရက်အတွင်း အီးမေလ်ဖြင့် ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့် ဖြစ်စေ တောင်းခံသူအား ပေးပါမည်။ (အပိုဒ်၁၁၀အရ)

(ည) စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန်တာဝန်ရှိသူကို သာမန်အလုပ်ချိန်အတွင်း ဝင်ရောက်ခွင့် ပြုပါမည်။ (အပိုဒ်၁၁၃(က)အရ) စီမံကိန်း၏ရုံးများ၊ လုပ်ငန်းခွင်၊ စီမံကိန်းနှင့် သက်ဆိုင်သော

လုပ်ငန်းများ ဆောင်ရွက်နေသည့်အခြားနေရာများသို့ လိုအပ်ပါက အချိန်မရွေး ဝင်ရောက်ခွင့်ပြုပါမည်။ (အပိုဒ်၁၁၃(ခ)အရ)

(၃) အရေးပေါ်အခြေအနေတွင်ဖြစ်စေ၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်ကို ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ထိုသို့ပျက်ကွက်နိုင်သည်ဟု ယူဆလျှင်ဖြစ်စေ စစ်ဆေးရန်တာဝန်ရှိသူက ဝင်ရောက်စစ်ဆေးလိုသည့်အချိန်တွင် ချက်ချင်းခွင့်ပြုပါမည်။ (အပိုဒ်၁၁၅အရ)

(၄) ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်သူ ဆပ်ကန်ထရိုက်တာတို့ကို တာဝန်ရှိသူက စစ်ဆေးခြင်းကိုခွင့်ပြုပါမည်။ (အပိုဒ်၁၁၇အရ)

**မျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်(၂၀၁၅)**

စီမံကိန်းပိုင်ရှင်သည် လမ်းညွှန်ချက်ပါ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းပြုပါမည်။

**တိုင်းရင်းသားလူမျိုးများအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး ဥပဒေ(၂၀၁၅)**

စီမံကိန်းပိုင်ရှင်သည်-

(က) စီမံကိန်းကို အကောင်အထည်ဖော်မည့် ဒေသရှိ ဌာနေတိုင်းရင်းသား လူမျိုးများအား စီမံကိန်း၏ အကြောင်းအရာများကို ပြည့်စုံတိကျစွာ ကြိုတင်ချပြ အသိပေးပါမည်။ (ပုဒ်မ ၅ အရ)

(ခ) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းကို အကောင်အထည်ဖော်မည့် ဒေသရှိ ဌာနေတိုင်းရင်းသား လူမျိုးများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။ (ပုဒ်မ ၅ အရ)

**သစ်တောဥပဒေ (၂၀၁၈ )**

စီမံကိန်းပိုင်ရှင်သည် သစ်တောနယ်မြေ သို့မဟုတ် သစ်တောဖုံးလွှမ်းသော နယ်မြေတွင် စီမံကိန်းကို ဆောင်ရွက်ရမည်ဖြစ်ပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ပါမည်။ (ပုဒ်မ ၁၂ (က) အရ)

**သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅)**

စီမံကိန်းပိုင်ရှင်သည်-

သတ္တုရှာဖွေရန်၊စမ်းသပ်တိုင်းတာခြင်း၊အကြီးစားထုတ်လုပ်ခြင်း၊အသေးစားထုတ်လုပ်ခြင်း များလုပ်ပိုင်ခွင့်ရရှိရန်ဝန်ကြီးဌာနသို့သတ်မှတ်ချက်နှင့်အညီလျှောက်ထားပါမည်။

**သတ္တုတွင်းနည်းဥပဒေ (၂၀၁၈)**

စီမံကိန်းပိုင်ရှင်သည်-

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသောသတ္တုစက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းသို့မဟုတ်ကျောက်ရှာဖွေခြင်း၊စမ်း



CamScanner

သပ်တိုင်းတာခြင်း၊ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊အကြီးစားထုတ်လုပ်ခြင်း၊ဆင့်တက်ပြုပြင်ခြင်းသို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းများအတွက်ခွင့်ပြုမိန့်ရရန်လျှောက်ထားပါမည်။

**ရေအရင်းအမြစ်နှင့် မြစ်၊ ချောင်းများထိန်းသိမ်းရေး ဥပဒေ(၂၀၀၆)**

စီမံကိန်းပိုင်ရှင်သည်-

(က) ရေအရင်းအမြစ်နှင့်မြစ်၊ ချောင်းများထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း မပြုပါ ။ (ပုဒ်မ၈ (က) အရ)

(ခ) ကမ်းပါးမှ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းဖြစ်စေမည့် စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်းနှင့် အခြားပစ္စည်းများ စွန့်ပစ်ခြင်း၊ ပေါက်ကွဲစေတက်သောပစ္စည်း များ စွန့်ပစ်ခြင်းမပြုပါ။ (ပုဒ်မ ၁၁(က)အရ)

(ဂ) ကမ်းပါးမှ ရေလမ်းပျက်စီးခြင်း သို့မဟုတ် ရေကြောင်းပြောင်းလဲခြင်း ဖြစ်ပေါ်စေမည့် အရာဝတ္ထုတစ်ခုခုကို စွန့်ပြစ်ခြင်းမပြုပါ။ (ပုဒ်မ ၁၉ အရ)

(ဃ) ကမ်းပါးနယ်တွင် မသင့်လျော်သည့် အိမ်သာများ ဆောက်လုပ်ခြင်းမှ ရှောင်ကျဉ်ပါမည်။ (ပုဒ်မ ၂၁ (က) အရ)

(င) ရေတွင်းရေကန် တူးဖော်ခြင်းနှင့် ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မြေတူးခြင်းတို့ကို ပြုလုပ်ခြင်းမှ ရှောင်ကျဉ်ပါမည်။ (ပုဒ်မ ၂၁(ခ) အရ)

(စ) ဦးစီးဌာနက မြစ်၊ ချောင်းအတွင်း ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးနှင့် ရေလမ်းကြောင်းမပြောင်းလဲစေရေးအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုပါ။ (ပုဒ်မ ၂၄ (က)အရ)

**ပတ်ဝန်းကျင်အရည်အသွေး(စံချိန်စံညွှန်း)ဆိုင်ရာစည်းကမ်းချက်များ။**

စီမံကိန်းအဆိုပြုသူသည်စီမံကိန်း၏အဆင့်အားလုံးတွင်အောက်ပါပတ်ဝန်းကျင်ဆိုင်ရာစံချိန်စံညွှန်းများကိုလိုက်နာသွားမည်ဖြစ်ပါသည်။

ထုတ်လွှတ်မှုစံချိန်စံညွှန်းများ၊

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ(၂၀၁၅)။

အနီးပတ်ဝန်းကျင်လေထုဆိုင်ရာစံချိန်စံညွှန်းများ

(၁) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ(၂၀၁၅)။
(၂) Air Quality Guide Line 2000 (World Health Organization)
(၃) Report on Carcinogens 2011 US. Department of Health and Human Services
(၄) US Department of Labor, Sulphuric Acid : Exposure Limits and Health Effects.



CamScanner

အနီးပတ်ဝန်းကျင်ရေ၊မြေ၊ဆီလွှာ၊ဆူညံမှုနှင့်အနံ့ဆိုင်ရာစံချိန်စံညွှန်းများ

(1) National drinking water quality standards 2014, Ministry of Health
(2) Metal mining technical guidance for environmental effect monitoring 2012 Environment Canada
(3) Noise management, General EHS Guideline 2007, International Finance Corporation
(4) Guidelines for Community Noise 1999, World Health Organization

စွန့်ထုတ်ရေသတ်မှတ်ချက်။ (Effluent Water Quality)

Industrial Wastewater Effluent Guideline Value
Target level of Effluent Water Quality in the Project

သတ္တုတွင်းလုပ်ငန်းခွင်များအတွက်စွန့်ထုတ်အရည်ဆိုင်ရာကန့်သတ်တန်ဖိုးများ။ (NEQEG)

| Parameter | Unit | Effluent Limit Value |
| ၂ | အသံ | Environment Meter CEM DT-8820 |
| ၃ | မြေ | Soil Survey Instrument (4in1) |
| ၄ | အပူချိန် | Compact InfraRed Thermometer (CEM-DT-8802) |

ဂေဟစနစ်။ Ecosystem

သဘာဝပတ်ဝန်းကျင်အနေအထား။ Environmental Condition

စီမံကိန်းသည်တောတောင်အတွင်းတည်ရှိပါသည်။အဆိုပြုစီမံကိန်း၏တောင်နှင့်မြောက်နစ်လက်စလုံးတွင်တောင်တန်းပေါ်တွင်တည်ရှိပါသည်။အရှေ့နှင့်အနောက်ဘက်တွင်မြေညီဖြစ်ပါသည်။၎င်းဒေသသည်အအေးပိုင်းဇုန်တွင်စွတ်စိုထိုင်းမှိုင်းပါသည်။စီမံကိန်းသည်မြေလွတ်မြေရိုင်းဖြစ်ပြီးရာသီမရွေးလုပ်ကိုင်နိုင်ပါသည်။တောင်ပေါ်ဒေသဖြစ်ပါသည်။နွေ၊မိုး၊ဆောင်း၃ရာသီရှိပြီး၊မြန်မာနိုင်ငံ၏ရှမ်းကုန်းပြင်မြင့်အပိုင်းတွင်ပါဝင်ပါသည်။

အပင်နှင့်တိရိစ္ဆာန် Flaura and Fauna

ယခုစရိယာတွင်အပင်နှင့်တိရိစ္ဆာန်များတည်ရှမှုကိုမှုလမှတ်တမ်းများတွင်မှတ်တမ်းတင်ထားရှိမှုမရှိသော်လည်းဒေသအတွင်းစာ၊ကျီးနှင့်အိမ်မွေးခွေး၊ကြောင်နှင့်သီးနှံစားကြွက်စသည်တိုကိုဆန်းစစ်တွေ့ရှိရပါသည်။ တောတောင်အတွင်းရှိသော်လည်းဆန်းစစ်သည့်ကာလတွင်တောရိုင်းသတ္တဝါများကိုမျက်မြင်မတွေ့ရသော်လည်းဒေသခံများထံမှမေးမြန်းခြင်းမှ၄င်းတို့တွေ့ရှိခဲ့ဘူးသည့် အပင်နှင့်တိရိစ္ဆာန်များကိုမှတ်တမ်းတင်နိုင်ခဲ့ပါသည်။



CamScanner

| စဉ် | ကျေးရွာအမည် | လက်တွင်း | အဝီစိတွင်း | အပင်များ | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | Eucaliptus | Cherry | Thit Seint | Magyi | Ye Thin Win | |
| 1 | အင်းယား | 27 | 30 | 20 | 50 | 20 | 20 | 20 | |
| 2 | ကျိုးကိုင် | 2 | 28 | 15 | 50 | 15 | 15 | 15 | |
| 3 | အင်းထိပ်ဦး | 3 | 18 | 15 | 15 | 15 | 15 | 15 | |
| | စုစုပေါင်း | 32 | 76 | 50 | 115 | 50 | 50 | 50 | |

Flora & Fauna

စီမံကိန်းဧရိယာအတွင်းအောက်ပါအတိုင်းလေ့လာမှတ်တမ်းတင်ထားပါသည်။

The list of Flora

| No | Common Name | Scientific Name | Family Name | Habit | IUCN Status |
|---|---|---|---|---|---|
| 1 | Bandar | Terminalia catappa L. | Combretacea | Tree | NL |
| 2 | Eucalypt | Eucalyptus ovatalabill | Myrtaceae | Tree | NL |
| 3 | Ingyin | Shorea siamensis | Dipterocarpaceae | Tree | NL |
| 4 | Kyunn | Tectona grandis | Verbenaceae | Tree | NL |
| 5 | Peinne | Artocarpus heterophyllus | Moraceae | Tree | NL |
| 6 | Tin Wa | Cephalostachyum pergracile | Poaceae | Bamboo | NL |
| 7 | Wa Bo Wa | Dendrocalamus calostachyus | Poaceae | Bamboo | NL |
| 8 | Yin Mar | Chukrasia velutina | Meliaceae | Tree | NL |

NL; Not in the list





Fisheries & Aquatic biology

ယခုစီမံကိန်းသည်မြစ်ချောင်းများနှင့်ဝေးကွာသောကြောင့်ရေသတ္တဝါများနှင့်ရေအောက်သယံဇာတများကိုလာ ထိခိုက်ရန်မရှိပါ။

Wildlife

ယခုစီမံကိန်းသည်တောတောင်အတွင်းရှိသောကြောင့်တောရိုင်းသတ္တဝါများကိုတွေ့ရန်ရှိသော်လည်းယခင်မှတ် တမ်းများမရှိခဲ့ပါ။ လေ့လာဆန်းစစ်သည့်ကာလတွေ့ရှိချက်များနှင့်ဒေသခံများ၏ပြောပြချက်များကိုအောက်ပါအ တိုင်းမှတ်တမ်းတင်အပ်ပါသည်။

The list of wildlife in the project zone.

| No. | Local Name | Common Name | Scientific Name | Family Name | IUCN Status |
|---|---|---|---|---|---|
| 1 | Kyaung Gadoe | Civet | Viverra zibetha | Viverridae | VU |
| 2 | Lin Noe | Bumblebee Bat | Craseonycteris thonglongyal | Craseonycteridae | VU |
| 3 | Yone | Hare | Lepus peguensis | Leporidae | NL |
| 4 | Taw Khway | Jackal | Canis aureus indicus | Canidae | NL |
| 5 | Taw wet | Wild Pig | Sus scrofa | Suidae | NL |
| 6 | Taung Sate | Chamois | Rupicapra sp | Bovidae | NL |
| 7 | Phu | Porcupine | Hystrix brachyra | Hystricidae | NL |

NL- Not in the list, VU- Vulnerable

**Rodents and Reptiles**

Several anole lizards, viper and cobra also witnessed by villagers mainly in the forest area.

| No. | Local Name | Common Name | Scientific Name | Family Name | IUCN Status |
|---|---|---|---|---|---|
| 1 | Kin Late chaw | Common sum skink | Mabuya | Scincidae | NL |
| 2 | Lin mwe | Banded rat snake | Ptyas mucosus | Colubridae | NL |
| 3 | Mway Bar | Mongoose | Herpestes edwardsii | Herperstidae | VU |
| 4 | Mway Sein | Common Green Serpent | Ahaetulla nasuta | Colubridae | NL |
| 5 | Poat thin nyo | Blue crested lizard | Calotes mystaceus | Agamidae | NL |
| 6 | Sa ba Gyi | Python | Python molurrus bivittatatus | Pythonidae | NL |
| 7 | Shint | Squirrel | Sundasciurus | Sciuridae | NL |

NL- Not in the list, VU- Vulnerable

Myanmar IUCN Red List (2019)

| Rank | Animal Name | Scientific Name | Conservation Staus (IUCN) |
|---|---|---|---|
| 1 | White-bellied heron | Ardea insignis | Critically Endangered |
| 2 | Baer's Pochard | Aythya baeri | Critically Endangered |
| 3 | Spoon-billed Sandpiper | Calidris pygmaea | Critically Endangered |
| 4 | Sumatran Rhinoceros | Dicerorhinus sumatrensis | Critically Endangered |
| 5 | Hawksbill turtle | Eretmochelys imbricate | Critically Endangered |
| 6 | Fish-eating crocodile | Geochelone platynota | Critically Endangered |
| 7 | Flatback tortoise | Geochelone platynota | Critically Endangered |
| 8 | Irrawaddy River Shark | Glyphis siamensis | Critically Endangered |
| 9 | Arakan galensisps benForest Turtle | Hosemys depressa | Critically Endangered |
| 10 | Slender-billed vulture | Gyps bengalensis | Critically Endangered |
| 11 | White-rumped vulture | Gyps bengalensis | Critically Endangered |
| 12 | Sunda Pangolin | Manis javanica | Critically Endangered |
| 13 | Black ibis | Pseudibis davisoni | Critically Endangered |
| 14 | Javan rhinoceros | Rhinoceros sondaicus | Critically Endangered |
| 15 | Myanmar snub- | Rhinopithecus strykeri | Critically Endangered |



| | nosed monkey | | |
|---|---|---|---|
| 16 | Helmeted hornbill | Rhinoplax vigil | Critically Endangered |
| 17 | Pink-headed duck | Rhondonessa caryophyllacea | Critically Endangered |
| 18 | Red-headed vulture | Sarcogyps calvus | Critically Endangered |

## Socio Economic Components

### Family Structure:

အင်းယားကျေးရွာအုပ်စုတွင်အိမ်ခြေ၅၁၈ခန်ရှိပြီးလူဦးရေစုစုပေါင်း၂၂၈၃ဦးရှိပါသည်။

| စဉ် | ကျေးရာအမည် | အိမ်ခြေ | အိမ်ထောင်စု | စုစုပေါင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | အင်းယား | ၂၂၈ | ၂၂၈ | ၅၃၀ | ၅၂၀ | ၁၀၅၀ | |
| ၂ | ကျီးကိုင် | ၁၉၅ | ၁၉၅ | ၄၂၇ | ၃၇၅ | ၈၀၂ | |
| ၃ | အင်ထိပ်ဦး | ၉၅ | ၉၅ | ၂၀၈ | ၂၂၃ | ၄၃၁ | |
| | စုစုပေါင်း | ၅၁၈ | ၅၁၈ | ၁၁၆၅ | ၁၁၁၈ | ၂၂၈၃ | |

### Social Well being:

အင်းယားကျေးရွာတွင်နေထိုင်သူများ၏အဓိကအသက်မွေးဝမ်းကျောင်းအဖြစ်စိုက်ပျိုးရေးတောင်ယာလုပ်ကိုင်ကြပြီး၊ဌာနဆိုင်ရာနှင့်ကုမ္ပဏီဝန်ထမ်းများ၊ကုန်သည်များ၊ဈေးသယ်များလည်းပါဝင်ပါသည်။

### မြေအသုံးချမှု။Land Use

ယခုစီမံကိန်းသည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိထင်းသစ်တောကြိုးဝိုင်းအတွင်းတည်ရှိပါသည်။ သတ္တုတွင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့နှင့်အကျိုးတူလုပ်ဆောင်သည့်စီမံကိန်းဖြစ်ပါသည်။ အထက်ပါအတိုင်းစီမံကိန်းဧရိယာတစ်ခုလုံးတွင်ရှင်းလင်းဖယ်ရှားပြီးသည့်အခါသက်ဆိုင်ရာသို့မြေဧရိယာကိုပြန်လည်လွှဲပြောင်းပေးရန်။အဆိုပါလွှဲပြောင်းချိန်အထိ ရှင်းလင်းဖယ်ရှားမှုများမပြီးဆုံးသေးပါကလိအပ်သည့်မြေဧရိယာအားယာယီတောင်းခံ၍ ရှင်းလင်းမှုများဆက်လက်လုပ်ကိုင်ရန်။

ဒေသအတွင်းမြေအသုံးချမှု။

| No. | Study Area | Geographical area (Acres) | Forest Area (Acres) | Cultivation Land (Acres) | Not cultivation (Acres) | Marginal Land (Acres) |
|---|---|---|---|---|---|---|
| 1 | 3 miles radius from project site | 6985 | 2388 | 2165 | 1466 | 966 |
| | | | 34% | 30% | 20% | 14% |

ကျေးရွာ၃ရွာတွင်မြေအသုံးချမှု။ The Land Use Pattern in 3 villages

| စဉ် | ကျေးရွာအမည် | Agriculture (Acres) | | | | | | Remarks |
|---|---|---|---|---|---|---|---|---|
| | | Rice Field | Vegetable | Flower | Long Grown | Fire Wood | Total | |
| 1 | အင်းယား | - | 10 | 10 | 30 | 2 | 52 | |
| 2 | ကျီးကိုင် | - | 5 | 15 | 30 | 1.5 | 51.5 | |
| 3 | အင်းထိပ်ဦး | 2 | 3 | - | - | 1.5 | 6.5 | |
| | စုစုပေါင်း | 2 | 18 | 25 | 60 | 5 | 110 | |

## Industries

အင်းယားကျေးရွာအုပ်စုတွင် စက်မှုဇုန်မရှိပါ။ယခုအခါလက်ခြောက်ထုတ်လုပ်သည့်အိမ်တွင်းစက်မှုလုပ်ငန်းများမှလသဘာဝမိရိုးဖလာနည်းဖြင့်ထုတ်လုပ်ခြင်းမှအသေးစားစက်မှုလုပ်ငန်းများအဖြစ်စက်များနှင့်ထုတ်လုပ်သည့်လုပ်ငန်းများစတင်ပေါ်ပေါက်လာနေပြီဖြစ်ပါသည်။



CamScanner

Infrastructure Facilities

စီမံကိန်းဒေသဖြစ်သည့်အင်းယားကျေးရွာအုပ်စုတွင်လျှပ်စစ်မီးရရှိနေသော်လည်းယခင်ကမရရှိခဲ့ပါ။ယခုအခါ ထရန်စဖော်မာ၃ခု၊မီးစက်၂၀နှင့်မီတာဘောက်၄၂၈လုံးရှိပြီးကိုယ်ပိုင်မီးစက်၂၀နှင့်တာပိုင်၃လုံးရှိပါသည်။ရပ်ကွက်များအတွင်းရေ ပေးသည့်လုပ်ငန်းများမရှိပါ။

သယ်ယူပို့ဆောင်ရေးTransportation

လမ်းပမ်းဆက်သွယ်ရေးသည် ပြင်ဦးလွင်မြို့နယ်မှအင်းယားကျေးရွာအုပ်စုသို့သွားလာရေးလမ်းတိုးတက်လာသကဲ့သိုစီမံကိန်းကြောင့်လည်းစီမံကိန်းဖော်ဆောင်သူဘက်မှလိုအပ်သည့်လမ်းသစ်ဖောက်ခြင်း၊မူလရှိသောလမ်းကိုအရည်အသွေးအဆင့်မြင့်တင်ပေးခြင်းများလုပ်ဆောင်ပေးလျက်ရှိပါသည်။

Power Sources and Transmission

စီမံကိန်းဒေသသည်မဟာဓါတ်အားလိုင်းနှင့်၂မိုင်သာဝေးကွာသောဒေသတွင်ရှိပါသည။

Physical and Cultural Heritage (Social and Cultural Components)

စီမံကိန်းအတွင်းနှင့်အနီးအနားတွင်ယဉ်ကျေးမှုဆိုင်ရာ၊လူမှုရေးဆိုင်ရာအဆောက်အဦများမရှိပါ။

Population and Communities

အင်းယားကျေးရွာအုပ်စုတွင်သည်ပြင်ဦးလွင်မြို့နယ်အတွင်းရှိကျေးရွာအုပ်စု၃၇အုပ်စုတွင်ပါဝင်ပြီးကျေးရွာပေါင်း၃ရွာရှိပါသည်။ အုပ်စုအတွင်းအိမ်ခြေ၅၁၈အိမ်ရှိပြီးလူဦးရေစုစုပေါင်း၂၂၈၃ဦးရှိပါသည်။ဒေသအတွင်းဗမာ၊ ရှမ်း၊ပအိုဝ်၊ကရင်စသည်တို့အပြင်တရုတ်မြန်မာ၊အိန္ဒိယမြန်မာစသည့်အမျိုးနွယ်များ၊ဘာသာပေါင်းစုံများစုပေါင်းနေထိုင်ကြပါသည်။

Health Facilities

စီမံကိန်းအတွင်းကျန်းမာရေးဆိုင်ရာကျေးရွာဆေးပေးခန်းများရှိပါသည်။

စမံကိန်းအနီးဝန်းကျင်တွင်အငးယားကျေးရွာ၊ကျီးကိုင်ကျေးရွာနှင့်အင်းထိပ်ဦးကျေးရွာတို့ရှိပါသည်။

| စဉ် | ကျေးရွာအမည် | စီမံကိန်းမှအကွာအဝေး | လူမှုစီးပွါးရေး | ပညာရေး | ကျန်းမာရေး |
|---|---|---|---|---|---|
| ၁ | အင်းယားရွာ | ၃မိုင် | တောင်ယာလုပ်ငန်း | မူလွန်ကျောင်း(၁) | ကျေးလက်ဆေးခန်းရှိ |
| ၂ | ကျီးကိုင်ရွာ | ၁မိုင် | တောင်ယာလုပ်ငန်း | မူလွန်ကျောင်း(၁) | ကျေးလက်ဆေးခန်းရှိ |
| ၃ | အင်းထိပ်ဦးကျေးရွာ | ၁မိုင် | တောင်ယာလုပ်ငန်း | မူလွန်ကျောင်း(၁) | ကျေးလက်ဆေးခန်းရှိ |

လူမှုရေးဆိုင်ရာ။ Social

ဒေသခံရာသားများအများစုသည်လိမ္မော်၊ပြောင်းနှင့်အခြားသောရာသီသီးနှံများကိုစိုက်ပျိုးကြပါသည်။



CamScanner

Type of Business

| စဉ် | ကျေးရွာအမည် | Agriculture | Groceries | Livestocks | | | | | Transport | | | | | Remarks |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | Buffello | Cow | Pig | Chicken | Chicken (Genetic) | Car | Bike | Bul; Cart | Trawlerge | Bicycle | Distance from project site |
| 1 | အင်းယား | 50 | 10 | 15 | 150 | 30 | 758 | - | 20 | 105 | 43 | 9 | 58 | 1 mile |
| 2 | ကျီးကိုင် | 50 | 5 | 30 | 100 | 10 | 520 | 500 | 17 | 80 | 50 | 3 | 33 | 1mile |
| 3 | အင်ထိပ်ဦး | 5 | 23 | 15 | 100 | 10 | 450 | - | 7 | 60 | 17 | 2 | 22 | 1.5 mile |
| | စုစုပေါင်း | 105 | 38 | 60 | 350 | 50 | 1728 | 500 | 32 | 245 | 110 | 14 | 113 | |

ပညာရေး။

အင်းယားကျေးရွာအုပ်စုတွင်မူလတန်းကျောင်း ၂ကျောင်း၊တွဲဘက်အလယ်တန်းကျောင်း၁ကျောင်းနှင့်ဘုန်းတော်ကြီးသင်ကျောင်း၃ ကျောင်းရှိပါသည်။

| စဉ် | ကျေးရွာအမည် | ကျောင်း | | | | Remarks |
|---|---|---|---|---|---|---|
| | | Primary | Joint Middle | Teacher (M) | Teacher (F) | |
| 1 | အင်းယား | - | 1 | 2 | 4 | |
| 2 | ကျီးကိုင် | 1 | - | 15 | 30 | |
| 3 | အင်ထိပ်ဦး | 1 | - | - | 3 | |
| | စုစုပေါင်း | 2 | 1 | 17 | 37 | |

ဘာသာရေး။

| စဉ် | ကျေးရွာအမည် | ဘုရား | ဇရပ် | သိမ် | မောရုံ | ဘုန်းကြီးကျောင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | | | Senior Monk | Junior Monk | စုစုပေါင်း | |
| 1 | အင်းယား | 1 | 1 | 1 | 1 | 2 | 5 | 7 | |
| 2 | ကျီးကိုင် | 2 | 1 | 1 | 1 | 2 | 3 | 5 | |
| 3 | အင်ထိပ်ဦး | 1 | 1 | 1 | 1 | 2 | 5 | 7 | |
| | စုစုပေါင်း | 4 | 3 | 3 | 3 | 6 | 13 | 19 | |

မူရင်းအချက်အလက်များကိုဒေသဆိုင်ရာအထွေထွေအုပ်ချုပ်ရေးမှူးရုံးမှရရှိပြီးဆက်စပ်အချက်အလက်များကိုနှစ်ပေါက်အချက်အလက်များရရှိနိုင်ရန် ၂၀၁၆မှ ၂၀၁၉ကာလအတွင်းလက်တွေ့ကွင်းဆင်းဆန်းစစ်တိုင်းတာခြင်းများမှရရှိပါသည်။

## ၆.၃ ထိရလွယ်သောပတ်ဝန်းကျင်၊လူမှုဆိုင်ရာအစိပ်အပိုင်းများ၏အသေးစိပ်စာရင်း။

စီမံကိန်းဧရိယာရှိလေထု၊ဆူညံသံနှင့်တုန်ခါမှု၊မြေအရေအသွေးစမ်းသပ်တိုင်းတာရရှိမှုများကိုနောက်ဆက်တွဲတွင်ဖော်ပြထားပါသည်။

လေထုအရေအသွေး။

မော်တော်ယာဉ်နှင့်စက်ကိရိယာများလည်ပတ်လုပ်ကိုင်ခြင်းကြောင့်ဖုန်မှုန့်ဓါတ်ငွေ့၊တောရှင်းခြင်း၊မြေတူးဖော်ခြင်းတိုကြောင့်ဖုန်ထမှုတိုကြောင့်ယာယီလေထုညစ်ညမ်းနိုင်ပါသည်။စီမံကိန်းသည်တောတောင်များအတွင်းရှိပြီးလူနေအိမ်များနှင့်ဝေးကွာစွာတည်ရှိပါသည်။ထုတ်လွှတ်သည့်ကာဗွန်များကိုလည်းအနီးတွင်ရှိသည့်သစ်ပင်များကစုတ်ယူနိုင်ပါသည်။

မြေမျက်နှာပြင်နှင့်မြေဆီလွှာ။
မြင်ဦးလွင်ဒေသသည်မြေပြန့်နှင့်တောင်တန်းများပူးတွဲပါရှိပါသည်။ပင်လယ်ရေပြင်အထက်ပေနှစ်ထောင်ကျော်မှ သုံးထောင်ကျော်ခန့်အတွင်းရှမ်းကုန်းပြင်မြင့်ဒေသတွင်တည်ရှိပါသည်။စီမံကိန်းအတွက်တောရှင်းခြင်း၊ဆက်သွယ်ရေးလမ်းကြောင်းအတွက်မြေညှိခြင်း၊ ဟင်းလင်းဖွင့်တူးဖော် ခြင်းတို့သည်မြေပြင်အနေအထားကိုပြောင်းလဲစေသည့်အဓိကအချက်ဖြစ်ပါသည်။ စီမံကိန်းသည်ရှမ်းကုန်းပြင်မြင့်ဒေသ၊ ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၃၈ ပေခန့်တွင်တည်ရှိပါသည်။

မြေပေါ်ရေ။
စီမံကိန်းဧရိယာအတွင်းမြေပေါ်ရေမရှိပါ။သို့ဖြစ်ပါ၍စီမံကိန်းကြောင့်မြေပေါ်ရေကိုထိခိုက်ရန်မရှိပါ။

မြေအောက်ရေ။
စီမံကိန်းဧရိယာအတွင်းမြေအောက်ရေတူးဖေါ်ခြင်းမရှိပါ။သို့ဖြစ်ပါ၍စီမံကိန်းကြောင့်မြေပေါ်ရေကိုထိခိုက်ရန်မရှိပါ။

ဂေဟစနစ်။
စီမံကိန်းဧရိယာအတွင်းဂေဟစနစ်မှာသဘာဝအတိုင်းတည်ရှိပါသည်။စီမံကိန်းကြောင့်ဂေဟစနစ်အပေါ်ထိခိုက်ရန်မရှိပါ။



CS CamScanner

## ၇. ထိခိုက်မှုများကိုသတ်မှတ်ဖော်ထုတ်ခြင်းနှင့်လျှော့ပါးစေရေးနည်းလမ်းများ။

### ၇.၁ နည်းစနစ်။

ယခုတင်ပြသည့်အစီရင်ခံစာ၏ထိခိုက်မှုဆန်းစစ်ခြင်းနည်းစနစ်သည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့်ဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအပြည်ပြည်ဆိုင်ရာအလေ့အကျင့်ကောင်းများကိုအခြေခံထားပါသည်။
သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာအကြောင်းအချက်များရရှိစေရန်စီမံကိန်းဧရိယာသို့ကွင်းဆင်းစစ်ဆေးတိုင်းတာသည့်နည်းစနစ်ကိုအသုံးပြုပါသည်။

တိုင်းတာသည့်နယ်ပယ်သပ်မှတ်ခြင်း။
နယ်ပယ်သတ်မှတ်ခြင်းကိုစီမံကိန်းဧရိယာနှင့်အနီးပတ်ဝန်းကျင်များ(၃မိုင်ပတ်လည်အတွင်း)ပါရှိပြီးစီမံကိန်းဖော်ဆောင်သူမှတတိယအဖွဲ့အစည်းအဖြစ်တာဝန်ပေးအပ်သည့်နေမှစတင်ပါသည်။
ယခုတင်ပြသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာသည်စီမံကိန်းမစတင်မီ၊ စီမံကိန်းတည်ဆောက်သည့်ကာလနှင့်စီမံကိန်းပြီးစီးသည့်နောက်ပုံမှန်လည်ပတ်သည့်ကာလတို့ အတွက်ပါစီစစ်တင်ပြသွားမည်ဖြစ်ပါသည။
ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရာတွင်အောက်ပါနယ်ပယ်များကိုအဓိကထား၍စစ်ဆေးတိုင်းတာသွားမည်ဖြစ်ပါသည်။

၁. လေထုညစ်ညမ်းမှု။
၂. အသံနှင့်တုန်ခါမှုဆိုင်ရာထိခိုက်နိုင်မှုများ။
၃. စွန့်ပစ်ပစ္စည်းများနှင့်ရေဆိုးရေညစ်များဆိုင်ရာဆန်းစစ်မှု။
၄. အနီးအနားတွင်နေထိုင်သွားလာသည့်သဘာဝတိရိစ္ဆာန်များအပေါ်ထိခိုက်နိုင်မှု။
၅. ဒေသခံများအတွက်သက်ရောက်မှုများ။

ထိခိုက်မှုများလျှော့ချခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်းကိုသီးခြားထပ်မံလုပ်ဆောင်ရမည်ဖြစ်ပါသည်။အဆိုပါအဆင့်တွင်မြေအရေအသွေးနှင့်ရေအရည်အသွေးများကိုဓာတ်ခွဲခန်းသို့တင်ပို့စစ်ဆေးရမည်ဖြစ်ပါသည်။

### ၇.၂ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုများ၊အန္တရာယ်ဖြစ်နိုင်ခြေများကိုသတ်မှတ်ဖေါ်ထုတ်၍ဆန်းစစ်ခြင်း၊လျှော့ပါးစေရေးနည်းလမ်းများနှင့်ကြွင်းကျန်သက်ရောက်မှုများကိုဆုံးဖြတ်ခြင်း။

ယခုတင်ပြသည့်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာသည်စီမံကိန်းကြောင့်ထိခိုက်မှုဖြစ်နိုင်ခြေများကိုဖော်ပြထားခြင်းဖြစ်ပါသည်။ ထိခိုက်မှုဆန်းစစ်သည့်နည်းစနစ်နှင့်ချဉ်းကပ်ပုံတို့သည်အပြည်ပြည်ဆိုင်ရာအလေ့အကျင့်ကောင်းများအပေါ်တွင်အခြေခံမှီငြမ်းထားပါသည်။

(က)ထိခိုက်မှုဆန်းစစ်သည့်နည်းစနစ်နှင့်ချဉ်းကပ်ပုံ။

ထိခိုက်မှုဆန်းစစ်သည့်နည်းစနစ်ကိုအောက်ပါအတိုင်းအပိုင်း၃ပိုင်းခွဲခြားပြီးချဉ်းကပ်ထားပါသည်။

- ရွေးထုတ်ဖော်ပြခြင်း Identification
  လုပ်ဆောင်မည့်အစီအစဉ်နှင့်လုပ်ငန်းစဉ်အဆင့်လိုက်ထိခိုက်နိုင်မှုများကိုရွေးထုတ်ဖော်ပြထားပါသည်။

- ခန့်မှန်းဖော်ပြခြင်း Prediction
  အဓိကထိခိုက်မှု၏မူလသဘာဝ၊ပြင်းအားအဆင့်၊ဆက်လက်တည်ရှိမှုနှင့်အချိန်ကာလများကိုဖော်ပြထားပါသည်။

- တန်ဖိုးဖြတ်သတ်မှတ်ဖော်ပြခြင်း Evaluation
  ထိခိုက်မှုလျော့ချနိုင်သည့်လုပ်ငန်းများလုပ်ဆောင်ပြီးကြွင်းကျန်မည့်ထိခိုက်မှုများကိုဖော်ပြထားပါသည်။

ဆန်းစစ်ခြင်းတို့ကိုရုပ်ပိုင်းဆိုင်ရာနှင့်စနစ်တကျချဉ်းကပ်ခြင်းတို့ဖြင့်လုပ်ဆောင်ပါသည်။ အရေးတကြီးနှင့်လူမှုဆိုင်ရာတို အပေါ်ထင်ရှားသောဖြစ်နိုင်ခြေရှိထိခိုက်မှုများကိုကောက်ယူမှတ်တမ်းတင်ထားပါသည်။

ထိခိုက်မှုဆန်းစစ်ခြင်း။
အဆိုပါထိခိုက်နိုင်မှုများကိုသတ်မှတ်ဖော်ထုတ်ပြီးနောက်၎င်းတို့၏ဖြစ်နိုင်ခြေရှိသောထိခိုက်နိုင်မှုအစွမ်းများကို conventional rating matrix method အသုံးပြု၍သတ်မှတ်ဖော်ထုတ်ပါသည်။ သို့ဖြစ်၍သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာထိခိုက်မှုများကိုအောက်ပါဇယားဖြင့်စစ်ဆေးပြီးလာမည့်အခန်းတွင်ဆုံးဖြတ်ထားပါသည်။

Risk Matrix

| Impact Intensity | Significant at Resource/Receptor | | | |
|---|---|---|---|---|
| | Insignificant | Medium | Significant | Uncertain |
| Catastrophic | High | High | High | Lack of Information |
| Major | Medium | Medium | High | |
| Moderate | Low | Medium | High | |
| Minor | Low | Low | Medium | |
| Insignificant | Low | Low | Low | |

ဖြစ်ပွားနိုင်သည့်အကြိမ်တွက်ချက်မှု။

| | |
|---|---|
| P | အမြဲလိုဖြစ်-တစ်လ၁ကြိမ်နှင့်အထက်၊ |
| Q | မကြာခဏဖြစ်၊-တစ်နှစ်တစ်ကြိမ်မကဖြစ်၊ |
| R | နေရာကွက်မကြာခဏဖြစ်-၁နှစ်မှ၁၀နှစ်ကြားတစ်ကြိမ်ခန့်ဖြစ် |
| S | တစ်ခါတရံဖြစ်-၁၀နှစ်မှနှစ်၁၀၀ကြားတစ်ကြိမ်ခန့်ဖြစ် |
| T | ဖြစ်ရန်ခက်ခဲ-၁၀၀နှစ်အထက်မှတစ်ကြိမ်ခန့်ဖြစ် |

စီမံကိန်းကြောင့်ထိခိုက်ခံရနိုင်သည့်သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွါးအကျိုးသက်ရောက်နိုင်မှုများကိုအောက်ပါအတိုင်း A to D အဆင့် (၄)ဆင့်ခွဲကာဖေါ်ပြထားပါသည်။

•- သိသာသောဆိုးကျိုးသက်ရောက်မှု
•• သိသာသောကောင်းကျိုးသက်ရောက်မှု
ŀ ဆိုးကျိုးသက်ရောက်မှုအနဲငယ်ရှိ
E ကောင်းကျိုးသက်ရောက်မှုအနဲငယ်ရှိ

ဃ        အကျိုးသက်ရောက်မှုမရှင်းလင်းသဖြင့်ထပ်မံလေ့လာသင့်သည်။
အကျိုးသက်ရောက်မှုမရှိ(သို့)မရှိသလောက်ဖြစ်၍ထပ်မံလေ့လာရန်မလိုအပ်။

အစီရင်ခံစာတင်ပြနိုင်ရန်အတွက်လိုအပ်သည့်ထိခိုက်မှုဆန်းစစ်ခြင်းကိုနယ်ပယ်တိုင်းတာခြင်းမှစတင်ပြီးဆန်းစစ်တိုင်းတာမှုများပြုလုပ်သည့်ကာလအတွင်းလက်ကိုင်ပြုသွားမည်ဖြစ်ပါသည်။

ဆန်းစစ်တိုင်းတာမှုအဆင့်များကိုအောက်ပါအတိုင်းစုပေါင်းဖွဲ့စည်းဖော်ပြထားပါသည်။

- ထိခိုက်မှုများရွေးထုတ်ဖော်ပြခြင်း Impact Identification
  စီမံကိန်း၏လုပ်ဆောင်မည့်အစီအစဉ်နှင့်ဆက်စပ်လုပ်ငန်းစဉ်အဆင့်လိုက်အရင်းအမြစ်တို့အပေါ်မည်သည်တို့ကထိခိုက်နိုင်ခြေရှိမှုများကိုရွေးထုတ်ဖော်ပြထားပါသည်။
- ထိခိုက်မှုအပေါ်တန်ဖိုးဖြတ်သတ်မှတ်ဖော်ပြခြင်း Impact Evaluation
  ကြိုတင်ခန့်မှန်းထားသည့်ထိခိုက်မှုအပေါ်၊ယင်း၏သိသာထင်ရှားမှု၊ အဆင့်အတန်း၊ဖြစ်နိုင်ခြေအကြိမ်ပေါင်း၊သက်ရောက်မှုခံရသည့်ရင်းမြစ်စသည်တို့ကိုအခြေခံပြီးထိခိုက်မှုတန်ဖိုးဖြတ်သတ်မှတ်ခြင်းကိုဖော်ပြထားပါသည်။
- ထိခိုက်မှုလျော့ချခြင်းနှင့်ဖွံ့ဖြိုးတိုးတက်မှု။ Mitigation and Enhancement
  အနုတ်သဘောဆောင်ထိခိုက်မှုများကိုလျော့ချပြီးအပေါင်းသဘောဆောင်ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာစေရန်တို့အတွက်သင့်တော်သည့်အဆင်ပြေနိုင်သည့်လုပ်ဆောင်နိုင်မှုများကိုဖော်ပြထားပါသည်။
- ကြွင်းကျန်ထိခိုက်မှုတန်ဖိုးဖြတ်ဖော်ပြခြင်းResidual Impact evaluation:
  ထိရောက်သည့်ထိခိုက်မှုလျော့ချသည့်လုပ်ငန်းစဉ်များနှင့်ဖွံ့ဖြိုးတိုးတက်လာစေမည့်အလုပ်များအပေါ်တန်ဖိုးသတ်မှတ်ဖော်ပြခြင်း။

လုပ်ငန်းစဉ်ကြောင့်ထိခိုက်သက်ရောက်နိုင်မှုများ။

| စဉ် | လုပ်ငန်းစဉ် | ထိခိုက်မှုဖြစ်စေနိုင်သည့်အကြောင်းရင်း | ဖြစ်နိုင်ခြေရှိထိခိုက်မှုများ |
|---|---|---|---|
| ၁ | လုပ်ကွက်ဝင်ထွက်လမ်းဖောက်လုပ်ခြင်း | -စက်ယန္တရားများ<br>-မော်တော်ယာဉ်များ | -မြေဆီလွှာနှင့်အပင်များအပေါ်သက်ရောက်မှု<br>-လေထုအတွင်းအခိုးအငွေ့နှင့်ဖုန်ထမှု |
| ၂ | အဆောက်အဦးနှင့်လုပ်ခွင်ဖိုဆောက်လုပ်ခြင်း | -မြေနေရာရှင်းလင်းခြင်း<br>-စက်ယန္တရားများ<br>-မော်တော်ယာဉ်များ<br>-လုပ်သားများ | -မြေဆီလွှာနှင့်အပင်များအပေါ်သက်ရောက်မှု<br>-လေထုအတွင်းအခိုးအငွေ့နှင့်ဖုန်ထမှု<br>-တစ်ကိုယ်ရေသုံးစွန့်ပစ်အမှိုက်နှင့်စွန့်ပစ်ရည်များထွက်ရှိမှု |
| ၃ | သတ္တုတူးဖော်ခြင်း | -စက်ယန္တရားများ<br>-မြေသယ်ယာဉ်များ၊<br>-မော်တော်ယာဉ်များ | -မြေဆီလွှာနှင့်အပင်များအပေါ်သက်ရောက်မှု<br>-လေထုအတွင်းအခိုးအငွေ့နှင့်ဖုန်ထမှု<br>-ဆူညံမှုတုန်ခါမှု |
| ၄ | သယ်ယူပို့ဆောင်ခြင်း | -စက်ယန္တရားများ<br>-မော်တော်ယာဉ်များ | -အခိုးအငွေ့နှင့်ဖုန်ထမှု၊<br>-ဆူညံမှုတုန်ခါမှု |

ယခုစီမံကိန်းတွင်အောက်ပါထိခိုက်မှုများကိုအဓိကသတ်မှတ်ထားပါသည်။

၁. လေထုအပေါ်ထိခိုက်မှု(လေညစ်ညမ်းမှု)
၂. သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှု (ရေအရင်းအမြစ်)
၃. အသံနှင့်တုန်ခါမှုကြောင့်ထိခိုက်မှု။



CamScanner

၄. သဘာဝမြေပြင်ပေါ် ထိခိုက်မှု (မြေဆီလွှာ၊မြေနိမ့်ဆင်းမှု)
၅. သက်ရှိမျိုးစိတ်ကွဲများအပေါ် ထိခိုက်မှု။
၆. နေထိုင်သူများ၏ကျန်းမာရေးနှင့်လုံခြုံစိတ်ချရမှု။
၇. အလုပ်အကိုင်အခွင့်အလမ်းများအပေါ် ထိခိုက်မှု။
၈. လုပ်ငန်းခွင်လုံခြုံမှုနှင့်ကျန်းမာရေးအပေါ် ထိခိုက်မှု။
၉. ကန်သတ်နယ်မြေ။
၁၀. ဒေသခံစိုက်ပျိုးရေးလုပ်ငန်းများအပေါ်စီးပွါးရေးဆိုင်ရာပြောင်းလဲစေနိုင်မှု။
၁၁. အထွေထွေစီးပွါးတိုးတက်မှု။
၁၂. ပိုမိုကောင်းမွန်သောသွားလာသယ်ယူပို့ဆောင်ရေး

(ခ)ထိခိုက်မှုများကိုသတ်မှတ်ဖေါ်ထုတ်ခြင်း။

ယခုစီမံကိန်းကြောင့်ဖြစ်ပေါ်နိုင်သည့်ထိခိုက်မှုများကိုယေဘူယျအားဖြင့် ၂ပိုင်းခွဲခြားနိုင်ပါသည်။

၁. စီမံကိန်းတည်ဆောက်မှုကာလဆောက်လုပ်ရေးလုပ်ငန်းစဉ်များကြောင့်ယာယီသို့ မဟုတ်အချိန်တိုအတွင်းထိခိုက်မှုများ။
၂. ရေရှည်သို့ မဟုတ်အမြဲတမ်းလုပ်ငန်းစဉ်များကြောင့်ထိခိုက်နိုင်မှုများ။

(၁)စီမံကိန်းတည်ဆောက်မှုကာလဆောက်လုပ်ရေးလုပ်ငန်းစဉ်များကြောင့်ယာယီသို့ မဟုတ်အချိန်တိုအတွင်းထိခိုက်မှုများ။

ယခုစီမံကိန်းလိုအပ်ချက်အရဖြတ်သန်းသွားလာနေမည့်ယာဉ်များနှင့်ယမ်းခွဲမှုအသံကြောင့်ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများရှိနိုင်ပါသည်။

(၂) ရေရှည်သို မဟုတ်အမြဲတမ်းလုပ်ငန်းစဉ်များကြောင့်ထိခိုက်နိုင်မှုများ။

စီမံကိန်းလုပ်ငန်းစဉ်၏သဘောတရားအရ စွန့်ပစ်ရေဆိုးများသည်တူးဖော်ချိန်တွင် မထွက်ပါ။ထို့ အပြင်မော်တော်ယာဉ်များ၊မီးစက်များ၊လေမှုတ်စက်များ၊မြေတူးစက်များမှ အသံနှင့်တုန်ခါမှုများလည်းဖြစ်ပေါ်နိုင်ကြောင်းတွေ့ ရှိရပါသည်။

လုပ်သားများ၏စားကြွင်းစားကျန်အမှိုက်များ၊ရေအိမ်အသုံးပြုမှုများစသည်တို့ သည်ပတ်ဝန်းကျင်အားထိခိုက်စေနိုင်ပါသည်။

လူမှုစီးပွါးရေးဆိုင်ရာထိခိုက်မှုများဆန်းစစ်ခြင်း။

တိုးတက်လာသောစက်မှုလုပ်ငန်းများ၏လိုအပ်ချက်အရစက်မှုကုန်ကြမ်းများရနိုင်စေရန် MEHL သည်ယခုစီမံကိန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှပ်နှံသည့်ဥပဒေနှင့်အညီနစ်ရှည်စီမံကိန်းဖြင့်အကောင်အထည်ဖေါ်ဆောင်ရွက်မည့်စီမံကိန်းဖြစ်ပါသည်။

၁. လေ့လာသည့်ရည်ရွယ်ချက်။ Objectives of the Study

- စီမံကိန်းအနီးနေထိုင်သူများအတွက်လမှုစီးပွါးရေး၊ယဉ်ကျေးမှုနှင့်နေထိုင်မှုအဆင့်ကွာခြားနိုင်မှုများအပေါ်ထိခိုက်နိုင်သည်တိုကိုလေ့လာရန်။
- ထိခိုက်မှုလျော့ချရေးလုပ်ငန်းစဉ်များကိုပြင်ဆင်ပေးရန်သိုမှသာဒေသခံပြည်သူများအပေါ်ထိခိုက်မှုလျော့ချပေးနိုင်မည်ဖြစ်သည်။

၂. လေ့လာသည့်နယ်ပယ် Scope of the Study

လူမှုရေးဆိုင်ရာထိခိုက်မှုများဆန်းစစ်ခြင်းသည်ဒေသခံများလိုအပ်ချက်များ၊အကြိဉာဏ်များ၊သဘောထားများ၊အရေးကြီးအကြောင်းအရာများစုံလင်စွာပါဝင်လာစေရေး၊နားလည်မှုလွဲမှားခြင်းများဖြေရှင်းပေခြင်းပေါ်တွင်အဓိကအခြေခံထားပါသည်။

လူမှုရေးဆိုင်ရာထိခိုက်မှုများဆန်းစစ်ခြင်းသည်ဒေသခံများ၏လိုအပ်ချက်များ၊အကြံကောင်းများ၊ပြသာနာဖြေရှင်းခြင်းများ၊သတင်းအချက်အလက်များရရှိနိုင်ရန်ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၃. Project Description

ယခုစီမံကိန်းသည်နိုင်ငံတော်အတွက်ဝင်ငွေခွန်တိုးမြှင့်ရှာဖွေပေးသည့်လုပ်ငန်းအမျိုးအစားတွင်ပါဝင်ပြီးသတ္တုတူးဖေါ်ရေးကဏ္ဍသာမကဘဲ၊ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပေါ်အထောက်အကူပြုစီမံကိန်းတစ်ခုဖြစ်ပါသည်။

Size and Details of Land Use,

စီမံကိန်းသည် ၃၄. ၁၂ဧကကျယ်ဝန်းပါသည်။

Road and Traffic System

ပြင်ဦးလွင်မြို့နယ်နှင့်အင်းယားဦးကျေးရွာတို ကိုဆက်သွယ်ပေးမည့်စီမံကိန်းဖြစ်သောကြောင့်လမ်းပမ်းဆက်သွယ်ရေးအဆင်ပြေသည်ကိုတွေ့ရပါသည်။

Solid Waste Management

စွန့်ပစ်အမှိုက်များကိုစနစ်တကျသိမ်းဆည်းရန်လိုအပ်ပါသည်။ 3R စနစ်ကိုအသုံးပြုခြင်းဖြင့်ပတ်ဝန်းကျင်မထိခိုက်ရန်နှင့်ထိခိုက်မှုလျော့ချနိုင်မည်ဖြစ်ပါသည်။

Hazardous Waste

အန္တရာယ်ရှိစွန့်ပစ်အမှိုက်များမရှိပါ။

Electricity

စီမံကိန်းဖော်ဆောင်သည့်အင်းယားဒေသတွင်လျှပ်စစ်မီးရရှိပါသည်။

Social Impact Assessment (SIA)

စီမံကိန်းကြောင့်ထိခိုက်မှုများဆန်းစစ်ခြင်းကိုကွင်းဆင်းတိုင်းတာခြင်းနှင့်ဒေသခံများ၊သက်ဆိုင်သူများနှင့်တွေ့ဆုံမေးမြန်းခြင်းတို့မှရရှိသည့်အချက်အလက်များပေါ်အခြေခံသတ်မှတ်ထားပါသည်။
အသေးစိပ်အဖြစ်အောက်ပါအတိုင်းစုစည်းဖော်ပြအပ်ပါသည်။

၁. ဒေသခံများအပေါ်ထိခိုက်မှု။

စီမံကိန်းဖော်ဆောင်ရန်အတွက်အလုပ်အကိုင်၃၂နေရာခန့်လိုအပ်မည်ဖြစ်ပြီး၊ဒေသခံများကိုသာဦးစားပေးခန့်ထားရန်ရှိပါသည်။စီမကိန်းကာလတွင်လာရောက်လုပ်ကိုင်နေထိုင်သူများကြောင့်ဒေသတွင်လူဦးရေတိုးပွါးလာနိုင်ပါသည်။

၂. လူမှုစီးပွါးရေးအပေါ်ထိခိုက်မှု။

စီမံကိန်းကြောင့်အလုပ်အကိုင်များဖြစ်ထွန်းလာမည်ဖြစ်ပြီး၊ဆက်စပ်တိုးတက်မှုများဖြစ်သောသွားလာရေး၊ကုန်သွယ်ရေး၊ရောင်းဝယ်ဖောက်ကားရေးများတိုးတက်လာနိုင်ပါသည်။သို့ဖြစ်၍အလုပ်အကိုင်များတိုးတက်လာသကဲ့သို့ပိုမိုကောင်းမွန်သောအဆင့်မြင့်အလုပ်အကိုင်အခွင့်အလမ်းများလည်းတိုးတက်လာမည်ဖြစ်ပါသည်။ထိုမှတဆင့်ကုန်သွယ်မှုလုပ်ငန်းများလည်းတိုးတက်လာနိုင်ပါသည်။

၃. လူမှုအသင်းအဖွဲ့များအပေါ်ထိခိုက်မှု။

စီမံကိန်းကြောင့်လူမှုအသင်းအဖွဲ့များအပေါ်ထိခိုက်မှုထက် CSR လုပ်ငန်းများဝိုင်းဝန်းလုပ်ဆောင်ရန်စသည့်အထောက်အကူပြုနိုင်မှုများပိုလာနိုင်ပါသည်။

၄. ယဉ်ကျေးမှုအပေါ်သက်ရောက်မှု။

အလုပ်အကိုင်ပွင့်လင်းလာမှုကြောင့်မူလကလယ်ယာလုပ်ကိုင်နေခြင်းမှစက်မှုလုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်လာနိုင်ခြင်းကြောင့်လုပ်ခလစာရသည့်ဝန်ထမ်းများဖြစ်လာပြီးမူလနေထိုင်မှုစနစ်နှင့်မတူဘဲပြောင်းလဲလာနိုင်ပါသည်။စီမံကိန်းကြောင့်လာရောက်နေထိုင်သူများနှင့်၎င်းတို့၏ပြုမူနေထိုင်မှုများသည်ဒေသခံများအပေါ်သက်ရောက်မှုရှိနိုင်သဖြင့်မိမိတို့၏နေထိုင်မှုများနှင့်ယဉ်ကျေးမှုအပေါ်သက်ရောက်မှုမရှိ စေရန်အသိဖြင့်သာတားနိုင်မည်ဖြစ်ပါသည်။

၅. ကျား/မဆိုင်ရာသက်ရောက်မှု။

ယခုစီမံကိန်းကြောင့်ကျား/မဆိုင်ရာခွဲခြားခံရနိုင်မှုများမဖြစ်ပေါ်နိုင်ပါ။မူလကထက်ပင်ပိုမိုအခွင့်အလမ်းများပေါ်ပေါက်လာနိုင်ပါသည်။

- ထိခိုက်မှုများရွေးထုတ်ဖော်ပြခြင်း Impact Identification

စီမံကိန်းနှင့်ဆက်စပ်လုပ်ငန်းစဉ်များကြောင့်ထိခိုက်နိုင်ခြေရှိမှုများကိုရွေးထုတ်ဖော်ပြခြင်းသည်သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှုဖြစ်နိုင်ချေမည်သို့ရှိသည်ကိုဆုံးဖြတ်နိုင်ရန်အတွက်မဖြစ်မနေလိုအပ်ပါသည်။

Table 12 The Summary of Scoping on Environmental & Social Impact Assessment

| အမျိုးအစား | အချက်အလက် | Scoping Results | | ထိခိုက်မှု |
|---|---|---|---|---|
| | | Before/During Construction (BC/DC) | Operation Stage(OS) | |
| ညစ်ညမ်းမှု | လေအရည်အသွေး | B- | B- | BM: ဆောက်လုပ်ရေးလုပ်ငန်းများမှထွက်ရှိသော ဖုန်မှုန့်၊သဲမှုန့် များသည်ပတ်ဝန်းကျင်နေရာများသို့ပြန့်လွင့်ပြီးညစ်ညမ်းမှုဖြစ်နိုင်ပါသည်။<br>OS: လေထုညစ်ညမ်းမှုသည်ကုန်ထုတ်ယာဉ်အမျိုးအစားနှင့်အစီးရေပေါ်တွင်မူတည်နေမည်ဖြစ်ပါသည်။ |

| | | | | |
|---|---|---|---|---|
| | ရေအရည်အသွေး | D | D | BM: ထိခိုက်မှုမရှိနိုင်ပါ။<br>OS: ထိခိုက်မှုမရှိနိုင်ပါ။ |
| | စွန့်ပစ်အမှိုက် | D | D | BM: တည်ဆောက်မှုကာလအညစ်အကြေးများ အနည်းငယ်ထွက်နိုင်ပါသည်။<br>OS:ပတ်ဝန်းကျင်ကိုထိခိုက်နိုင်သည့်အညစ်အကြေးများထွက်ရန်မရှိကြောင်း၊လုပ်ငန်းစဉ်အရသိရှိရသည့်အပြင်စနစ်တကျစီမံခန့်ခွဲမှုကြောင့်ထိခိုက်မှုသက်သာစေနိုင်ပါသည်။ |
| | မြေဆီလွှာ<br>Soil Contamination | D | D | BM: ထိခိုက်နိုင်မှုမရှိပါ။<br>OS: စီမံကိန်းကြောင့်လုပ်ကွက်ပြင်ပမြေဆီလွှာများကို ထိခိုက်နိုင်ခြင်းမရှိပါ။ |
| | အသံနှင့်တုန်ခါမှု | B- | B- | BM:ထုတ်လုပ်မှုဆိုင်ရာ စက်ယန္တယားများကြောင့် အသံဆူညမှုများအနည်းငယ်ဖြစ်ပေါ်စေနိုင်ပါသည်။<br>OS: ဖြတ်သန်းသွားလာသည့်မော်တော်ယာဉ်များကြောင့်အသံဆူညံမှုသည်မူလထက်ပိုနိုင်ပါသည်။ |
| | မြေနိမ့်ကျဆင်းမှု | D | D | BM: OS: မြေတူးခြင်းကြောင့်ထိခိုက်နိုင်ပါသည်။ |
| | Offensive Odor | D | D | BM: အနံ့ ဆိုးများမရှိနိုင်ပါ။<br>OS: ပုံမှန်မော်တော်ယာဉ်များဖြတ်သန်းသွားသည့် အခါမီးခိုးအနံ့ ဆိုးများဖြစ်ပေါ်နိုင်ပါသည်။ |
| | Bottom Sediment | D | D | BM: OS: ထိခိုက်မှုမရှိနိုင်ပါ။ |
| သဘာဝပတ်ဝန်းကျင် | ကန့်သတ်ဇရိယာ | D | D | BM:စီမံကိန်းသည်ကာကွယ်ထိန်းသိမ်းထားသောကြိုးဝိုင်းသစ်တောတွင်းတည်ရှိပါသည်။<br>OS:ထင်းကြိုးဝိုင်းဇရိယာအတွင်းတည်ရှိပါသည်။ |
| | အပင်/သတ္တဝါ/ဂေဟစနစ် | C | C | စီမံကိန်းသည်မူလက(စိုက်ပျိုးမြေ၊သဘာဝမြေလွတ်မြေရှင်း၊သစ်တောမြေ)ဖြစ်သောကြောင့်အဆိုပါဒေသတွင်မှီခိုနေထိုင်သည့်တိရိစ္ဆာန်နှင့်အပင် များကိုပူးတွဲပါမှတ်တမ်းများအရမှတ်တမ်းတင်နိုင်ပါသည်။<br>စီမံကိန်းကြောင့်အနီးပတ်ဝန်းကျင်ဂေဟစနစ်ကိုထိခိုက်နိုင်ရန်မရှိပါ။ |
| | ဇလဗေဒ | B- | B- | BM:မြေအောက်ရေအပေါ်ထိခိုက်နိုင်မှုမရှိနိုင်ပါ။<br>OS:ယခုစီမံကိန်းသည်မြေအောက်ရေထုတ်ယူသုံးစွဲခြင်းမရှိပါ။ |
| | Topography and geology | B- | B- | ဘောက်ဆိုက်တူးဖော်ထုတ်ယူခြင်းဖြစ်သောကြောင့်ဒေသ၏သယံဇာတလျော့ပါးသွားသော်လည်းမြေ ပေါ် ဟင်းလင်းဖွင့်တူးဖော်သည့်စနစ်ကြောင့်ဒေသ၏ဘူမိအနေအထားကိုပြောင်းလဲမှုမရှိနိုင်ပါ။ |
| လူမှုရေးဆိုင် | ပြောင်းရွှေ့နေ | D | D | စီမံကိန်းကြောင့်မူလနေထိုင်သူများအတွက်ပြောင်းရွှေ့ |



CS CamScanner

| | | | | |
|---|---|---|---|---|
| ရာ ပတ်ဝန်းကျင် | ရာချထားမှု | | | နေရာချထားမှုများမရှိပါ။ စီမံကိန်းအနီးတွင်နေထိုင်သူများနှင့်တွေ့ဆုံဆွေးနွေးမှုရလဒ်အရစီမံကိန်းအပေါ်ထောက်ခံမှုများရရှိခဲ့ပါသည်။ |
| | Misdistribution of benefit and damage | C | C | |
| | Local conflit of interests | D | D | |
| | ကျား/မ | D | D | |
| | ကလေးသူငယ်အခွင့်အရေး | D | D | |
| | Ethnic minorities and indigenous peoples | D | D | |
| | ဆင်းရဲမှု | A+ | A+ | BM and OS.စီမံကိန်းအနီးနေထိုင်သူများအတွက်စီးပွါးရေးနှင့်အ လုပ်အကိုင်များပိုမိုဖြစ်ထွန်းလာမှုကြောင့်ဆင်းရမှုလျော့နဲပပျောက်သွားနိုင်ပါသည်။ တနည်းအားဖြင့် OS နှင့် MC ကာလအလုပ်အကိုင်အခွင့်အလမ်း များဖြစ်ပေါ်လာခြင်းကြောင ကောင်းကျိုးများရရှိနိုင်ပါသည်။ |
| | လူနေမှုနှင့်သက်မွေးဝမ်းကြောင်းမှု | A+ | A+ | BM:OS: ဒေသစီးပွါးရေးနှင့်အလုပ်အကိုင်များပိုမိုတိုးတက်ဖွံ့ဖြိုးမှုတို အပေါ်အကောင်းဘက်မှအကျိုးသက်ရောက်မှုများရှိလာနိုင်ပါသည်။ |
| | လက်ရှိလူမှုအဆောက်အဦနှင့်ဝန်ဆောင်မှုများ | B+ | B+ | BM: ဆောက်လုပ်ရေးသုံးမော်တော်ယာဉ်များကြောင့်လမ်းပမ်း ဆက်သွယ်မှုနှင့်ယာဉ်သွားလာမှုများအပေါ်သက်ရောက်မှုရှိနိုင်သကဲ့သို့ သေချာစွာစနစ်တကျ လုပ်ကိုင်ရန်လိုပါသည်။<br>OS: ကျောက်သယ်သည့်ကားများပိုမိုလာမည်ဖြစ်ပါသည်။ |
| | ရေသုံးစွဲမှု | D | D | BM: OS: လုပ်ငန်းတွင်ရေသုံးစွဲမှုမရှိပါ။ |
| | ယဉ်ကျေးမှုအမွေအနှစ် | C | C | စီမံကိန်းတည်ဆောက်သည်နေရာတွင်မူလကလူနေထိုင်မှုမရှိသောကြောင့်ယဉ်ကျေးမှုဆိုင်ရာအဆောက်အဦးများမရှိပါ။ |
| | မြေမျက်နှာသွင်ပြင် | C | C | စီမံကိန်းမူလနေရာသည်ဖြစ်ပြီးစနစ်တကျစီမံကိန်းဖေါ်ထုတ်မှုကြောင့်မြေပြင်အနေအထားပိုမိုကောင်းမွန်လာနိုင်သည်။ |
| | AIDS/HIV ကဲ့သို့သောကူးစက်ရောဂါများကူးစက်နိုင်ခြေ | B- | B- | ပတ်ဝန်းကျင်နှင့်မြေအနေအထားများပိုမိုကောင်းမွန်လာနိုင်သော်လည်း တိုးတက်လာမည့် လူဦးရေကြောင့်ကူးစက်ရောဂါများပိုမိုလာနိုင်သည့်အလားအလာရှိပါသည်။ |
| | လုပ်ငန်းခွင်အ | B- | B- | BM: OS:MC: စီမံကိန်းအဆင့်ဆင့်တိုင်းအတွက်လုပ်ငန်း |



CamScanner

| | | | | |
|---|---|---|---|---|
| | မြေအနေ (လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု ) | | | ခွင်ထိခိုက်မှုဘေးရှိနိုင်ပါသည်။ |
| အခြား | မတော်တဆထိခိုက်မှု | B- | B- | BM:OS:MC: စီမံကိန်းကာလအတွင်းမတော်တဆထိခိုက်မှုများရှိနိုင်ပါသည်။ |
| | ကမ္ဘာပူနွေးမှု | B- | B- | BM:OS:MC:တူးဖော်ရေးဆိုင်ရာစက်များ၊မော်တော်ယာဉ်များကြောင့်လေထုညစ်ညမ်းမှုဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုပိုမိုဖြစ်ပေါ်လာနိုင်ပါသည်။ |

(c)Determination of significance of those impacts
(ဂ)ဖော်ထုတ်ထားသောထိခိုက်မှုများ၏သိသာထင်ရှားမှုကိုသတ်မှတ်ခြင်း။
Table 1A The Summary of Environmental and Social Impacts

| အမျိုးအစား | အချက်အလက် | Scoping Results | | Assessment Result | | ထိခိုက်မှုများ Impacts<br>BM; Before Mining,<br>OS: Operating Stage,<br>MC:Mine Closure Stage |
|---|---|---|---|---|---|---|
| | | Before Mining (BM) | Operation Stage(OS) | Before Minng (BM) | Operation Stage(OS) | |
| ညစ်ညမ်းမှု | လေအရည်အသွေး | B- | B- | B- | B- | BM: ဆောက်လုပ်ရေးလုပ်ငန်းများမှထွက်ရှိသောဖုန်မှုန့်၊သဲမှုန့် များသည်ပတ်ဝန်းကျင်နေရာများသို့ပြန် လွင့်ပြီးညစ်ညမ်းမှုဖြစ်နိုင်ပါသည်။<br>OS: လေထုညစ်ညမ်းမှုသည်ကုန်များတင်ဆောင်လာမည့်ယာဉ်အမျိုးအစားနှင့်အစီးရေပေါ်တွင်မူတည်နေမည်ဖြစ်ပါသည်။အဆိုပါသတ္တုတွင်းကိုလာရောက်သည့်မော်တော်ယာဉ်များသာမက ဘဲ၊စီမံကိန်းကြောင့်ဖြစ်ပေါ်လာသည့်လမ်းသစ်ကိုအသုံးပြုသည့်အနီးအနားကျေးရွာများမှမော်တော်ယာဉ်အစီးရေပိုမိုလာသည့်အတွက်လေထုညစ်ညမ်းမှုပိုလာနိုင်ပါသည်။<br>MC: မြေညှိသည့်လုပ်ငန်းကြောင့်လေထုညစ်ညမ်းနိုင်ပါသည်။ |
| | ရေအရည်အသွေး | B- | B- | B- | D | BM: ထိခိုက်မှုမရှိနိုင်ပါ။<br>OS: ထိခိုက်မှုမရှိနိုင်ပါ။<br>MC: ရေအရည်အသွေးပေါ်ထိခိုက်မှုမရှိနိုင်ပါ။ |
| | | B- | B- | B- | D | BM: တည်ဆောက်မှုကာလအညစ်အကြေးများအ |

| | | | | | | |
|---|---|---|---|---|---|---|
| | စွန့်ပစ်အမှိုက် | | | | | နည်းငယ်ထွက်နိုင်ပါသည်။<br>OS:ပတ်ဝန်းကျင်ကိုထိခိုက်နိုင်သည့်အညစ်အကြေးများထွက်ရန်မရှိကြောင်း၊လုပ်ငန်းစဉ်အရသိရှိရသည့်အပြင်စနစ်တကျစီမံခန့်ခွဲမှုကြောင့်ထိခိုက်မှုသက်သာစေနိုင်ပါသည်။<br>MC: စွန့်ပစ်အမှိုက်မရှိနိုင်ပါ။ |
| | မြေဆီလွှာ | D | D | D | D | BM: ထိခိုက်နိုင်မှုမရှိပါ။<br>OS: စီမံကိန်းကြောင့်လုပ်ကွက်ပြင်ပမြေဆီလွှာများကိုထိခိုက်နိုင်ခြင်းမရှိပါ။<br>MC: မထိခိုက်နိုင်ပါ။ |
| | အသံနှင့်တုန်ခါမှု | B- | B- | B- | B- | BM:ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးပြီးဖြစ်၍ထုတ်လုပ်မှုဆိုင်ရာစက်ယန္တယားများကြောင့်အသံဆူညံမှုများအနည်းငယ်ဖြစ်ပေါ်စေနိုင်ပါသည်။<br>OS: ဖြတ်သန်းသွားလာသည့်မော်တော်ယာဉ်များကြောင့်အသံဆူညံမှုသည်မူလထက်ပိုနိုင်ပါသည်။<br>MC: တုန်ခါမှုမရှိနိုင်ပါ၊မြေညှိစက်ကြောင့်အသံဆူနိုင်ပါသည်။ |
| | မြေနိမ့်ကျဆင်းမှု | B- | B- | B- | D | BM:မြေတူးခြင်းကြောင့်ထိခိုက်နိုင်ပါသည်။<br>OS: ထိခိုက်နိုင်မှုမရှိပါ။<br>MC: မထိခိုက်နိုင်ပါ။ |
| | Offensive Odor | D | D | D | C | BM: အနံ့ ဆိုးများမရှိနိုင်ပါ။<br>OS: ပုံမှန်မော်တော်ယာဉ်များဖြတ်သန်းသွားသည့်အခါမီးခိုးအနံ့ ဆိုး များဖြစ်ပေါ်နိုင်ပါသည်။<br>MC: ထိခိုက်နိုင်မှုမရှိနိုင်ပါ။ |
| | Bottom Sediment | D | D | D | D | BM:ထိခိုက်မှုမရှိနိုင်ပါ။<br>OS: ထိခိုက်မှုမရှိနိုင်ပါ။<br>MC: ထိခိုက်နိုင်မှုမရှိနိုင်ပါ။ |
| သဘာဝပတ်ဝန်း ကျင် | ကန့်သတ်ဧရိယာ | D | D | D | D | BM:စီမံကိန်းသည်ကာကွယ်ထိန်းသိမ်းထားသောကြိုးဝိုင်းသစ်တော တွင်းတည်ရှိပါသည်။<br>OS:ကန့်သတ်ဧရိယာဖြစ်ပါသည်။<br>MC: သစ်တောဦးစီးဌာနသို့ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ထိခိုက်နိုင်မှုမရှိနိုင်ပါ။ |
| | အပင်/သတ္တဝါ/ဂေဟစနစ် | D | D | D | D | စီမံကိန်းသည်မူလက(စိုက်ပျိုးမြေ၊သဘာဝမြေလွတ်မြေရှိင်း၊သစ်တောမြေ)ဖြစ်သောကြောင့်အဆိုပါဒေသတွင်မှီခိုနေထိုင်သည့်တိရိစ္ဆာန်နှင့်အပင်များကိုပူးတွဲပါမှတ်တမ်းများအရမှတ်တမ်းတင်နိုင်ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | စီမံကိန်းကြောင့်အနီးပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်နိုင်ရန်မရှိပါ။ |
| | ဇလဗေဒ | D | D | D | D | BM:မြေအောက်ရေအပေါ် ထိခိုက်နိုင်မှုမရှိနိုင်ပါ။ OS:ယခုစီမံကိန်းသည်မြေအောက်ရေထုတ်ယူသုံးစွဲခြင်းမရှိပါ။ |
| | Topography and geology | B- | B- | D | D | ဘောက်ဆိုက်တူးဖော်ထုတ်ယူခြင်းဖြစ်သောကြောင့်ဒေသ၏သယံဇာတလျော့ပါးသွားသော်လည်းမြေပေါ်ဟင်းလင်းဖွင့်တူးဖော်သည့်စနစ်ကြောင့်ဒေသ၏ဘူမိအနေအထားကိုပြောင်းလဲမှုမရှိနိုင်ပါ။ |
| လူမှုရေးဆိုင်ရာ ပတ်ဝန်းကျင် | ပြောင်းရွှေ့နေရာချ ထားမှု | D | D | D | D | စီမံကိန်းကြောင့်မူလနေထိုင်သူများအတွက်ပြောင်းရွှေ့နေရာချထားမှု များမရှိပါ။ စမံကိန်းအနီးတွင်နေထိုင်သူများနှင့်တွေ့ ဆုံဆွေးနွေးမှုရလဒ်အရစီမံကိန်းအပေါ် ထောက်ခံမှုများရရှိခဲ့ပါသည်။ |
| | Misdistribution of benefit and damage | C | C | C | C | |
| | Local conflit of interests | D | D | D | D | |
| | ကျား/မ | D | D | D | D | |
| | ယလေးသူငယ်အခွင့်အရေး | D | D | D | D | |
| | Ethnic minorities and indigenous peoples | D | D | D | D | |
| | ဆင်းရဲမှု | A+ | A+ | A+ | A+ | BM and OS.စီမံကိန်းအနီးနေထိုင်သူများအတွက်စီးပွါးရေးနှင့်အ လုပ်အကိုင်များပိုမိုဖြစ်ထွန်းလာမှုကြောင့်ဆင်းရဲမှုလျော့နဲပပျောက် သွားနိုင်ပါသည်။တနည်းအားဖြင့် OS နှင့် MC ကာလအလုပ်အကိုင်အခွင့်အလမ်း များဖြစ်ပေါ်လာခြင်းကြောင့်ကောင်းကျိုးများရရှိနိုင်ပါသည်။ |
| | လူနေမှုနှင့်သက်မွေးဝမ်းကြောင်းမှု | D | D | D | D | BM:OS: ဒေသစီးပွါးရေးနှင့်အလုပ်အကိုင်များပိုမိုတိုးတက်ဖွံ့ဖြိုးမှုတို့ အပေါ် အကောင်းဘက်မှအကျိုးသက်ရောက်မှုများရှိလာနိုင်ပါသည်။ |
| | လက်ရလူမှုအဆောက်အဦနှင့်ဝန်ဆောင်မှုများ | D | D | B- | B- | BM: ဆောက်လုပ်ရေးသုံးမော်တော်ယာဉ်များကြောင့်လမ်းပမ်း ဆက်သွယ်မှုနှင့်ယာဉ်သွားလာမှုများအပေါ် သက်ရောက်မှုရှိနိုင်သကဲ့သို့ သေချာစွာစနစ်တကျလုပ်ကိုင်ရန်လိုပါသည်။ OS: ကျောက်သယ်သည့်ကားများပိုမိုလာမည်ဖြစ်ပါသည်။ |
| | ရေသုံးစွဲမှု | D | D | D | D | BM: OS: လုပ်ငန်းတွင်ရေသုံးစွဲမှုမရှိပါ။ဝန်ထမ်းများအတွက်သောက်သုံးရေနှင့်လမ်းရေဖြန်းမှုအ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | တွက်လိုအပ်သည့်ရေကိုဒေသခံများထံမှဝယ်ယူသုံးစွဲပါသည်။ |
| | ယဉ်ကျေးမှုအမွေအနှစ် | C | C | D | B+ | စီမံကိန်းတည်ဆောက်သည့်နေရာတွင်မူလကလူနေထိုင်မှုမရှိသော ကြောင့်ယဉ်ကျေးမှုဆိုင်ရာအဆောက်အဦးများမရှိသည့်အပြင်၊စီမံကိန်း၏အနီးအနားတွင်ရှိသောယဉ်ကျေးမှုဆိုင်ရာအဆောက်အဦးများကိုယခုစီမံကိန်းကြောင့်လုံးဝထိခိုက်နိုင်မှုများမရှိပါ။ တိုးတက်လာသည့်နေထိုင်သူများနှင့်စီမံကိန်းမှလျှာထားချက်ဖြစ်သောလူမှုရေးရံပုံငွေများကြောင့် ပင်ကောင်းကျိုးသက်ရောက်မှုအချို့ ရှိလာနိုင်ပါသည်။ |
| | မြေမျက်နှာသွင်ပြင် | C | C | B+ | B+ | စီမံကိန်းတည်ဆောက်သည့်မူလနေရာသည်ဖြစ်ပြီးစနစ်တကျစီမံကိန်းဖော်ထုတ်မှုကြောင့်မြေပြင်အနေအထားပိုမိုကောင်းမွန်လာနိုင်သည်။ |
| | AIDS/HIV ကဲ့သို့သောရောဂါများကူးစက်နိုင်ခြေ | B- | B- | B- | B- | ပတ်ဝန်းကျင်နှင့်မြေအနေအထားများပိုမိုကောင်းမွန်လာနိုင်သော်လည်းတိုးတက်လာမည့်လူဦးရေကြောင့်ကူးစက်ရောဂါများပိုမိုလာနိုင်သည့်အလားအလာရှိသဖြင့်အထူးဂရုစိုက်ရမည်ဖြစ်ပါသည်။ |
| | လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု | B- | B- | B- | B- | BM: OS:MC: စီမံကိန်းအဆင့်ဆင့်တိုင်းအတွက်လုပ်ငန်းခွင်ထိခိုက်မှုဘေးကင်းရှင်းစေရန်အစဉ်ဂရုစိုက်ရမည်ဖြစ်ပါသည်။ |
| အခြား | မတော်တဆထိခိုက်မှု | B- | B- | B- | B- | BM: စီမံကိန်းကာလအတွင်းမတော်တဆထိခိုက်မှုများမဖြစ်စေ ရန်အထူးဂရုပြုရမည်ဖြစ်ပါသည်။<br>OS: စီမံကိန်းကာလတစ်လျှောက်လုံးထိခိုက်မှုအန္တရာယ်ကိုအထူးအ လေးထားရမည်ဖြစ်ပါသည်။<br>MC: စီမံကိန်းပြီးဆုံးသည့်ကာလမြေညှိခြင်းလုပ်ငန်းများတွင်အထူး ဂရုပြုရမည်ဖြစ်ပါသည်း |
| | ကမ္ဘာပူနွေးမှု | B- | B- | B- | B- | BM:ဆောက်လုပ်ရေးဆိုင်ရာစက်များ၊မော်တော်ယာဉ်များကြောင့်လေထုညစ်ညမ်းမှုပိုမိုဖြစ်ပေါ်လာနိုင်ပါသည်။<br>OS: ပုံမှန်အချိန်တွင်အသုံးပြုမည့်မော်တော်ယာဉ်များသွားလာမှု၊စက် များလည်ပတ်မှုများကြောင့်ဖန်လုံအိမ်ဓာတ်ငွေ့ များထုတ်လွှတ်မှုတိုးပွါးလာနိုင်ပါသည်။<br>MC: ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုအစဉ်ဂရုပြုရမည်။ |

Risk Matrix

| Impact Intensity | Significant at Resource/Receptor | | | |
|---|---|---|---|---|
| | Insignificant | Medium | Significant | Uncertain |
| Catastrophic | High | High | High | Lack of Information |
| Major | Medium | Medium | High | |
| Moderate | Low | Medium | High | |
| Minor | Low | Low | Medium | |
| Insignificant | Low | Low | Low | |

ဖြစ်ပွါးနိုင်သည့်အကြိမ်တွက်ချက်မှု။

| | |
|---|---|
| P | အမြဲလိုဖြစ်-တစ်လ၁ကြိမ်နှင့်အထက်၊ |
| Q | မကြာခဏဖြစ်၊-တစ်နှစ်တစ်ကြိမ်မကဖြစ်၊ |
| R | နေရာကွက်မကြာခဏဖြစ်-၁နှစ်မှ၁၀နှစ်ကြားတစ်ကြိမ်ခန့်ဖြစ် |
| S | တစ်ခါတရံဖြစ်-၁၀နှစ်မှနှစ်၁၀၀ကြားတစ်ကြိမ်ခန့်ဖြစ် |
| T | ဖြစ်ရန်ခက်ခဲ-၁၀၀နှစ်အထက်မှတစ်ကြိမ်ခန့်ဖြစ် |

ဆန်းစစ်ရရှိမှု။

| ထိခိုက်မှု | အရွယ်အစား | ဖြစ်ပွါးနိုင်သည့်အကြိမ် |
|---|---|---|
| ဆူညံသံ | Low | P |
| ရေဆိုးစွန့်ထုတ်မှု | Low | R |
| မြေထုညစ်ညမ်းမှု | Low | T |
| ရေထုညစ်ညမ်းစေမှု | Nil | T |

Table 13 ထိခိုက်မှုများနှင့်အဆင့်သတ်မှတ်ချက်ပေါင်းချုပ်။ (The Summary of Impacts & Ratings to this project)

| Impact | Rating Significance |
|---|---|
| 1. လေထုအပေါ်ထိခိုက်မ (Pollution) | Low |
| 2. ရေထုအပေါ်ထိခိုက်မ (Water Resources) | Low |
| 3. အသံနှင့်တုန်ခါမှုကြောင့်ထိခိုက်မ Noise and Vibration | Low |
| 4. မြေအပေါ်ထိခိုက်မ (Soil contamination, Ground Subsidence) | Low |
| 5. သက်ရှိမျိုးကွဲများအပေါ်ထိခိုက်မ Biodiversity | Low |
| 6. လူထုကျန်းမာရေးနှင့်လုံခြုံရေးအပေါ်ထိခိုက်မ Community Safety and Health | Low but A+ |
| 7. အလုပ်အကိုင်ပွင့်လင်းမှုအပေါ်ထိခိုက်မ Job Opportunity | A+ |
| 8. လုပ်ငန်းခွင်လုံခြုံမှုနှင့်ကျန်းမာရေးအပေါ်ထိခိုက်မ Occupational Safety and Health | Low but A+ |
| 9. Restriction of Access | A+ |
| 10. Economic Displacement of local Agriculturists | A+ |
| 11. General Economic Development | A+ |
| 12. Better Transportation | A+ |



CamScanner

(d)Mitigation Measures

(ယ)ထိခိုက်မှုများကိုလျှော့ပါးစေရေးနည်းလမ်းများ။

ကြိုတင်မျှော်မှန်းထားသည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့်လျော့ကျရေးအတိုင်းအတာ။

သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာဆန်းစစ်တိုင်းတာသည့်ကာလတလျောက်တွေ့ရှိချက်များကိုစီမံကိန်းဖော်ဆောင်သည့်ကာလပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလုပ်ဆောင်ရန်အတွက်သတ်မှတ်ချက်များအဖြစ်ရယူမည်ဖြစ်သည်။ ထို့မှတဆင့်မည်သို့လုံလောက်သည့်ထိခိုက်မှုလျော့ချရန်နှင့်ပိုမိုဖွံ့ဖြိုးတိုးတက်ရန်လုပ်ဆောင်နိုင်သည်ကိုတနဖိုးဖြတ်ဖော်ပြနိုင်မည်ဖြစ်သည်။အောက်ပါလျော့ချခြင်းတို့ကိုအဆင့်လိုက်ဆင့်ပွါးအသုံးပြုနိုင်ပါသည်။

- အရင်းအမြစ်ရှောင်လျှားခြင်း။
  (အရေးကြီးနေရာများကိုရှောင်လျှားခြင်း၊လမ်းကြောင်းပြောင်းခြင်း၊အလုပ်ချိန်ပြောင်းခြင်း။)
- လျော့ချခြင်းနည်း။ (ထိန်းချုပ်ကိရယာများတပ်ဆင်ခြင်း)
- အာရုံများသို့ထိရောက်မှုလျော့ချစေခြင်း။ (ခြံစည်းရိုးကာရံခြင်း)
- ပြင်ဆင်ခြင်း(သို့)ကုစားခြင်း
  (မရှောင်လျှားနိုင်သောထိခိုက်မှုများအတွက်ပြင်ဆင်ခြင်း၊ကုစားခြင်းသာလုပ်နိုင်သည်။)
- ပြန်လည်အစားထိုးလုပ်ကိုင်ပေးခြင်း(သို့)ပေးလျော်စေခြင်း။
  (စိုက်ပျိုးရေးအတွက်အစားပေးပြန်လည်စိုက်ပျိုးပေးခြင်း(သို့)လျော်ကြေးငွေပေးခြင်း။

ထိခိုက်မှုလျော့ချခြင်းသည်အဓိကအားဖြင်ဦးစွာဦးစွာပထမထိခိုက်သည့်အရင်းအမြစ်အားထိခိုက်မှုလျော့ကျစေရန်ဆောင်ရွက်ခြင်းသာဖြစ်ပြီးထို့မှတဆင့်လျော့ချသည့်နည်းလမ်းများအသုံးပြုခြင်း၊လျော်ကြေးပေးခြင်းစသည်တို့ကိုလုပ်ဆောင်ပေးရမည်ဖြစ်သည်။

ညစ်ညမ်းစေမှုကိုလျော့ချစေနိုင်သည့်ရွေးချယ်ရန်နည်းလမ်းများ။

Overview of Pollution Reduction Options

| Source | Machine | Type of Option | Reduction Option | Compound Reduction |
|---|---|---|---|---|
| Power Generation | Diesel Generator | Combustion | Air enrichment (30%$O_2$) | $CO_2$,CO,$NO_x$ and NMVOC |
| | | | Oxy fuel firing | $CO_2$,CO, NO and NMVOC |
| | | | Solar PV Panel | $CO_2$,CO, NO and NMVOC |

ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်လျော့ချရန်အစီအစဉ်များဖေါ်ပြချက်။

အဆိုပါစီမံကိန်းပြီးစီး၍ပုံမှန်လည်ပတ်သည့်အခါတွင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုစီးပွါးရေးဆိုင်ရာများအပေါ်ထိခိုက်နိုင်သည့်

၁. အသံပိုင်းဆိုင်ရာနှင့် တုန်ခါမှု
၂. စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးရေညစ်များဆိုင်ရာ
၃. အနီးအနားတွင်ရှင်သန်သွားလာနေထိုင်သည့် သဘာဝတိရိစ္ဆာန်များအားထိခိုက်ခြင်း။



CS CamScanner

၄. လုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ

စသည်တို့ကိုအဓိကထား၍ဆန်းစစ်မှုများကိုလုပ်ကိုင်ခဲ့ပြီးအောက်ပါအတိုင်းလျှော့ချနိုင်သည့်အစီအစဉ်များကိုတွေ့ရှိခဲ့ပါသည်။

**Environmental Base line,**

စီမံကိန်းကြောင့်ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများတွင်အောက်ပါတို့သည်အခြေခံ Environmental Base Line အဖြစ်မှတ်ယူနိုင်ပြီးထိခိုက်မှုလျှော့ချရန်ကိုလည်းပူးတွဲဖော်ပြထားပါသည်။

**Dust Mitigation Plan**

ယခုစီမံကိန်းမစတင်မီကအဆိုပါဒေသတွင်မော်တော်ကားလမ်းများမရှိခဲ့သဖြင့်ယာဉ်များမောင်းနှင်မှုမရှိခဲ့သောကြောင့်ဖုံထမှုများ၊လေထုညစ်ညမ်းမှုများမရှိဟုမှတ်သားရမည်ဖြစ်သော်လည်း Environmental Base Line အဖြစ်ကိန်းကဏန်းများမရရှိနိုင်ပါ။ သို့ရာတွင်အောက်ဖော်ပြပါအကြောင်းအချက်များဖြစ်သည့်

- စီမံကိန်းတည်ဆောက်ရေးကာလတွင်ပို့ဆောင်ရေးမော်တော်ယာဉ်များဝင်ထွက်သွားလာခြင်း။
- တည်ဆောက်ရေးအတွက်အသုံးပြုသည့် စက်ယန္တရားများ၊ စက်များဖြင့်လမ်းအခြေခံအုတ်မြစ်ချလုပ်ငန်းများလုပ်ဆောင်ခြင်း။
- သတ္တုတူးဖော်သည်အခါမြေမှုန့်များကိုလေတိုက်ခတ်ခြင်း၊
- တူးဖော်သည့်မြေကြီးများနှင့်ကုန်တင်ယာဉ်များပေါ်သို့တင်ချမှုများပြုလုပ်ခြင်း၊သယ်ယူပို့ဆောင်ခြင်း။

စသည်တို့ကြောင့်ပတ်ဝန်းကျင်ဒေသများအပေါ်ဖုန်မှုံများဖြစ်ပေါ်စေနိုင်ပါသည်။

ယင်းအတွက်သက်သာလျှော့နည်းစေရန်မော်တော်ယာဉ်များအရှိန်ထန်းမောင်းနှင်ခြင်း။ကုန်ကြမ်းများ တင်/ချ ပြုလုပ်သည့်နေရာတွင်အကာအရံပြုလုပ်ပေးထားခြင်းတို့ဖြင့်ကာကွယ်လျှော့နည်းစေနိုင်ပါသည်။လိုအပ်လျှင်မော်တော်ယာဉ်လမ်းကြောင်း(မြေသားလမ်း)အပေါ်ရေဖြန်းခြင်းဖြင့်ဖုန်ထမှုကိုသက်သာစေနိုင်ပါသည်။

**Noise Mitigation Plan**

၁. အသပိုင်းဆိုင်ရာလျှော့ပါးစေရေးအစီအစဉ်။

စီမံကိန်းတည်ဆောက်ရေးကာလတွင်တည်ဆောက်ရေးအတွက်ရောက်ရှိလာသည့်အလုပ်သမားများ နှင့်စက်ယန္တရားများကြောင့်မူလထက်ဒေသနှင့်ပတ်ဝန်းကျင်အပေါ်အသံဆူညံမများတိုးပွါးလာနိုင်ပါသည်။ ယင်းအတွက်သက်ဆိုင်ရာတည်ဆောက်ရေးအဖွဲ့များမှလည်းတပ်နိုင်သမျှအသံဆူညံမှုမရှိစေရန်ထိန်းသိမ်းလုပ်ကိုင်သည်ကိုတွေ့ရှိရပါသည်။ တည်ဆောက်မှုများကိုနေ့အချိန်တွင်သာပြုလုပ်ပြီးညဂနာရီထက်နောက်ကျစွာလုပ်ကိုင်ခြင်း မှရှောင်လျှားထားပါသည်။တည်ဆောက်မှုများပြီးသည့်အခါအဆိုပါလမ်းပေါ်တွင်ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်များကြောင့်စက်ရုံအလုပ်ရုံ တစ်ခုကဲ့သို့မဟုတ်ဘဲမောတော်ယာဉ်များ၏ထွက်ရှိမည်အသံနှင့်လမ်းတုန်ခါမှုများရှိလာနိုင်သော်လည်းအနီးအနားတွင်နေထိုင်သူများမရှိသောကြောင့်လူတို့အတွက်အနှောင့်အယှက်ပေးမည်မဟုတပါ။



CamScanner

စီမံကိန်းကာလစက်ပစ္စည်းများတပ်ဆင်ခြင်း၊စက်စမ်းသပ်ခြင်း၊ရွှေ့ပြောင်းခြင်း၊စသည်တို့ ကြောင့်ဆူညံသံ နှင့်တုန်ခါသံများဖြစ်ပေါ်မည်ဖြစ်ရာ၊ဆူညံသံလျှော့နည်းစေသောနည်းများကိုအသုံးပြုခြင်း၊ အလုပ်ချိန်နှင့်လမ်းကြောင်းကန့်သတ်ခြင်း၊စီမံကိန်းပတ်လည်တွင်ဆူညံသံကိုခံနိုင်သောသံအကာအကွယ်များအသုံးပြုကာ ယံထားခြင်းစသည်တို့ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းခွင်လုပ်သားများအတွက်နားကြပ်ကိရိယာများတပ်ဆင်စေခြင်းဖြင့်အသံဆူညံမှုကြောင့်ထိခိုက်မှုကိုကာကွယ်နိုင်မည်ဖြစ်သည်။

(အဆိုပါအသံနှင့်ပတ်သက်၍မည်သည့်အသံကြိတ်နှုန်း (db)ကိုလက်ခံကြောင်းစံချိန်စံညွှန်းများထွက်ပေါ်လာသည့်အခါအဆိုပါစံချိန်စံညွှန်းအတိုင်းပြည့်မီအောင်လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။)

| Noise Level Guidelines | | |
|---|---|---|
| | One Hour $L_{Aeq}$ (dBA) | |
| Receptor | Daytime<br>07:00 – 22:00 | Nighttime<br>22:00 – 07:00 |
| Residential; Institutional; Educational | 55 | 45 |
| Industrial: Commercial | 70 | 70 |

**Water and Waste Mitigation Plan**

၂. စွန့် ပစ်ပစ္စည်းနှင့်ရေဆိုးရေညစ်များဆိုင်ရာလျှော့ချမှု။

စီမံကိန်း၏လုပ်ဆောင်မှုလမ်းစဉ်အရ စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးရေညစ်များသည်အောက်ပါအတိုင်းထွက်ရှိနိုင်ကြောင်း Process Flow အရသိရှိနိုင်ပါသည်။

(က)စွန့်ပစ်မြေစာများ၊
(ခ )လုပ်သားများ၏စန့်ပစ်အမှိုက်များနှင့်ရေချိုးခြင်း၊ရေအိမ်များမှထွက်ရှိသောရေဆိုးများ၊

စွန့်ပစ်မြေစာများကိုသတ်မှတ်သည့်နေရာတွင်စွန့်ပစ်စေပြီးစီမံကိန်းအနီးနှင့်လိုအပ်သည့်နေရာများတွင်ချိုင့်ဖို့ခြင်း၊လမ်းခင်းခြင်းတို့ဖြင့်စွန့်ပစ်မြေစာများကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့ကျစေရန်စီစဉ်ထားပါသည်။

ပုံမှန်အားဖြင့်ဘောက်ဆိုက်ကျောက်များကိုဟင်းလင်းဖွင့်စနစ်အသုံးပြုထုတ်လုပ်သော်လည်း Backhole ဖြင့်ခြစ်ထုတ်လိုက်သည့်အခါကျောက်သားများသည်ကြွင်းစုမြေနီများသည်အောက်တွင်ကျန်ခဲ့ပြီးကျောက်သားများသာပေါ်လာပါသည်။ပေါ်လာသည့်ကျောက်တုံးများကိုကောက်ယူလိုကခြင်းဖြင့်ကြွင်းစုမြေနီများသည်အဆိုပါနေရာတွင်သာကျန်ခဲ့သောကြောင့်မြေစာပုံသီးခြားပြုလုပ်ရန်မလိုသောကြောင့်အမှန်တကယ်မြေစာပုံမရှိသကဲ့သို့မြေပြန်ဖို့ပြီးသကဲ့သို့လည်းဖြစ်စေပါသည်။



CamScanner

သို့ဖြစ်ပါသဖြင့်မြေစာပုံသီးသန့်မရှိသောကြောင့်မြေစာပုံမှစီးဆင်းရေမဖြစ်ပေါ်ပါ။ မိုးရွာသည့်အခါအဆိုပါတူးဖော်သည့်တွင်းမှမြေအောက်သို့စိမ့်ဝင်ပြီးအနီးအနားသို့အနည်းငယ်သာစီးဆင်းနိုင်ပါသည်။ အနီးစပ်ဆုံးတွင်တည်ရှိသောငှမိုင်အကွာချောင်းတွင်းသို့စီးဝင်ရန်မရှိပါ။

သို့ဖြစ်၍အခြားသောဘေးထွက်ဆိုးကျိုးများမပေးနိုင်ပါ။

တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းသုံးမော်တော်ယာဉ်များနှင့်လုပ်သားများ၏တစ်ကိုယ်ရေသုံးစွဲမှုများကြောင့်လေထု၊အမှိုက်၊စွန့်ပစ်ရေဆိုးနှင့်ညစ်ညမ်းမှုများထွက်ရှိမည်ကိုငှင်း၊မီးလောင်မှုမဖြစ်စေရန်တို့ကိုငှင်းအပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်ကိုက်ညီသည့်စံနစ်များအတိုင်းပတ်ဝန်းကျင်ထိခိုက်မှုများမဖြစ်စေရန်လုပ်ဆောင်ထားပါသည်။

UMEHL သည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအားအကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင်ဒေသခံများနှင့်အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃. အနီးအနားတွင်ရှင်သန်သွားလာနေထိုင်သည့် သဘာဝတိရိစ္ဆာန်များအားထိခိုက်ခြင်း။

**Flora & Fauna Mitigation Plan**

စီမံကိန်းတည်ဆောက်သည့်မြေနေရာသည်မြေလွတ်မြေရိုင်းများဖြစ်ပြီး၊သတ္တုရှာဖွေတူးဖော်ခြင်းကြောင့်မူလရှိသည့်တောတောင်များ၊အပင်များသဘာဝပေါက်ပင်များကိုတပ်နိုင်သမျှရှောင်လျှားလုပ်ကိုင်ခြင်းဖြင့်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်စီစဉ်ဆောင်ရွက်ထားရှိပါသည်။အဆိုပါလုပ်ကွက်ဖော်ထုတ်မှုကြောင့်အနီးအနားတွင်မှီခိုနေထိုင်ကြသောဇီဝမျိုးစုံမျိုးကွဲများအပေါ်ယေဘူယျအားဖြင့်ထိခိုက်မှုမရှိနိုင်သော်လည်းစီမံကိန်း၏အသံများကြောင့်နေရာပြောင်းရွှေ့မှုများရှိနိုင်ပါသည်။ မူလကရှိခဲ့သည့်အရိပ်ရအပင်များကိုလည်းတတနိုင်သမျှမူလအတိုင်းထားရှိသွားမည်ဖြစ်ပါသည်။

စီမံကိန်းတည်ဆောက်ပြီးသည့်အခါတွင်မြေပြုပြင်ခြင်းနှင့်စိမ်းလမ်းစိုပြေစေရန်ရည်ရွယ်ချက်ဖြင့်မြေပိုများတွင်အရိပ်ရအပင်များကိုစိုက်ပျိုးသွားမည်ဖြစ်ပါသည်။

၄. လုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝန်ထမ်းများ၏လုပ်ငန်းခွင်လုံခြုံရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ။

အဆိုပါစီမံကိန်းတွင်အထွေထွေမန်နေဂျာအပါအဝင် စီမံခန့်ခွဲရေးဝန်ထမ်း၊ ကျွမ်းကျင်ဝန်ထမ်းများပါဝင်သောလုပ်သားဦးရေစုစုပေါင်း (၃၂) ဦးခန့်လိုအပ်မည်ဖြစ်၍ဒေသခံနှင့်တကွပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပွင့်လင်းလာမည်ဖြစ်ပါသည်။ အဆိုပါဝန်ထမ်းအင်အားခန့်ထားမှုတွင်လည်းဒေသခံများကိုဦးစားပေးခန့်ထားမည်ဟုသိရှိရပါသည်။

သာမန်အားဖြင့်လုပ်ငန်းသဘောသဘာဝအရကြီးမားသောစက်ရုံအလုပ်ရုံများကဲ့သို့လုပ်ခွင်အန္တရာယ်ကြီးမားမှု မရှိနိုင်ပါ။

သို့ရာတွင်အသေးအမွှားမှအစကြီးမားသောထိခိုက်မှုအန္တရာယ်များမဖြစ်စေရန်ပညာပေးမှုများအခါအားလျော်စွာပြုလုပ်ပေးသွားမည်ဖြစပါသည်။

အဆိုပါစီမံကိန်း၏လုပ်ငန်းမှထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများအား 3R စနစ်ဖြင့် အမှိုက်များအားလျှော့နည်းသည်ထက်လျှော့နည်းအောင်လျှော့ချသည့်နည်းလမ်းများဖြစ်သည် (Reduce) ၊ စွန့်ပစ်လိုက်သည့်အမှိုက်များမှစွန့်ပစ်ပစ္စည်း

အချို့ကိုပြန်လည်အသုံးပြုသည့်နည်းလမ်း Reuse ၊စွန့်ပစ်လိုက်သည့်ပစ္စည်းကိုမူလပုံစံအတိုင်းသို့မဟုတ်နောက်ထပ်ပစ္စည်းတမျိုးပြန်လည်ပြုပြင်ထုတ်လုပ်အသုံးပြုသောနည်းလမ်း Recycle များအသုံးပြု၍နေ ထွက်ရှိသောအမှိုက်ပမာဏလျော့နည်းစေရေးအတွက်စီမံချက်များကိုရေးဆွဲနိုင်ရန်အတွက်သက်ဆိုင်ရာအထူးပြုကုမ္ပဏီများသို့ဆက်သွယ်လေ့လာခြင်း၊ နည်းပညာများကိုအမြဲလေ့လာခြင်းများပြုလုပ်သွားမည်ဖြစ်သကဲ့သို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှပေးပို့ လာမည့်နည်းပညာများ၊လမ်းညွှန်ချက်များကိုလည်းတိကျစွာလိုက်နာနိုင်ရန်စီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်ပါသည်။

စီမံကိန်းစတင်သည့်အချိန်မှစ၍ Recycling ပြုလုပ်နိုင်သောအမှိုက်များကိုစံနစ်တကျစွန့်ပစ်စေခြင်း၊ သန့်ရှင်းရေးဝန်ထမ်းများကိုလည်းမိမိတို့သိမ်းဆည်းလာသည့်အမှိုက်များအားစုပေါင်းအမှိုက်စခန်းတွင်သီးခြားစွာစွန့် ပစ်စေပြီးအနံ့များမထွက်စေရန်စနစ်တကျသိမ်းဆည်းစေမည်ဖြစ်ပါသည်။

၅၂စီမံကိန်းကြောင့်မူလလမ်းမရှိသည်ဒေသတွင်လုပ်ငန်းလိုအပ်ချက်အရလမ်းဖောက်လုပ်ရပါသည်။အဆိုပါစီမံကိန်းလမ်းကြောင့်၊မူလကရှိသည့်လမ်းပမ်းဆက်သွယ်မှုဆိုင်ရာအပေါ်ထိခိုက်မှုမရှိဘဲပိုမိုကောင်းမွန်လာသည့်အခြေအနေသို့ရရှိပါသည်။သို့ဖြစ်ပါ၍ယခုစီမံကိန်းသည်ဆက်သွယ်မှုလမ်းကြောင်းအပေါ်ထိခိုက်မှုမရှိဘဲပိုမို၍သာကောင်းကျိုးပြုသောစီမံကိန်းဖြစ်ပါသည်။

လူမှုပတ်ဝန်းကျင်၊

စီမံကိန်းဆောင်ရွက်မှုကြောင့်ဒေသခံကျေးရွာသူ/သားတို့၏လူမှုရေး၊စီးပွါးရေးနှင့်ကျန်းမာရေးတို့အပေါ်ထိခိုက်နိုင်မှုများနှင့်လျော့နည်းစေရေးဆောင်ရွက်မည့်အစီအစဉ်များအသေးစိပ်။

ယခုစီမံကိန်းအကောငအထည်ဖော်သည့် ပြင်ဦးလွင်မြို့နယ်အငးယားကျေးရွာအုပ်စုတွင်နေထိုင်ကြသည့်ဒေသခံကျေးရွာသူ/သားများသည်မူလကတောင်ယာစိုက်ပျိုးရေးကိုသာအဓိကထားလုပ်ကိုင်ရသော်လည်းယခုစီမံကိန်းကြောင့်အလုပ်အကိုင်များပွင့်လင်းလာပြီးဝင်ငွေတိုးတက်ရရှိလာပါသည်။

စီမံကိန်း၏လိုအပ်ချက်အရသတ္တုရှာဖွေခြင်း၊စက်ယန္တရားများသယ်ယူပို့ဆောင်ခြင်း၊ထွက်ရှိလာသည့် သတ္တုရိုင်းများသယ်ပို့ရန်စသည်တို့အတွက်လိုအပ်သည့်လမ်းများဖေါက်လုပ်ခြင်းကိုမဖြစ်မနေလုပ်ဆောင်ရပါ သည်။

မူလကမြေသားလမ်းကိုရာသီမရွေးသွားလာနိုင်သည့်ကျောက်ချောလမ်းဖြစ်စေရန်ကျောက်ခင်းပေးခြင်းကိုဆောင်ရွက်ထားပါသည။

အဆိုပါလမ်းသည်စီမံကိန်းအတွက်သာမဟုပ်ဘဲဒေသခံများအတွက်အသုံးပြုနိုင်သောလမ်းဖြစ်သောကြောင့်မည်သို့ဆိုစေကျေးရွာသူကျေးရွာသားများအတွက်အလိုအလျောက်ဖြစ်ပေါ်လာသောလမ်းဖြစ်ပေသည်။
အဆိုပါလမ်းကြောင့်ပင်ကျေးရွာသူ/သားများအတွက်လူမှုရေးအတွက်သော်လည်းကောင်း၊မိမိတိုတောင်ယာထွက်သီးနှံများသယ်ယူရောင်းချနိုင်သည့်စီးပွါးရေးအတွက်သော်လည်းကောင်း၊နေထိုင်မကောင်း၍ဆေးကုရန်လိုအပ်သည့်အခါအသုံးပြုနိုင်သည့်ကျန်းမာရေးအတွက်သော်လည်းကောင်းဘက်စုံမှအကျိုးပြုသည့်ဆက်သွယ်ရေးလမ်းတစ်ခုဖြစ်သောကြောင့်ယခုစီမံကိန်းသည်ဒေသခံကျေးရွာသူ/သားများအတွက်လူမှုပတ်ဝန်းကျင်ပိုမိုကောင်းမွန်လာစေသောစီမံကိန်းတစ်ခုဖြစ်ပါသည်။



CS CamScanner

ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာများဖြစ်သည့်ထိခိုက်မှုများ၊လျော့ချမှုများ၊တာဝန်ရှိသူများနှင့်အကြိုစီမံကိန်း၊ပုံမှန်လုပ်ဆောင်ကာလတို့ကိုအောက်ပါဇယားဖြင့်စုစည်းဖော်ပြထားပါသည်။

ထိခိုက်မှုလျော့ချသည့်အစီအစဉ် (ပုံမှန်တူးဖော်ထုတ်လုပ်စဉ်ကာလ)

Table (2) Summary of Mitigation

| အမျိုးအစား | အချက်အလက် | Mitigation and Consideration Measures in Operation Phase | Responsibility |
|---|---|---|---|
| ညစ်ညမ်းမှု | လေအရည်အသွေး | - စီမံကိန်းအတွင်းယဉ်သွားလာမှုများအရှိန်ထိန်းသိမ်းရန်၊<br>-လုပ်သားများချက်ပြုပ်မှုများကြောင့်လေထုညစ်ညမ်းမှုကိုမဖြစ်စေရန်၊ | Workers |
| | ရေ အရည်အသွေး | -Septic tank တပ်ဆင်ခြင်းကြောင့်ထိခိုက်မှုမဖြစ်နိုင်ပါ၊ | Developer |
| | စွန့်ပစ်ပစ္စည်း | -3Rs.စနစ်ကိုလုပ်သားများအားလိုက်နာစေပြီးနေ့စဉ်သုံးပစ္စည်းများလျော့ချနိုင်သည်၊ | Developer |
| | Soil Contamination | - စက်ဆီ၊ချောဆီများမြေပေါ်သို့ဖိတ်စဉ်မှုများမဖြစ်ပေါ်စေရန် | All |
| | အသံနှင့်တုန်ခါမှု | မော်တော်ယာဉ်များအရှိန်ထိန်းမောင်းနှင်စေခြင်း၊<br>နေ့အချိန်သာအလုပ်လုပ်စေပြီးညအချိန်ရပ်နားစေခြင်း၊ | Developer |
| | Ground Subsidence | - ရေသုံးစွဲမှုမရှိသော်လည်းမလမြေအောက်ရေ၏အနေအထားကိုမထိခိုက်စေရန်အတွက်အသုံးစွဲမှုကိုထိမ်းသိမ်းရန်အတွက်သုံးရေချွေတာသုံးစွဲခြင်း၊ | Developer |
| | Offensive Odor | - လုပ်သားများကအနေ့ာင့်အယှက်ပြုအနံ့များမဖြစ်ပေါ်စေရန်စည်းကမ်းတင်းကြပ်ထားရမည်၊ | Developer |
| | Bottom Sediment | - စီမံကိန်းမှထွက်ရှိသောအညစ်အကြေးများသည်အမျိုးသားစံချိန်မီစွန့်ပစ်ရန်လိုအပ်ပါသည်၊ | Developer |
| သဘာဝပတ်ဝန်းကျင် | အပင်၊သတ္တဝါနှင့်မျိုးပွါးကွဲပြားမှု | - သစ်ပင်များမလိုအပ်ဘဲမခုတ်ရန်နှင့်ထိန်းသိမ်းစောင့်ရှောက်ရန်၊<br>-နေရာလွတ်များတွင်(သို့)ပန်းအိုးများဖြင့်အပင်များစိုက်ပျိုးရန်၊မျက်ခင်းများပြုလုပ်ရန်၊ | Developer |
| | ဇလဗေဒအခြေအနေ | - သင့်တော်သည့်ရေကန်ပြုလုပ်ပြီးမိုးရေစုဆောင်းပြီးအပင်ရေလောင်းခြင်းဖြင့်ရေသုံးမှုလျော့ချနိုင်သည်၊ | Developer |
| လူမှုပတ်ဝန်းကျင် | နေထိုင်မှုနှင့်အသက်မွေးမှု | Septic tank system ကိုအသုံးပြုခြင်းဖြင့်ရေဆိုး၏အရည်အသွေးထိန်းသိမ်းနိုင်ပါသည်၊<br>Livelihood ကိုထိခိုက်နိုင်ခြင်းမရှိပါ၊ | Developer |
| | ရေသုံးစွဲမှု | ရေအသုံးချမှုအစဉ်ထိန်းသိမ်းရန်လိုအပ်သည် | Developer |
| | လက်ရှိလူမှုအဆောက်အအုံနှင့်သွားလာမှု | မူလရှိပြီးလမ်းများမထိခိုက်စေရန်နှင့်ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ရန်လိုပါသည်၊ | Developer |
| | AIDS/HIV ကဲ့သို့သောအန္တရာယ်(သို့)ကူးစက်ရောဂါများ | - ရောဂါများကူးစက်မှုမရှိစေရန်ကာကွယ်ခြင်း၊ပညာပေးခြင်းအားဖြင့်ထိန်းချုပ်နိုင်ပါသည် | Developer |
| | လုပ်ခွင်အခြေအနေ (လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု) | - လုပ်သားများလုပ်ခွင်ကျန်းမာရေး Occupational Health and Safety (OHS) ကိုအစဉလုပ်ဆောင်ပေးခြင်း | Developer |
| အခြား | မတော်တဆထိခိုက်မှု | - စီမံကိန်းအတွင်းအပြင်တို့၌မတော်တဆထိခိုက်မှုများမဖြစ်စေရန်စီစဉ်ထားရမည်၊ | Developer |
| | ကမ္ဘာပူနွေးမှု | - စီမံကိန်းကြောင့် GHGs emission လျော့ချရန် | Developer |

စီမံကိန်းအနီးပတ်ဝန်းကျင်အားသန့်ရှင်းရေးလုပ်ငန်းများအစဉ်မပြတ်ဆောင်ရွက်ခြင်း၊ရေနုတ်မြောင်းများမှအနံ့အသက်များမရှိအောင်နှင့်ရေစီးရေလာကောင်းမွန်အောင်ပြုပြင်ခြင်းလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်ခြင်းဖြင့်လည်း ပတ်ဝန်းကျင်ထိခိုက်မှုများကိုလျော့ပါးစေနိုင်ပါသည်။

စီမံကိန်းဆောက်အဦးတို့မှထွက်ရှိလာသောရေဆိုးရေညစ်များကိုပတ်ဝန်းကျင်သို့မရောက်စေရန် Septic Tank တပ်ဆင်အသုံးပြုခြင်းနှင့်နေ့စဉ်ထွက်ရှိလာသောအမှိုက်သရိုက်များ၊စားကြွင်းစားကျန်များကိုပလတ်စတစ်အိတ်များတွင်ထည့်ပြီးစနစ်တကျစွန့်ပစ်နိုင်ရန်အမှိုက်ပုံးများစီစဉ်ထားရှိပေးခြင်းတို့ဖြင့်လည်းပတ်ဝန်းကျင်ထိခိုက်မှုများကိုလျော့ပါးစေရန်စီစဉ်ထားနိုင်ပါသည်။

(င)ကြွင်းကျန်သက်ရောက်မှုများကိုသတ်မှတ်ခြင်း။
ယခုစီမံကိန်းသည်ခဲသတ္တုတူးဖော်ထုတ်လုပ်ခြင်းဖြစ်ပြီးမြေပေါ်ဟင်းလင်းဖွင့် (Stripping ) စနစ်ကိုအသုံးပြုတူးဖော်ခြင်းဖြစ်သောကြောင့်ဎင်းစီမံကိန်းမှစွန့်ထုတ်အရည်များမရှိသောကြောင့်ဎင်းကြွင်းကျန်သက်ရောက်မှုများမရှိပါ။ဟင်းလင်းဖွင့်နည်းစနစ်ကြောင့်တူးဖော်ပြီးသောနေရာများတွင်လိုအပ်ပါကမြေညှိခြင်း၊မြေဖို့ခြင်းများလုပ်နိုင်ပါသည်။

Impact on Transportation

စီမံကိန်းကြောင့်မူလမရှိသောဆက်သွယ်ရေးလမ်းကြောင်းများဖြစ်ပေါ်လာခြင်းနှင့်ရှိပြီးသောမူလလမ်းများကိုလည်းအဆင့်မြှင့်တင်ပေးခြင်း၊ထိန်းသိမ်းပေးခြင်းစသည့်အကျိုးသက်ရောက်မှုများရရှိမည်ဖြစ်ပါသည်။
သို့ရာတွင်စီမံကိန်းကြောင့်ယာဉ်သွားလာမှုများမူလထက်ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။သို့ဖြစ်ပါသဖြင့်အောက်ပါအတိုင်းထိခိုက်မှုလျော့ချရန်နည်းများကိုလိုက်နာရမည်ဖြစ်ပါသည်။

၁. ယာဉ်အန္တရာယ်ကင်းရှင်းစေရန်လိုအပ်သည့်လမ်းနှင့်ဆိုင်သောအမှတ်အသားဆိုင်းဘုတ်များကိုတပ်ဆင်ရမည်။
၂. လမ်းပြုပြင်ထိန်းသိမ်းရေးအစဉ်မပြတ်လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။

## ၈. အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်း

ရည်ရွယ်ချက်။
အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်းသည်သဘာဝဘေးနှင့်စီမံကိန်းအကျိုးဆက်ကြောင့်ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာမတော်တဆမှုကြီးများဖြစ်နိုင်ခြေကိုလေ့လာပြီး၊လျှော့ချခြင်းနှင့်မဖြစ်ပေါ်စေရန်စီမံချက်ထားရှိနိုင်ရန်လုပ်ဆောင်ခြင်းများဖြစ်ပါသည်။

### ၈. ၁ နည်းစနစ်၊

အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ရာတွင်စီမံကိန်းမစတင်မီ၊လုပ်ဆောင်ဆဲနှင့်ပိတ်သိမ်းခြင်းစသည့်အဆင့်တိုင်းအတွက်ဖြစ်ပေါ်နိုင်သောသဘာဝနှင့်သတ္တုတူးဖော်ခြင်းဆိုင်ရာအန္တရာယ်ဖြစ်နိုင်မှုများကိုလေ့လာတင်ပြမည်ဖြစ်ပါသည်။

### ၈. ၂ သဘာဝဘေးအန္တရာယ်နှင့်သတ္တုတူးဖော်ခြင်းစက်မှုဆိုင်ရာအန္တရာယ်များကိုဆနးစစ်ခြင်း

သဘာဝဘေးအန္တရာယ်ဆိုင်ရာများသိရှိနိုင်ရန်မြန်မာနိုင်ငံတွင်ပုံမှန်အားဖြင့်ဖြစ်ပေါ်တတ်သောသဘာဝဘေးအန္တရာယ်များဖြစ်သည့်မိုးကြီးကြီး၊ရေကြီးရေလျှံခြင်း၊လေပြင်းနှင့်ဆိုင်ကလုန်းမုန်တိုင်းများတိုက်ခတ်မှု၊မိုးခေါင်ခြောက်သွေ့ခြင်း၊မြေပြိုခြင်း၊ငလျင်နှင့်စုနာမိကဲ့သို့နောက်ဆက်တွဲအခြေအနေများကိုဆန်းစစ်ရာယခုစီမံကိန်းတည‌ဆောက်လုပ်ကိုင်သည့်ပြင်ဦးလွင်မြို့နယ်တွင်ကြီးမားသောအဆိုပါသဘာဝဘေးများကြုံတွေ့ခဲ့ရခြင်းမရှိပါ။

သတ္တုတူးဖော်ခြင်းစက်မှုဆိုင်ရာအန္တရာယ်များကိုလည်းမဖြစ်ပေါ်စေရန်အစဉ်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိသောကြောင့်ယနေ့အထအောက်ပါသဘာဝဘေးအန္တရာယ်နှင့်သတ္တုတူးဖော်ခြင်းစက်မှုဆိုင်ရာအန္တရာယ်များမဖြစ်ခဲ့ပါ။

၁. ဆည်များကျိုးခြင်း၊
၂. မြေပြိုခြင်းနှင့်လျှောစောင်းများပြိုကျခြင်း၊
၃. မီးလောင်ခြင်း၊ ပေါက်ကွဲခြင်း၊

၄. ဓာတုပစ္စည်းများလျှံထွက်ခြင်း၊ယိုစိမ့်ခြင်း၊
၅. လျှပ်စစ်ဆိုင်ရာပြဿနာများ
၆. စက်မှုပိုင်းဆိုင်ရာပြဿနာများ

၈.၃ အရေးပေါ်အခြေအနေတုန့်ပြန်ရေးစီမံချက်များ

မည်သို့ဆိုစေ သဘာဝဘေးအန္တရာယ်နှင့်သတ္တုတူးဖော်ခြင်းစက်မှုဆိုင်ရာအန္တရာယ်များဖြစ်ပေါ်ခဲ့သော်အဆိုပါအရေးပေါ်အခြေအနေများကိုအမြန်ဆုံးတုန့်ပြန်ဖြေရှင်းရန်လိုအပ်သည့်အတွက်စီမံချက်များကိုအသေးစိပ် EMP (အခန်း၁၂) တွင်ဖေါ်ပြထားပါသည်။

## ၉. ဆက်စပ်သက်ရောက်မှုဆန်းစစ်ခြင်း

စီမံကိန်းဒေသအနီးအခြားသောစီမံကိန်းများနှင့်ဆက်စပ်သက်ရောက်မှုများကိုလည်းအဆိုပါစီမံကိန်းဖော်ဆောင်သူများနှင့်အတူတကွဆက်လက်ဆန်းစစ်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

## ၁၀. ဒေသခံပြည်သူများချိတ်ဆက်ပါဝင်ခြင်းဒေသဖွံ့ဖြိုးရေး။

### ၁၀.၁ နည်းစနစ်

ဒေသခံပြည်သူချိတ်ဆက်ပါဝင်ရန်၊ဒေသဖွံ့ဖြိုးရေးတိုင်ပင်ဆွေးနွေးနိုင်စေရန်တို့အတွက်တွေ့ဆုံပွဲပြုလုပ်ခြင်း၊ရှင်းလင်းတင်ပြခြင်း၊သဘောထားကောက်ခံခြင်းတို့ဖြင့်သင့်တော်သည့်နေရာ၊ဒေသ၊နေရက်၊အချိန်တို့ကိုရွေးချယ်ပြီးရှင်းလင်းတင်ပြသည့်စနစ်ကိုအသုံးပြုပါသည်။

**Stakeholders Meeting ကျင်းပရန်စီစဉ်ဆောင်ရွက်ချက်များ။**

Guidelines and Methodology

Stakeholders Meeting ကျင်းပနိုင်ရန်အတွက် ADB ESifh UNFCC တို့ အတိုင်းစံကိုက်ညီစေရန်အောက်ပါအတိုင်း

(၁) Target ရွေးချယ်ခြင်း။
စီမံကိန်းအနီး၃မိုင်ပတ်လည်မှနေထိုင်သူများကိုအဓိထားရွေးချယ်ထားပါသည်။

(၂) ကျင်းပမည့်နေ့ ရက်ရွေးချယ်ခြင်း။
အဆိုပါစီမံကိန်းသို့ သွားရောက်နိုင်သည့်မိုးလေဝသကောင်းမွန်သောရက်ကိုအဓိကထားရွေးချယ်ပြီး၊
ဒေသခံများပါဝင်ဆွေးနွေးနိုင်မည့်ရက်ကိုလည်းတိုင်ပင်ရွေးချယ်ခဲ့ပါသည်။

(၃) ဖိတ်စာများပေးပို့ခြင်း။
ဖိတ်စာများကိုအနဲဆုံး၂ရက်ခန့်ကြိုတင်ပေးပို့ သကဲ့သို့ တယ်လီဖုန်းမှတဆင့်ကြိုတင်အသိပေးခဲ့ပါသည်။

(၄) ရှင်းလင်းဆွေးနွေးမည့်အချက်များရွေးထုတ်စီစဉ်ခြင်း။
ရှင်းလင်းဆွေးနွေးမည့်အချက်များကိုအောက်ပါအတိုင်းစီစဉ်ခဲ့ပါသည်။

- စီမံကိန်းအပေါ်သက်ဆိုင်သူများအားလုံးနှင့်ဒေသခံများသေချာစွာနားလည်စေရန်ရှင်းလင်းပြောကြားခြင်း။
- စီမံကိန်းဖော်ဆောင်သူဘက်မှလုပ်ငန်းစဉ်အဆင့်ဆင့်နှင့်ပတ်ဝန်းကျင်နှင့်လူမှုစီးပွါးရေးထိခိုက်မှုများအပေါ်ရှင်းလင်းတင်ပြရန်နှင့်အများပြည်သူမှမရှင်းလင်းသည့်အချက်များနှင့်သိရှိလိုသည်များကိုစီစဉ်ဆောင်ရွက်ထားရှိခြင်း။
- မိမိတို့တစ်ဦးချင်း၏စီမံကိန်းအပေါ်ထင်မြင်ယူဆချက်များနှင့်အကြံပြုတင်ပြနိုင်ရန်စီစဉ်ပေးခြင်း။

(၅) တွေ့ဆုံပွဲကျင်းပခြင်း။
သွားလာမှုလွယ်ကူသည့်နေရာ၊အချိန်တို့ဖြစ်စေရန်ရွေးချယ်ကျင်းပခြင်း။
(၆) တွေ့ဆုံပွဲအပေါ်မှတ်တမ်းထုတ်ယူခြင်းတို့ကို စံနစ်တကျလုပ်ဆောင်ခဲ့ပါသည်။

**Public Consultation Meeting သို့ဖိတ်ကြားထားသူနှင့်တက်ရောက်ကြသူများ။**

Public Consultation Meeting သို့ အောက်ပါအတိုင်း အဓိကထား၍ဖိတ်ကြားခဲ့ပါသည်။ (ဖိတ်ကြားစာ၊ ပူးတွဲ)
(က) စီမံကိန်းဒေသအနီးနေထိုင်ကြသူများ၊
(ခ) လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၊
(ဂ) ဒေသအာဏာပိုင်အဖွဲ့အစည်းများ။
(တက်ရောက်သည့်အမည်စာရင်းကိုပူးတွဲတင်ပြထားပါသည်။)

**Public Consultation Meeting ကျင်းပသည့်အခမ်းအနား။**

၁. ပထမအကြိမ်အဖြစ် ၂၀၁၆ခုနှစ်အောက်တိုဘာလ၁၁ရက်နေ့တွင်ပြင်ဦးလွင်မြို့နယ်အဆင့်၊ကျေးရွာအုပ်စုအဆင့်ပါဝင်သောသက်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအပါအဝင်ဒေသခံများနှင့်တွေ့ဆုံမေးမြန်းစစ်တမ်းများကောက်ယူခဲ့ပါသည်။
၂. ဒုတိယအနေဖြင့်၂၀၁၆ခုနှစ်နိုဝင်ဘာလ၁ရက်နေ့တွင်ပြင်ဦးလွင်မြို့နယ်အင်းယားဒေသသို့သွားရောက်ပြီးကျေးရွာတွင်နေထိုင်သူများနှင့်တွေ့ဆုံမေးမြန်း ပြီးပိုမိုလွယ်ကူသောမေးခွန်းများဖြင့်စစ်တမ်းကောက်ယူခြင်း။
၃. တတိယအကြိမ်အဖြစ်အငုနေသို့နမျှ နြန်အညေါ ကို၂၀၁၉ခုနှစ်ဩဂုတ်လ၁၆ရက်နေ့တွင်ပြင်ဦးလွင် မြို့နယ်အင်းယားဒေသတွင်ကျင်းပပြီးသဘောထားများကောက်ခံယူနိုင်ခဲ့ပါသည်။

**Stakeholders Meeting သဘောထားမှတ်ချက်များ။**

Stakeholders Meeting ကျင်းပခဲ့သည့်အစီအစဉ်အသေးစိပ်ဆွေးနွေးတင်ပြမှုများ၊ရှင်းလင်းပြောကြားမှုများနှင့်တက်ရောက်လာကြသူများ၏သဘောထားမှတ်ချက်များတစ်ဦးချင်းစီ၏စစ်တမ်းအဖြေများအပါအဝင်မှတ်တမ်းဓါတ်ပုံများတို့ပြည့်စုံစွာဖော်ပြထားပါသည်။



CamScanner

၁၀.၂ ဒေသခံပြည်သူများချိတ်ဆက်ပါဝင်စေရေးစီမံချက်ရေးဆွဲခြင်း၊

ယခုစီမံကိန်းသည်နိုင်ငံတော်အတွက်သတ္တုကဏ္ဍတိုးတက်မှုအတွက်သော်၎င်း၊ ဒေသခံများအတွက်သော်၎င်း၊ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်သော်၎င်း၊ ဒေသခံများသာမကဘဲယခုတည်ဆောက်မည့်လမ်းကိုအသုံးပြုသူအားလုံးအတွက်အခြေခံစီးပွါးရေးလုပ်ငန်းသာမကလူမှုရေးများပိုမိုထွန်းကားလာစေရန်၎င်း၊ ဒေသဖွံ့ဖြိုးလာစေရန်၎င်း၊ အလုပ်အကိုင်များဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်၎င်း၊ဘက်စုံမှအကျိုးပြုနိုင်သောစီမံကိန်းတစ်ရပ်ဖြစ်သည်ကိုစီမံကိန်းအနီးတွင်နေထိုင်သူများမှကောင်းစွာသဘောပေါက်သည့်အတွက်လမ်းများကိုကိုယ်တိုင်ပါဝင်တည်ဆောက်ကြခြင်းအပါ အဝင်စီမံကိန်းအပေါ်အပြုသဘောဆောင်သောပူးပေါင်းမှုများပါဝင်ကြသည်ကိုတွေ့ရပါသည်။

သတ္တုတူးဖေါ်ရေးကာလတွင်ဒေသခံများအလုပ်အကိုင်များရရှိပြီး၊ တူးဖေါ်ပြီးနောက်သတ္တုသန့်စဉ်သည့်လုပ်ငန်းများလည်ပတ်သည့်အခါတွင်လည်းအလုပ်အကိုင်များရရှိရန်မျှော်လင့်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။

Public Consultation Meeting ကျင်းပခြင်းနှင့်ဆွေးနွေးချက်များကို အခန်း (၄)တွင်အသေးစိပ်ဖေါ်ပြထားပါသည်။

Summary and Suggestion of Public Participation Plans

<u>အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့်သတင်းအချက်အလက်ထုတ်ပြန်ခြင်း။</u>

သက်ဆိုင်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း။

၁. မူလအစီရင်ခံစာမတင်ပြမီကျင်းပခဲ့သည့်အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့်သတင်းအချက်အလက်များထုတ်ပြန်ခြင်း

ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီသည်မြန်မာနိုင်ငံသားပိုင်မြန်မာ့စီးပွါးရေးဦးပိုင်လီမိတက်၊ဆင်မင်းဘီလပ်မြေစက်ရုံလုပ်ငန်းစု၏ မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအနီး၊ မေမြို့ထင်းကြူးဝိုင်းသစ်တောအတွင်းမြေဧရိယာ(၁၈၀)ဧကကျယ်ဝန်းသောလုပ်ကွက်တွင်သံကြွယ်ဘောက်ဆိုဒ်(စက်မှုတွင်းထွက်ကုန်ကြမ်း) ထုတ်လုပ်ခြင်းစီမံကိန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာပတ်ဝန်းကျင်ထိမ်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အခြားသောဆက်စပ်သက်ဆိုင်ရာဥပဒေ၊နည်းဥပဒေများတို့နှင့်အညီအကောင်အထည်ဖေါ်ဆောင်ရွက်သွားမည့်စီမံကိန်းအပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ရည်ညွှန်းချက်များအတိုင်း ကနဦးသဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုရှိ/မရှိ Initial Environmental Examinationကိုလုပ်ဆောင်ခဲ့ပြီးဆက်လက်၍ Stake holders များနှင့်တွေ့ဆုံလေ့လာဆန်းစစ်သည့်လုပ်ငန်းများကိုလုပ်ဆောင်ခဲ့ပါသည်။

စီမံကိန်းအတွက်လေ့လာမှုများပြုလုပ်နိုင်ရန်စီမံကိန်းတည်ရှိရာသို့ အဖွဲ့ဝင်များလိုက်ပါလျက် ၂၀၁၆ခုနှစ်အောက်တိုဘာလ ၁၅ ရက်မှ၂၀ရက်ထိ၊ ၂၀၁၆ခုနှစ်အောက်တိုဘာလ၃၁ရက်မှနိုဝင်ဘာလ ၂ရက်နေ့ထိသွားရောက်တိုင်းတာစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။ အဆိုပါရက်များအတွင်း Environmental Baseline Data မူလသဘာဝပတ်ဝန်းကျင်အချက်အလက်များတိုင်းတာခြင်း၊စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကောင်းကျိုး၊ဆိုးကျိုးများနှင့်သက်ဆိုင်သူများဒေသခံများ၏သဘောထားများကိုလေ့လာစစ်တမ်းကောက်ယူနိုင်ခဲ့ပါသည်။

ယခုစီမံကိန်းအတွက် Stakeholders Meeting ကိုနိုဝင်ဘာလ၁ရက်နေ့တွင်အောက်ပါအစီအစဉ်အတိုင်းကျင်းပခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်၍အဆိုပါတွေ့ဆုံပွဲကျင်းပသွားနိုင်ရန်အတွက်မြန်မာ့စီးပွါးရေးဦးပိုင်လီမိတက်နှင့်ဆင်မင်းဘိလပ်မြေထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှတာဝန်ရှိသူများနှင့်အတူ ၂၀၁၆ ခုနှစ်အောက်တိုဘာလ၃၁ ရက်နေ့တွင်တစ်ကြိမ်နှင့် ၂၀၁၆ခုနှစ်နို ဝင်ဘာလ ၁ရက်နေ့ တွင်တစ်ကြိမ်၊အဓိကသက်ဆိုင်သူများဖြစ်သောပြင်ဦးလွင်မြို့နယ်အတွင်းမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ဒေသခံများနှင့်တွေ့ဆုံပွဲများကျင်းပပြုလုပ်၍ဆွေးနွေးပြီးစစ်တမ်းများကောက်ယူနိုင်ခဲ့ပါသည်။

စီမံကိန်းအပေါ် အများပြည်သူတို့၏သဘောထားများကောက်ယူခဲ့မှုအစီအစဉ်များ။

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁ | ၂၀၁၆အောက်တိုဘာလ၃၁ ရက် | ပြင်ဦးလွင်မြို့နယ်၊ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများနှင့်စီမံကိန်းအပေါ် သဘောထားကောက် ယူခြင်း။ | ပြင်ဦးလွင်မြို့နယ်၊အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ |
| ၂ | ၂၀၁၆ နိုဝင်ဘာလ၁ ရက် | ပြင်ဦးလွင်မြို့ နယ်၊အင်းယားဒေသတွင်နေထိုင်သူများ၊အစိုးရမဟုတ်သောအဖွဲ့ အစည်းများမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများနှင့်စီမံကိန်းအပေါ် သဘောထားကောက်ယူခြင်း။ | ပြင်ဦးလွင်မြို့နယ်၊အင်းယားရွာဦးကျောင်း။ |

အဆိုပါအစီအစဉ်အတိုင်းသဘောထားကောက်ယူမှုများကိုလုပ်ဆောင်ခဲ့ပါသည်။

၎င်းကဲ့သို့ စစ်တမ်းများကောက်ယူရာတွင်လည်းနိုင်ငံတကာစံချိန်များ၊အညွှန်းကိန်းများနှင့်ကိုက်ညီပြီးမြန်မာနိုင်ငံသ ယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာနမှလက်ခံသည့်အတိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်းနှင့် စီမံကိန်း၏အသေးစိပ်အချက်အလက်များကိုလည်းသက်ဆိုင်ရာတာဝန်ရှိသူများမှရှင်းလင်းတင်ပြခဲ့ပါသည်။

သဘောထားကောက်ယူနိုင်ရန်စီမံကိန်းဖေါ်ဆောင်မည့်ဒေသ၏သက်ဆိုင်ရာအင်းယားဒေသသာမကဘဲ၊ စီမံကိန်းဖေါ်ဆောင်နေသည့်အင်းယားကျေးရွာနှင့်ကြီးကိုင်ရွာဒေသတဝိုက်တွင်နေထိုင်သူများကိုအဓိကထား၍တွေ့ဆုံမေးမြန်းသဘောထားကောက်ခံခဲ့သည့်အပြင်၊အဆိုပါဒေသနှင့်အနီးဆုံးရွာဖြစ်သောကျေးရွာနှင့်အနီးအနားတွင်နေထိုင်သူများအပြင်အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊မြို့နယ်အဆင့်ဦးစီးဌာနများ၊မြေယာဦးစီးဌာန၊သစ်တောဦးစီးဌာန ၊လူထုအကျိုးပြုကွန်ယက်၊မြို့နယ်အထောက်အကူပြုကော်မတီ၊ရပ်ကွက်အထောက်အကူပြုကော်မတီ၊မိခင်နှင့်ကလေး၊ ကုမ္ပဏီဝန်ထမ်းများ၊ဈေးသည်များပါဝင်တက်ရောက်ဆွေးနွေးအကြံပြုကြပါသည်။

အများပြည်သူသဘောထားကောက်ခံမှုအစီအစဉ်(၁)

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁ | ၂၀၁၆အောက်တိုဘာလ၃၁ ရက် | ပြင်ဦးလွင်မြို့နယ်၊ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများနှင့်စီမံကိန်းအပေါ် သဘောထားကောက်ယူခြင်း၊ | ပြင်ဦးလွင်မြို့နယ်၊အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ |





စီမံကိန်းအပေါ်ဒေသခံများနှင့်သက်ဆိုင်ရာတို့၏သဘောထားအမြင်များကောက်ယူရရှိနိုင်ရန်အတွက်၂၀၁၆ခုနှစ်အောက်တိုဘာလ၃၁ရက်နေ့တွင်ရန်ကုန်မှပြင်ဦးလွင်မြို့သို့ပထမဆုံးအကြိမ်အဖွဲ့ဝင်၆ဦးပါဝင်သောအဖွဲ့ရောက်ရှိခဲ့ပါသည်။ဒေသ၏ပထဝီနှင့်လူမှုရေးတို့ကိုလေ့လာခဲ့ပြီးနောက်ခရီးစဉ်အတွင်းလုပ်ဆောင်မည့်အစီအစဉ်များကိုတင်ပြခဲ့ပါသည်။သက်ဆိုင်ရာအသီးသီးမှယခုစီမံကန်းသည်အများအတွက်နှင့်တိုင်းပြည်အတွက်အကျိုးပြုမည့်စီမံကိန်းဖြစ်သောကြောင့်ကန့်ကွက်ရန်မရှိပါကြောင်းနှင့်လိုအပ်သည့်အကူအညီများပေးရန်အဆင်သင့်ရှိကြောင်းပြောကြားသွားပါသည်။

အများပြည်သူသဘောထားကောက်ခံမှုအစီအစဉ်(၂)

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၂ | ၂၀၁၆ နိုဝင်ဘာလ၁ ရက် | ပြင်ဦးလွင်မြို့နယ်၊အင်းယားဒေသတွင်နေထိုင်သူများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများနှင့်စီမံကိန်းအပေါ်သဘောထားကောက်ယူခြင်း။ | ပြင်ဦးလွင်မြို့နယ်၊အင်းယားရွာဦးကျောင်း။ |

ဒုတိယအကြိမ်းလူထုအစည်းအဝေးကိုနိုဝင်ဘာလ၁ရက်နေ့တွင်ကျင်းပရန်စီစဉ်ပြီးပြင်ဦးလွင်မြို့နယ်၊အင်းယားကျေးရွာဘုန်းတော်ကြီးကျောင်းတွင်အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲကိုကြိုတင်ဖိတ်ကြားထားခြင်းကိုပြုလုပ်ထားသည့်အပြင်တက်ရောက်လာသူများအားအစည်းအဝေးအကြောင်းနှင့်စစ်တမ်းကောက်ယူမှုအကြောင်းကိုကျေးရွာအုပ်ချုပ်ရေးမှူးကိုယ်စားရာအိမ်မှူးကငြင်း၊စီမံကိန်းဖေါ်ဆောင်မည့်ကုမ္ပဏီ၏တာဝန်ရှိသူနှင့်စစ်တမ်းများကောက်ယူသည့်အဖွဲ့တို့ကဦးစွာရှင်းလင်းတင်ပြပါသည်။

ထို့နောက်စီမံကိန်းအကြောင်းမရှင်းလင်းသည်များနှင့်သိရှိလိုသည်များကိမေးမြန်းရန်အချိန်ပေးသည့်အခါအောက်ပါအတိုင်းမေးမြန်းခြင်းဖြေကြားခြင်းများကိုမှတ်တမ်းတင်အပ်ပါသည်။

ထိုနောက်အစည်းအဝေးသို့တက်ရောက်လာသူများမှမိမိတို့သိရှိလိုသည်များ၊ မရှင်းလင်းသေးသည့်အချက်အလက်များစသည်တိုကို ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ရန်ဖိတ်ခေါ်သည့်အခါရပ်ကွက်တွင်နေထိုင်သူများမှစီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ၊လူမှုစီးပွါးဆိုင်ရာထိခိုက်နိုင်မှုများကိုမေးခွန်းများကိုကိုယ်တိုင်မေးမြန်းပြီးအကြံပြုတင်ပြဆွေးနွေးသွားပါသည်။

အဆိုပါမေးမြန်းမှုများနှင့်ပတ်သက်သည့်အကြောင်းအရာများကိ UMEHL နှင့် Sin Minn Cement Industry Co.,Ltd ၏တာဝန်ရသူမှပြည့်စုံစွာပြန်လည်ဖြေကြားသွားပါသည်။

ဆယ်အိမ်မှူးဦးခင်မောင်မြင့်လုပ်ကိုင်မည့်ဧရိယာကိုသိရှိလိုကြောင်းမေးမြန်းရာသက်ဆိုင်သူမှဖြေကြားရာတွင်မူလကစီမံ
ကိန်းအတွက်ဧက၁၈၀ခွင့်ပြုထားသော်လည်းယခုအခါသစ်တောဦးစီးဌာနကပြန်လည်စိစစ်လျက်ရှိပြီးဧက၅၀ ခန့် သာ
ချပေးလိမ့်မည်ဟုထင်မြင်ကြောင်းနှင့်အမှန်တကယ်တွင်၅ဧကခန့်တွင်သာဘောက်ဆိုဒ်ရှိနိုင်သည်ဟုခန့်မှန်းရပါ
ကြောင်းပြောကြားသွားပါသည်။



ကြီးကိုင်ရွာမှရပ်မိရပ်ဖဦးကျော်ရီကကျေးရွာလမ်းပြုပြင်ပေးနိုင်ပါရန်အကြံပြုဆွေးနွေးသွားပါသည်။
ယခုစီမံကိန်းအတွက်ခွင့်ပြုချက်သည်သတ္တုတူးဖေါ်ရေးအတွက်သာခွင့်ပြုထားပြီးမြေယာပိုင်ဆိုင်ခြင်းမရှိပါကြောင်းသက်
ဆိုင်ရာမှပြန်လည်ဖြေကြားပါသည်။သို့ဖြစ်ပါသဖြင့်စိုက်ပျိုးရေးကိုလုပ်ပိုင်ခွင့်ချမပေးနိုင်ပါကြောင်းလည်းတဆက်တည်း
ဖြေဆိုသွားပါသည်။ဦးထွန်းဝင်းဇော်အားလက်ရှိလုပ်ကိုင်ခွင့်ပေးထားပြီးလိုအပ်လျှင်အထွေထွေမန်နေဂျာ၊ ဆင်မင်းဘိ
လပ်မြေစက်ရုံလုပ်ငန်းစု၊ကျောက်ဆည်မြို့သို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းတင်ပြပါသည်။

စစ်တမ်းများကောက်ယူသည့်ကိစ္စအတွက်ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်၏ဥက္ကဌဦးထွန်းနိုင်
အောင်ကအဆိုပါစစ်တမ်းတွေ့ ရှိချက်အစီရင်ခံစာကိုသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန
သို့တင်ပြအစီရင်ခံပြီးလက်ခံအတည်ပြုပြီးသည့်အခါတွင်သက်ဆိုင်ရာအဖွဲ့ အစည်းများသို့ မိတ္တူပေးပို့ နိုင်ရန်စီစဉ်
ပေးမည်ဖြစ်ပါကြောင်းတင်ပြပါသည်။

အင်းယားရွာမှဦးစန်းလွင်(ရာအိမ်မှူး)ကကျောက်သယ်ကားများသည်လုံခြုံမှုမရှိသဖြင့်လမ်းပေါ်တွင်ဖိတ်စဉ်မှုများရှိသည်
ကိုဂရုပြုဆောင်ရွက်စေလိုကြောင်းအကြံပြုဆွေးနွေးပြီးမိမိတို့ ၏မော်တော်ယာဉ်များကိုလည်းစီမံကိန်းတွင်ခေါ်ယူသုံး
စွဲစေလိုကြောင်းတင်ပြဆွေးနွေးပါသည်။

အင်းယားရွာမှဒေါ်တင်အုံးကကားကြီး(တွဲကား)များအရှိန်ပြင်းစွာမောင်းနှင်မှုကြောင့်အသံဆူညံမှုသာမကဘဲက လေး
ငယ်များနှင့်ဆိုင်ကယ်များအတွက်လမ်းအန္တရာယ်ရှိကြောင်းဆွေးနွေးပြီးယာဉ်မောင်းများအားထိန်းသိမ်းပေးစေလို
ကြောင်းတင်ပြပါသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာသူများအားသဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သောမေးခွန်းများနှင့်လူမှုစီးပွါး
ရေးနှင့်ဆိုင်သောမေးခွန်းများကိုလူတစ်ဦးချင်းစီအားဖြန့် ဝေပေးပါသည်။

အခန်းအနားအစီအစဉ်အရ
ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီဥက္ကဌကစစ်တမ်းကောက်ယူမည့်အစီအစဉ်နှင့်တက်ရောက်လာကြသူ



CamScanner

များသို့ဖြန့်ဝေထားသည့်မေးခွန်းများကိုတစ်ခုချင်းအဓိပ္ပါယ်ကိုရှင်းလင်းတင်ပြပြီးတက်ရောက်လာကြသူတစ်ဦးချင်း ဖြေဆိုနိုင်ကြစေရန်ရှင်းလင်းပြောကြားပါသည်။

မေးခွန်းများကိုရှင်းလင်းပြီးနောက်လွတ်လပ်ပွင့်လင်းစွာအကြံပြုဖြေဆိုနိုင်ကြောင်းကိုလည်းကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌမှပြောကြားပြီးမိမိတို့၏ဆန္ဒသဘောထားဖြေကြားစာပေါ်တွင်အမည်နှင့်လက်မှတ်များကို မရေးမလျှော့ရေးသွင်းရန်လိုအပ်ကြောင်းနှင့်အဆိုပါဆန္ဒသဘောထားဖြေကြားစာပေါ်တွင်အမည်နှင့်လက်မှတ် များမပါရှိပါကပယ်မဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်းဆက်လက်မှာကြားသွားပါသည်။ ထို့နောက်မေးခွန်းများကိုလွတ်လပ်စွာ ဖြေဆိုစေပြီးကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌကကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

တက်ရောက်လာကြသူများထဲမှမေးမြန်းထားသည့်မေးခွန်းများကိုဖြေဆိုရာတင်အောက်ပါအတိုင်းတွေ့ရှိရပါသည်။ အစည်းအဝေးသို့တက်ရောက်သူအများစုမှာဆယ်အိမ်မှူးများရပ်ကွက်မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များအစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့များမှတာဝန်ရှိသူများအပြင်အလွှာပေါင်းစုံပါဝင်သောကြောင့်သက်ဆိုင်သူများအားလုံးနီးပါးတက်ရောက်သည်ဟုယူဆနိုင်ပါသည်။ ဆွေးနွေးပွဲသို့တက်ရောက်ပြီးဖြေဆိုသူ(၄၀ဦး)ရှိပါသည်။ (တက်ရောက်သူများ၏အစည်းအဝေးတက်ရောက်ကြောင်းလက်မှတ်၊မှတ်တမ်းကိုပူးတွဲတင်ပြထားပါသည်။) မေးခွန်းများအလိုက်စစ်တမ်းကောက်ယူမှုဇယား။

| ထောက်ခံသူ | ကန့်ကွက်သူ | ကြားနေသူ |
|---|---|---|
| ၉၅.၀% | ၅.၀% | - |

အထက်ပါစစ်တမ်းများအရဆွေးနွေးပွဲသို့တက်ရောက်နားထောင်ပြီးဖြေဆိုသူ ၁၀၀%တွေ့ရှိရသဖြင့်ယခုစစ်တမ်း ကောက်ယူမှုအရပြည့်ဝအောင်မြင်ပါသည်။

မေးခွန်းချုပ်ကိုဖြေဆိုရာတွင်ထောက်ခံမှု ၉၅% နှင့်ကန့်ကွက်သူ၀%ရှိပြီး၊ကြားနေသူ၅% ရှိသဖြင့်ထောက်ခံမှုပိုမိုရရှိသည်ကိုတွေ့ရှိရသဖြင့် မြန်မာ့စီးပွါးရေးဦးပိုင်လီမိတက်၊ဆင်မင်းဘိလပ်မြေစက်ရုံလုပ်ငန်းစု၏မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအနီး၊ မေမြို့ထင်းကြိုးဝိုင်းသစ်တောအတွင်းမြေဧရိယာ(၁၈၀)ဧကကျယ်ဝန်းသောလုပ်ကွက်တွင်သံကြွယ်ဘောက်ဆိုဒ်(စက်မှုတွင်းထွက်ကုန်ကြမ်း)ထုတ်လုပ်ခြင်းစီမံကိန်းကြောင့်သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုနဲနိုင်သမျှနဲစေရန်နှင့်လျှော့ချသည့်စနစ်ကြောင့်ထိခိုက်မှုနဲပါးနိုင်ကြောင်းနှင့်လူမှုစီးပွါးရေးထိခိုက်ပျက်စီးနိုင်မှုမရှိနိုင်သည့်အပြင်ပိုမိုကောင်းမွန်လာနိုင်ကြောင်းကိုစီမံကိန်းအနီးနေထိုင်သူဒေသခံများသိရှိသဘောပေါက ပြီး စီမံကိန်းအပေါ်ဒေသခံအများစုမှထောက်ခံသည်ကိုတွေ့ရှိရပါသည်။

အချုပ်အားဖြင့်ယခုစီမံကိန်းသည်

၁. ဤဒေသ၏သဘာဝအရင်းအမြစ်များကိုထုတ်ယူခြင်းမှန်သော်လည်းစနစ်တကျထုတ်ယူခြင်း၊နိုင်ငံတော်နှင့်အကျိုးတူထုတ်ယူခြင်း၊ဒေသခံများအတွက်ပါအကျိုးအမြတ်ခွဲဝေသုံးစွဲခြင်းတို့အပြင်သဘာဝပတ်ဝန်းကျင်အားထိခိုက်မလျော့ချသည့်နည်းလမ်းများကိုအသုံးပြုထားခြင်းနှင့်



CamScanner

၂. လူမှုစီးပွါးရေးဆိုင်ရာထိခိုက်နိုင်မှုများမရှိဘဲကောင်းကျိုးများရရှိနိုင်ခြင်း။
၃. စီမံကိန်းကြောင်းမူလလူသွားလမ်းမှအဆင်ပြေ့လမ်းများဖြစ်ပေါ်လာခြင်းစသည်တို့ကိုတွေ့ရှိရပါသည်။
၄. ယခုစီမံကိန်းကြောင့်သာမကဘဲ၊ဖြစ်ပေါ်လာသည့်ဆက်သွယ်ရေးလမ်းကြောင်းတိုးတက်ကောင်းမွန်လာသည့်အတွက်အလုပ်အကိုင်နှင့်စီးပွါးရေးအခွင့်အလမ်းများပွင့်လင်းလာနိုင်သဖြင့်ဒေသဖွံ့ဖြိုးရေးအတွက်သာမကဘဲ၊ နိုင်ငံတော်အတွက်နိုင်ငံခြားဝင်ငွေများတိုးတက်ရရှိလာနိုင်ပြီးဘက်စုံလူမှုစီးပွါးရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ကိုတွေ ရှိရပါသည်။

စီမံကိန်းကြောင့်သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုနဲနိုင်သမျှနဲစေရန်နှင့်လျှော့ချသည့်စနစ်ကြောင့်ထိခိုက်မှုနဲပါးနိုင်ကြောင်းနှင့်လူမှုစီးပွါးရေးထိခိုက်ပျက်စီးနိုင်မှုမရှိနိုင်သည့်အပြင်ပိုမိုကောင်းမွန်လာနိုင်ကြောင်းကိုစီမံကိန်းအနီးနေထိုင်သူဒေသခံများသိရှသဘောပေါက်ပြီးစီမံကိန်းအပေါ်ဒေသခံအများစုမှထောက်ခံသည်ကိုတွေ့ရှိရပါသည်။

Stakeholders Meeting ကျင်းပရန်စီစဉ်ဆောင်ရွက်ချက်များ။
Guidelines and Methodology
Stakeholders Meeting ကျင်းပနိုင်ရန်အတွက် ADB ESifh UNFCC တို့အတိုင်းစံကိုက်ညီစေရန်အောက်ပါအတိုင်း

၁. Target ရွေးချယ်ခြင်း။
၂. ကျင်းပမည့်နေ့ရက်ရွေးချယ်ခြင်း။
၃. ဖိတ်စာများပေးပို့ခြင်း။(ဖိတ်စာပူးတွဲတင်ပြထားပါသည်။)
၄. ရှင်းလင်းဆွေးနွေးမည့်အချက်များရွေးထုတ်စီစဉ်ခြင်း။
၅. တွေ့ဆုံပွဲကျင်းပခြင်း။
၆. တွေ့ဆုံပွဲအပေါ်မှတ်တမ်းထုတ်ယူခြင်းတို့ကိုစံနစ်တကျလုပ်ဆောင်ခဲ့ပါသည်။

Stakeholders Meeting သို့ဖိတ်ကြားထားသူနှင့်တက်ရောက်ကြသူများ။
Stakeholders Meetingသို့ အောက်ပါအတိုင်းအဓိကထား၍ဖိတ်ကြားခဲ့ပါသည်။
(ဖိတ်ကြားစာပူးတွဲတင်ပြထားပါသည်။)

(က) စီမံကိန်းဒေသအနီးနေထိုင်ကြသူများ၊
(ခ) လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၊
(ဂ) ဒေသအာဏာပိုင်အဖွဲ့အစည်းများ။

(တက်ရောက်သူအမည်စာရင်းနှင့်တစ်ဦးချင်းဖြေဆိုမှုနှင့်သဘောထားများကိုပူးတွဲတင်ပြထားပါသည်။)

**Stakeholders Meeting** ကျင်းပသည့်အခမ်းအနားများ။
မန္တလေးတိုင်း၊ပြင်ဦးလွင်မြို့နယ်အင်းယားရွာတွင်ဒေသခံနှင့်သက်ဆိုင်သူများပါဝင်သော အစုနေသိုနမျ ဖြန့်အငညါ တို့ တိုကျင်းပရာ၊အောက်တိုဘာလ၃၁ရက်နေ့တွင်မန္တလေးတိုင်း၊ပြင်ဦးလွင်မြို့နယ်၊မြို့နယ်အုပ်ချုပ်ရေးမှူးရုံးစီမံကိန်းရှင်းလင်းဆောင်ခန်းမနှင့် နိုဝင်ဘာလ၁ရက်နေ့တွင်ပြင်ဦးလွင်မြို့နယ်၊အင်းယားရွာ၊ရွာဦးဘုန်းတော်ကြီးကျောင်း၏စာသင်ကျောင်းပေါ်တွင်ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

(၂) ပြင်ဆင်တင်ပြသည့်ယခုအစီရင်ခံစာမတင်ပြမီကျင်းပခဲ့သည့်အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့်သတင်းအချက်အလက်များထုတ်ပြန်ခြင်း



CamScanner

ယခုစီမံကိန်းကိုမူလကစီစဉ်ထားသည့်မြန်မာ့စီးပွါးရေးဦးပိုင်လီမိတက်၊ဆင်မင်းဘိလပ်မြေစက်ရုံလုပ်ငန်းစုတို့၏အကျိုးတူစနစ်အစားမြန်မာ့စီးပွါးရေးဦးပိုင်လီမိတက်သည်မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်အဖြစ်ပြောင်းလဲလုပ်ကိုင်ခြင်းနှင့်သစ်တောဦးစီးဌာနမှလည်းမူလအဆိုပြုခဲ့သည့်မြေဧရိယာ(၁၈၀)ဧကအနက်မှမြေဧရိယာ(၃၄. ၁၂)ဧကကိုသာလုပ်ကိုင်ခွင့်ပြုခဲ့ခြင်း၊သတ္တုတွင်းနည်းဥပဒေအသစ်အရအလတ်စားထုတ်လုပ်ခြင်းတို့အပေါ်ယခုအစီရင်ခံစာအတွက်ပြန်လည်မတင်ပြမီလိုအပ်သည့်အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို အောက်ပါအတိုင်းထပ်မံလုပ်ဆောင်ခဲ့ပါသည်။

စီမံကိန်းအတွက်လေ့လာမှုများပြုလုပ်နိုင်ရန်စီမံကိန်းတည်ရှိရာသို့ အဖွဲ့ဝင်များလိုက်ပါလျက် ၂၀၁၉ခုနှစ်ဩဂုတ်လ ၁၂ ရက်မှ၁၉ရက်နေ့ ထိသွားရောက်တိုင်းတာစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။အဆိုပါရက်များအတွင်း Environmental Baseline Data မူလသဘာဝပတ်ဝန်း ကျင်အချက်အလက်များကိုတိုင်းတာခြင်း၊စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကောင်းကျိုး၊ဆိုးကျိုးများနှင့်သက်ဆိုင် သူများဒေသခံများ၏သဘောထားများကိုလေ့လာစစ်တမ်းကောက်ယူနိုင်ခဲ့ပါသည်။

ယခုစီမံကိန်းအတွက် Stakeholders Meeting ကိုဩဂုတ်လ၁၆ရက်နေတွင်အောက်ပါအစီအစဉ်အတိုင်းကျင်းပခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်၍အဆိုပါတွေ့ဆုံပွဲကျင်းပသွားနိုင်ရန်အတွက်မြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှတာဝန်ရှိသူများနှင့်အတူ ၂၀၁၉ ခုနှစ်ဩဂုတ်လ ၁၆ရက်နေ့တွင်အဓိကသက်ဆိုင်သူများဖြစ်သောအုပ်ချုပ်ရေးမှူးများ၊ဒေသခံများနှင့်တွေ့ဆုံပွဲများကျင်းပပြုလုပ်၍ဆွေးနွေးပြီးစစ်တမ်းများကောက်ယူနိုင်ခဲ့ပါသည်။

စီမံကိန်းအပေါ် အများပြည်သူတို့၏သဘောထားများကောက်ယူခဲ့မှုအစီအစဉ်များ။

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁ | ၂၀၁၉ ဩဂုတ်လ၁၆ ရက် | ပြင်ဦးလွင်မြို့နယ်၊အင်းယားဒေသတွင်နေထိုင်သူများ၊အစိုးရမဟုတ်သောအဖွဲ့ အစည်းများမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများနှင့်စီမံကိန်းအပေါ် သဘောထားကောက်ယူခြင်း၊ | ပြင်ဦးလွင်မြို့ နယ်၊အင်းယားရွာဦးကျောင်း။ |

အဆိုပါအစီအစဉ်အတိုင်းသဘောထားကောက်ယူမှုများကိုလုပ်ဆောင်ခဲ့ပါသည်။

ဤကဲ့သို့ စစ်တမ်းများကောက်ယူရာတွင်လည်းနိုင်ငံတကာစံချိန်များ၊အညွှန်းကိန်းများနှင့်ကိုက်ညီပြီးမြန်မာနိုင်ငံသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာနမှလက်ခံသည့်အတိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်းနှင့် စီမံကိန်း၏အသေးစိပ်အချက်အလက်များကိုလည်းသက်ဆိုင်ရာတာဝန်ရှိသူများမှရှင်းလင်းတင်ပြခဲ့ပါသည်။

သဘောထားကောက်ယူနိုင်ရန်စီမံကိန်းဖေါ်ဆောင်မည့်ဒေသ၏သက်ဆိုင်ရာအင်းယားဒေသသာမကဘဲ၊ စီမံကိန်းဖေါ်ဆောင်နေသည့်အင်းယားကျေးရွာနှင့်ကြီးကိုင်ရွာဒေသတဝိုက်တွင်နေထိုင်သူများကိုအဓိကထား၍တွေ့ဆုံမေးမြန်းသဘောထားကောက်ခံခဲ့သည့်အပြင်၊အဆိုပါဒေသနှင့်အနီးဆုံးရွာဖြစ်သောကျေးရွာနှင့်အနီးအနားတွင်နေထိုင်သူများအပြင်အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊မြို့နယ်အဆင့်ဦးစီးဌာနများ၊မြေယာဦးစီးဌာန၊သစ်တောဦးစီးဌာန ၊လူထုအကျိုးပြုကွန်ယက်၊မြို့နယ်အထောက်အကူပြုကော်မတီ၊ရပ်ကွက်အထောက်အကူပြုကော်မတီ၊မိခင်နှင့်ကလေး၊ ကုမ္ပဏီဝန်ထမ်းများ၊ဈေးသည်များပါဝင်တက်ရောက်ဆွေးနွေးအကြံပြုကြပါသည်။



CamScanner

ဒုတိယအကြိမ်းလူထုအစည်းအဝေးကို ၂၀၁၉ခုနှစ်ဩဂုတ်လ၁၆ရက်နေ့တွင်ကျင်းပရန်စီစဉ်ပြီးပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာဘုန်းတော်ကြီးကျောင်းတွင်အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲကိုကြိုတင်ဖိတ်ကြားထားခြင်းကိုပြုလုပ်ထားသည့်အပြင်တက်ရောက်လာသူများအားအစည်းအဝေးအကြောင်းနှင့်စစ်တမ်းကောက်ယူမှုအကြောင်းကိုကျေးရွာအုပ်စုအုပ်ချုပရေးမှူးကဋင်း၊စီမံကိန်းဖေါ်ဆောင်မည့်ကုမ္ပဏီ၏တာဝန်ရှိသူနှင့်စစ်တမ်းများကောက်ယူသည့်အဖွဲ့တို့ကဦးစွာရှင်းလင်းတင်ပြပါသည်။

ထို့နောက်စီမံကိန်းအကြောင်းမရှင်းလင်းသည်များနှင့်သိရှိလိုသည်များကိုမေးမြန်းရန်အချိန်ပေးသည့်အခါအောက်ပါအတိုင်းမေးမြန်းခြင်းဖြေကြားခြင်းများကိုမှတ်တမ်းတင်အပ်ပါသည်။

အစည်းအဝေးသို့တက်ရောက်လာသူများမှမိမိတို့သိရှိလိုသည်များ၊ မရှင်းလင်းသေးသည့်အချက်အလက်များစသည်တို့ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ရန်ဖိတ်ခေါ်သည့်အခါရပ်ကွက်တွင်နေထိုင်သူများမှစီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ၊လူမှုစီးပွါးဆိုင်ရာထိခိုက်နိုင်မှုများကိုမေးခွန်းများကိုကိုယ်တိုင်မေးမြန်းပြီးအကြံပြုတင်ပြဆွေးနွေးသွားပါသည်။

အဆိုပါမေးမြန်းမှုများနှင့်ပတ်သက်သည့်အကြောင်းအရာများကို  မြန်မာ ယသ. ယုအိ ၏တာဝန်ရှိသူ မှပြည့်စုံစွာပြန်လည်ဖြေကြားသွားပါသည်။

အင်းယားရွာသစတွင်နေထိုင်သူဦးအောင်လွှမ်းမိုးကယခုမိမိတို၏ကျေးရွာအနီးတွင်စီမံကိန်းလုပ်ကိုင်နေသည့်စက်မှု (၁)ဦးပိုင်၊ဆင်မင်းစသည်တို့လုပ်ကိုင်နေသည်ကိုတွေ့ရပြီးဒေသအတွက်ဖွံ့ဖြိုးရေးလုပ်ငန်းများမည်သို့လုပ်ကိုင်မည်ကိုသိရှိလိုကြောင်းမေးမြန်းရာသက်ဆိုင်သူမှဖြေကြားရာတွင်မူလကစီမံကိန်းအတွက်ဧကောဂ၀ခွင့်ပြုထားသော်လည်းယခုအခါသစ်တောဦးစီးဌာနကပြန်လည်စီစစ်လျက်ရှိပြီး၃၄. ၁၂ဧကကိုသာချပေးကြောင်းနှင့်မိမိတိုကယခုချပေးသည့်နေရာတွင်သာအမှန်တကယ်တွင်သာဘောက်ဆိုဒ်ထုတ်လုပ်မည်ဖြစ်ပြီးဒေသဖွံ့ဖြိုးရေးအတွက်လုပ်ကိုင်နိုင်ရန်စီမံကိန်းတန်ဖိုး၏၂%ကိုသီးခြားဘဏ်စာရင်းဖွင့်လစ်စုဆောင်းပေးထားပါကြောင်းပြောကြားသွားပါသည်။




ကြီးကိုင်ရွာမှရပ်မိရပ်ဖဦးကျော်မြင့်ကသယံဇာတထုတ်ဖေါ်ခြင်းဖြစ်၍ဒေသအတွက်ဖွံ့ဖြိုးရေးများလုပ်ကိုင်ပေးနိုင်ပါရန်အကြံပြုဆွေးနွေးသွားပါသည်။

ဆက်လက်၍ အင်းယားရွာမှဦးသန်းထူးအောင်က ၂% ကိုမည်သို့အသုံးပြုမည်ကိုသိလိုကြောင်းနှင့်ယခင်အဘယ်ကြောင့်ရှေ့သည်ကိုသိလိုကြောင်း၊အလုပ်အကိုင်များရရှိမှုမရှိကြောင်း၊ဒေသခံများအတွက်အလုပ်အကိုင်ဖန်တီးပေးရန်နှင့်ဦးစားပေးခန့်ထားစေလိုကြောင်း၊လမ်းများပြုပြင်ပေးစေလိုကြောင်းတင်ပြဆွေးနွေးပါသည်။

စီမံကိန်းတာဝန်ခံမှစီမံကိန်းဖော်ဆောင်သည့်နေရာများတွင်ယူကလစ်ပင်များစိုက်ပျိုးထားကြောင်း၊ယခုအခါတိုးတက်လာသည့်အခြေအနေများအရလူအင်အားအသုံးပြုသည်ထက်စက်အင်အားအသုံးပြုလုပ်ကိုင်ခြင်း၊ဥပမာမြေတူးစက်များ၊မော်တော်ယာဥ်များအစိကထားလုပ်ကိုင်ခြင်းဖြစ်ပါ၍လုပ်သားအင်အားလိုအပ်ချက်နဲပြီးစက်အားနှင့်သာလုပ်ကိုင်နေခြင်းကြောင့်လုပ်သားလိုအပ်ချက်နဲသော်လည်းယာဥ်မောင်းကဲ့သို့လုပ်ဆောင်နိုင်သူလိုအပ်ပါကဒေသခံများကိုသာဦးစားပေးခန့်ထားမည်ဖြစ်ပါကြောင်းရှင်းလင်းတင်ပြပါသည်။အမြတ်ငွေ၏ ၂% ကိုသီးခြားဘဏ်စာရင်းဖွင့်လစ်ပြီးမိမိတို့ဘက်မှပေးသွင်းနေရသော်လည်းအသုံးပြုမှုသည်ဒေသအဖွဲ့အစည်းများအပေါ်မူတည်နေမည်ဖြစ်ပါကြောင်းနှင့်မိမိတို့မှဒေသအတွက်လိုအပ်သည်များကိုကူညီပေးသွားရန်အမြဲအဆင်သင့်ရှိပါကြောင်းတင်ပြရှင်းလင်းပါသည်။



အင်းယားရွာမှဦးသောင်းစိန်ကအင်းယားနှင့်အင်ထိပ်ကားလမ်းပေါ်ရှိ ရွံ့များရှိနေသောကြောင့်သွားလာရန်ခက်ခဲသည်ကိုဂရုပြုဆောင်ရွက်စေလိုကြောင်းအကြံပြုဆွေးနွေးပြီးစီမံကိန်းထုတ်လုပ်မှု၏ ၂% ကိုအသုံးပြုမှုရှင်းလင်းတင်ပြပေးရန်ဆွေးနွေးပါသည်။

တာဝန်ခံမှလမ်းများအတွက်ပြုပြင်ပေးရန်လုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်းနှင့်မိမိတို့ရုံးချုပ်တွင်ထုတ်လုပ်မှု၏ ၂% ကိုသက်ဆိုင်ရာဒေသဖွံ့ဖြိုးရေးတွင်အသုံးပြုနိုင်ရန်သီးခြားဘဏ်စာရင်းဖွင့်လစ်ထားရန်ညွှန်ကြားထားပြီးဖြစ်ကြောင်းရှင်းလင်းတင်ပြပါသည်။

စစ်တမ်းများကောက်ယူသည့်ကိစ္စအတွက်ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်၏ဥက္ကဋ္ဌဦးထွန်းနိုင်အောင်ကအဆိုပါစစ်တမ်းတွေ့ ရှိချက်အစီရင်ခံစာကိုသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့

တင်ပြအစီရင်ခံပြီးလက်ခံအတည်ပြုပြီးသည့်အခါတွင်သက်ဆိုင်ရာအဖွဲ့အစည်းများသို့မိတ္တူပေးပို့နိုင်ရန်စီစဉ်ပေးမည်ဖြစ်ပါကြောင်းတင်ပြပါသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာသူများအားသဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သောမေးခွန်းများနှင့်လူမှုစီးပွါးရေးနှင့်ဆိုင်သောမေးခွန်းများကိုလူတစ်ဦးချင်းစီအားဖြန့်ဝေပေးပါသည်။

အခန်းအနားအစီအစဉ်အရ
ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီဥက္ကဌကစစ်တမ်းကောက်ယူမည့်အစီအစဉ်နှင့်တက်ရောက်လာကြသူများသို့ဖြန့်ဝေထားသည့်မေးခွန်းများကိုတစ်ခုချင်းအဓိပ္ပါယ်ကိုရှင်းလင်းတင်ပြပြီးတက်ရောက်လာကြသူတစ်ဦးချင်းဖြေဆိုနိုင်ကြစေရန်ရှင်းလင်းပြောကြားပါသည်။
မေးခွန်းအပေါ်ရှင်းလင်းပြီးနောက်လွတ်လပ်ပွင့်လင်းစွာအကြံပြုဖြေဆိုနိုင်ကြောင်းကိုလည်းကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီဥက္ကဌမှပြောကြားပြီးမိမိတို့၏ဆန္ဒသဘောထားဖြေကြားစာပေါ်တွင်အမည်နှင့်လက်မှတ်များကိုမမေ့မလျော့ရေးသွင်းရန်လိုအပ်ကြောင်းနှင့်အဆိုပါဆန္ဒသဘောထားဖြေကြားစာပေါ်တွင်အမည်နှင့်လက်မှတ်များမပါရှိပါကပယ်မဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်းဆက်လက်မှာကြားသွားပါသည်။ ထို့နောက်မေးခွန်းများကိုလွတ်လပ်စွာဖြေဆိုစေပြီးကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီဥက္ကဌကကျေးဇူးတင်စကားပြောကြားပြီးအခမ်းအနားကိုအောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

တက်ရောက်လာကြသူများထံမှမေးမြန်းထားသည့်မေးခွန်းများကိုဖြေဆိုရာတွင်အောက်ပါအတိုင်းတွေ့ရှိရပါသည်။ အစည်းအဝေးသို့တက်ရောက်သူအများစုမှာဆယ်အိမ်မှူးများရပ်ကွက်မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များအစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့များမှတာဝန်ရှိသူများအပြင်အလွှာပေါင်းစုံပါဝင်သောကြောင့်သက်ဆိုင်သူများအားလုံးနီးပါးတက်ရောက်သည်ဟုယူဆနိုင်ပါသည်။ ဆွေးနွေးပွဲသို့တက်ရောက်ပြီးဖြေဆိုသူ(၃၆ဦး)ရှိပါသည်။
(တက်ရောက်သူများ၏အစည်းအဝေးတက်ရောက်ကြောင်းလက်မှတ်၊မှတ်တမ်းကိုပူးတွဲတင်ပြထားပါသည်။)
မေးခွန်းများအလိုက်စစ်တမ်းကောက်ယူမှုဇယား။

| ထောက်ခံသူ | ကန့်ကွက်သူ | ကြားနေသူ |
| --- | --- | --- |
| ၆၀. ၇% | ၃၆% | ၃. ၃% |

မေးခွန်းချုပ်ကိုဖြေဆိုရာတွင်ထောက်ခံမှု ၆၀. ၇% နှင့်ကန့်ကွက်သူ၃၆%ရှိပြီး၊ကြားနေသူ၃. ၃% ရှိသဖြင့်ထောက်ခံမှုပိုမိုရရှိသည်ကိုတွေ့ရှိရသဖြင့်မူလကမြန်မာ့စီးပွါးရေးဦးပိုင်လီမိတက်၊ဆင်မင်းဘိလပ်မြေစက်ရုံလုပ်ငန်းစု၏မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအနီး၊ မေမြို့ထင်းကြိုးဝိုင်းသစ်တောအတွင်းမြေဧရိယာ(၁၈၀)ဧကကျယ်ဝန်းသောလုပ်ကွက်တွင်သံကြွယ်ဘောက်ဆိုဒ်(စက်မှုတွင်းထွက်ကုန်ကြမ်း)ထုတ်လုပ်ခြင်းစီမံကိန်းကိုပြင်ဆင်ပြီး၊မြေဧရိယာ(၃၄. ၁၂)ဧကပေါ်တွင်သာလုပ်ကိုင်ပြီးမြန်မာ့စီးပွါးရေးဦးပိုင်အများနှင့်ဆိုင်သောကုမ္ပဏီလီမိတက်မှသာဦးဆောင်လုပ်ကိုင်မည်ဖြစ်ကြောင်း၊သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုနဲနိုင်သမျှနဲစေရန်နှင့်လျော့ချသည့်စနစ်ကြောင့်ထိခိုက်မှုနဲပါးနိုင်ကြောင်းနှင့်လူမှုစီးပွါးရေးထိခိုက်ပျက်စီးနိုင်မှုမရှိနိုင်သည့်အပြင်ပိုမိုကောင်းမွန် လာနိုင်ကြောင်းကိုစီမံကိန်းအနီးနေထိုင်သူဒေသခံများသိရှိသဘောပေါက်ပြီးစီမံကိန်းအပေါ်ဒေသခံအများစုမှထောက်ခံသည်ကိုတွေ့ရှိရပါသည်။



CamScanner

**Public Consultation Meeting သဘောထားမှတ်ချက်များ**

Public Consultation Meeting ကျင်းပခဲ့သည့်အစီအစဉ်အသေးစိပ်ဆွေးနွေးတင်ပြမှုများ၊ရှင်းလင်းပြောကြားမှုများ (အထက်တွင်ဖေါ်ပြထားသည့်အတိုင်း)နှင့်တက်ရောက်လာကြသူများ၏သဘောထားမှတ်ချက်များတစ်ဦးချင်းစီ၏ စစ်တမ်းအဖြေများအပါအဝင်မှတ်တမ်းဓါတ်ပုံများတိုကို(နောက်ဆက်တွဲတွင်)ပြည့်စုံစွာဖေါ်ပြထားပါသည်။

အဆိပါတွေ့ဆုံဆွေးနွေးပွဲနှင့်စစ်တမ်းသဘောထားကောက်ယူရာတွင်ကိုယ်တိုင်ပါဝင်ဆွေးနွေးမှုမပြုခဲ့သော်လည်း အောက်ပါအတိုင်းစာဖြင့်သဘောထားကိုရေးသားဖော်ပြထားသည်ကိုတွေ့ရပါသည်၊

အင်းယားရွာမှဒေါ်အေးအေးအောင်ကကားကြီး(တွဲကား)များအရန်ပြင်းစွာမောင်းနှင်မှုကြောင့်အသံဆူညံမှုသာမကဘဲ ကလေးငယ်များနှင့်ဆိုင်ကယ်များအတွက်လမ်းအန္တရာယ်ရှိကြောင်းဆွေးနွေးပြီးယာဉ်မောင်းများအားထိန်းသိမ်း ပေးစေလိုကြောင်းတင်ပြပါသည်။

အချုပ်အားဖြင့်ယခုစီမံကိန်းသည်အနီးအနားတွင်နေထိုင်သူများအတွက်

- သဘာဝပတ်ဝန်းကျင်အားထိခိုက်နိုင်ခြင်းအပေါ်လျော့ချနိုင်ပါကြောင်းနှင့်
- လူမှုစီးပွါးရေးဆိုင်ရာထိခိုက်နိုင်မှုများမရှိခြင်းတို့ ကိုတွေ့ ရှိရပါသည်။ ထို့ အပြင်အလုပ်အကိုင်များပွင့် လင်းလာနိုင်သဖြင့်ဒေသဖွံ့ ဖြိုးရေးအတွက်သာမကဘဲ၊ နိုင်ငံတော်အတွက်ဝင်ငွေများတိုးတက်တိုးတက် လာမည်ကိုတွေ့ ရှိရပါသည်။

စီမံကိန်းကြောင့်သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုနဲနိုင်သမျှနဲစေရန်နှင့်လျှော့ချသည့်စနစ်ကြောင့်ထိခိုက်မှုနဲပါးနိုင် ကြောင်းနှင့်လူမှုစီးပွါးရေးထိခိုက်ပျက်စီးနိုင်မှုမရှိနိုင်သည့်အပြင်ပိုမိုကောင်းမွန်လာနိုင်ကြောင်းကိုစီမံကိန်းအနီးနေ ထိုင်သူဒေသခံများသိရှိသဘောပေါက်ပြီးစီမံကိန်းအပေါ်ဒေသခံအများစုမှထောက်ခံသည်ကိုတွေ့ ရှိရပါသည်။

Public Consultation Meeting ကျင်းပခဲ့သည့်အစီအစဉ်အသေးစိပ်ဆွေးနွေးတင်ပြမှုများ၊ရှင်းလင်းပြောကြားမှုများနှင့် တက် ရောက်လာကြသူများ၏သဘောထားမှတ်ချက်များတစ်ဦးချင်းစီ၏စစ်တမ်းအဖြေများအပါအဝင်မှတ်တမ်းဓါတ်ပုံ များတို့ ကိုပြည့်စုံစွာဖေါ်ပြထားပါသည်။

တောင်းဆိုမှုများအပေါ်လိုက်နာဆောင်ရွက်ထားရှိမှု။

| စဉ် | တောင်းဆိုမှု | တောင်းဆိုမှုအပေါ်အရေးယူဆောင်ရွက်ပေးမှု |
|---|---|---|
| ၁ | ကျေးရွာလမ်းအဆင့်မြှင့်တင်ပေးရန် | မူလမြေသားလမ်းချဲ့တွင်ပေးခြင်းနှင့်မြေသားလမ်းအပေါ်တွင်ကျောက်ခင်းပေးခြင်း။ |
| ၂ | အလုပ်ခန့်ထားရန် | အနီးအနားမှနေထိုင်သူများကိုဦးစားပေးခန့်ထားပေးခြင်း။ |
| ၃ | ကျေးလက်ဖွံ့ဖြိုးရေးရံပုံငွေကူညီ ပေးရန် | ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်နိုင်စေရန်နှစ်စဉ်ထုတ်လုပ်မှု၏၂%ကိုသီးခြားဘဏ်ဖွင့်ရန်သတ်မှတ်ထား ပါသည်။ |

၁၀.၃ ဒေသဖွံ့ဖြိုးရေးစီမံချက်နှင့်သတင်းထုတ်ပြန်ခြင်း။

စီမံကိန်းဒေသဖွံ့ဖြိုးရေးအတွက်အောက်ပါအတိုင်းစီစဉ်ဆောင်ရွက်ထားပါသည်။

၁. စီမံကိန်းမှတာဝန်ရှိသူတစ်ဦးနှင့်ဒေသခံပြည်သူများမှစိတ်ပါဝင်စားသူများချိတ်ဆက်ပါဝင်ပြီးဒေသဖွံ့ဖြိုးရေးများ လုပ်ကိုင်နိုင်စေရန်အဖွဲ့၊ ဖွဲ့စည်းခြင်း၊လုပ်ငန်းတာဝန်ခွဲဝေခြင်း၊

၂. အဆိုပါအဖွဲ့၏ပုံမှန်နှငလိုအပ်သည့်အခါတိုင်းအစည်းအဝေးကျင်းပခြင်း၊လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊

၃. အောက်ပါဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်တာဝန်ခံတစ်ဦးစီထားရှိစေခြင်း၊

(က)လမ်းတည်ဆောက်မှုနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊

(ခ)လျှပ်စစ်မီးသွယ်တန်းမှုနှင့်အထွေထွေ၊

(ဂ)ပညာရေးဆိုင်ရာအသုံးစရိတ်နှင့်အလှူငွေများ၊

(ဃ)ဘာသာရေး၊သာရေး၊နာရေးကိစ္စများအတွက်လိုအပ်သည်များ၊

(စ) စီးပွါးရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ၊

(ဆ) ကျန်းမာရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ၊

၄. သက်ဆိုင်ရာအာဏာပိုင်များနှင့်သာမကဘဲအများပြည်သူသိရှိနိုင်စေရန်အုပ်ချုပ်ရေးမးရုံးများတွင်လုပ်ငန်း ဆောင်ရွက်မှု၊ပြီးဆုံးမှုစသည့်အခြေအနေများကိုအစဉ်အမြဲသတင်းထုတ်ပြန်စေရန်၊

ဒေသဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်မည့်စီမံချက်များအတွက်ခန့်မှန်းအသုံးစရိတ်လျာထားချက်။

| စဉ် | ဖွံ့ဖြိုးရေးစီမံချက် | ခန့်မှန်းရန်ပုံငွေ | မှတ်ချက် |
|---|---|---|---|
| ၁ | လမ်းတည်ဆောက်မှုနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ | ၁၀,၀၀၀,၀၀၀ | BOD ၏အတည်ပြုချက်ရယူရန် |
| ၂ | လျှပ်စစ်မီးသွယ်တန်းမှုနှင့်အထွေထွေ၊ | ၅,၀၀၀,၀၀၀ | |
| ၃ | ပညာရေးဆိုင်ရာအသုံးစရိတ်နှင့်အလှူငွေများ၊ | ၅,၀၀၀,၀၀၀ | |
| ၄ | ဘာသာရေး၊သာရေး၊နာရေးကိစ္စများအတွက်လိုအပ်သည်များ၊ | ၁,၀၀၀,၀၀၀ | |
| ၅ | စီးပွါးရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ၊ | ၁,၀၀၀,၀၀၀ | |
| ၆ | ကျန်းမာရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ၊ | ၅,၀၀၀,၀၀၀ | |
| | စုစုပေါင်း | ၂၇,၀၀၀,၀၀၀ | |

## ၁၁. သတ္တုတွင်းပိတ်သိမ်းရေးအစီအစဉ်။

### ၁၁.၁ ရည်ရွယ်ချက်။

သတ္တုတွင်းပိတ်သိမ်းရေးစီမံချက်သည်သတ္တုတူးဖော်ခဲ့သည့်နေရာများကိုတူးဖော်ခြင်းပြီးစီးသည့်အခါအဆိုပါနေရာကိုမူလပိုင်ရှင်(သို့မဟုတ်)အများပြည်သူအန္တရာယ်မရှိဘဲမြေအသုံးချမှုပြုလုပ်နိုင်စေရန်စီစဉ်ခြင်းဖြစ်ပါသည်။သို့ဖြစ်၍သတ္တုတွင်းပိတ်သိမ်းရေးစီမံချက်ရေးဆွဲရာတွင်အောက်ပါအတိုင်းရည်ရွယ်ချက်များထားရှိပါသည်။

- အများပြည်သူကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကိုကာကွယ်ပေးနိုင်ရန်။
- သတ္တုတူးဖော်စဉ်ကာလကဖြစ်ပေါ်ခဲ့သည့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကိုလျှော့ချရန်သို့မဟုတ်ဖယ်ရှားရန်။
- သတ္တုတူးဖော်ခဲ့သည့်မြေယာကို(ထုတ်လုပ်နိုင်စွမ်းရှိသည့်)အသုံးချမှုရရှိစေရန်သို့မဟုတ်(မူလအခြေအနေ/လက်ခံနိုင်ဖွယ်ရသည့်)အစားထိုးအခြေအနေတစ်ရပ်သို့ပြန်လည်ရောက်ရှိစေရန်။
- သတ္တုတွင်းဖော်ထုတ်ခြင်းနှင့်လုပ်ငန်းဆောင်ရွက်မှုများကြောင့်ဖြစ်ပေါ်လာသည့်လူမှုစီးပွါးအကျိုးကျေးဇူးများရေရှည်ဆက်လက်တည်တံ့စေရေးအတွက်တတ်နိုင်သမျှထောက်ပံ့နိုင်ရန်။



CamScanner

ယေဘုယျနည်းလမ်း။

လုပ်ငန်းမစတင်မှအချိန်မှစ၍အပေါ်ယံမြေဆီလွှာများကိုသီးသန့်စုပုံထားရှိရန်နေရာသတ်မှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။မြေသားပြိုကျနိုင်သောနံရံများတွင်မြေသားထိန်းသိမ်းနိုင်ရန်အတွက်အတားအဆီးနံရံများတည်ဆောက်ထားရှိမည့်အစီအစဉ်ကိုထားရှိပါသည်။

အဆိုပါစီမံချက်နည်းလမ်းများကိုသတ္တုတွင်းစတင်မလုပ်ဆောင်မီကပင်ရေးဆွဲထားရန်နှင့်သတ္တုတူးဖော်ခြင်းသက်တမ်းတစ်လျှောက်အဆင့်လိုက်ဖြည်းဖြည်းချင်းဆောင်ရွက်သွားခြင်းဖြင့်ကုန်ကျစရိတ်များ၊လုပ်အားပေးသွင်းရမှုများအနိမ့်ဆုံးသို့လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

၁၁.၂ ပြန်လည်ကုစားရေးမဟာဗျူဟာ။

- သတ္တုတွင်းပိတ်သိမ်းရေးစီမံချက်ကိုမူလမြေပိုင်ရှင်(သို့မဟုတ်) သတ္တုတူးဖော်ပြီးအဆိုပါမြေကိုလွှဲပြောင်းလက်ခံရယူမည့်သူနှင့်အခြားသောသက်ဆိုင်သူများပါဝင်သောအဖွဲ့များဖြင့်သတ္တုတူးဖော်မှုပိတ်သိမ်းပြီးနောက်အဆိုပါမြေကိုမည်သို့အသုံးချမည်ဆိုသည့်(ဥပမာ။အားကစားကွင်း၊ပန်းခြံ၊လူနေအိမ်စသည်ဖြင့်) ဦးတည်ချက်တစ်ခုထားရှိရမည်ဖြစ်ပါသည်။
- အဆိုပါလုပ်ငန်းဦးတည်ချက်အပေါ်တွင်မူတည်ပြီးမှသာအသေးစိပ်ကျသောကုစားရေးလုပ်ငန်းများ၊တာဝန်ခွဲဝေမှုများ၊ကုန်ကျစရိတ်ရန်ပုံငွေထားရှိမှုများကိုဆက်လက်ရေးဆွဲရန်။

၁၁.၃ လက်ရှိအခြေအနေများ။

သတ္တုတူးဖော်ခြင်းကာလတစ်လျှောက်လုံးလက်ရှိအခြေအနေများကိုစဉ်ဆက်မပြတ်မှတ်တမ်းတင်ထားမည်ဖြစပါသည်။

၁၁.၄ ဟင်းလင်းပွင့်သတ္တုတွင်းအားပြန်လည်တည်ထောင်ပေးခြင်း။

ဟင်းလင်းပွင့်သတ္တုတွင်းအားတူးဖော်ပြီးကာလမှပင်အဆင့်ဆင့်ဖြည်းဖြည်းခြင်းယခင်ကစုပုံထားသောမြေစာများကိုဖို့ပေးခြင်းလုပ်ငန်းအမြဲပြုလုပ်ပေးရမည်။လိုအပ်လျှင်ဟင်းလင်းဖွင့်တူးဖော်ခြင်းမစတင်မီကဖယ်ထားသောအပေါ်ယံမြေဆီများကိုပြန်လည်ဖို့ပေးရမည်။

မြေအောက်လှိုဏ်သတ္တုတွင်းအားပြန်လည်တည်ထောင်ပေးခြင်း။

ယခုစီမံကိန်းတွင်မြေအောက်လှိုဏ်သတ္တုတူးဖော်ခြင်းမပါရှိပါ၊လိုအပ်သည့်တွင်းအားစတင်တူးဖော်စဉ်ကပင်တွင်းအဝကိုခိုင်မာစွာကာယံထားရမည်။အောက်တွင်တူးဖော်ထားသည့်လှိုဏ်အဆင့်တိုင်းတွင်ထားရသောဒေါက်တိုင်များကိုဆက်လက်ထားရှိမည်ဖြစ်ပါသည်။

စိမ့်ထွက်ရေစုဆောင်းကန်များ။

ယခုစီမံကိန်းဧရိယာအတွင်းတွင်စိမ့်ထွက်ရေမရှိသောကြောင့်စုဆောင်းကန်များလည်းမရှိပါ။



CamScanner

နှန်ပစ်မြေစာပုံမျက်နှာပြင်အားဖုံးအုပ်ခြင်းနှင့်ပြန်လည်ထူထောင်ပေးခြင်း။

နှန်ပစ်မြေစာပုံများကိုပြန်လည်ကုစားရေးမဟာဗျူဟာတွင်ပါရှိသောလုပ်ငန်းရည်ရွယ်ချက်နှင့်အညီမျက်နှာပြင်ညှိခြင်း၊ဖုံးအုပ်ခြင်းများကိုလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ရေစီမံခန့်ခွဲမှု။

ယခုစီမံကိန်းဒေသသည်ရေရှားပါးပြီးမြေအောက်ရေရရှိရန်ခက်ခဲသောဒေသဖြစ်သည့်အပြင်ထုံးစာတ်ပါဝင်မှုရာခိုင်နှုန်းများသည့်အတွက်အသုံးပြုရန်သင့်တော်မှုမရှိပါ။ စီမံကိန်း၏သတ္တုတူးဖော်စဉ်ကာလမြေပေါ် နှင့်မြေအောက်ရေများအသုံးပြုခြင်းမရှိပါ။

အထွေထွေလုပ်ငန်းနေရာပိတ်သိမ်းခြင်း။

စီမံကိန်းပြီးဆုံးသည့်အချိန်တွင်အသုံးပြုခဲ့သည့်စက်ကိရိယာများ၊အဆောက်အဦများကိုသတ်မှတ်ထားသည့်အချိန်အတွင်းရှင်းလင်းဖယ်ရှားပေးရန်။

၁၁.၅ အနာဂတ်ကာလမြေအသုံးချမှု။

အထက်ပါအတိုင်းစီမံကိန်းဧရိယာတစ်ခုလုံးရှင်းလင်းဖယ်ရှားပြီးသည့်အခါသက်ဆိုင်ရာသို့မြေဧရိယာကိုပြန်လည်လွှဲပြောင်းပေးရန်။အဆိုပါလွှဲပြောင်းချိန်အထိရှင်းလင်းဖယ်ရှားမှုများမပြီးဆုံးသေးပါကလိုအပ်သည့်မြေဧရိယာအားယာယီတောင်းခံ၍ရှင်းလင်းမှုများဆက်လက်လုပ်ကိုင်ရန်။

၁၁.၆ ပိတ်သိမ်းခြင်းနှင့်ပြန်လည်ထူထောင်ရေးဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်။

ပိတ်သိမ်းခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကိုစီမံကိန်းဖော်ဆောင်သူမှသက်ဆိုင်ရာအဖွဲ့အစည်းများ၏ခွင့်ပြုချက်ရယူပြီးပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သတ္တုတူးဖော်ခြင်းပိတ်သိမ်းမည့်အစီအစဉ်အကျဉ်းချုပ်။
သတ္တုတူးဖော်ခြင်းရပ်နားမည့်အချိန်မတိုင်မီတစ်နှစ်ခန့်အလိုမှစ၍မိုင်းပိတ်သိမ်းမည့်အစီအစဉ်၊တာဝန်ယူလုပ်ဆောင်မည့်အဖွဲ့အစည်း၊သုံးစွဲမည့်ရံပုံငွေလျာထားချက်စသည်တို့ပါဝင်သောအစီရင်ခံစာကိုဝန်ကြီးဌာနသို့တင်ပြသွားမည်ဖြစ်ပါသည်။ဆက်လက်၍လုပ်ငန်းများစတင်ရပ်နားသည်မှစတင်၍အောက်ပါလုပ်ငန်းစဉ်များကိုလုပ်ဆောင်ရမည်ဖြစ်ပါသည်။

(၁) စက်ပစ္စည်းနှင့်ယန္တရားများသိမ်းဆည်းရွှေ့ပြောင်းခြင်း၊
(၂) မြေစာပုံများကိုချိုင့်များအတွင်းပြန်လည်ဖို့ပေးခြင်း၊
(၃) အတားအဆီးများနှံရုံများကိုရှင်းလင်းပေးခြင်း၊
(၄) တူးဖော်ပြီးကျင်းဟောင်းများပြန်လည်မြေဖို့ခြင်း(သို့မဟုတ်)အခြားနည်းလမ်းဖြင့်အသုံးပြုနိုင်ရန်လုပ်ဆောင်ပေးခြင်း(ရေကန်၊ငါးမွေးကန်၊အမှိုက်စွန့်ပစ်ကန်စသည်ဖြင့်--)
(၅) စီမံကိန်းဧရိယာနှင့်အနီးတဝိုက်ရှိ ရေနမူနာများတိုင်းတာခြင်း( ချောင်းများ၊ရေတွင်း၊ရေကန်များ၊ရေထွက်ပေါက်များ စသည်ဖြင့်--)

(၆) မြေဆီလွှာညစ်ညမ်းမှုတိုင်းတာခြင်း၊
(၇) သစ်ပင်များ၊မြက်ခင်းများစိုက်ပျိုးခြင်း၊

စက်ပစ္စည်းများဖယ်ရှားမည့်အစီအစဉ်၊
သတ္တုတူးဖော်ခြင်းလုပ်ငန်းများစတင်ရပ်ဆိုင်းသည့်အချိန်မှစ၍အသုံးပြုသည့်ယာဉ်များနှင့်စက်ပစ္စည်းများကိုဆေးကြောခြင်း၊သန့်စဉ်ခြင်း၊ဖြုတ်သိမ်းခြင်းများကိုလုပ်ဆောင်မည်ဖြစ်ပါသည်။ယခုစီမံကိန်းတွင်အသုံးပြုသောစက်ယန္တရားများသည်ရွှေ့ပြောင်းရန်လွယ်ကူသောကြောင့်မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများဖြစ်သည့်မြေညှိခြင်း၊မြေဖို့ခြင်းများအတွက်အသုံးပြုနိုင်သဖြင့်မလိုအပ်တော့သည့်အချိန်မှသာအဆိုပါဧရိယာမှရွှေ့ပြောင်းနိုင်ပါသည်။

ကန်များမြေပြန်ဖို့မည့်အစီအစဉ်၊
စီမံကိန်းပြီးဆုံးသည့်အခါလိုအပ်သည့်မြေဖို့ခြင်းများကိုစီမံကိန်းကာလတွင်အသုံးပြုသည့်စက်ယန္တရားများကိုအသုံးပြု၍လက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

သစ်ပင်ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်၊
စီမံကိန်းလုပ်ဆောင်ပြီးလွှဲပြောင်းပေးမည့်မြေအသုံးချမှုအစီအစဉ်အတိုင်းသစ်ပင်အမျိုးအစားနှင့်အရေအတွက်များအတိုင်းစိုက်ပျိုးသွားမည်ဖြစ်ပါသည်။

သုံးစွဲမည့်ရန်ပုံငွေ၊
မိုင်းပိတ်သိမ်းခြင်းအတွက်သီးခြားရန်ပုံငွေထားရှိအသုံးပြုသွားမည်ဖြစ်ပါသည်။အမှတ်(၁)သတ္တုတွင်းဦးစီးဌာန၏သတ်မှတ်ချက်များအတိုင်းရန်ပုံငွေပမာဏကိုပြည့်မီစွာသုံးစွဲသွားမည်ဖြစ်ပါသည်။

မိုင်းပိတ်သိမ်းလုပ်ငန်းစဉ်အလိုက်ရန်ပုံငွေလျာထားချက်။

| စဉ် | အကြောင်းအရာ | နှစ်စဉ်ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁ | စက်ပစ္စည်းနှင့်ယန္တရားများသိမ်းဆည်းရွှေ့ပြောင်းခြင်း၊ | ၁,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၂ | မြေစာပုံများကိုချိုင့်များအတွင်းပြန်လည်ဖို့ပေးခြင်း၊ | ၅,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၃ | အတားအဆီးများနံရံများကိုရှင်းလင်းပေးခြင်း | ၁,၅၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၄ | တူးဖော်ပြီးကျင်းဟောင်းများပြန်လည်မြေဖို့ခြင်း(သို့မဟုတ်) အခြားနည်းလမ်းဖြင့်အသုံးပြုနိုင်ရန်လုပ်ဆောင်ပေးခြင်း(ရေကန်၊ငါးမွေးကန်၊အမှိုက်စွန့်ပစ်ကန်စသည်ဖြင့်--) | ၁,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၅ | စီမံကိန်းဧရိယာနှင့်အနီးတဝိုက်ရှိ ရေနမူနာများတိုင်းတာခြင်း( ချောင်းများ၊ရေတွင်းရေကန်များ၊ရေထွက်ပေါက်များစသည်ဖြင့်--) | ၅,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၆ | မြေဆီလွှာညစ်ညမ်းမှုတိုင်းတာခြင်း၊ | ၅,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| ၇ | သစ်ပင်များ၊မြက်ခင်းများစိုက်ပျိုးခြင်း၊ | ၅,၀၀၀,၀၀၀ | ညှိနှိုင်းအတည်ပြုရန် |
| | စုစုပေါင်း | ၂၃,၀၀၀,၀၀၀ | |

တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်း၊
မိုင်းပိတ်သိမ်းမည့်အချိန်၏တစ်နှစ်အလိုတွင်ဝန်ကြီးဌာန၊ဒေသအာဏာပိုင်အဖွဲ့၊အရပ်ဘက်အဖွဲ့အစည်းများပါဝင်သောအဖွဲ့ကိုဖွဲ့စည်းတာဝန်ယူလုပ်ဆောင်စေမည်ဖြစ်ပါသည်။ ကတိကဝတ်ကိုလည်းအခန်း၂တွင်ဖော်ပြထားပါသည်။

သတ္တုတူးဖော်ခြင်းပိတ်သိမ်းရန်အစီအစဉ်ကအောက်ပါအတိုင်းဖော်ပြထားပါသည်။
Operation Stage Closure Plan လုပ်ကိုင်ဆဲလုပ်ကွက်အနေအထားအတွက် သတ္တုတူးဖော်ခြင်းပိတ်သိမ်းမှုအစီအစဉ်။
Figure 1. The mine closure process




အဖွဲ့အစည်းဖွဲ့စည်းမှု၊တာဝန်ယူအကောင်အထည်ဖော်မှု၊

| အဖွဲ့အစည်း | တာဝန်ယူမှု | အကောင်အထည်ဖော်မှု | မှတ်ချက် |
|---|---|---|---|
| Stakeholders* | မိုင်းပိတ်သိမ်းသည့်အခါအဆိုပါနေရာကိုမည်သို့ဖြစ်ပေါ်စေလိုသည်ကိုဆုံးဖြတ်ပေးရန်(ဥပမာ။ အပန်းဖြေပန်းခြံ၊ မြို့ပြလူနေအဆောက်အဦတည်ဆောက်ရန်စသည်ဖြင့်. . ) | လုပ်ငန်းစဉ်များအကောင်အထည်ဖော်နိုင်စေရန်တွေ့ဆုံစည်းဝေးမှတ်တမ်းပြုရန်။ | သင့်တော်သည့်အဖွဲ့အစည်းများဖြင့်ဖွဲ့စည်းနိုင်သည်။ |
| Regulators** | အထက်ဖော်ပြပါရည်ရွယ်ချက်နှင့်ကိုက်ညီမည့်စံချိန်စံညွှန်းများထုတ်ပြန်ပေးရန်။ | | ဒေသနှင့်ပြည်ထောင်စုအဆင့်။ |
| Developer/Operator | တူးဖော်စဉ်ကာလမှစ၍အထက်ပါရည်ရယ်ချက်များအတွက်အနှောင့်အယှက်မဖြစ်စေဘဲ၊ကူညီဖေါ်ဆောင်သည့်နည်းလမ်းများအတိုင်းလုပ်ဆောင်သွားရန်နှင့်ရံပုံငွေထည့်ဝင်သွားရန်။ | | လုပ်ကွက်အတွက်လုပ်ကိုင်ခွင့်ပြုထားသူ |

အဆိုပါအဆင့်တိုင်းကိုအကောင်အထည်ဖေါ်ရာ၌အဓိကအဖွဲ့ဖြစ်သော Stakeholders နှင့် Regulators တို့ကစနစ်တကျညှိနှိုင်းလုပ်ဆောင်အကောင်အထည်ဖေါ်သွားရမည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းမှုအစီအစဉ်အစီရင်ခံစာသည် တူးဖေါ်ထုတ်လုပ်မှုစီမံကိန်းမစတင်မီကပင်တင်ပြဆုံးဖြတ်ထားပြီးဖြစ်ရမည်ဖြစ်သော်လည်းယခုစီမံကိန်းကဲ့သို့တူး



CamScanner

ဖေါ်ထုတ်လုပ်ဆဲလုပ်ကွက်များအတွက်မူ၊လက်ရှိအခြေအနေမှစတင်လုပ်ကိုင်မည်ဆိုလျှင်လည်းနောက်မကျသေးပါ။ သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းပါဝင်ရန်လည်းအထူးလိုအပ်ပါသည်။

သတ္တုတူးဖော်ခြင်းပိတ်သိမ်းသည့်အစီအစဉ်အရမည်သည့်အချိန်တွင်မည်သို့ပါဝင်ရမည်ကိုအောက်ပါ Figue 2. တွင်ဖေါ်ပြထားပါသည်။

Figure 2. Integrating stages of mining and mine closure planning (adopted from ICMM2008)




၁၁. ၇ မိုင်းပိတ်သိမ်းခြင်းအတွက်ရန်ပုံငွေလျာထားချက်။

စီမံကိန်းဖော်ဆောင်သူသည်လုပ်ငန်းများပိတ်သိမ်းခြင်းနှင့်ပိတ်သိမ်းပြီးနောက်အဆင့်များအတွက်ကုန်ကျစရိတ်များကို သတ္တုတွင်းနည်းဥပဒေ ၁၈၅ (င)ပါပြဋ္ဌာန်းချက်နှင့်အညီနိုင်ငံတော်ဘဏ်တစ်ခုခုတွင်သတ္တုတွင်းပိတ်သိမ်းခြင်းအတွက် အသုံးပြုရန်ပုံငွေခေါင်းစဉ်ဖြင့်သီးခြားငွေစာရင်းဖွင့်လစ်ထားရန်လိုအပ်သည့်အတိုင်းလုပ်ငန်းရှင်ကလုပ်ဆောင်ထား ပြီးဖြစ်ပါသည်။ (မြဝတီဘဏ်လီမိတက်)

အဆိုပါလျာထားသည့်ရန်ပုံငွေဖြင့်လုံလောက်မှုမရှိပါကသက်ဆိုင်ရာနှင့်အနီးဆုံးအလုပ်အမှုဆောင်အစည်းအဝေးသို့ တင်ပြတောင်းခံအသုံးပြုသွားမည်ဖြစ်ပါသည်၊ကတိကဝတ်များကိုအခန်း(၂)တွင်ဖော်ပြထားပါသည်။

၁၁. ၈ ကြားဖြတ်အစီအစဉ်နှင့်ခန့်မှန်းကုန်ကျစရိတ်။

ပိတ်သိမ်းခြင်းကြားဖြတ်အစီအစဉ်အတွက်လစဉ်ကုန်ကျငွေကျပ်၁၀သိန်းခန့်တစ်နှစ်စာခန့်လျာထားပြီးလိုအပ်ပါကညှိ နှိုင်းရန်။



CamScanner

## ၁၂. ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်။

### ၁၂.၁ နိဒါန်း

ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်တွင်အောက်ပါတို့ဖြင့်တင်ပြထားပါသည်။

ESMP အကောင်အထည်ဖော်ခြင်းအတွက်အဖွဲ့ အစည်းဆိုင်ရာအစီအစဉ်များ။ဖြစ်ပေါ်နိုင်သောပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာထိခိုက်နိုင်မှုများအကျဉ်းချုပ်။လျှော့ပါးစေရေးနည်းလမ်းများဖော်ပြချက်။ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအတွက်စီမံချက်ငယ်များ။စိန်းလန်းစိုပြေရေးအပေါ်စီမံထားချက်များ။စောင့်ကြည့်စစ်ဆေးမည့်အစီအစဉ်များ၊အစီရင်ခံခြင်းအတွက်သတ်မှတ်ချက်များ။အရေး ပေါ်အခြေအနေတုန့်ပြန်ရေးစီမံချက်။ပတ်ဝန်းကျင်အရေအသွေးစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာသတ်မှတ်ချက်များ။နစ်နာမှုဖြေရှင်းပေးရေးလုပ်ငန်းစဉ်။စွမ်းဆောင်ရေးဖွံ့ ဖြိုးရေးနှင့်သင်တန်းအစီအစဉ်များ။အကောင်အထည်ဖော်မည့်အချိန်ဇယား။ဒေသခံပြည်သူချိတ်ဆက်ပါဝင်ရေးနှင့်ဒေသဖွံ့ဖြိုးရေးဆွေးနွေးညှိနှိုင်းခြင်းနှင့်သတင်းအချက်အလက် ထုတ်ဖော်တင်ပြခြင်းများ။ပတ်ဝန်းကျင်စီမံခန့် ခွဲမှုအစီအစဉ်ကိုအကောင်အထည်ဖော်ရန်လိုအပ်သည့်အဖွဲ့ ၊ပုဂ္ဂိုလ်နှင့်အသုံးစရိတ်လျာထားမှု။

### ၁၂.၂ ESMP အကောင်အထည်ဖော်ခြင်းအတွက်အဖွဲ့ အစည်းဆိုင်ရာအစီအစဉ်များ။

ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုများအတွက်ဖွဲ့ စည်းတာဝန်ပေးမှု၊ တာဝန်ယူမှုနှင့်လမ်းညွှန်ဆောင်ရွက်ထားရှိမှုများကိုအောက်ပါအတိုင်းတင်ပြအပ်ပါသည။

ဖွဲ့ စည်းတာဝန်ပေးမှု။

ပတ်ဝန်းကျင်ထိခိုက်မှုများလျှော့ချစေရန်၊ထိခိုက်မှုများမရှိစေရန်၊ထိခိုက်မှုများအပေါ် စောင့်ကြပ်ကြည့်ရှုနိုင်စေရန်တို့အတွက်အောက်ပါပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ကိုဖွဲ့ စည်းတာဝန်ယူစေမည်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ။

| | |
|---|---|
| (က) အထွေထွေမနေဂျာ | ဥက္ကဋ္ဌ |
| (ခ) မန်နေဂျာ(စီမံ) | အဖွဲ့ ဝင် |
| (ဂ) လုံခြုံရေးအရာရှိ | အဖွဲ့ ဝင် |
| (ဃ) မန်နေဂျာ (ဘူမိဗေဒ) | အတွင်းရေးမှူး |

တာဝန်ယူမှု။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊လျှော့ချသည့်အစီအစဉ်များအပါအဝင်၊မီးဘေးနှင့်လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အပေါ်အစဉ်လိုက်နာဆောင်ရွက်ရန်၊အထွေထွေအားဖြင့်ယခုစီမံကိန်း၏လေ၊အသံနှင့်စွန့်ပစ်အမှိုက်စသည်တို့ကြောင့်သဘာဝပတ်ဝန်းကျင်ကိုသော်၎င်း၊လူမှုစီးပွါးပတ်ဝန်းကျင်ကိုသော်၎င်း၊ထိခိုက်မှုမဖြစ်ပေါ်စေရန်အစဉ်စောင့်ကြပ်ကြည့်ရှုမှတ်တမ်းထားရှိရမည်ဖြစ်သည်။ဆန်းစစ်တွေ့ ရှိချက်နှင့်လျှော့ချနိုင်သည့်လုပ်ငန်းများမှတ်တမ်းတင်ထားရှိရန်၊ စောင့်ကြပ်ကြည့်ရှုအစီရင်ခံစာ (Monitoring Report) ကိုသတ်မှတ်ထားသည့်အချိန်များအတိုင်းပြုစုတင်ပြရန်၊ ပတ်ဝန်းကျင်ထိမ်းသိနးရေးလုပ်ငန်းစဉ်များစဉ်ဆက်မပြတ်ဆောင်ရွက်သွားနိုင်ရေးအတွက်အဖွဲ့ နှင့်အသုံးစရိတ်လျာထားမှုကနှစ်စဉ်အမြတ်ငွေ၏နှစရာခိုင်နှုံးခန့် သုံးစွဲရန်ရံပုံငွေအဖြစ်လျာထားဆောင်ရွက်သွားရန်။ လုပ်ငန်းအစီအစဉ်များကိုသက်ဆိုင်ရာမှတ်တမ်း၊အထောက်အထားစာရွက်စာတမ်းများနှင့်အတူဝန်ကြီးဌာနသို့ လိုအပ်သည့်အခါတင်ပြရန်အတွက်လည်းတာဝန်ယူရမည်ဖြစ်သည်။

လမ်းညွှန်ဆောင်ရွက်ထားရှိမှုများ။
အထက်ပါအဖွဲ့ သည်

(၁) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ပတ်ဝန်းကျင်ထိခိုက်မှုစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်စစ်ဆေးမည့်အစီအစဉ်များ၊အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ယင်းကာလအတွင်းစီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကြောင့်ထပ်မံတွေ့ရသည့် ပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှုများ၊ရ တွေ့ရှိချက်များနှင့်ယင်းထိခိုက်နိုင်မှုများကိုလျှော့ချရန်တားဆီးရန်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကိုသက်ဆိုင်ရာမှတ်တမ်း၊အထောက်အထားစာရွက်စာတမ်းများနှင့်အတူဝန်ကြီးဌာနသို့ လိုအပ်သည့်အခါတင်ပြရန်။

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည်အပိုဒ်(၁)ပါလုပ်ငန်းစဉ်တစ်ခုချင်းအားတိကျစွာလုပ်ဆောင်နိုင်စေရန်အတွက်လိုအပ်လျှင်အောက်ပါအတိုင်းအဖွဲ့ငယ်များထပ်မံဖွဲ့စည်းပြီးကြီးကြပ်ဆောင်ရွက်နိုင်သည်။

(က)ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုသည့်အဖွဲ့၊ (ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာအရည်အသွေးများအပေါ်အစဉ်စောင့်ကြည့်ပြီး၊အထောက်အကူပြုအဖွဲ့၏တွေ့ရှိချက်များအပေါ်ဆက်လက်တင်ပြရန်၊)

(ခ )ပတ်ဝန်းကျင်ဆိုင်ရာအထောက်အကူပြုအဖွဲ့၊ (လေ၊မြေ၊ရေအရည်အသွေးများတိုင်းတာခြင်း၊)

(၃) ပတ်ဝန်းကျင်ထိမ်းသိနးရေးလုပ်ငန်းစဉ်များစဉ်ဆက်မပြတ်ဆောင်ရွက်သွားနိုင်ရေးအတွက်အသုံးစရိတ်လျာထားမှုရန်ရံပုံငွေသုံးစွဲမှုနှင့်လုံလောက်မှုမရှိပါကနီးစပ်ရာ (BOD) အစည်းအဝေးသို့တင်ပြအစီရင်ခံရန်။

၁၂.၃ ဖြစ်ပေါ်နိုင်သောပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာထိခိုက်နိုင်မှုများအကျဉ်းချုပ်။

လုပ်ငန်းစဉ်ကြောင့်ထိခိုက်သက်ရောက်နိုင်မှုများ။

| စဉ် | လုပ်ငန်းစဉ် | ထိခိုက်မှုဖြစ်စေနိုင်သည့်အကြောင်းရင်း | ဖြစ်နိုင်ခြေရှိထိခိုက်မှုများ |
|---|---|---|---|
| ၁ | လုပ်ကွက်ဝင်ထွက်လမ်းဖောက်လုပ်ခြင်း | -စက်ယန္တရားများ<br>-မော်တော်ယာဉ်များ | -မြေဆီလွှာနှင့်အပင်များအပေါ်သက်ရောက်မှု<br>-လေထုအတွင်းအခိုးအငွေ့နှင့်ဖုန်ထမှု |
| ၂ | အဆောက်အဦးနှင့်လုပ်ခွင်ရုံဆောက်လုပ်ခြင်း | -မြေနေရာရှင်းလင်းခြင်း<br>-စက်ယန္တရားများ<br>-မော်တော်ယာဉ်များ<br>-လုပ်သားများ | -မြေဆီလွှာနှင့်အပင်များအပေါ်သက်ရောက်မှု<br>-လေထုအတွင်းအခိုးအငွေ့နှင့်ဖုန်ထမှု<br>-တစ်ကိုယ်ရေသုံးစွန့်ပစ်အမှိုက်နှင့်စွန့်ပစ်ရည်များထွက်ရှိမှု |
| ၃ | သတ္တုတူးဖော်ခြင်း | -စက်ယန္တရားများ<br>-မြေသယ်ယာဉ်များ၊<br>-မော်တော်ယာဉ်များ | -မြေဆီလွှာနှင့်အပင်များအပေါ်သက်ရောက်မှု<br>-လေထုအတွင်းအခိုးအငွေ့နှင့်ဖုန်ထမှု<br>-ဆူညံမှု၊တုန်ခါမှု |
| ၄ | သယ်ယူပို့ဆောင်ခြင်း | -စက်ယန္တရားများ<br>-မော်တော်ယာဉ်များ | -အခိုးအငွေ့နှင့်ဖုန်ထမှု၊<br>-ဆူညံမှု၊တုန်ခါမှု |

ယခုစီမံကိန်းကြောင့်ဖြစ်ပေါ်နိုင်သည့်ထိခိုက်မှုများကိုယေဘူယျအားဖြင့် ၂ပိုင်းခွဲခြားနိုင်ပါသည်။

၁. စီမံကိန်းတည်ဆောက်မှုကာလဆောက်လုပ်ရေးလုပ်ငန်းစဉ်များကြောင့်ယာယီသို့မဟုတ်အချိန်တိုအတွင်းထိခိုက်မှုများ။

၂. ရေရှည်သို့မဟုတ်အမြဲတမ်းလုပ်ငန်းစဉ်များကြောင့်ထိခိုက်နိုင်မှုများ။

(၁)စီမံကိန်းတည်ဆောက်မှုကာလဆောက်လုပ်ရေးလုပ်ငန်းစဉ်များကြောင့်ယာယီသို့ မဟုတ်အချိန်တိုအတွင်းထိခိုက်မှုများ။

ယခုစီမံကိန်းကိုစတင်သည်မှသတ္တုတူးဖော်မှုကာလအတွင်းပုံမှန်ဖြတ်သန်းသွားလာနေမည့်ယာဉ်များနှင့်ကုန်ထုတ်လုပ်ယာဉ်များ၏အသံ၊အခိုးအငွေ့နှင့်ဖုန်တို့ကြောင့်ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများရှိနိုင်ပါသည်။

(၃) ရေရှည်သို့ မဟုတ်အမြဲတမ်းလုပ်ငန်းစဉ်များကြောင့်ထိခိုက်နိုင်မှုများ။

စီမံကိန်းလုပ်ငန်းများအမှန်တကယ်လည်ပတ်သည့်အခါတွင်လုပ်ငန်းစဉ်၏သဘောတရားအရ စွန့်ပစ်ရေဆိုးများမထွက်သောကြောင့်ပတ်ဝန်းကျင်ထိခိုက်ရန်မရှိပါ။ ထို့အပြင်အသံ၊အခိုးအငွေ့နှင့်ဖုန်ထမှု၊တုန်ခါမှုများကြောင့်လည်းထိခိုက်မှုဖြစ်ပေါ်ရန်ရှိအနည်းငယ်သာတွေ့ရှိရပါသည်။

လုပ်သားများ၏စားကြွင်းစားကျန်အမှိုက်များရေအိမ်အသုံးပြုမှုများစသည်တို့သည်စည်းကမ်းမဲ့စွန့်ပစ်လျှင်ပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်ပါသည်။
အဆိုပါစီမံကိန်းတည်ဆောက်သည့် ဒေသသည်မူလကပင်သဘာဝတောမြေဖြစ်ခဲ့သောကြောင့်လူတို့နှင့်နီးစပ်သည့်တောကလေး၊ကျီးကန်း၊ခို၊ဇရက်၊ပိုင်ရှင်မဲ့ခွေး၊ကြောင်၊ကြွက်၊ပိုးဟပ်၊ခြင်၊ယင်၊ အိမ်မြှောင်စသည်တို့တွေ့နိုင်သော်လည်းအခြားသောမှီခိုနေထိုင်သည့်တိရိစ္ဆာန်များမျိုးနွယ်စုအထောက်အထားများဒေသခံများနှင့်တွေ့ဆုံမေးမြန်းစစ်တမ်းကောက်ယူရရှိသည်ကိုအခန်း( ၆)တွင်ဖော်ပြထားပါသည်။

Table 13 The Summary of Impacts & Ratings to this project

| Impact | Rating Significance |
|---|---|
| 1. လေထုအပေါ်ထိခိုက်မ (Pollution) | Low |
| 2. ရေထုအပေါ်ထိခိုက်မ (Water Resources) | Low |
| 3. အသံနှင့်တုန်ခါမှုကြောင့်ထိခိုက်မ Noise and Vibration | Low |
| 4. မြေအပေါ်ထိခိုက်မ (Soil contamination, Ground Subsidence) | Low |
| 5. သက်ရှိမျိုးကွဲများအပေါ်ထိခိုက်မ Biodiversity | Low |
| 6. လူထုကျန်းမာရေးနှင့်လုံခြုံရေးအပေါ်ထိခိုက်မ Community Safety and Health | Low but A+ |
| 7. အလုပ်အကိုင်ပွင့်လင်းမှုအပေါ်ထိခိုက်မ Job Opportunity | A+ |
| 8. လုပ်ငန်းခွင်လုံခြုံမှုနှင့်ကျန်းမာရေးအပေါ်ထိခိုက်မ Occupational Safety and Health | Low but A+ |
| 9. Restriction of Access | A+ |
| 10. Economic Displacement of local Agriculturists | A+ |
| 11. General Economic Development | A+ |
| 12. Better Transportation | A+ |



CamScanner

၁၂.၄ လျော့ပါးစေရေးနည်းလမ်းများ။

ထိခိုက်မှုလျော့ချခြင်းသည်အဓိကအားဖြင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏အဓိကရည်ရွယ်ချက်ဖြစ်ပြီး၊ထိခိုက်နိုင်မှုများဖော်ထုတ်ခြင်း၊လျှော့ချစေခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်းတို့ပါဝင်ပါသည်။စီမံကိန်းအကြိုကာလ၊စီမံကိန်းကာလနှင့်စီမံကိန်းကာလနေစဉ်စောင့်ကြပ်ကြည့်ရှုခြင်းအဆင့်ပါဝင်ပါသည်။

Overview of Pollution Reduction Options

| Source | Machine | Type of Option | Reduction Option | Compound Reduction |
|---|---|---|---|---|
| Power Generation | Diesel Generator | Combustion | Air enrichment (30%O2) | CO2,CO,NOx and NMVOC |
| | | | Oxy fuel firing | CO2,CO, NO and NMVOC |
| | | | Solar PV Panel | CO2,CO, NO and NMVOC |

အဆိုပါစီမံကိန်းလုပ်ဆောင်နေသည့်ကာလတွင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုစီးပွါးရေးဆိုင်ရာများအပေါ် ထိခိုက်နိုင်သည့်

၁. အသံပိုင်းဆိုင်ရာနှင့် တုန်ခါမှု

၂. စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးရေညစ်များဆိုင်ရာ

၃. အနီးအနားတွင်ရှင်သန်သွားလာနေထိုင်သည့် သဘာဝတိရိစ္ဆာန်များအားထိခိုက်ခြင်း။

၄. လုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ

စသည်တို့ကိုအဓိကထား၍ဆန်းစစ်မှုများကိုလုပ်ကိုင်ခဲ့ပြီးအောက်ပါအတိုင်းလျှော့ချနိုင်သည့်နည်းလမ်းများဖြင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များကိုလုပ်ဆောင်ထားပါသည်။

**Dust Mitigation Plan**

ယင်းအတွက်သက်သာလျှော့နည်းစေရန်မော်တော်ယာဉ်များအရှိန်ထိန်းမောင်းနှင်ခြင်း။ကုန်ကြမ်းများ တင်/ချ ပြုလုပ်သည့်နေရာတွင်အကာအရံပြုလုပ်ပေးထားခြင်းတို့ဖြင့်ကာကွယ်လျော့နည်းစေနိုင်ပါသည်။လိုအပ်လျှင်မော်တော်ယာဉ်လမ်းကြောင်း(မြေသားလမ်း)အပေါ်ရေဖြန်းခြင်းဖြင့်ဖုန်ထမှုကသက်သာစေနိုင်ပါသည်။

**Noise Mitigation Plan**

စီမံကိန်းကာလစက်ပစ္စည်းများတပ်ဆင်ခြင်း၊စက်စမ်းသပ်ခြင်း၊ရွှေ့ပြောင်းခြင်း၊စသည်တို့ကြောင့်ဆူညံသံ နှင့်တုန်ခါသံများဖြစ်ပေါ်မည်ဖြစ်ရာ၊ဆူညံသံလျော့နည်းစေသောနည်းများကိုအသုံးပြုခြင်း၊ အလုပ်ချိန်နှင့်လမ်းကြောင်းကန့်သတ်ခြင်း၊စီမံကိန်းပတ်လည်တွင်ဆူညံသံကိုခံနိုင်သောသံအကာအကွယ်များအသုံးပြုကာ ယံထားခြင်းစသည်တို့ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



CS CamScanner

လုပ်ငန်းခွင်လုပ်သားများအတွက်နားကြပ်ကိရိယာများတပ်ဆင်စေခြင်းဖြင့်အသံဆူညံမှုကြောင့်ထိခိုက်မှုကိုကာကွယ်နိုင်မည်ဖြစ်သည်။

(အဆိုပါအသံနှင်ပတ်သက်၍မည်သည့်အသံကြိတ်နှုံး (db)ကိုလက်ခံကြောင်းစံချိန်စံညွှန်းများထွက်ပေါ်လာသည့်အခါအဆိုပါစံချိန်စံညွှန်းအတိုင်းပြည့်မီအောင်လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။)

Noise Level Guidelines

| Receptor | One Hour LAeq (dBA) | |
|---|---|---|
| | Daytime 07:00 – 22:00 | Nighttime 22:00 – 07:00 |
| Residential; Institutional; Educational | 55 | 45 |
| Industrial; Commercial | 70 | 70 |

**Water and Waste Mitigation Plan**

စွန့်ပစ်ပစ္စည်းနှင့်ရေဆိုးရေညစ်များဆိုင်ရာလျှော့ချမှု။

စီမံကိန်း၏လုပ်ဆောင်မှုလမ်းစဉ်အရ စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးရေညစ်များသည်အောက်ပါအတိုင်းထွက်ရှိနိုင်ကြောင်း Process Flow အရသိရှိနိုင်ပါသည်။

(က)စွန့်ပစ်မြေစာများ၊
(ခ )လုပ်သားများ၏စွန့်ပစ်အမှိုက်များနှင့်ရေချိုးခြင်း၊ရေအိမ်များမှထွက်ရှိသောရေဆိုးများ၊

စွန့်ပစ်မြေစာများကိုသတ်မှတ်သည့်နေရာတွင်စွန့်ပစ်စေပြီးစီမံကိန်းအနီးနှင့်လိုအပ်သည့်နေရာများတွင်ချိုင့်ဖို့ခြင်း၊လမ်းခင်းခြင်းတို့ဖြင့်စွန့်ပစ်မြေစာများကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့ကျစေရန်စီစဉ်ထားပါသည်။

ပုံမှန်အားဖြင့်ဘောက်ဆိုက်ကျောက်များကိုဟင်းလင်းဖွင့်စနစ်အသုံးပြုထုတ်လုပ်သော်လည်း Backhole ဖြင့်ခြစ်ထုတ်ယိုက်သည့်အခါကျောက်သားများသည်ကြွင်းစုမြေနီများသည်အောက်တွင်ကျန်ခဲ့ပြီးကျောက်သားများသာပေါ်လာပါသည်၊ပေါ်လာသည့်ကျောက်တုံးများကိုကောက်ယူလိုက်ခြင်းဖြင့်ကြွင်းစုမြေနီများသည်အဆိုပါနေရာတွင်သာကျန်ခဲ့သောကြောင့်မြေစာပုံသီးခြားပြုလုပ်ရန်မလိုသောကြောင့်အမှန်တကယ်မြေစာပုံမရှိသကဲ့သို့မြေပြန်ဖို့ပြီးသကဲ့သို့လည်းဖြစ်စေပါသည်။

သို့ဖြစ်ပါသဖြင့်မြေစာပုံသီးသန့်မရှိသောကြောင့်မြေစာပုံမှစီးဆင်းရေမဖြစ်ပေါ်ပါ။ မိုးရွာသည့်အခါအဆိုပါတူးဖော်သည့်တွင်းမှမြေအောက်သို့စိမ့်ဝင်ပြီးအနီးအနားသို့အနည်းငယ်သာစီးဆင်းနိုင်ပါသည်။ အနီးစပ်ဆုံးတွင်တည်ရှိသောငှမိုင်အတွာချောင်းတွင်းသို့စီးဝင်ရန်မရှိပါ။

သို့ဖြစ်၍အခြားသောဘေးထွက်ဆိုးကျိုးများမပေးနိုင်ပါ။

အနီးအနားတွင်ရှင်သန်သွားလာနေထိုင်သည့် သဘာဝတိရိစ္ဆာန်များအားထိခိုက်ခြင်း။

**Flora & Fauna Mitigation Plan**

စီမံကိန်းတည်ဆောက်သည့်မြေနေရာသည်မြေလွတ်မြေရိုင်းများဖြစ်ပြီး၊သတ္တုရှာဖွေတူးဖော်ခြင်းကြောင့်မူလရှိသည့်တောတောင်များ၊အပင်များသဘာဝပေါက်ပင်များကိုတပ်နိုင်သမျှရှောင်လျားလုပ်ကိုင်ခြင်းဖြင့်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်စီစဉ်ဆောင်ရွက်ထားရှိပါသည်။အဆိုပါလုပ်ကွက်ဖော်ထုတ်မှုကြောင့်အနီးအနားတွင်မှီခိုနေထိုင်ကြသောဇီဝမျိုးစုံမျိုးကွဲများအပေါ်ယေဘူယျအားဖြင့်ထိခိုက်မှုမရှိနိုင်သော်လည်းစီမကိန်း၏အသံများကြောင့်နေရာပြောင်းရွှေ့မှုများရှိနိုင်ပါသည်။ မူလကရှိခဲ့သည့်အရိပ်ရအပင်များကိုလည်းတတ်နိုင်သမျှမူလအတိုင်းထားရှိသွားမည်ဖြစ်ပါသည်။

စီမံကိန်းတည်ဆောက်ပြီးသည့်အခါတွင်မြေပြုပြင်ခြင်းနှင့်စိမ်းလမ်းစိုပြေစေရန်ရည်ရွယ်ချက်ဖြင့်မြေပိုများတွင်အရိပ်ရအပင်များကစိုက်ပျိုးသွားမည်ဖြစ်ပါသည်။

လုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝန်ထမ်းများ၏လုပ်ငန်းခွင်လုံခြုံရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ။

အဆိုပါစီမံကိန်းတွင်အထွေထွေမန်နေဂျာအပါအဝင် စီမံခန့်ခွဲရေးဝန်ထမ်း၊ ကျွမ်းကျင်ဝန်ထမ်းများပါဝင်သောလုပ်သားဦးရေစုစုပေါင်း (၃၂) ဦးခန့်လိုအပ်မည်ဖြစ်၍ဒေသခံနှင့်တကွပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပွင့်လင်းလာမည်ဖြစ်ပါသည်။ အဆိုပါဝန်ထမ်းအင်အားခန့်ထားမှုတွင်လည်းဒေသခံများကိုဦးစားပေးခန့်ထားမည်ဟုသိရှိရပါသည်။

သာမန်အားဖြင့်လုပ်ငန်းသဘောသဘာဝအရကြီးမားသောစက်ရုံအလုပ်ရများကဲ့သိုလုပ်ခွင်အန္တရယ်ကြီးမားမှု မရှိနိုင်ပါ။

သို့ရာတွင်အသေးအမွှားမှအစကြီးမားသောထိခိုက်မှုအန္တရယ်များမဖြစ်စေရန်ပညာပေးမှုများအခါအားလျော်စွာပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

စီမံကိန်းစတင်သည့်အချိန်မှစ၍ Recycling ပြုလုပ်နိုင်သောအမှိုက်များကိုစံနစ်တကျစွန့်ပစ်စေခြင်း၊ သန့်ရှင်းရေးဝန်ထမ်းများကိုလည်းမိမိတို့သိမ်းဆည်းလာသည့်အမှိုက်များအားစုပေါင်းအမှိုက်စခန်းတွင်သီးခြားစွာစွန့် ပစ်စေပြီးအနံ့များမထွက်စေရန်စနစ်တကျသိမ်းဆည်းစေမည်ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေးလမ်းကြောင်း။
ဤစီမံကိန်းကြောင့်မူလလမ်းမရှိသည့်ဒေသတွင်လုပ်ငန်းလိုအပ်ချက်အရလမ်းဖောက်လုပ်ရပါသည်။အဆိုပါစီမံကိန်းလမ်းကြောင့်၊မူလကရှိသည့်လမ်းပမ်းဆက်သွယ်မှုဆိုင်ရာအပေါ်ထိခိုက်မှုမရှိဘဲပိုမိုကောင်းမွန်လာသည့်အခြေအနေသို့ရရှိပါသည်။သို့ဖြစ်ပါ၍ယခုစီမံကိန်းသည်ဆက်သွယ်မှုလမ်းကြောင်းအပေါ်ထိခိုက်မှုမရှိဘဲပိုမို၍သာကောင်းကျိုးပြုသောစီမံကိန်းဖြစပါသည်။

လူမှုပတ်ဝန်းကျင်၊

စီမံကိန်းဆောင်ရွက်မှုကြောင့်ဒေသခံကျေးရွာသူ/သားတို၏လူမှုရေး၊စီးပွါးရေးနှင့်ကျန်းမာရေးတိုအပေါ်ထိခိုက်နိုင်မှုများနှင့်လျော့နည်းစေရေးဆောင်ရွက်မည့်အစီအစဉ်များအသေးစိပ်။



CS CamScanner

ယခုစီမံကိန်းအကောင်အထည်ဖော်သည့် ပြင်ဦးလွင်မြို့နယ်အငေးယားကျေးရာအုပ်စုတွင်နေထိုင်ကြသည့်ဒေသခံကျေးရွာသူ/သားများသည်မူလကတောင်ယာစိုက်ပျိုးရေးကိုသာအဓိကထားလုပ်ကိုင်ရသော်လည်းယခုစီမံကိန်းကြောင့်အလုပ်အကိုင်များပွင့်လင်းလာပြီးဝင်ငွေတိုးတက်ရရှိလာပါသည်။

စီမံကိန်း၏လိုအပ်ချက်အရသတ္တုရှာဖွေခြင်း၊စက်ယန္တရားများသယ်ယူပို့ဆောင်ခြင်း၊ထွက်ရှိလာသည့် သတ္တုရိုင်းများသယ်ပို့ရန်စသည်တို့အတွက်လိုအပ်သည့်လမ်းများဖေါက်လုပ်ခြင်းကိုမဖြစ်မနေလုပ်ဆောင်ရပါ သည်။

မူလကမြေသားလမ်းကိုရာသီမရွေးသွားလာနိုင်သည့်ကျောက်ချောလမ်းဖြစ်စေရန်ကျောက်ခင်းပေးခြင်းကိုဆောင်ရွက်ထားပါသည်။

အဆိုပါလမ်းသည်စီမံကိန်းအတွက်သာမဟုပ်ဘဲဒေသခံများအတွက်အသုံးပြုနိုင်သောလမ်းဖြစ်သောကြောင့်မည်သို့ဆိုစေကျေးရွာသူကျေးရွာသားများအတွက်အလိုအလျောက်ဖြစ်ပေါ်လာသောလမ်းဖြစ်ပေသည်။
အဆိုပါလမ်းကြောင့်ပင်ကျေးရွာသူ/သားများအတွက်လူမှုရေးအတွက်သော်လည်းကောင်း၊မိမိတို့တောင်ယာထွက်သီးနှံများသယ်ယူရောင်းချနိုင်သည့်စီးပွါးရေးအတွက်သော်လည်းကောင်း၊နေထိုင်မကောင်း၍ဆေးကုရန်လိုအပ်သည့်အခါအသုံးပြုနိုင်သည့်ကျန်းမာရေးအတွက်သော်လည်းကောင်းဘက်စုံမှအကျိုးပြုသည့်ဆက်သွယ်ရေးလမ်းတစ်ခုဖြစ်သောကြောင့်ယခုစီမံကိန်းသည်ဒေသခံကျေးရွာသူ/သားများအတွက်လူမှုပတ်ဝန်းကျင်ပိုမိုကောင်းမွန်လာစေသောစီမံကိန်းတစ်ခုဖြစ်ပါသည်။

ဤစီမံကိန်းကြောင့်မူလလမ်းမရှိသည်ကိုလမ်းဖောက်လုပ်ခြင်းဖြစ်ပါသည်။ယခုစီမံကိန်းကြောင့်လမ်းပမ်းဆက်သွယ်မှုဆိုင်ရာထိခိုက်မှုမရှိဘဲပိုမိုကောင်းမွန်လာသည့်စီမံကိန်းဖြစ်ပါသည်။

## Summary of Mitigation Measures

စီမံကိန်းကြောင့်ထိခိုက်နိုင်မှုများကိုဆန်းစစ်ပြီး၎င်းထိခိုက်မှုများကိုလျှော့ချသည့်အစီအစဉ်ကိုအောက်ပါအတိုင်းတင်ပြအပ်ပါသည်။
ထိခိုက်မှုလျှော့ချသည့်အစီအစဉ်ပေါင်းချုပ်။ (ပုံမှန်တူးဖော်ထုတ်လုပ်စဉ်ကာလ)
Table (2) Summary of Mitigation (Production Stage)

| အမျိုးအစား | အချက်အလက် | Mitigation and Consideration Measures in Operation Phase | Responsibility |
|---|---|---|---|
| ညစ်ညမ်းမှု | လေအရည်အသွေး | - စီမံကိန်းအတွင်းယဉ်သွားလာမှုများအရှိန်ထိမ်းသိမ်းရန်၊ -လုပ်သားများချက်ပြုပ်မှုများကြောင့်လေထုညစ်ညမ်းမှုကိုမဖြစ်စေရန်၊ | Workers |
| | ရေ အရည်အသွေး | -Septic tank တပ်ဆင်ခြင်းကြောင့်ထိခိုက်မှုမဖြစ်နိုင်ပါ၊ | Developer |
| | စွန့်ပစ်ပစ္စည်း | -3Rs.စနစ်ကိုလုပ်သားများအားလိုက်နာစေပြီးနေ့စဉ်သုံးပစ္စည်းများလျှော့ချနိုင်သည်၊ | Developer |
| | Soil Contamination | - စက်ဆီ၊ချောဆီများမြေပေါ်သို့ဖိတ်စဉ်မှုများမဖြစ်ပေါ်စေရန် | All |
| | အသံနှင့်တုန်ခါမှု | မော်တော်ယာဉ်များအရှိန်ထိန်းမောင်းနှင်စေခြင်း၊ နေ့အချိန်သာအလုပ်လုပ်စေပြီးညအချိန်ရပ်နားစေခြင်း၊ | Developer |
| | Ground Subsidence | - ရေသုံးစွဲမှုမရှိသော်လည်းမူလမြေအောက်ရေ၏အနေအထားကိုမထိခိုက်စေရန်အတွက်အသုံးစွဲမှုကိုထိမ်းသိမ်းရန်အတွက်သုံးရေချွေတာသုံးစွဲခြင်း၊ | Developer |
| | Offensive Odor | - လုပ်သားများကအနေ့ခင့်အယှက်ပြုအနံ့များမဖြစ်ပေါ်စေရန်စည်းကမ်းတင်းကြပ်ထားရမည်၊ | Developer |
| | Bottom Sediment | - စီမံကိန်းမှထွက်ရှိသောအညစ်အကြေးများသည်အမျိုးသားစံချိန်မီစွန့်ပစ်ရန်လိုအပ်ပါသည်၊ | Developer |
| သဘာဝပတ်ဝန်းကျင် | အပင်၊သတ္တဝါနှင့်မျိုးပွါးကွဲပြားမှု | - သစ်ပင်များမလိုအပ်ဘဲမခုတ်ရန်နှင့်ထိန်းသိမ်းစောင့်ရှောက်ရန်၊ -နေရာလွတ်များတွင်(သို့)ပန်းအိုးများဖြင့်အပင်များစိုက်ပျိုးရန်၊မျက်ခင်းများပြုလုပ်ရန်၊ | Developer |
| | ဇလဗေဒအခြေအနေ | - သင့်တော်သည့်ရေကန်ပြုလုပ်ပြီးမိုးရေစုဆောင်းပြီးအပင်ရေလောင်းခြင်းဖြင့်ရေသုံးမှုလျှော့ချနိုင်သည်၊ | Developer |

| | | | |
|---|---|---|---|
| လူမှုဝန်းကျင် | နေထိုင်မှုနှင့်အသက်မွေးမှု | Septic tank system ကိုအသုံးပြုခြင်းဖြင့်ရေဆိုး၏အရည်အသွေးထိန်းသိမ်းနိုင်ပါသည်၊ Livelihood ကိုထိခိုက်နိုင်ခြင်းမရှိပါ၊ | Developer |
| | ရေသုံးစွဲမှု | ရေအသုံးချမှုအစဉ်ထိန်းသိမ်းရန်လိုအပ်သည် | Developer |
| | လက်ရှိလူမှုအဆောက်အအုံနှင့်သွားလာမှု | မူလရှိပြီးလမ်းများမထိခိုက်စေရန်နှင့်ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ရန်လိုပါသည်၊ | Developer |
| | AIDS/HIV ကဲ့သို့သောအန္တရာယ်(သို့) ကူးစက်ရောဂါများ | - ရောဂါများကူးစက်မှုမရှိစေရန်ကာကွယ်ခြင်း၊ပညာပေးခြင်းအားဖြင့်ထိန်းချုပ်နိုင်ပါသည် | Developer |
| | လုပ်ခွင်အခြေအနေ (လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု) | - လုပ်သားများလုပ်ခွင်ကျန်းမာရေး Occupational Health and Safety (OHS) ကိုအစဉ်လုပ်ဆောင်ပေးခြင်း | Developer |
| အခြား | မတော်တဆထိခိုက်မှု | - စီမံကိန်းအတွင်းအပြင်တို့၌မတော်တဆထိခိုက်မှုများမဖြစ်စေရန်စီစဉ်ထားရမည်၊ | Developer |
| | ကမ္ဘာ့ပူနွေးမှု | - စီမံကိန်းကြောင့် GHGs emission လျော့ချရန် | Developer |

## ၁၂.၅ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် (လုပ်ငန်းလည်ပတ်စဉ်ကာလ)

ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုများကိုရေးချယ်ထားသည့်ထိခိုက်မှုများလျော့ချစေသည့်နည်းများဖြင့်အောက်ပါအတိုင်းစီစဉ်ဆောင်ရွက်ထားပါသည်။

**Dust Management Plan**

ရည်ရွယ်ချက်။

ယခုစီမံကိန်းမစတင်မီကအဆိုပါဒေသတွင်မော် တော်ကားလမ်းများမရှိခဲ့သဖြင့်ယာဉ်များမောင်းနှင်မှုမရှိခဲ့သောကြောင့်ဖုံထမှုများ၊လေထုညစ်ညမ်းမှုများမရှိဟုမှတ်သားရမည်ဖြစ်သော်လည်း Environmental Base Line အဖြစ်ကိန်းကဏန်းများမရရှိနိုင်ပါ။ သို့ ရာတွင်အောက်ဖော်ပြပါအကြောင်းအချက်များဖြစ်သည့်

- စီမံကိန်းတည်ဆောက်ရေးကာလတွင်ပို့ ဆောင်ရေးမော်တော်ယာဉ်များဝင်ထွက်သွားလာခြင်း။
- တည်ဆောက်ရေးအတွက်အသုံးပြုသည့် စက်ယန္တရားများ၊ စက်များဖြင့်လမ်းအခြေခံအုတ်မြစ်ချလုပ်ငန်းများလုပ်ဆောင်ခြင်း။
- သတ္တုတူးဖော်သည့်အခါမြေမှုန့် များကိုလေတိုက်ခတ်ခြင်း၊
- တူးဖော်သည့်မြေကြီးများနှင့်ကုန်တင်ယာဉ်များပေါ်သို့ တင်ချမှုများပြုလုပ်ခြင်းနှင့်သယ်ယူပို့ ဆောင်ခြင်း။

စသည်တို့ ကြောင့်ပတ်ဝန်းကျင်ဒေသများအပေါ်ဖုန်မှုံများဖြစ်ပေါ်စေနိုင်သည်တို့ကိုနည်းပါးပျောက်ပြယ်စေရန်အတွက်စီမံခန့်ခွဲနိုင်စေရန်ရည်ရွယ်ပါသည်။

ယင်းအတွက်သက်သာလျော့နည်းစေရန်မော်တော်ယာဉ်များအရှိန်ထိန်းမောင်းနှင်ခြင်း၊ကုန်ကြမ်းများ တင်/ချ ပြု လုပ်သည့်နေရာတွင်အကာအရံပြုလုပ်ပေးထားခြင်း၊လမ်းများအားရေဖြန်းခြင်း၊မော်တော်ယာဉ်ဖြင့်သယ်ယူရာတွင်ဖုံးအုပ်သယ်ယူစေခြင်းတို့ ဖြင့်ကာကွယ်လျော့နည်းစေနိုင်ပါသည်။

| လုပ်ငန်းစဉ် | အကြိမ် | ရေရယူမည့်အရင်းအမြစ် |
|---|---|---|
| လမ်းရေဖြန်းခြင်း | နွေရာသီတစ်နေ့တစ်ကြိမ်နှင့်လိုအပ်သလို | ဒေသခံရေဖြန်းလုပ်ဆောင်သူများ |



CamScanner

Dust Management Plan

| ရည်ရွယ်ချက် | လိုက်နာမည့်စီမံချက်စီမံချက် | တာဝန်ယူ မည့်အဖွဲ့ | သုံးစွဲမည့် ရန်ပုံငွေ | မှတ်ချက် |
|---|---|---|---|---|
| လေညစ်ညမ်းမှု (လျော့ချရန်၊မရှိရန်) | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ | စီမံကိန်းဖော်ဆောင်သူ၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့။ | တစ်နှစ်စာ ၂၀သိန်း | သုံးစွဲငွေ(BOD) နှင့်ညှိနှိုင်းရန် |

## Noise Management Plan

ဆူညံမှုနှင့်တုန်ခါမှုများအပေါ်စီမံထားရှိမှု။

ရည်ရွယ်ချက်၊

စီမံကိန်းတည်ဆောက်စဉ်စက်ပစ္စည်းများတပ်ဆင်ခြင်း၊စက်စမ်းသပ်ခြင်း၊ရွှေ့ပြောင်းခြင်း၊စသည်တို့ ကြောင့်ဆူညံသံနှင့်တုန်ခါသံများဖြစ်ပေါ်မည်ဖြစ်ရာ၊ဆူညံသံလျှော့နည်းစေသောနည်းများကိုအသုံးပြုခြင်း၊ အလုပ်ချိန်နှင့်လမ်းကြောင်းကန့်သတ်ခြင်း၊စီမံကိန်းပတ်လည်တွင်လိုအပ်ပါကဆူညံသံကိုခံနိုင်သောသံအကာအကွယ်များအသုံးပြုကာယံထားခြင်း၊လုပ်ငန်းများကိုနေ့အချိန်တွင်သာလုပ်ဆောင်စေခြင်းစသည်တို့ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

စီမံကိန်းတည်ဆောက်ရေးကာလတွင်ရောက်ရှိလာသည့်အလုပ်သမားများ နှင့်စက်ယန္တရားများကြောင့်မူလထက်ဒေသနှင့်ပတ်ဝန်းကျင်အပေါ်အသံဆူညံမှုများတိုးပွါးလာနိုင်ပါသည်။ ယင်းအတွက်သက်ဆိုင်ရာတည်ဆောက်ရေးအဖွဲ့များမှလည်းတပ်နိုင်သမျှအသံဆူညံမှုမရှိစေရန်ထိန်းသိမ်းလုပ်ကိုင်သည်ကိုတွေ့ ရှိရပါသည်။
တည်ဆောက်မှုများကိုနေ့ အချိန်တွင်သာပြုလုပ်ပြီးညစနာရီထက်နောက်ကျစွာလုပ်ကိုင်ခြင်းမှရှောင်လျှားရမည်ဖြစ်ပါသည်။တည်ဆောက်မှုများပြီးသည့်အခါအဆိုပါလမ်းပေါ်တွင်ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်များကြောင့်စက်ရုံအလုပ်ရုံ တစ်ခုကဲ့သို့ မဟုတ်ဘဲမောတော်ယာဉ်များ၏ထွက်ရှိမည်အသံနှင့်လမ်းတုန်ခါမှုများရှိလာနိုင်သော်လည်းအနီးအနားတွင်နေထိုင်သူများမရှိသောကြောင့်လူတို့ အတွက်အနှောင့်အယှက်ပေးမည်မဟုတပါ။

(အဆိုပါအသံနှင့်ပတ်သက်၍မည်သည့်အသံကြိတ်နှုံး (db)ကိုလက်ခံကြောင်းစီမံချက်စီမံချက်များထွက်ပေါ်လာသည့်အခါအဆိုပါစီမံချက်စီမံချက်အတိုင်းပြည့်မီအောင်လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။)

ဆူညံမှုဆိုင်ရာသတ်မှတ်ချက်စံနှုန်း။

| Noise Level Guidelines | | |
|---|---|---|
| | One Hour LAeq (dBA) | |
| Receptor | Daytime<br>07:00 – 22:00 | Nighttime<br>22:00 – 07:00 |
| Residential; Institutional; Educational | 55 | 45 |
| Industrial: Commercial | 70 | 70 |

စီမံကိန်းသည်လူနေရပ်ကွက်များနှင့်ကွာဝေးသောကြောင့်အသံဆူညံမှုကြောင့်ထိခိုက်နိုင်မှုမရှိသော်လည်းမော်တော်ယာဉ်များသွားလာသည့်အခါအရှိန်ထိန်းမောင်းနှင်စေမည်ဖြစ်ပါသည်။

Noise Management Plan

| ရည်ရွယ်ချက် | လိုက်နာမည့်စံချိန်စံညွှန်း | တာဝန်ယူ မည့်အဖွဲ့ | သုံးစွဲမည့်ရန်ပုံငွေ | မှတ်ချက် |
|---|---|---|---|---|
| အသံဆူညံမှု (လျော့ချရန်၊မရှိရန်) | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ | စီမံကိန်းဖော်ဆောင်သူ၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့။ | တစ်နှစ်စာ ၁ သိန်း | သုံးစွဲငွေ(BOD) နှင့်ညှိနှိုင်းရန် |

## Water and Waste Management Plan

စွန့် ပစ်ပစ္စည်းနှင့်ရေဆိုးရေညစ်များဆိုင်ရာလေ့လာဆန်းစစ်မှုနှင့်စီမံထားရှိမှု။
စီမံကိန်း၏ပုံမှန်လုပ်ဆောင်မှုလမ်းစဉ်အရ စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးရေညစ်များသည်အောက်ပါအတိုင်းထွက်ရှိနိုင်ကြောင်း Process Flow ဆိုင်ရာမှတ်တမ်းများအရသိရှိနိုင်ပါသည်။

(က)စွန့်ပစ်မြေစာများ၊

(ဂ )လုပ်သားများ၏စွန့်ပစ်အမှိုက်များနှင့်ရေချိုးခန်း၊ရေအိမ်များမှထွက်ရှိသောရေဆိုးများ၊

စီမံကိန်းတည်ဆောက်စဉ်နှင့်တည်ဆောက်ပြီးပုံမှန်လည်ပတ်သည့်ကာလတို့တွင်ရေဆေးခြင်း၊သောက်ရေသန့်စင်ခန်းများသုံးစွဲခြင်း၊ စသည်တို့တွင်အသုံးပြုသည့်ရေပမာဏအားစနစ်တကျထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့်ရေကြောင့်ဖြစ်သောညစ်ညမ်းမှုအားကာကွယ်ဆောင်ရွက်သွားရာရောက်မည်ဖြစ်ပါသည်။

<u>စွန့်ပစ်ရေများနှင့်စွန့်ပစ်မြေစာများကိုကုမ္ပဏီမှအမှန်တကယ်စီမံဆောင်ရွက်မည့်အစီအစဉ်များ။</u>

Open cut Miningတူးဖော်သည့်စနစ်နှင့်ကျောက်တွေ့ရှိဖော်ထုတ်မှုအရစွန့်ပစ်မြေစာများသည်အဆိုပါဖယ်ထုတ်လိုက်သောကျောက်တုံးများ၏နေရာတွင်သာကျန်ရှိခဲ့သောကြောင့်မြေစာပုံရန်သီးခြားသတ်မှတ်နေရာမလိုအပ်ပါ။အပေါ်ယံမှဖယ်ထုတ်သည့်မြေစာနှင့်မျက်များကိုလည်းအဆိုပါတွင်းနေရာတွင်နေရာတွင်ပြန်လည်စွန့်ပစ်စေပြီးစီမံကိန်းအနီးနှင့်လိုအပ်သည့်နေရာများတွင်ချိုင့်ဖို့ခြင်း၊လမ်းခင်းခြင်းတို့ဖြင့်စွန့်ပစ်မြေစာများကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုကိုလျော့ကျစေရန်စီစဉ်ထားပါသည်။
စီမံကိန်းတွင်အမှန်တကယ်နေထိုင်သူ၂ဦးသာရှိသောကြောင့်ရေချိုးခန်း၊အိမ်သာများမှထွက်ရှိသောရေဆိုးရေညစ်များကိုမြှုပ်မြေတွင်းစနစ်ကိုအသုံးပြုထားရှိပါသည်။

<u>စွန့်ပစ်ပစ္စည်းများကြောင့်ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေရန်ဆောင်ရွက်ထားရှိမှု။</u>

စီမံကိန်းတစ်ခုလုံးအနေဖြင့်အမှိုက်များကိုအလွယ်တကူသိမ်းဆည်းနိုင်သကဲ့သို့အဆိုပါအမှိုက်များကိုကျင်းတူးပြီးမြေမြှုပ်စနစ်ဖြင့်ထိခိုက်မှုမရှိစေရန်စီစဉ်ထားပါသည်။
သို့ ဖြစ်၍အခြားသောဘေးထွက်ဆိုးကျိုးများမပေးနိုင်ပါ။

MEHL သည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအားအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဒေသခံများနှင့်အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
အဆိုပါလုပ်ငန်းစီမံကိန်းကြောင့်အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းစီမံကိန်းကာလတွင်ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများအနည်းငယ်ရှိနိုင်သည်ကိုတွေ့ရှိရပါသည်။

အဆိုပါစီမံကိန်း၏လုပ်ငန်းမှထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများ(မော်တော်ယာဉ်မောင်းများ)အား 3R စနစ်ဖြင့်အမှိုက်များအားလျော့နည်း သည်ထက်လျော့နည်းအောင်လျော့ချသည့်နည်းလမ်းများဖြစ်သည် (Reduce) ၊ စွန့်ပစ်



CamScanner

လိုကသည့်အမှိုက်များမှစွန့်ပစ်ပစ္စည်းအချို့ကိုပြန်လည်အသုံးပြုသည့်နည်းလမ်း Reuse ၊စွန့်ပစ်လိုက်သည့်ပစ္စည်းကိုမူလပုံစံအတိုင်းသို့မဟုတ်နောက်ထပ်ပစ္စည်းတမျိုး ပြန်လည်ပြုပြင်ထုတ်လုပ်အသုံးပြုသောနည်းလမ်း Recycle များအသုံးပြု၍နေ ထွက်ရှိသောအမှိုက်ပမာဏလျော့နည်းစေရေးအတက် စီမံချက်များကိုရေးဆွဲနိုင်ရန်အတွက်သက်ဆိုင်ရာအထူးပြုကုမ္ပဏီများသို့ဆက်သွယ်လေ့လာခြင်း၊ နည်းပညာများကိုအမြဲလေ့လာခြင်းများပြုလုပ်သွားမည်ဖြစ်သကဲ့သို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှပေးပို့လာမည့်နည်းပညာများ၊လမ်းညွှန်ချက်များကိုလည်းတိကျစွာလိုက်နာနိုင်ရန်စီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်ပါသည်။

လက်ရှိအချိန်မှစ၍ Recycling ပြုလုပ်နိုင်သောအမှိုက်များကိုစံနစ်တကျစွန့်ပစ်စေခြင်း၊ သန့်ရှင်းရေးဝန်ထမ်းများကိုလည်း မိမိတို့သိမ်းဆည်းလာသည့်အမှိုက်များအားစုပေါင်းအမှိုက်စခန်းတွင်သီးခြားစွာစွန့် ပစ်စေပြီးအနံ့များမထွက်စေရန်မြေကျင်းဖြင့်စနစ်တကျသိမ်းဆည်းစေမည်ဖြစ်ပါသည်။
တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်သည့်အခါတွင်ဖြတ်သန်းသွားလာသောမော်တော်ယာဉ်များနှင့်လိုက်ပါလာသူများ၏လှုပ်ရှားမှုများကြောင့်အရလေထု၊အမှိုက်၊စွန့်ပစ်ရေဆိုးနှင့်ညစ်ညမ်းမှုများထွက်ရှိမည်ကိုငှင်းမီးလောင်မှုမဖြစ်စေရန်တို့ကိုငှင်းအပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်ကိုက်ညီသည့်စံနစ်များအတိုင်းပတ်ဝန်းကျင်ထိခိုက်မှုများမဖြစ်စေရန်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

Water and Waste Management Plan

| ရည်ရွယ်ချက် | လိုက်နာမည့်စံချိန်စံညွှန်း | တာဝန်ယူ မည့်အဖွဲ့ | သုံးစွဲမည့်ရန်ပုံငွေ | မှတ်ချက် |
|---|---|---|---|---|
| ရေစွန့်ပစ်အမှိုက်တို့ကြောင့်ညစ်ညမ်းမှု (လျော့ချရန်၊မရှိရန်) | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ | စီမံကိန်းဖော်ဆောင်သူ၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့။ | တစ်နှစ်စာ ၁၀သိန်း | သုံးစွဲငွေ(BOD) နှင့်ညှိနိုင်းရန် |

အနီးအနားတွင်ရှင်သန်သွားလာနေထိုင်သည့် သဘာဝတိရိစ္ဆာန်များအားထိခိုက်ခြင်း။

<u>**Flora & Fauna Management Plan**</u>
စီမံကိန်းတည်ဆောက်သည့်မြေနေရာတွင်မြေလွတ်မြေရိုင်း၊စိုက်ပျိုးမြေနှင့်သစ်တောမြေများကိုဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်ပြီး၊လမ်း၏ဘေးတစ်ဘက်တစ်ချက်တွင်မူလကအတိုင်းမြက်ပင်များသဘာဝပေါက်ပင်များဆက်လက်ပေါက်ရောက်လျက်ရှိပါသည်။

စီမံကိန်းတည်ဆောက်ပြီးသည့်အခါတွင်မြေပြုပြင်ခြင်းနှင့်စိမ်းလမ်းစိုပြေစေရန်ရည်ရွယ်ချက်ဖြင့်မြေပိုများတွင်အရိပ်ရအပင်များကို စိုက်ပျိုးသွားရန်ရှိပါသည်။ မူလကရှိခဲ့သည့်အရိပ်ရအပင်များကိုလည်း တပ်နိုင်သမျှမူလအတင်းထားရှိသွားမည်ဖြစ်ပါသည်။

ဇီဝမျိုးစုံကွဲများအပေါ်ထိခိုက်မှုရှိစေရေးအတွက်အောက်ပါအတိုင်းညွှန်ကြားထားရှိမည်ဖြစ်ပါသည်။

(က)အသံဆူညံမှုထိန်းချုပ်သကဲ့သို့ချောက်လှန့်မှုများမပြုလုပ်ရန်။
(ခ )တောမီးရှို့ခြင်း၊အမဲလိုက်ခြင်းမပြုလုပ်ရန်။
( ဂ)သားရဲတိရိစ္ဆာန်များအားထောင်ချောက်ဆင်ခြင်း၊ဖမ်းဆီးခြင်းမပြုလုပ်ရန်။



CamScanner

Management Plan for Flaura & Fauna

| ရည်ရွယ်ချက် | လိုက်နာမည့်စံချိန်စံညွှန်း | တာဝန်ယူ မည့်အဖွဲ့ | သုံးစွဲမည့် ရန်ပုံငွေ | မှတ်ချက် |
|---|---|---|---|---|
| အပင်နှင့်တိရိစ္ဆာန်တို့အပေါ်ထိခိုက်မှု (လျော့ချရန်၊မရှိရန်) | IUCN List | စီမံကိန်းဖော်ဆောင်သူ၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့။ | တစ်နှစ်စာ ၂သိန်း | သုံးစွဲငွေ(BOD) နှင့်ညှိနှိုင်းရန် |

လုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝန်ထမ်းများ၏လုပ်ငန်းခွင်လုံခြုံရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ။

အဆိုပါစီမံကိန်းတွင်အထွေထွေမန်နေဂျာအပါအဝင် စီမံခန့်ခွဲရေးဝန်ထမ်း၊ ကျွမ်းကျင်ဝန်ထမ်းများပါဝင်သောလုပ်သားဦးရေစုစုပေါင်း (၃၂) ဦးလိုအပ်မည်ဖြစ်၍ ဒေသခံနှင့်တကွပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပွင့်လင်းလာမည်ဖြစ်ပါသည်။ အဆိုပါဝန်ထမ်းအင်အားခန့်ထားမှုတွင်လည်းဒေသခံများကိုဦးစားပေးခန့်ထားမည်ဟုသိရှိရပါသည်။

<u>ဝန်ထမ်းများ၏လုပ်ငန်းခွင်လုံခြုံရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ။</u>

သာမန်အားဖြင့်လုပ်ငန်းသဘောသဘာဝအရကြီးမားသောစက်ရုံအလုပ်ရုံများကဲ့သို့လုပ်ခွင်အန္တရာယ်ကြီးမားမှုမရှိနိုင်ပါ။ သို့ရာတွင်အသေးအမွှားမှအစကြီးမားသောထိခိုက်မှုအန္တရာယ်များမဖြစ်စေရန်ပညာပေးမှုများအခါအားလျော်စွာပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | အစီအစဉ် | လေ့ကျင့်သင်တန်းပေးမှု | အကြိမ် |
|---|---|---|---|
| ၁ | လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေး | တူးဖော်ခြင်းဆိုင်ရာနည်းစနစ်များနှင့်ထိခိုက်မှုကြိုတင်ကာကွယ်ရေးလေ့ကျင့်သင်တန်းပေးခြင်း၊<br>ရေဦးသူနာပြုနှင့်ကြက်ခြေနီသင်တန်း၊<br>အရံမီးသတ်သင်တန်း၊ | တစ်နှစ်လျှင်တစ်ကြိမ် |
| ၂ | သဘာဝနှင့် မီးဘေးဆိုင်ရာ | သဘာဝဘေးနှင့်မီးဘေးကာကွယ်ရေးလုပ်ငန်းစီမံချက်သင်တန်း၊<br>ကယ်ဆယ်ရေးလုပ်ငန်းများအစီအစဉ်နှင့်လေ့ကျင့်မှုသင်တန်း၊ | ၆လလျှင်တစ်ကြိမ် |

Table (2) ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုပေါင်းချုပ်။ (Summary of Environmental Management Plan)

| အမျိုးအစား | အချက်အလက် | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (တူးဖော်ထုတ်လုပ်ရေးကာလ) | အကြမ်းဖျင်းအစီအစဉ် ရံပုံငွေ (အမေရိကန်ဒေါ်လာ) | တာဝန်ခံ |
|---|---|---|---|---|
| ညစ်ညမ်းမှု | လေအရည်အသွေး | - လေအရည်အသွေးတိုင်းတာစစ်ဆေးရန်၊<br>-လမ်းပေါ် သို့ရေဖြန်းရန်၊<br>-ယာဉ်သွားလာသည့်နှုန်းလျှော့ချရန်၊ | နေ့စဉ် (၁၅၀၀/၃လတ) | Workers |
| | ရေ အရည်အသွေး | -ရေခြေတာသည့်စနစ်တပ်ဆင်အသုံးပြုရန်၊<br>-စွန့်ပစ်ရေစောင့်ကြည့်ရန်၊ | နေ့စဉ် (၅၀၀/၃လတ) | Developer |
| | စွန့်ပစ်ပစ္စည်း | -3Rs.စနစ်ကိုအမှိုက်အားလုံးအတွက်စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအသုံးပြုရန်၊ | နေ့စဉ် (၁၀၀၀/၃လတ) | Developer |
| | Soil Contamination | - စက်ဆီ၊ချောဆီများမြေပေါ် သို့ဖိတ်စဉ်မှုများမဖြစ်ပေါ်စေရန် | နေ့စဉ် (၁၅၀၀/၃လတ) | All |
| | အသံနှင့်တုန်ခါမှု | အသံနှင့်တုန်ခါမှုကိုစောင့်ကြည့်ရန်<br>ညအချိန်လုပ်ကိုင်မှုမပြုရန်၊<br>မော်တော်ယာဉ်အရန်လျှော့ချမောင်းနှင်းစေရန် | နေ့စဉ် (၅၀၀/၃လတ) | Developer |
| | Ground Subsidence | - မူလမြေအောက်ရေ၏အနေအထားကိုမထိခိုက်စေရန်အတွက်သုံးရေချွေတာသုံးစွဲခြင်း၊ | နေ့စဉ် (၁၅၀၀/၃လတ) | Developer |
| | Offensive Odor | - စီမံကိန်းအတွင်းနေထိုင်သူများ၏အနှောင့်အယှက်ပြုအနံ့များမဖြစ်ပေါ်စေရန်စည်းကမ်းတင်းကြပ်ထားရမည်၊ | နေ့စဉ် (၁၅၀၀/၃လတ) | Developer |
| | Bottom Sediment | - ထွက်ရှိသောအညစ်အကြေးများသည်အမျိုးသားစံချိန်မီစွန့်ပစ်ရန်လိုအပ်ပါသည်၊ | နေ့စဉ် (၁၅၀၀/၃လတ) | Developer |
| သဘာဝ ပတ်ဝန်းကျင် | အပင်၊သတ္တဝါနှင့်မျိုးပွါးကွဲပြားမှု | - နေရာလွတ်များတွင်(သို့)ပန်းအိုးများဖြင့်အပင်များစိုက်ပျိုးရန်၊မျက်ခင်းများပြုလုပ်ရန်၊ | နေ့စဉ် (၉၀၀/၃လတ) | Developer |
| | ဇလဗေဒအခြေအနေ | - သင့်တော်သည့်ရေကန်ပြုလုပ်ပြီးမိုးရေစုဆောင်းပြီးအပင်ရေလောင်းခြင်းဖြင့်ရေသုံးမှုလျှော့ချနိုင်သည်၊ | နေ့စဉ် (၁၀၀၀/၃လတ) | Developer |
| လူမှုပတ်ဝန်းကျင် | နေထိုင်မှုနှင့်အသက်မွေးမှု | ရေဆိုးစွန့်ထုတ်ခြင်းမပြုရန်၊<br>Livelihood ကိုထိခိုက်နိုင်ခြင်းမရှိပါ၊ | နေ့စဉ် | Developer |
| | ရေသုံးစွဲမှု | ရေအသုံးချမှုအစဉ်ထိန်းသိမ်းရန်လိုအပ်သည် | နေ့စဉ် | Developer |
| | လက်ရှိလူမှုအဆောက်အအုံနှင့်သွားလာမှု | မူလရပြီးလမ်းများမထိခိုက်စေရန်နှင့်ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ရန်လိုပါသည်၊ | နေ့စဉ် | Developer |
| | AIDS/HIV ကဲ့သို့သောအန္တရာယ်(သို့)ကူးစက်ရောဂါများ | - ရောဂါများကူးစက်မှုမရှိစေရန်ကာကွယ်ခြင်း၊ပညာပေးခြင်းအားဖြင့်ထိန်းချုပ်နိုင်ပါသည် | နေ့စဉ် | Developer |
| | လုပ်ငန်းခွင်အခြေအနေ (လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု) | - လုပ်သားများလုပ်ခွင်ကျန်းမာရေး Occupational Health and Safety (OHS)ကိုအစဉ်လုပ်ဆောင်ပေးခြင်း | နေ့စဉ် (၅၀၀/၃လတ) | Developer |
| အခြား | မတော်တဆထိခိုက်မှု | - စီမံကိန်းအတွင်းအပြင်တို့၌မတော်တဆထိခိုက်မှုများမဖြစ်စေရန်စီစဉ်ထားရမည်၊ | နေ့စဉ် (၅၀၀/၃လတ) | Developer |
| | ကမ္ဘာပူနွေးမှု | - စီမံကိန်းကြောင့် GHGs emission လျှော့ချရန် | နေ့စဉ် (၅၀၀/၃လတ) | Developer |

## ၁၂.၆ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအတွက်စီမံချက်ငယ်များ။

ယခုစီမံကိန်းအတွက်ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအတွက်အောက်ပါအတိုင်းစီမံချက်ငယ်များကိုဆောင်ရွက်ရန်စီစဉ်ထားပါသည်။

(ကက)စိန်းလန်းစိုပြေရေးအပေါ်စီမံထားချက်များ။

( ခခ )ပတ်ဝန်းကျင်အရည်အသွေးစောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ၊
( ဂဂ )အစီရင်ခံခြင်းအတွက်စီစဉ်ထားရှိမှုများ။

(ကက)စိန်းလန်းစိုပြေရေးအတွက်စမံထားရှိချက်များ။
စီမံကိန်းတည်ဆောက်မည့်နေရာ၏နယ်နိမိတ်အတွင်း၌ပြီးဖြစ်သောမူလအပင်ကြီးများကိုတတ်နိုင်သမျှထိခိုက်မှုမရှိစေဘဲချန်လှပ်ဆောက်လုပ်ပါသည်။

အထွေထွေအားဖြင့် စီမံကိန်းပြီးဆုံး၍မိုင်းပိတ်သိမ်းချိန်တွင်တည်ရှိမည့်နေရာတွင်သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေစေရေးအတွက်အောက်ဖော်ပြပါအပင်များကိုစိုက်ပျိုးသွားရန်ရှိပါသည်။

၁. အဆောက်အဦးများ၏အနီးရှိမြေလွတ်များတွင်မြက်ခင်းများစိုက်ပျိုးခြင်း။
၂. မျက်နှာစာလမ်းဘေးနှင့်ပင်မလမ်းဘေးနှစ်ဘက်တွင်ခရေပင်၊ ဇော်ဒီးရှား (မလေးရှားပိတောက်)၊ ဆီသပြေနှင့် စိန်ပန်းပင်များစိုက်ပျိုးခြင်း။
၃. မြေလွတ်များတွင်မိုးရာသီအပင်များစိုက်ပျိုးခြင်း။

ထို့အပြင်ဒေသခံအပင်များဖြစ်သည့် (၁)ပျဉ်းမပင် (၂)ကုက္ကိုလ်ပင် (၃) ပိတောက်ပင် (၄)ထီးရှုံးဝါးပင် (၅)ဇန်ဒါပင် (၆)ငှက်ပျောပင် (၇)အုန်းပင် စသည်တို့ ကိုလည်းသင့်တော်သလိုစိုက်ပျိုးသွားမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းမရှိစေဘဲ စိမ်းလန်းစိုပြေစေရေးအတွက်မြက်နှင့်အခြားအပင်များစိုက်ပျိုးရာတွင်ပျိုးပင်များစုဆောင်းခြင်း၊ စိုက်ပျိုးခြင်းနှင့် အပင်များရှင်သန်ရေးအတွက်ထိမ်းသိမ်းခြင်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်ကြီးကြပ်ရေးအဖွဲ့ ကိုအောက်ပါအတိုင်းဖွဲ့ စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
စိန်းလမ်းစိုပြေရေးအဖွဲ့ ။

| | |
|---|---|
| (က) မန်နေဂျာ | ဥက္ကဋ္ဌ |
| ( ခ) အလုပ်ကြပ် (တူးဖော်ရေး) | အဖွဲ့ ဝင် |
| ( ဂ) စိုက်ပျိုးရေးကျွမ်းကျင်သူ | အဖွဲ့ ဝင် |
| (ဃ) လုံခြုံရေး | အဖွဲ့ ဝင် |
| ( င )လက်ထောက်မန်နေဂျာ | အတွင်းရေးမှူး |

စီမံချက်ပါလုပ်ငန်းများအဆင်ပြေချောမွေ့ ရေးအတွက်တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ဆက်သားဖြင့်သော်လည်းကောင်းဆက်သွယ်ဆောင်ရွက်သွားရန်လည်းစီမံထားရှိပါသည်။

သို့ဖြစ်ပါ၍သဘာဝပတ်ဝန်းကျင်ပိုမိုကောင်းမွန်လာစေရေး စီမံချက်များနှင့်အကောင်အထည်ဖော်မှုများကိုလုပ်ငန်းမန်နေဂျာ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန်စီမံထားရှိပါသည်။

(ခခ) ပတ်ဝန်းကျင်အရည်အသွေးစောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ၊

စီမံကိန်းသည်ဘောက်ဆိုက်များထုတ်လုပ်ခြင်းဖြစ်ပြီး၊ရရှိသည့်ကျောက်များကိုကျောက်ဆည်ရှိဘိလပ်မြေစက်ရုံသို့တင်ပို့ပါသည်။အဆပါလုပ်ငန်းစဉ်များတစ်လျောက်ပတ်ဝန်းကျင်အရည်အသွေးအပေါ်ထိခိုက်မှုရှိမရှိစောင့်ကြပ်ကြည့်ရှုသွားနိုင်ရန်အောက်ပါအတိုင်းစီစဉ်ထားရှိပါသည်။

ပတ်ဝန်းကျင်အရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့။

| | |
|---|---|
| (က) လုပ်ငန်းမန်နေဂျာ | ဥက္ကဋ္ဌ |
| (ခ) တတိယအဖွဲ့အစည်းမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဂ) အင်းယားရွာအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဃ)လက်ထောက်မန်နေဂျာ(စီမံ) | အတွင်းရေးမှူး |

စီမံချက်ပါလုပ်ငန်းများအဆင်ပြေချောမွေ့ရေးအတွက်တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ဆက်သားဖြင့်သော်လည်းကောင်းဆက်သွယ်ဆောင်ရွက်သွားရန်လည်းစီမံထားရှိပါသည်။

ပတ်ဝန်းကျင်အရည်အသွေးစောင့်ကြပ်ကြည့်ရှုသည့်အဖွဲ့ဝင်များသည်မိမိတို့၏ထူးခြားတွေ့ရှိချက်များကိုအဖွဲ့အားတင်ပြပြီးလိုအပ်ပါကအဖွဲ့ဝင်များ၏အတည်ပြုချက်ဖြင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သို့တင်ပြအစီရင်ခံရမည်။

(၀၀ )အစီရင်ခံခြင်း (Reporting) အတွက်စီစဉ်ထားရှိမှုများ။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာန၏ညွှန်ကြားချက်များအရ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့်စနစ်၊ ပတ်ဝန်းကျင်ထိခိုက်မှုစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်စစ်ဆေးမည့်အစီအစဉ်များကိုအခါအားလျော်စွာလုပ်ဆောင်ပြီးသက်ဆိုင်ရာမှတ်တမ်း၊အထောက်အထားစာရွက်စာတမ်းများနှင့်အတူဝန်ကြီးဌာနသို့တင်ပြရန်လမ်းညွှန်ထားမှုအား၊ လိုက်နာလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**Reporting Management Team,**

| | |
|---|---|
| ၁. မန်နေဂျာ (စီမံ) | အဖွဲ့ခေါင်းဆောင် |
| ၂. မန်နေဂျာ (ထုတ်လုပ်မှု) | ဒုတိယအဖွဲ့ခေါင်းဆောင် |
| ၃. စာရင်းကိုင် | အဖွဲ့ဝင် |
| ၄. လက်ထောက်မန်နေဂျာ (စီမံ) | အတွင်းရေးမှူး |

အဆိုပါအဖွဲ့သည်အခန်း(၁၂. ၂)တွင်ဖေါ်ပြထားသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သို့ အစီရင်ခံစာများပေးပို့လျက်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ပတ်ဝန်းကျင်ထိခိုက်မှုစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်စစ်ဆေးမည့်အစီအစဉ်များ၊အကောင်အထည်ဖေါ်ဆောင်ရွက်မှုများ၊ ယင်းကာလအတွင်းစီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကြောင့်ထပ်မံတွေ့ရသည့်ပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှုများရှိ တွေ့ရှိချက်များနှင့်ယင်းထိခိုက်နိုင်မှုများကိုလျှော့ချရန်တားဆီးရန်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကသက်ဆိုင်ရာမှတ်တမ်း၊အထောက်အထားစာရွက်စာတမ်းများနှင့်အတူဝန်ကြီးဌာနသို့ လိုအပ်သည့်အခါတင်ပြနိုင်ရန်အတွက်လည်းဝိုင်းဝန်းကူညီရမည်ဖြစ်သည်။

စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်းလုပ်ငန်းများအတွက်အောက်ပါအတိုင်းသတ်မှတ်ထားမည်ဖြစ်ပါသည်။

- လုပ်ငန်းခွင်အတွင်းစောင့်ကြပ်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်း။
- အသေးအဖွဲ့ဖြစ်ရပ်များ၊မတော်တဆမှုနှင့်အရေးပေါ်ကိစ္စများအားအစအရင်ခံခြင်း။
- လုပ်ဆောင်ချက်များကိုညွှန်းကိန်းများဖြင့်သတ်မှတ်တိုင်းတာခြင်းနှင့်ယင်းညွှန်းကိန်းများအတိုင်းအရေးယူဆောင်ရွက်ခြင်း။
- လေ့ကျင့်သင်တန်းပေးခြင်းအစီအစဉ်များ။



CS CamScanner

အထက်ဖော်ပြပါအစီရင်ခံစာများကိုအောက်ပါအကြိမ်အရေအတွက်အတိုင်းလိုက်နာတင်ပြရမည်။

| စဉ် | အစီရင်ခံစာအမျိုးအစား | အကြိမ် အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | လုပ်ငန်းခွင်အတွင်းစောင့်ကြပ်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်း။ | တစ်လတစ်ကြိမ် | |
| ၂ | အသေးအဖွဲဖြစ်ရပ်များ၊မတော်တဆမှုနှင့်အရေးပေါ်ကိစ္စများအားအစီအရင်ခံခြင်း။ | ကိစ္စများပေါ်ပေါက်သည့်အခါတိုင်း | (*) |
| ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်သည့်အခါတိုင်းလုပ်ဆောင်ချက်များကိုညွှန်းကိန်းများဖြင့်တိုင်းတာမှတ်တမ်းတင်ခြင်း။ | ပြုလုပ်သည့်အခါတိုင်း | |
| ၄ | လေ့ကျင့်သင်တန်းပေးခြင်းအစီအစဉ်များ။ | ပြုလုပ်သည့်အခါတိုင်း | |

မှတ်ချက်။ (*)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC) တွင် မတော်တဆမှု(သို့ မဟုတ်)အရေးပေါ်ဖြစ်ရပ်တစ်ခုခုဖြစ်ပွါးပါက (ECC) ကိုင်ဆောင်ထားသူသည်သင့်တော်ရာအာဏာပိုင်များသို့ ဖြစ်နိုင်သမျှအမြန်ဆုံးအသိပေးရမည်။

## 12.7 အရေးပေါ်အခြေအနေတုန့်ပြန်ရေးစီမံချက်။

ရည်ရွယ်ချက်။

အရေးပေါ်အခြေအနေကိုသဘာဝဘေးအန္တရာယ်နှင့်သတ္တုတူးဖော်ခြင်းဆိုင်ရာစီမံကိန်းကြောင့်ဖြစ်ပေါ်သည့်ဘေးအန္တရာယ်တို့ဖြစ်ပေါ်ကျရောက်သည့်အချိန်ကိုသတ်မှတ်ပါသည်။

ရည်သို့ဆိုစေသဘာဝဘေးအန္တရာယ်နှင့်သတ္တုတူးဖော်ခြင်းစက်မှုဆိုင်ရာအန္တရာယ်များဖြစ်ပေါ်ခဲ့သော်အဆိုပါအရေးပေါ်အခြေအနေများကိုအမြန်ဆုံးတုန့်ပြန်ဖြေရှင်းရန်လိုအပ်သည့်အတွက်စီမံချက်များကိုအသေးစိပ်ကိုယခု EMP အခန်းတွင်ဖော်ပြထားပါသည်။

ဖွဲ့စည်းထားရှိခြင်း။

စီမံကိန်းကာလအတွင်းအထက်ပါအရေးပေါ်အခြေအနေများအတွက် Safety Management (Emergency Response) Team ကိုအောက်ပါအတိုင်းဖွဲ့ စည်းထားမည်ဖြစ်ပါသည်။

**Safety Management (Emergency Response) Team,**

| | |
|---|---|
| ၁. လုပ်ငန်းလည်ပတ်မှုမန်နေဂျာ | အဖွဲ့ ခေါင်းဆောင် |
| ၂. မန်နေဂျာ (Production) | ဒုတိယအဖွဲ့ ခေါင်းဆောင် |
| ၃. လုံခြုံရေးမှူး | အဖွဲ့ ဝင် |
| ၄. လက်ထောက်မန်နေဂျာ(HSE) | အတွင်းရေးမှူး |

အရေးပေါ်အခြေအနေအပေါ်တုန့်ပြန်ရေးစီမံထားရှိချက်။



CamScanner

အကြိုတည်ဆောက်ခြင်းအဆင့်၊တည်ဆောက်ခြင်းအဆင့်၊လုပ်ငန်းလည်ပတ်ဆောက်ရွက်ခြင်းအဆင့်တို့ နှင့်စီမံကိန်းကာလနှင့်စီမံကိန်းများပြီးဆုံး၍ပုံမှန်လည်ပတ်သည့်အခါတို့ တွင်ဖြစ်ပေါ်နိုင်သည့်အရေးပေါ်အခြေအနေများအတွက်အောက်ပါအတိုင်းစီမံချက်များချမှတ်ထားပါသည်။

၁. သဘာဝ(ရေ၊မြေ၊လေ၊လျှင်) အန္တရာယများအတွက်ကြိုတင်ကာကွယ်ထားရှိမှု။
၂. မီးဘေးအန္တရာယ။

အထက်ဖော်ပြပါအရေးပေါ်အန္တရာယ်များဖြစ်ပေါ်လာပါကဆုံးရှုံးမှုများကိုဖော်ထုတ်ဖြေရှင်းပေးနိုင်ရန်အတွက်အောက်ပါအတိုင်းအရေးပေါ်စီမံချက်ကိုရေးဆွဲထားပါသည်။

(၁) သဘာဝ(ရေ၊မြေ၊လေ၊လျှင်) အန္တရာယ်များအတွက်ကြိုတင်ကာကွယ်ထားမှုအစီအစဉ်။
သဘာဝဘေးအန္တရာယ်များအတွက်စီမံထားရန်ခက်ခဲသော်လည်းတတ်နိုင်သမျှကြိုတင်ကာကွယ်မှုအစီအစဉ်များကိုပြုလုပ်ထားရန်လိုပါသည်။

၁. သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ စောင့်ကြပ်ကြည့်ရှုသည့်အဖွဲ့ နှင့်မီးဘေးအန္တရယ်ကာကွယ်ရေးအဖွဲ့တို့ သည်အရေးပေါ်အခြေအနေပေါ်မူတည်၍လိုအပ်သလိုစုစည်းပြီးဖြေရှင်းပေးနိုင်သည်များကိုဖြေရှင်းပေးရမည်၊

- လုပ်သားများနှင့်ထိခိုက်မှုရှိသူများအတွက်အရေးပေါ်အသက်အန္တရာယ်မှလွတ်မြောက်စေရန်(သို့မဟုတ်)ဘေးကင်းရာသို့ဦးစွာကယ်တင်လုပ်ဆောင်ရမည်။
- လိုအပ်သည့်ဆေးဝါးကုသမှုရရှိစေရန်၊ရှေးဦးသူနာပြုနည်းဖြင့်ပြုစုစေပြီး၊လိုအပ်သလိုနည်းစပ်ရာဒေသန္တရဆေးခန်း၊ဆေးရုံများသို့ပို့ဆောင်ပေးရမည်။
- အရေးပေါ်အခြေအနေ၏အရင်းအမြစ်များဖြစ်သောအောက်ပါတို့ကိုစနစ်တကျအဆင့်ဆင့်အသုံးပြုရန်
  -သဘာဝဘေး (လေ၊ရေမုန်တိုင်း၊လျှင်)တို့လွတ်ကင်းရာသို့သွားရောက်နိုင်စေရန်၊
  -မီးဘေး (အသေးစိပ်ဖော်ပြထားပါသည်။)
  -ဓာတုဖိတ်စဉ်မှုများအတွက်(ရှိလျှင်)ယိုဖိတ်မှုရှင်းလင်းရေးကိရိယာများအသုံးပြုရှင်းလင်းစေရန်
- ဆက်သွယ်ရေးစနစ်ဖြင့်အချင်းချင်းဆက်သွယ်ထားနိုင်ရန်စီစဉ်ထားရမည်။

၂. လိုအပ်ချက်အပေါ်မူတည်ပြီးဒေသအတွင်းရှိအခြားသောအရေးပေါ်စီမံချက်၊အဖွဲ့ အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ရမည်။
၃. ဆုံးရှုံးမှုများကိုသက်ဆိုင်ရာတာဝန်ရှိသူများသို့ တင်ပြဖြေရှင်းရန်။

(၂) မီးဘေးအန္တရာယ်။
Management on Fire Prevention
မီးဘေးအန္တရာယ်ကာကွယ်ရေးအပေါ်စီမံထားချက်များ။

ရည်ရွယ်ချက်။

မီးဘေးအန္တရာယ်မှကြိုတင်ကာကွယ်ရန်နှင့်အချိန်မရွေးမီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါကချက်ချင်းတားဆီးငြိမ်းသတ်နိုင်ရန်၊

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း။

မီးဘေးကြိုတင်ကာကွယ်ရန်အတွက်ရုံးခန်းများနှင့်မော်တော်ယာဉ်များထားသည့်နေရာအတွက်ပါတပါတည်းစီစဉ်ထားရှိပါသည်။

မီးသတ်ရေပုံး၊မီးကပ်၊သဲအိတ်၊မီးသတ်ဆေးဗူးများကိုအဆင်သင့်ထားရှိမည်ဖြစ်ပြီးအရေးပေါ်အချက်ပေးစနစ်ကိရိယာများတပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။ရုံးအဆောက်အဦကိုလည်းမီးလောင်မှုကာကွယ်စေရန်အင်္ဂတေ(RC)နှင့်သံထည်ပစ္စည်းများဖြင့်တည်ဆောက်ထားပြီးမီးအာမခံလည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ပါသည်။မီးဘေးအန္တရယ်များမဖြစ်ပေါ်စေရန်စက်ရုံဝန်းကျင်တွင်ချုံနွယ်များ၊အမှိုက်သရိုက်များကိုဖယ်ရှားနိုင်ရန်အစီအစဉ်များထားရှိပါမည်။

ဆေးလိပ်မသောက်ရဆိုင်းဘုတ်များကိုကားရပ်နားသည့်နေရာအပါအဝင်သင့်တော်သည့်နေရာများတွင်အလွယ်တကူမြင်နိုင်ရန်ချိတ်ဆွဲထားရမည်။မော်တော်ယာဉ်များအတွက်လောင်စာဆီသိုလှောင်ထားရှိခြင်း၊ ဆီဖြည့်ခြင်း၊ စက်စမ်းသပ်ခြင်းစသည်တို့ ကိုအဆိုပါကားရပ်နားရာနေရာများတွင်မပြုလုပ်ရန်လည်းအထူးဂရုစိုက်ရမည်ဖြစ်ပါသည်။

မီးဘေးအန္တရာယ်ကာကွယ်ရေးအပေါ်စီမံထားချက်များကိုအောက်ပါအတိုင်းစနစ်တကျစီမံထားရှိပါသည်။

၁. မီးလောင်နိုင်သည့်အကြောင်းရင်းများနှင့်ငြိမ်းသတ်မည့်အစီအစဉ်၊
၂. သတိပြုကိုင်တွယ်အသုံးပြုရမည့်ပစ္စည်းများ၊
၃. စီမံကိန်း၏အခြေအနေ၊
၄. ဝန်ထမ်းအင်အား၊
၅. လုံခြုံရေးအဖွဲ့၊
၆. ရေရရှိမှု၊
၇. မီးဘေးကြိုတင်ကာကွယ်နည်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ဝတ္တရားများ၊
၈. လျှပ်စစ်ပစ္စည်းများကိုင်တွယ်သုံးစွဲခြင်း၊
၉. လောင်စာသုံးစွဲခြင်း၊
၁၀. စက်သုံးဆီသိုလှောင်သုံးစွဲခြင်း၊
၁၁. လေ့ကျင့်ပညာပေးခြင်းနှင့်စစ်ဆေးခြင်း၊
၁၂. အလုပ်ချိန်အတွင်းမီးလောင်ခဲ့လျှင်စီစဉ်ဆောင်ရွက်ထားရှိမှုများ၊
၁၃. အလုပ်ချိန်ပြင်ပတွင်မီးလောင်ခဲ့လျှင်စီစဉ်ဆောင်ရွက်ထားရှိမှုများ၊
၁၄. အုပ်ချုပ်မှုနှင့်ထောက်ပံ့ပို့ ဆောင်ရေး၊
၁၅. ကွပ်ကဲမှုနှင့်ဆက်သွယ်ရေး၊

အထက်ပါအချက်များအပေါ်အခြေခံ၍ မီးဘေးကာကွယ်ရေးကိုစီမံချက်များအသေးစိပ်ရေးဆွဲထားသည်သာမကပဲအခါအားလျှော်စွာပညာပေးခြင်းများပြုလုပ်သကဲ့သို့ အစမ်းလေ့ကျင့်ခန်းများကိုပြုလုပ်သွားမည်ဖြစ်ပါသည်။

အသေးစိပ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။
မီးလောင်နိုင်သည့်အကြောင်းရင်းများနှင့်မီးငြိမ်းသတ်မည့်အစီအစဉ်၊



CamScanner

(က)မီးလောင်နိုင်မှုဖြစ်ပွါးစေနိုင်သည့်အကြောင်းရင်းများ

၁. မော်တော်ယာဉ်နှင့်လောင်စာဆီများစံနစ်တကျသိုလှောင်မှုမရှိခြင်းနှင့်အပူချိန်လွန်ကဲမှုတို့ ကြောင့်မီး လောင်မှုဖြစ် ပွါးနိုင်ပါသည်။

၂. ပေါ့ဆမှုကြောင့်မီးလောင်မှုဖြစ်ပွါးနိုင်ပါသည်။

၃. မီးစများသစ်ပင်ချုံနွယ်များ၊ အမှိုက်များပေါ်သို့ ကျရောက်လျှင်မီးလောင်ကျွမ်းနိုင်ပါသည်။

၄. မော်တော်ယာဉ်သို့ မော်တော်ယာဉ်ဆီဖြည့်သည့်အခါတွင်မီးပေါ့ဆပါကမီးလောင်နိုင်ပါသည်။

၅. မီးဖိုချောင်များမှမီးကြွင်းမီးကျန်များ၊ခါတ်ငွေ့ အိုးယိုစိမ့်ပေါက်ကွဲခြင်း၊လျှပ်စစ်ဝိုင်ယာကြိုးများအပူလွန်ကဲ၍ ဝိုင်ယာရှော့ဖြစ်ခြင်း။

(ခ)ငြိမ်းသတ်မည့်အစီအစဉ်

၁. ရုံးဖွင့်ရက်၊ ရုံးတက်ချိန်များအတွင်းမီးလောင်ပါက ကုမ္ပဏီ၏ဝန်ထမ်းများမှဦးစွာငြိမ်းသတ်ရမည်။တစ်ချိန် တည်းမှာပင်နီးစပ်ရာမြို့နယ်မီးသတ်ဌာနနှင့် အရံမီးသတ်ဌာနများသို့ ဖုန်းဆက်၍အကူအညီတောင်း ရမည်။

၂. ရုံးပိတ်ရက်များတွင်မီးလောင်မှုဖြစ်ပွါးပါက ကုမ္ပဏီ၏တာဝန်ကျတာဝန်မှူးမှလုံ ခြုံရေးအဖွဲ့ များ၊ဝန်ထမ်း များ၊မိသားစုများနှင့်အတူတကွမီးငြိမ်းသတ်ရမည်။ တစ်ချိန်တည်းမှာပင်နီးစပ်ရာမြို့နယ်မီးသတ်ဌာနနှင့် အရံမီးသတ်ဌာနများသို့ ဖုန်းဆက်၍အကူအညီတောင်းရမည်။

(ဂ)သတိပြုကိုင်တွယ်အသုံးပြုရမည့်ပစ္စည်းများ။ စီမံကိန်းပြီးစီးသည့်အခါ ကုမ္ပဏီဝန်ထမ်းများအပြင်ပြင်ပမှလာ ရောက်သူဧည့်သည်များ ရှိသဖြင့်ကိုင်တွယ်အသုံးပြုရာတွင်ပေါ့ဆမှုကြောင့်အလွယ်တကူလောင်ကျွမ်းနိုင်သော ပစ္စည်းများကိုအောက်ဖော်ပြပါအတိုင်းခွဲခြားတွေ့ နိုင်ပါသည်။

၁. စက်ဆီ၊ချောဆီများ

၂. ရုံးသုံးစာရွက်စာတမ်းများ

၃. သိုလှောင်ရုံအတွင်းရှိ ပစ္စည်းများ

၄. လျှပ်စစ်ပစ္စည်းများ

၅. အမှိုက်သရိုက်များ

၆. ယာဉ်များ

၇. မြက်နှင့်အမှိုက်ခြောက်များ

(ဃ)ဝန်ထမ်းအင်အား။ ။လုပ်ငန်းများလည်ပတ်သည့်အခါအမြဲတမ်းဝန်ထမ်းများ ( ၅ )ဦးကိုခန့် အပ်နေရာချ ထားမည်ဖြစ်ပါသည်။

(င)လုံခြုံရေးအဖွဲ့ ။ ။လုံခြုံရေးအဖွဲ့ ကိုအရာရှိ(၁)ဦးနှင့် ဝန်ထမ်းအင်အား (၂၀)ဦးခန့် တာဝန်ပေးချထားရန် ရှိပါသည်။ အဆိုပါလုံခြုံရေးဝန်ထမ်းများသည်တာဝန်ဝတ္တရားများအပြင်လှည့်ကင်း၊ပတ်ကင်းများအသွင်ဖြင့်မီး ဘေးကာကွယ်ရေးတို့ ကိုပါသတိပေးစောင့်ကြည့်ဆောင်ရွက်မည်ဖြစ်ပါသည်။

(စ)မီးဘေးကြိုတင်ကာကွယ်နည်း။ မီးဘေးကာကွယ်ရေးအဖွဲ့ ဖွဲ့ စည်းခြင်းနှင့်တာဝန်များ။

မီးဘေးကြိုတင်ကာကွယ်ရေးကိုဦးစားပေးဆောင်ရွက်မည်ဖြစ်ပါသည်။အခါအားလျှော်စွာကုမ္ပဏီဝန်ထမ်းများအ တွက်ပညာပေးဟောပြောခြင်း၊ သတိပေးဆိုင်းဘုတ်များချိတ်ဆွဲခြင်း၊ မီးငြိမ်းသတ်ပုံသရုပ်ပြခြင်း၊စစ်ဆေးကြပ် မတ်ခြင်းနှင့် လေ့ကျင့်ဇာတ်တိုက်ခြင်းများပြုလုပ်ရန်ရှိပါသည်။

မီးဘေးကာကွယ်ရေးအစီအစဉ်အရကြိုတင်ဆောင်ရွက်ခြင်းနှင့်စစ်ဆေးကြပ်မတ်ခြင်းများဆောင်ရွက်နိုင်ရန်အတွက်မီးဘေးကာကွယ်ရေးအဖွဲ့ ကိုအောက်ပါအတိုင်းဖွဲ့ စည်းသွားမည်ဖြစ်ပါသည်။

မီးဘေးကာကွယ်ရေးအဖွဲ့ ။

| | |
|---|---|
| ၁. လုပ်ငန်းလည်ပတ်မှုမန်နေဂျာ | အဖွဲ့ ခေါင်းဆောင် |
| ၂. ဒုတိယမန်နေဂျာ (Admin) | ဒုတိယအဖွဲ့ ခေါင်းဆောင် |
| ၃. လုံခြုံရေးမှူး | အဖွဲ့ ဝင် |
| ၄. လက်ထောက်မန်နေဂျာ(Procurement) | အတွင်းရေးမှူး |

သာမန်အားဖြင့် မီးဘေးအန္တရာယ်ကျရောက်လာပါကဖေါ်ပြပါအဖွဲ့ ဝင်များအပြင်အောက်ပါအင်အားများအားလုံးပါဝင်ရမည်ဖြစ်သည်။

၁. ကုမ္ပဏီဝန်ထမ်းများအားလုံး၊
၂. ရပ်ကွက်အတွင်းမှလုပ်သားပြည်သူများ၊မီးသတ်တပ်ဖွဲ့ ဝင်များ၊
၃. အခါအားလျော်စွာမြို့ နယ်နှင့်တိုင်းတို့ မှတာဝန်ပေးစေလွှတ်သောတပ်ဖွဲ့ ဝင်များ။

မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ ဝင်များ၏ ဝတ္တရားများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

၁. မီးဘေးကာကွယ်ရေးစီမံချက်အရလိုက်နာဆောင်ရွက်ခြင်း၊
၂. ကုမ္ပဏီရုံးတွင်းရလျှပ်စစ်မီးကြိုးများ၊လျှပ်စစ်မီးဖြင့်သုံးသောပစ္စည်းများအားကျွမ်းကျင်သူများဖြင့်စစ်ဆေးပြီးလျှပ်စစ်မီးကြောင့်ဖြစ်ပေါ်သောမီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးကြိုတင်စီမံဆောင်ရွက်ခြင်း။
၃. လျှပ်စစ်မီးသုံးစွဲခြင်းအားစည်းကမ်းသတ်မှတ်ချက်နှင့်အညီလိုက်နာစေရေးအတွက်လိုအပ်သောသတိပေးချက်များထုတ်ပြန်၍ဆောင်ရွက်ရန်နှင့် လိုက်နာမှုရှိမရှိကိုအဆင့်ဆင့်ကြပ်မတ်စစ်ဆေးခြင်း။
၄. အဆောက်အဦများတွင်နံက်၊နေ့ လည်၊ညပိုင်းတို့ တွင်မီးဘေးအန္တရာယ်ကြိုတင်စစ်ဆေးမှု၊ သတိပေးမှုဆောင်ရွက်ရန်နှင့်မှတ်တမ်းတင်ထားရှိရန်။
၅. ပေါ့ဆမီးမလောင်စေရေးအတွက်သတိပေးအဖွဲ့များဖြင့်နေ့ စဉ်သတပေးခြင်း၊မီးကြွင်းမီးကျန်များ၊ စစ်ဆေးခြင်း၊မီးလောင်လွယ်သောပစ္စည်းများအားစံနစ်တကျနေရာချခြင်း၊ထိန်းသိမ်းခြင်းတို့ အားကြပ်မတ်စေခြင်း။

လျှပ်စစ်ပစ္စည်းများကိုင်တွယ်သုံးစွဲခြင်း၊

လျှပ်စစ်ပစ္စည်းများကိုင်တွယ်ရာတွင်အောက်ပါအတိုင်းဆောင်ရွက်စေရမည်။

၁. လျှပ်စစ်မီး(သို့ မဟုတ)လျှပ်စစ်ပစ္စည်းများချို့ ယွင်းလျှင်လျှပ်စစ်ဆိုင်ရာကျွမ်းကျင်သူတာဝန်ရှိဝန်ထမ်း/ဌာနသိုအကြောင်းကြားရမည်။ မိမိသဘောနှင့်ပစ္စည်းများပြင်ဆင်ခြင်း၊တပ်ဆင်ခြင်းမပြုရ။
၂. လျှပ်စစ်ဓါတ်အားသုံးပစ္စည်းများကိုခွင့်ပြုချက်အားထက်ပိုမသုံးရ။
၃. အိမ်သုံးနှင့် လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများသုံးစွဲပါကလျှပ်စစ်ပစ္စည်းများလုံခြုံမှုစံနစ်(သို့ မဟုတ်)အန္တရာယ်ဖြတ်တောက်ကာကွယ်မှုစံနစ်ရှိရမည်။

လောင်စာသုံးစွဲခြင်း၊

လောင်စာသုံးစွဲရာတွင်အောက်ပါအတိုင်းဆောင်ရွက်ရမည်။

၁. မီးခြစ်ကဲ့သို Spark ထွက်စေသော ပစ္စည်းနှင့်မီးလောင်စေတတ်သောပစ္စည်းများကိုလောင်စာဆီ၊ဓါတ်ငွေ့ ရည်၊ဓါတုပစ္စည်းများရှိရာသို့ ယူဆောင်မလာရ။

၂. လောင်စာဆီ၊ဓါတ်ငွေ့ ရည်၊ဓါတုပစ္စည်းများထားသိုရာတွင်လူမြင်သာအောင် "မီးသတိပြုစာတမ်းများ၊ဆိုင်းဘုတ်များ" ကိုကပ်ထားရမည်။
၃. လောင်စာဆီ၊ဓါတ်ငွေ့ ရည်၊ဓါတုပစ္စည်းများနှင့်ရေဒီယိုဓါတ်ကြွပစ္စည်းများကိုမိမိတို့ အခန်းများအတွင်း၌ သိမ်းဆည်းထားခြင်းမပြုရ။

စက်သုံးဆီသိုလှောင်သုံးစွဲခြင်း၊

စက်သုံးဆီသိုလှောင်သုံးစွဲရာတွင်အောက်ပါအတိုင်းဆောင်ရွက်ရမည်။

၁. စက်ဆီသိုလှောင်ကန်ဝန်းကျင်၌ဆေးလိပ်မသောက်ရဆိုင်းဘုတ်များစိုက်ထူထားရမည်။
၂. စက်ဆီသိုလှောင်ကန်နှင့်ထိစပ်လျက်ရှိသည့်နေရာများတွင်ခြုံနွယ်များ၊သစ်ရက်ခြောက်များ၊မြက်ခြောက်များနှင့် အမှိုက်များမရှိစေရန်ရှင်းလင်းထားရမည်။
၃. ပွတ်တိုက်ရာမှမီးပွါးထွက်စေနိုင်သည့် အရာမှန်သမျှမည်သည့်အရာမျှမထားရှိရ။
၄. ဆီသယ်ယာဉ်မှဆီချနေစဉ်အခြားသောဆီထုတ်သွင်းခြင်းများမပြုလုပ်ရ။

လေ့ကျင့်ပညာပေးခြင်းနှင့်စစ်ဆေးခြင်း၊

၁. မီးအမျိုးအစားအလက်မီးသတ်ဘူးများလေ့ကျင့်ပညာပေးခြင်းနှင့်စစ်ဆေးခြင်း၊အားခွဲခြားအသုံးပြုတတ်ရန်ဟောပြောပို့ ချခြင်း၊ လက်တွေ့ သရုပ်ပြခြင်းများပြုလုပ်သွားရမည်။
၂. မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ သည်အောက်ပါလုပ်ငန်းများအားစစ်ဆေးဆောင်ရွက်ရမည်။
   - ပူပြင်းခြောက်သွေ့ ရာသီရောက်ချိန်တွင်မီးသတပေးအမိန့် များထုတ်ပြန်ရမည်။
   - ရုံးခမ်းနှင့်ဓါတ်ငွေ့ သိုလှောင်ရုံရှိ မီးဘေးအန္တရယ်ကာကွယ်ရေးစံနစ်များကောင်းမွန်ခြင်းရှိမရှိစစ်ဆေးရမည်။
   - ဝါယာကြိုးများတပ်ဆင်ထားရှိမှုစံနစ်တကျရှိမရှိစစ်ဆေးရမည်။
   - မီးငြိမ်းသတ်ပုံသရုပ်ပြခြင်းအားအချိန်မီဆောင်ရွက်ထားခြင်းရှိမရှိ စစ်ဆေးရမည်။

မီးသတ်ဘူးများထားရှိခြင်း။

မီးသတ်ဘူးများကိုအရေးပေါ်မီးငြိမ်းသတ်မှုပြုလုပ်နိုင်ရန်အောက်ပါအချက်များကိုအခြေခံထားလိုက်နာရမည်ဖြစ်ပါသည်၊

- ထားရှိသည့်နေရာ။ ။ရှတ်တရက်မီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ခြေရှိသည်ဟုယူဆရသည့်နေရာများနှင့်အနီးဆုံးနှင့်အ လွယ်ကူဆုံးနေရာဖြစ်ရမည။
- လွယ်ကူစွာရနိုင်မှု။ ။အဆိုပါမီးသပ်ဆေးဘူးများ၊မီးသပ်ရေပိုက်များအနီးအနားတွင်အမြဲရှင်းလင်းနေစေရမည်။
- အမှတ်သင်္ကေတ။ ။မီးလောင်သည့်အခြေအနေပေါ်မူတည်၍အသုံးပြုရမည့်မီးငြိမ်းသပ်ဆေးဘူးများ၊ရေပိုက်များကိုအလွယ်တကူသိနိုင်စေရန်အမှတ်သင်္ကေတများထားရှိရမည်။
- တပ်ဆင်ထားရှိမှု။ ။အရေးပေါ်မီးသပ်ဆေးဗူးများကိုကွင်းများ၊လွယ်ကူစွာယူနိုင်သည့်စင်များပေါ်တွင်ထားရှိရမည်။(တစ်ဘူးနှင့်တစ်ဘူးကို ၁၀ ပေအကွာတွင်ထားရှိပါမည်။)
- စစ်ဆေးမှု။ ။အဆိုပါမီးသပ်ဆေးဘူးများကိုသက်တမ်းနှင့်အသုံးဝင်မှုရှိမရှိအမြဲစစ်ဆေးပေးရမည်။

မီးသပ်ဆေးဘူးအမျိုးအစားများနှင့်အသုံးပြုပ။

| Extinguisher Type / Fire Classes | Water | Dry Chemical Powder B(E) | Dry Chemical Powder AB(E) | Carbon Dioxide | Foam | WFT Chemical |
|---|---|---|---|---|---|---|
| Class B *Flammable Liquid* | X | ✓ | ✓ | ✓ | ✓ | X |
| Class C *Flammable Gases* | X | ✓ | ✓ | X | X | X |
| Class E *Flammable Hazzards* | X | ✓ | ✓ | ✓ | X | X |

မီးဘေးကာကွယ်ရေးနယ်နမိတ်။

အဆောက်အဦရှိလူနေအိမ်ခန်းများ၊မော်တော်ယာဥ်များထားရှိရာနယ်နိမိတ်များနှင့်အနောက်ဘက်၊ တောင်ဘက်၊ အရှေဘက်၊မြောက်ဘက်၊ယင်းအဝန်းအဝိုင်းနေရာအားလုံးကိုနယ်နိမိတ်အဖြစ်သတ်မှတ်ပါသည်။

မီးသတ်ပစ္စည်းများရရှိရေးနှင့်ရေရရှိရေး။

မီးသတ်ပစ္စည်းများရရှိရေးနှင့်ရေရရှိရေးတို့ကိုအောက်ပါအတိုင်းစီစဉ်ထားရှိသည်ကိုတွေ့ရပါသည်။

၁. အရေးပေါ်မီးသတ်ပိုက် (၅)လုံး၊ မီးသတ်ဘူး(၄၀)လုံး၊မီးသတ်ပုံး (၂၀)လုံး၊
၂. ရေဂါလံ(၂၅၀၀)ဆန့်ရေလောင်ကန်၊
၃. ဂါလံ(၅၀၀)ဆန့်ရေတိုင်ကီ(၈)လုံး။

အလုပ်ချိန်အတွင်းမီးလောင်ခဲ့လျှင်စီစဉ်ဆောင်ရွက်ထားရှိမှုများ၊

အလုပ်ချိန်စီမံကိန်းပရဝဏ်အတွင်းမီးလောင်ခဲ့လျှင်အောက်ပါအတိုင်းဆောင်ရွက်ရမည်၊

၁. စီမံကိန်းပရဝဏ်အတွင်းရှိပစ္စည်းများ၊အမှိုက်များအတွင်း၌မီးလောင်ခဲ့သော် ပထမဆုံးတွေ့ရှိသူမှ -မီး-မီး-မီး-ဟုအော်၍နီးစပ်ရာသံချောင်း(သို့မဟုတ်)ခေါက်တိုင်(သို့ မဟုတ်)အသံမည်စေနိုင်သည့်အရာတစ်ခုခုကိုအခြားသူများရောက်ရှိလာသည်အထိအဆက်မပြတ်တီးခေါက်အချက်ပေးရမည်။
၂. မီး-မီး-မီး-ဟုအော်သံကိုလည်းကောင်း၊အဆက်မပြတ်သံချောင်းခေါက်သံကိုလည်းကောင်းကြားရသူသည်ဌာနတာဝန်ခံသို့ချက်ချင်းအကြောင်းကြားရမည်။
၃. ကုမ္ပဏီဝင်းအတွင်းမီးလောင်လျှင်ဦးစားပေးဆောင်ရွက်ရမည့်ပစ္စည်းများကိုအမြန်ဆုံးပြောင်းရွှေပြီးပတ်ဝန်းကျင်သို့မီးမကူးဆက်ရေးအတွက်လိုအပ်သလိုအဆောက်အဦဖျက်ခြင်းပြုလုပ်ရမည်။
၄. မီးလောင်သည်ကိုသိလျှင်သိခြင်းမိမိဌာနတွင်အစောင့်ထားခဲ့ပြီးကျန်လုပ်သားများအားလုံးမီးလောင်ရာနေရာသို့မိမိဌာနရှိရေပုံးများ၊မီးချိတ်များ၊မီးကပ်များယူဆောင်၍အမြန်ဆုံးသွားရောက်ငြိမ်းသတ်ရမည်။
